


www.burmeseclassic.com
No.94 March 2015
ဂမ္ဘီရလောက
မဂ္ဂဇင်း
ငါ့နာမည် အာဠဝကတဲ့ဟေ့ ...
မောင်ညီမှိုင်း (သန်လျင်)
လကွယ်ည သန်းခေါင်ယံ
ထောင်မှူးကြီးသိန်းဝင်း
BURMESE CLASSIC .com
ကျွန်ုပ်နှင့် ဘိုးဝိဇ္ဇာ
ဂမ္ဘီရ ဆရာလှမျိုး (B.Sc)
ကဉ္စန
နိုင်သျှား (မိုးမိတ်)
ချစ်သူ့ဝိညာဉ်
ပီတာမြဦး
မပိမိုးတဝါးတေးသမား
ကျော်မြင့်ကျော်
ရှင်သူငယ်ဂမုန်း ရှာပုံတော်
ဝသုန်ဟိန်းထက်
လွမ်းစေတီမှ ချစ်သူမောင်နှံ
ကိုမောင်သန်းဝင်း
ဥစ္စာစောင့်မ
သုတေသီ သက် မြင့်
ညောင်ပင်တစ္ဆေဝေလေလေ
နှင့်ဘယ်ကိုင်းမှာနေ
မင်းဘုန်းသိဘ်သူ
ထူးဆန်းသော အဘနှင့် မဟူရာကျောက်နွားသိုး
ခင်မောင်ကြီး (လှိုင်နယ်မြေ)
တိုင်းတစ်ပါးမှာလည်း အပမှိတာပါပဲ
ရွှင်ရဲထွန့်
ကပေချတ်ပွဲ
ကောင်းစံဟိန်း (ဝန်နေဝန်း)
ယနေ့တိုင်
မိုးနွေ
www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့ရေလောက

No.94, March 2014


[illegible]

မောင်ညိုမှိုင်း (သန်လျင်) ၆

[illegible]

ကောင်းစံဟိန်း (ဗန်းနေဝန်း) ၂၉

[illegible]

ကိုမောင်သန်းဝင်း ၃၃

[illegible]

ထောင်မှူးကြီးသိန်းဝင်း ၆၇

[illegible]

သုတေသီ သက်ထွန်းမြင့် ၈၀

[illegible]

ဇေယျမင်းသျှင် ၉၄

[illegible]

ကျော်မြင့်ကျော် ၁၁၄

[illegible]

ဂမ္ဘီရဆရာလှမျိုး ၁၂၄

[illegible]

နိုင်သျှား (မိုးမိတ်) ၁၄၃

[illegible]

မိတာမြဦး ၁၅၅

[illegible]

ဘေသုန်ဟိန်းထက် ၁၇၀

[illegible]

မမိုးငွေ ၁၈၉

[illegible]

မောင်မောင်ကြီး (လှိုင်နယ်မြေ) ၂၀၃

[illegible]

ရှင်ရဲထွင့် ၂၁၆

[illegible]

မင်းဘုန်းသိဒ်သူ ၂၃၀

Next Month Preview ၅


www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရလောက


အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)

အုပ်ချုပ်မှု အယ်ဒီတာ
မခင်မာဝေ

တာဝန်ခံအယ်ဒီတာ
ဝေလွင်မြင့်မောင် (ဝဇူသာသမိုင်ဂျူ)

အယ်ဒီတာအဖွဲ့
ဉာဏ်လင်းထက်

ထုတ်ဝေသူ
ဒေါ်ခင်တာရွှေ (ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်) အမှတ် ၅၀၀ / ၅၀၂ (၂၈) လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံး
ဉာဏ်လင်းထက်

အတွင်းသရုပ်ဖော်
[illegible]

ကွန်ပျူတာစာစီ ဖောင်
Quality

ပုံနှိပ်သူ
[illegible]

စာအုပ်ချုပ်
တန်ဖိုး
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀

စာတည်းအဖွဲ့ နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ် ၅၀၀ / ၅၀၂ (၂၈) လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - [illegible]


BURMESE CLASSIC

# Next Month Preview



ကိုဇစ်းကြီးနှင့်
ဝက်သားကြက်သုကြီး
မောင်ညိုမှိုင်း (သန်လျင်)




ပွဲကြိုကြက်တွဲမောင်
မင်းဘုန်းသိခ်သူ



သွေးစုပ်ဖုတ်ကောင်
ညိုရောင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေဆိုရင်လည်း ဟိုစာရေးဆရာကြီးတစ်ဦး ရေးသလို တစ္ဆေရဲ့ခေါင်းမှာ သံပုရာခွံလို ဦးထုပ်ရှိတယ်။ အဲဒါကို တစ္ဆေ ဦးထုပ်လို့ ခေါ်တယ်လို့ ရေးထားတာ ဖတ်ရဖူးတယ်ကွ။ ဘာတဲ့ - တစ္ဆေဦးထုပ်များရခဲ့ရင် အဲဒီတစ္ဆေကို လိုသလို ခိုင်းလို့ရသတဲ့။ ဟား - ဟား - အဲဒီ ဦးထုပ်များ ငါရခဲ့ရင် အဝိုင်းခေါက်ဆွဲဆိုင်က ဝက်သားခေါက်ဆွဲတစ်ပွဲ သွားယူလိုက်စမ်း။ ဈေးထဲက ကိုအောင်မြင့်တို့ ဝက်သားဆိုင်က ဝက်ပေါင် တစ်ပေါင်လုံး ခိုးလာခဲ့စမ်း။ လှမိုက်ကြီး ဘိုအုန်းမောင်ရဲ့နားရင်းကို ပါးရင်းတုတ်နဲ့ သုံးချက်ဖျင်းလိုက်စမ်း။ ဆယ်တန်းစာမေးပွဲမေးခွန်း ကြိုပြီးသွား မိတ္တူကူးခဲ့စမ်း။ ဟိုက်ရှားပါး - ခိုင်းစရာတွေ အများကြီးကွ။ ဒါကြောင့် - သရဲရော၊ တစ္ဆေရော တွေ့ချင်တယ်။ တစ္ဆေဦးထုပ် ရှိ မရှိ သိချင်လို့ လိုက်ရှာနေ တာကွ”

“ဘုရားဟောထဲမှာ ပေတပြိတ္တာရှိတယ်လို့ ဟောထားတာ ရှိရဲ့သားနဲ့ မင်းက မယုံဘူးလား - ဇစိုးကြီးရဲ့”

“ဘုရားဟောခဲ့တာ နှစ်ပေါင်း ထောင့်ငါးရာ ကျော်နေပြီကွ။ ငါလည်း အသက် (၃၀)ပြည့်တော့မယ်။ သရဲနဲ့ တစ္ဆေကို အလုံးနဲ့အထည်နဲ့ မမြင်ဖူးဘူးလေ”

“ကံနိမ့်ရင်မြင်ရမှာပေါ့ကွာ။ ကံမြင့်နေတော့ မင်းအနားမှာ သရဲတစ္ဆေက မကပ်ရဲလို့ မင်း မမြင်ရတာပေါ့”

“ဒါဆို - ကံနိမ့်ရင် မြင်ရတယ်ပေါ့။ ကံနိမ့်အောင် ဘာတွေလုပ်ရမလဲ ပြော၊ ငါ မြင်ချင်လို့ပါကွာ - အစ်ကိုရာ”

“တော်တော့ - ဇစိုးကြီး၊ မင်းက လူကတ်၊ လူရှုတ်၊ လူပေပဲ။ ကံနိမ့်အောင်လုပ်ရင် ငရဲသွားရမှာပဲ။ မင်း အသက်ငယ်သေးတယ်။ အဆင်သင့်တဲ့ တစ်နေ့ မင်း ကြုံရမှာပါကွာ။ စောင့်ကြည့်နေပါ ...”

တစ်နေ့ ...

ဇစိုးကြီးတို့လူစု ဆေးမင်ကြောင်အရုပ်တွေ ထိုးကြတယ်။

ဇစိုးကြီးက ကျောကုန်းမှာ ဘီလူးခေါင်းကြီး ထိုးတယ်။ လူက အသားကလည်း ဖြူတော့ ဆေးမင်ကြောင် စုတ်ချက်ဒဏ်ရာတွေ အနာကျက်သွားရော၊ လှလိုက်တဲ့ ဘီလူးရုပ်နယ်မှာ ...။



ကျောကုန်းအပြည့်နီးပါး ထိုးထားတာ။

အမှန်က လှတယ်ဆိုတာ အနုပညာမျက်စိနဲ့ကြည့်ပြီး ပြောတာပါဗျာ။ တကယ် ကြောက်စရာရုပ်ကြီးဗျာ။

အစွယ်ကောက်ငေါ်ကြီးနှစ်ချောင်းက ဟထားတဲ့ပါးစပ်က လန်ထွက်နေတယ်။ ဘီလူးရုပ်ရဲ့မျက်လုံးနှစ်လုံးကလည်း ပြူးဝိုင်းနေတော့ ...

အတန်ကြာ စိုက်ကြည့်ရင် ကျောစိမ့်သလို ဖြစ်လာတယ်။

သူတို့ လူငယ်တွေက အလှထိုးတာပေါ့လေ။

ကိုဇစိုးကြီးလည်း အလှထိုးတာပါပဲ။ ကျွန်တော် ကြားဖူးတယ်ဗျ။ ဆန်းဆောင်မုန်းလပြည့်နေ့ သန်းခေါင်မတိုင်မီ သိဒ္ဓိဆေးပေါက်ကြတာရယ်။

လပြည့် ညဥ့် (၁၂)နာရီ ကျော်သွားတော့ တစ်ယောက်သောသူက ဆေးပေါက်ရင်း စောရနက္ခတ်နဲ့ (ငြိ)ကြုံသွားလို့ သူခိုးဘဝ ရောက်သွားရရောဆိုပဲ။

အချို့လူငယ်တွေ ကောင်းကင်နက္ခတ် သွားလာလှုပ်ရှားနေတဲ့ အချိန်တာလကို မသိကြဘူး။

အခန့်မသင့်ရင် ကိုယ်ဆေးပေါက်၊ ဆေးမင်ကြောင် ထိုးနေချိန်နဲ့ အလျဉ်းသင့် ကြုံကြိုက်သွားခဲ့ရင် ...။

လာဘသိဒ္ဓိနက္ခတ် ကြုံချိန်နဲ့ ကြုံသွားရင် ကံကောင်းတာပဲ။ ဒီလိုမှ မဟုတ်ဘဲ စောရနက္ခတ်နဲ့ ကြုံသွားရင် ကိုယ်က သူခိုးဆေးမထိုးဘဲ နက္ခတ်ကြုံလို့ အပေါ်နဲ့အောက် တည့်ဝင်ပြီး စောရသူခိုး ဖြစ်သွားရတာလည်း ရှိတယ်လို့ ဆရာ ဆရာကြီးတွေရဲ့ ပြောသံကြားဖူးတယ်။

ဒီကိစ္စက ယုံချင်လည်း ယုံပါ။

မယုံလည်း နေပါ။ ဗဟုသုတအဖြစ် သူတို့ကို ပြောပြရတယ် ခင်ဗျ။

ကျွန်တော့် ညီမှာ ထူးခြားလာတာတော့ရှိတယ် ခင်ဗျ။ ဒီကောင် ကျောကုန်းမှာ ဘီလူးဦးခေါင်းနဲ့ မျက်နှာထိုးပြီးချိန်ကစပြီး သူ့ကို အရင်သိတ ကိုဇစိုးကြီးလို့ မခေါ်ကြတော့ဘူး။

www.burmeseclassic.com

"အာဠာဝက" လို့ ခေါ်ကြတယ်။

သူကလည်း "အာဠာဝက" လို့ ခေါ်တာကို သဘောကျတယ်။ ဒါပေမဲ့ - အာဠာဝကဘီလူးလို ခေါ်သမကြီးဘူး။ ဖနောင့်မဆောင့်ဘူး၊ တစ်ခါ - အာဠာဝကကွလို့ခေါ်ပြီး မြေကြီးကိုဖနောင့်နဲ့ဆောင့်တာ ဆေးခန်းပြေးရတဲ့ အထိရောက်သွားတယ်၊ မြေကြီးအမာနဲ့ ဖနောင့်အားနဲ့ဆောင့်တော့ အသား ကြေတာပေါ့ဗျာ။

ဟုတ်တယ်လေဗျာ ...။

သူတို့က အလှထိုးတာလေ ...။

သိဒ္ဓိဝင် ထိုးတာ မဟုတ်ဘူး။

သိဒ္ဓိဝင် ထိုးပြီဟေ့ဆိုရင် ဆိုင်ရာပိုင်ရာပွဲတွေ ပေးရတယ်၊ ဆရာလုပ် သူက စည်းဝိုင်းပြီး အချိန်လိုက် ရွတ်ဖတ်ဆေးထိုးပေးရတာ၊ အာဠာဝက ဆေးထိုးရင် သူနဲ့ စပ်တဲ့အစားအစာ၊ ပေါရိသာဒဆေးထိုးရင် သူ့နေရာနဲ့ သူ့အစားအစာပွဲ အမျိုးမျိုးပေးပြီး ထိုးကြတာ။

ဘာလို့ စည်းဝိုင်းထဲမှာ ထိုးကြရလဲဆိုတော့ ...

ပြင်ပပယောဂ ဝင်နှောင့်ယှက်လို့မရအောင် စည်းချဝိုင်းထားရတာ။ စီရင်ရတာ ...။

မြန်မာ့ရိုးရာ ဆေးမင်ကြောင်ထိုးပြီဆိုရင် ပိုပြီး ရပ်ခလေ့၊ ရွာခလေ့၊ ရိုးရာ ဓလေ့တွေ ပိုခမ်းနားတယ်။

ဆေးမင်ကြောင်ထိုးနေရင် မင်ကြောင်ထိုးတဲ့ရာဇဝတ်အနီးမိန်းကလေး မလာရဘူး၊ မကြည့်ရဘူး။

ထားပါတော့လေ ...

မောင်ငစိုးကြီးတို့ထိုးတာက ကန်တော့ပွဲဝေးလို့ တစ်ထုပ်ပြားငါးဆယ် ပေးရတဲ့ လက်ဖက်ပွဲတောင် မပါဘူး။

ဆေးမင်ကြောင်ထိုးတဲ့ ဆရာလေးကို အရက်ဖြူ (ဒါမှမဟုတ်) တော အရက်တစ်လုံးနှင့် အမြည်းချပေးလိုက်ရုံပဲ၊

ကိစ္စပြီးမှ ပိုက်ဆံပေး။



ဘာမှမပွမ်းဘူး၊ ဘာနကွတ်နဲ့မှလည်း မကြုံဖူးဘူးနဲ့ တူပါရဲ့၊ ဘာမျှ ထူးခြားတာ မတွေ့ရပေါင်ဗျာ၊

သို့သော် လူက ရွှတ်ချင်ချင် ဖြစ်လာတယ်။

ဆိုခဲ့အတိုင်းပေါ့ဗျာ၊ ကိုငစိုးကြီးက ဆရာပေါင်းစုံနှင့်လည်း ပေါင်းသင်း ဖူးတော့ ဟိုဟာနည်းနည်း ဒီဟာနည်းနည်းလည်း ရသကိုး။

အောက်လမ်းဆရာတွေနဲ့ တွဲမိတော့ ...

သချိုင်းတကာလည်း ညဥ့်အချိန်မတော် ရောက်တာပဲ၊

ပီယဆေးစီရင်ဖို့ အစိမ်းသေမိန်းမပါးက သနပ်ခါး သွားယူကြတုန်း တလည်း သူ ပါတာပဲ၊

ဘာတဲ့ ...

ပေါက်ပေါက်မှော်သွင်းနည်းတဲ့ ...

ထမင်းမှော်သွင်းနည်းတဲ့၊ ရှာရှာဖွေဖွေဗျာ၊ အံမယ် - ဒီတောင် ဆေး စုတ်မန္တန်တွေတောင် ရလို့ဗျာ၊

တစ်ခါ - အထက်ဂိုဏ်းဆရာကြီးတွေနဲ့ အလွမ်းသင့်ပြီး ရေစင်တို့၊ ရေမန်းတို့အကြောင်း ဒီတောင် ပြောနိုင်ခြင်ရောဗျာ၊

စုန်းမနဲ့ ပညာပြိုင်တော့ နောက်ဆုံးမှာ စုန်းမကြီး ချုံးမည်းချငိုပြီး အထက်ဂိုဏ်းဆရာကြီးကို ရှိခိုးတောင်းပန်ပုံအကြောင်း အာပေါင်အာရင်းနဲ့ ပြောကြတာ၊

ကိုယ်တောင် စိတ်ဝင်စားသွားခဲ့ရဗျာ၊

ဖြီး - လုံ့ပုံစနည်း ...။

ကြိုးပျုံစနည်း၊ ရှုပ်နည်းတုပ်နည်း ဒီတောင်တယ့်သိပဲဗျ။ ဆရာများ လုပ်စားမလား မသိပါဘူးဗျာ၊



www.burmeseclassic.com

www.burmeseclassic.com

■■■ ကိုတာရုတ်ကြီးရာ-ကျုပ် မန္တန်ရွတ်ပြီးတုန်းက

မြောက်ဘက်ရှင်မ မယ်တော်ကြီး မြွေစီးပြီး

ကြွလာတာယ်မြော့လိုက်ရင် ကျုပ် ခင်ဗျားကို

ဆန်သုံးပြည် လက်ဆောင်ပေးတာပေါ့ဗျာ။

ခင်ဗျားက ဖားပုံခုန်ကပ်လို့ လန့်အော်တာ

ပြောလိုက်တော့ ကျုပ် အောက်သွားတာပေါ့တဲ့



(နောင်အခါ အလုပ်မှအနားယူသောအခါ အထက်လမ်းဆရာဝိုက်း တက်ပြီး အခက်အခဲ ပယောဂတို့ကိစ္စတို့ကို ဖြေရှင်းပေးတဲ့ ဆရာလေး ဖြစ်ခဲ့တယ်ခင်ဗျာ)

ကွမ်းမန်း၊ ဆေးလိပ်မန်း ရွတ်ပြတယ်၊

ကြည့်စမ်းပါ့ဗျာ ...

"အစ်ကို - တစ္ဆေခေါ်မန္တန် ရလား"

"မရဘူးကွ - မင်းရော ရလို့လား"



ရတယ် - နွားတောင်၊ ဦး - ထနောင်းတစ်ပင်၊ ပြည့်စင်စင်၊ တစ်ပင် စောင့်သည့် နတ်ဘီလူး၊ စူးစူးလည်းလာ၊ နတ်မိစ္ဆာ၊ မိစ္ဆာအာဘော်၊ ကြောက် ကြောက်အဖက် - ဟဲ့ - ငနက်"

တောင်နှင့်အနောက်၊ မြောက်နှင့်အရှေ့ နေသရွေ့ တစ္ဆေကြီးတို့ အစု အဝေးခေါ်လာစေ။

ဂှင်းတို့နေရာ သစ်ပင်မှာလျှင် ငါသာ ယခုထားရမည်၊

ကြမ် ဘတ္တံ ဘုဗ္ဗာဟိ၊ ဘုဗ္ဗာတိ - လာလှည့် စားလှည့်၊ အဲဒီဂါထာကို (၇) ခုပ်ရွတ်ပြီး စားစရာတွေ့ခေါ်ရင် တစ္ဆေနတ်အကြီးအကဲကို ခေါ်လို့ရ တယ်ဗျ ...။

"ခေါ်ပြီး ဘာလုပ်မှာတုံး - မောင်စိုးကြီးရ"

"နိုင်းချင်တာ နိုင်းလို့ရတာပေါ့ - အစ်ကိုရာ၊ ရှိသေးတယ်ဗျ - မြောက် ဘက်ရှင်မဆိုတာ တန်ခိုးကြီးပြီး ရက်စက်တယ်တဲ့ဗျ၊ အဲဒီမြောက်ဘက်ရှင်မ ခေါ်တဲ့ မန္တန်ရှိတယ် - အစ်ကိုရ"

"ငါ စာရေးဆရာပဲကွ၊ ဒါပေမဲ့ - မင်း ရွတ်ပြတဲ့မန္တန်တွေ ငါ ခုမှ ကြားဖူး တာကွ၊ ကဲ - ရွတ်ပါဦး ဆရာကြီးရာ"

"အပာမ်း ..."

ကျွန်တော့်ညီက တယ်ရွတ်ပြချင်သူပဲကိုးဗျ၊

အနီးမှာရှိကြတဲ့ ညီအစ်ကိုဝမ်းကွဲတွေကလည်း ဝိုင်းပင့်ကြတယ်ဗျ၊

"အသံနေအသံထားလေးနဲ့ ရွတ်ပါ - ဆရာငစိုးကြီးရဲ့"

ဒီမှာ ဆရာလောင်းလျာ ကိုမောင်ငစိုးကြီးက အသံနေအသံထားနဲ့ မြောက်ဘက်ရှင်မအခေါ် မန္တန်ကို ရွတ်ပြပါရော၊

"အိုး - ဆံထုံးတော်သခင်၊ ဆံပင်တော်ရွှေရိုး၊ ပန်းမြောက်ထိုးနှင့် ...

ပုဆိုးသာခါ၊ လက်မှာပုတီး၊ ညိုညီးညီးနှင့် ...

ပိုးကြိုးထဘီ၊ ရွှေနားနီနှင့် ...

ထဘီပေါင်းနက်၊ ပိုးတဘက်နှင့် ...

လိုက်ဖက်သင့်လှ၊ ရင်ဝရွှေသား၊ ပတ္တမြားအစစ်၊ အနီစစ်တို့



www.burmeseclassic.com

www.burmeseclassic.com

ကြေးမြောက်ဘက်တွင်၊ တို့ခင်း မ,မှု၊ လက်ဝဲလက်ယာ

ကျွန်းများစွာနှင့်၊ ကြွလာတော်မူပါတော့ ...

ဂုဏ်ကျက်သရေ၊ ဘုရားဟိ စားလှည့် စားလှည့်ပါကုန် ..."

"အမလေး ..."

"ဟ - ဟ - မောင်တရုတ်က ဘာဖြစ်လို့တုံးဟ"

ကိုစိုးကြီး မြောက်ဘက်ရှင်မ အခေါ်မန္တန်ရွတ်လို့လည်းသုံးရော၊ အနီးမှာရှိတဲ့ ကိုတရုတ်ကြီး အမလေးအော်ပြီး ထခုန်ပါရောဗျို့။

"မောင်တရုတ် - မောင်တရုတ်"

ဒီမှာ မန္တန်ရွတ်တဲ့ ကိုစိုးကြီးက ...

"မဟုတ်မှလွဲရော - ကိုတရုတ်ရေ၊ မန္တန်ရွတ်လိုက်လို့ မြောက်ဘက်ရှင်မ မယ်တော်ကြီး ကြွလာတာ မြင်လို့ လန့်အော်လိုက်တာ မဟုတ်လားဟေ - ဟင်"

"မ - မ - ဟုတ်ဘူး - ကိုစိုးကြီး - ကြီးရ"

"ဟ - ဒါဆို ဘာဖြစ်လို့ လန့်အော်တာတုံးကွ"

"ငါ့ - ငါ့ပခုံးပေါ် - ဖား - ဖားပျံခုန်ချသွားလို့ အော်တာဟ"

"အမလေး - ဖြစ်ရလေကွာ၊ ချီးမှုပဲ -"

"အရေးကောင်းမှများကွာ - မောင်တရုတ်တို့ လုပ်လိုက်ရင် ဆရာအရှက်ကွဲကရော - ဗျို့"

နောင်အခါ ကိုတရုတ်ကြီးနဲ့ တွေ့တော့ ကိုစိုးကြီးက ခပ်တိုးတိုး ပြောသတဲ့။

"ကိုတရုတ်ကြီးရာ - ကျုပ် မန္တန်ရွတ်ပြီးတုန်းက မြောက်ဘက်ရှင်မ မယ်တော်ကြီး မြွေစီးပြီး ကြွလာတယ်ပြောလိုက်ရင် ကျုပ် ခင်ဗျားကို ဆန်သုံးပြည် လက်ဆောင်ပေးတာပေါ့ဗျာ၊ ခင်ဗျားက ဖားပျံခုန်ကပ်လို့ လန့်အော်တာ ပြောလိုက်တော့ ကျုပ် အောက်သွားတာပေါ့တဲ့ ..."

ဒါနဲ့ - ကိုတရုတ်ကြီးကလည်း ပြန်ပြောသတဲ့ဗျာ။



[illegible] ကိုစိုးကြီးရာ၊ စောစောကသာ ကြိုပြောထားရင် မြွေတောင်မှ ညောင်ပိုင်းလုံးလောက်ကြီးတဲ့ မြွေကြီး စီးလာတာဗျလို့ ပြောတာပေါ့ဗျာ။ [illegible] - ဆန်သုံးပြည်လွဲသွားတာ နှာသကျွာ။ ဒီလိုလုပ်ပါ - ကိုစိုးကြီးရာ၊ နောက်တစ်ခါ လူ လူ လူမှာ ရွတ်မယ်ဆိုရင် တစ်ရက်ကြိုပြောပါဗျာ - တဲ့"

ပြောပါပကောလားဗျာ ...။

လူတွေက လူရွတ် လူပေ လူ့ထုတွေပါဆို၊

ပြောချင်တာက ကိုစိုးကြီးက လိုင်းစုံတယ်။

ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်ကိစ္စ ပိုစိတ်ဝင်စားပြီး ရသမျှ ဆေး၊ အင်း၊ မန္တန်၊ လက်ဖွဲ့တွေလည်း ဟုတ် မဟုတ်၊ စွမ်း မစွမ်း လက်တွေ့အသုံးချကြည့်တယ်။

အဲဒီလိုနဲ့ မယုံနိုင်သေးသမို့ လက်တွေ့စမ်းသပ်ကြည့်တာကနေ တစ်နေ့ ထိတ်လန့်အံ့ဩဖွယ်ကြီး ကြုံရပါရောဗျာ။

တစ်နေ့ ...

သူနှင့်ရင်းနှီးတဲ့ ဆရာတစ်ဦးထံက ထူးဆန်းတဲ့ဂါထာခေါ်မလား၊ မန္တန်ခေါ်မလား စာသားသုံးခု ရလာခဲ့တယ်။

"ကိုစိုးကြီး အစီအရင်တွေကို သိပ်မယုံဘူးဆို"

"ဟုတ်တယ် - ဆရာ၊ တစ်ပွဲတိုး ထုံးမန်း တွေ့ဖူးတယ်ဆရာ၊ ထုံးမန်းမျိုပြီးရိုက်တာ ကွဲတဲ့သူကွဲ၊ ပြတဲ့သူပြနဲ့ ဆေးခန်းရောက်တာ မြင်ဖူးတယ်ဆရာ၊ ကျွန်တော် ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် ပညာတွေကို စိတ်ဝင်စားပါတယ်ဆရာ၊ သို့သော် - ကျွန်တော် တွေ့ရသမျှ ဆရာတွေရဲ့ အစီအရင်အချို့က သိပ်မစွံဘူး ဆရာ"

"မယုံရုံလေး နည်းနည်းပြောဦး - ကိုစိုးကြီးရ"



www.burmeseclassic.com

www.burmeseclassic.com

"တစ်ခါမှ သူငယ်ချင်းတစ်ဦး ဆရာတ[illegible] ပေးပြီး ရယူခဲ့တယ် ဆရာရေ၊ ဆရာလုပ်သူက ဘာပြောတုံးဆိုတော့ ဒီပီယ ဆေးအမှုန့်ကို ဆေးပေါ့လိပ်ထဲထည့်မီးဖွာပြီး ကိုယ်ကြိုက်တဲ့ ကောင်မလေးရဲ့မျက်နှာကို မသိမသာ မှုတ်လိုက်တဲ့၊ ဆေးလိပ်ငွေ့ရှူမိရင် မင်းနောက်ကို တောက်တောက်ပါအောင် လိုက်လာလိမ့်မတဲ့ဗျာ၊ သူငယ်ချင်းလည်း ဝမ်းသာလွန်းလို့ ငွေအတော်များများ ကန်တော့လိုက်တယ် ဆရာရေ၊ ဆရာက ပြောသေးဗျ၊ ညားသွားရင် သူ့ကို ဖိတ်စာကမ်းဖို့ မမေ့ပါနဲ့တဲ့၊ ဒါ – လူပျို ကြီးဘဝက အမြန်ကျွတ်အောင် လုပ်ပေးတာတဲ့၊ သူငယ်ချင်းလည်း ကျားမျဲ မကောက် ဆေးပေါ့လိပ်ထဲမှာ ပီယဆေးမှုန့်ထည့်၊ ဆေးသားနဲ့ပြန်ပိတ်ပြီး မီးညှိဖွာပေါ့၊ သူ ကြိုက်တဲ့ ကောင်မလေးနားသွားပြီး စကားရော ဖောရော လုပ်ပြီး ဆေးလိပ်နိုးငွေ့နဲ့ မှုတ်လိုက်တာ ကောင်မလေး ဆေးလိပ်မီးခိုးမွှန်ပြီး ချေးလိုက်၊ ချောင်းဆိုးလိုက်ဖြစ်ပြီး စကားတွေ များကြပါရော – ဆရာရဲ့ ပီယ ဆေးက သိပ်စွမ်းတာပဲ ဆရာရေ"

"ဘယ်လို စွမ်းတာတုံး – ကိုစိုးကြီးရ"

"ကောင်မလေး နောက်နေ့ ခိုးရာလိုက်ပြေးတော့တာပဲ ဆရာ"

"တယ်ဟုတ်ပါလားဗျ၊ ကိုစိုးကြီး သူငယ်ချင်းနဲ့ပဲလား"

"ကျွန်တော့် သူငယ်ချင်းနဲ့ မဟုတ်ဘူး ဆရာ၊ ဘုန်းကြီးလူထွက် မြင်း လှည်းဆရာနဲ့ လိုက်ပြေးတာ ဆရာရေ"

"ဗုဒ္ဓေါ တကယ့်ပီယဆေးပါလား – ကိုစိုးကြီးရ ဟင်"

"အဲဒါ ပီယဆေးစီရင်ပေးတဲ့ ဆရာကို ပြန်ပြောပြတော့ ကျားမျဲ မကောက်ဆေးလိပ်ထဲ ထည့်ဖွာလို့ဖြစ်တာတဲ့၊ ကြားတာနဲ့ ပြန်သွားတာတဲ့၊ အမှန်က "ရွှေဘဲ" ဆေးပေါ့လိပ်ထဲက ထည့်ပြီး ဖွာမှုတ်မှ ကောင်မလေးက သူ့ကို "ရွှေလို တန်ဖိုးရှိတဲ့ဘဲ" ခေတ်စကားအရ "ရွှေဘဲ" ဆိုပြီး တန်းချစ်မှာ တဲ့၊ ဆေးလိပ်မှားတော့ ကျားမျဲ ကြားပြီးပြန်တာတဲ့ဗျာ"

"ဒါဆို ပီယဆေးပေးကတည်းက ပြောလိုက်ပါလား"



"အဲဒါပြောတာပေါ့၊ ဆရာ – မနေ့က ဘာလို့ကြိုမပြောတာလဲ မေးတော့ ဆရာ မေ့သွားလို့ပါကွယ်တဲ့ဗျာ၊ ဒါကြောင့် – အချို့ဂမ္ဘီရ အစီအရင်တွေကို သိပ်မယုံကြည်ဘူး ဆရာ"

"ဆရာ့ရဲ့ ပညာပေါ်မှာမူတည်ပြီး အစီအရင်စွမ်းတာ မစွမ်းတာ ရှိသလို၊ ထပည့်လုပ်သူ အသုံးမတတ်လို့ လွဲမှားလွဲချော်တာလည်း ရှိတာပဲ၊ ဖြစ် တတ်ပါတယ်လေ၊ အဲဒီလို လွဲချော်သွားရင် ထင်ထားသလို ဖြစ်မလာရင် ဆရာပဲ နာမည်ထိခိုက်တာ ရှိတာပေါ့၊ ဒါနဲ့ – ကိုစိုးကြီးက အစီအရင်နဲ့ အစွမ်းရှိပုံ မယုံဘူးဆိုတော့ ဆရာအနေနဲ့ ကိုစိုးကြီး ယုံနိုင်လောက်တဲ့ အစီ အရင်လေး ပေးလိုက်မယ်၊ သုံးကြည့်ပါ၊ သဘောကျရင် ဆက်သုံး၊ မကျရင် လည်း ကြိုက်သလိုလုပ်ပေါ့"

"ဘာ အစီအရင်များပါလဲ – ဆရာ"


ဒီမှာ ဆရာ ဦးသင်္ဂဟက စာရွက်တစ်ရွက်ပေါ်မှာ စာသားအချို့ကို ရေးချ လိုက်တယ်၊ ပြီး – ကိုစိုးကြီးကို ပေးတယ်၊

စာသားသုံးခုက ...

"ကြံသော၊ အာခံသော၊ ပြန်သော"

"ရော့ – ဒါက ဒီစာသား တင်ရေးရမည့် ဘော်ရောင်မြားပဲ"

ဆရာဦးသင်္ဂဟက နို့မှုန့်ဘူးအတွင်းခွံ ငွေရောင်မြားအသားလိုမျိုး ငွေ ရောင်မြားတစ်ခု ပေးတယ်၊ ဆရာပေးတဲ့ ငွေရောင်မြားရဲ့ သဏ္ဌာန်က အောက်ပါအတိုင်း ဖြစ်ပါတယ်၊



"ဘယ်လို စီရင်ရေးရမှာလဲ – ဆရာ"

"ကိုစိုးကြီးရဲ့လက်ရေးနဲ့ အဲဒီမြားသွားသဏ္ဌာန် ငွေရောင်မြားအခွံမှာ ရေးရမယ်၊ ဒီလို ရေးပါ"



www.burmeseclassic.com

"ရေးပြီးရင် ဘာဆက်လုပ်ရမလဲ ခင်ဗျာ"

"အဲဒီလို ထည့်ရေးပြီးရင် အိမ်တိုင်လေးထောင့် တိုင်လေးတိုင်မှာ သံနှင့် တပ်ရိုက်ထားလိုက်"

"အဲဒီလိုရိုက်ပြီးရင် ဘာဖြစ်မှာ - ဆရာ"

"စောင့်သာကြည့်ပါ ကိုငစိုးကြီး ယုံရပါစေမယ်၊ စိတ်ချ ..."

"စမ်းကြည့်မယ် ဆရာ"

ဆရာ လိုရမည်ရ ပေးလိုက်တဲ့ မြားဦးသင်္ကြန် ငွေရောင်ဖြားလေးစုနှင့် အက္ခရာစာရွက်လေး ယူလာ၊ အိမ်ပြန်ခဲ့လိုက်တယ်။

အလုပ်ကိစ္စများနေတော့ ဆရာသင်္ဂဟ ပေးလိုက်တဲ့ အစီရင်ကိစ္စ လုပ်မကြည့်ရသေးဘူးတဲ့။

တနင်္ဂနွေနေ့ အလုပ်အားတော့မှ ဆရာသင်္ဂဟရဲ့အစီအရင်နည်း ဘယ်လို စွမ်းသလဲ၊ ထူးသည်လဲ သိရအောင် ကိုငစိုးကြီး စမ်းကြည့်တော့တယ်။

ဆရာသင်္ဂဟပြောတဲ့အတိုင်း မြားဦးပြောင်းပြန် ငွေပြားအတွင်းမှာ ...

"ဦး - ကြံသေ၊ ကာသေ၊ ပြန်သေ" ဆိုတဲ့ ဂါထာလိုလို၊ မန္တန်လိုလို၊ အင်းစာလိုလို စာတွေကို သံချွန် (ကညစ်)နဲ့ ရေးလိုက်တယ်။

သည့်နောက် - အမေတို့၊ အဖေတို့မသိအောင် အိမ်ရှေ့အိမ်မကြီးဝဲယာနှစ်တိုင်၊ အိမ်နောက်ဘက် အိမ်မကြီးတိုင် ဝဲယာနှစ်တိုင် ပေါင်း တိုင်လေးတိုင်မှာ သံမှိုနဲ့ရိုက်ကပ်ထားခဲ့လိုက်တယ်။

တစ်ရက် စောင့်ကြည့်တယ်။



မထူးခြားဘူး။

နှစ်ရက် စောင့်ကြည့်တယ်။ မထူးခြားဘူးတဲ့။

ဒီလိုနဲ့ အဲဒီကိစ္စကို မေ့မေ့ပျောက်ပျောက် ထားလိုက်တာ သတိတောင် မရတော့ဘူးဆိုပဲဗျ။ ဒီလိုနဲ့ အမေနဲ့ အဖေလည်း ဘုရားဖူးခရီးထွက်သွားကြတယ်။

အိမ်မှာ ကိုငစိုးကြီးရယ်၊ သူ့မိန်းမ မမြင့်မြင့်ဌေးရယ်၊ ညီအငယ်ဆုံး မောင်စံကြည်ရယ်ပဲ ကျန်ခဲ့တယ်။

ညီ မောင်စံကြည်က သန်လျင်ကုန်မှာ အလုပ် လုပ်တယ်။ ညနေ (၅) နာရီပြန်ရောက်၊ မနက် (၆)နာရီ အလုပ်သွားရတယ်။

ကိုငစိုးကြီးကတော့ တပ်ထဲမှာ "ဂျူတီ" ကျတဲ့နေ့ကလွဲပြီး ကျန်နေ့တွေ ညဘက် အိမ်မှာ ရှိတယ်။

တစ်ည ကိုငစိုးကြီး ဂျူတီကျတဲ့ည။

သူ့မိန်းမ မြင့်မြင့်ဌေး ညဉ့် (၁၀)နာရီလောက်မှာ အိမ်သာတက်ခဲ့တယ်။ လကလည်း လင်းထိန်နေတာမို့ ပတ်ဝန်းကျင်ကို ပီပီပြင်ပြင် မြင်ရတယ်။

ဒါနှင့် (၁၀)မိနစ်ဝန်းကျင်ခန့် အိမ်သာကိစ္စ ပြီးစီးသွားရော အိမ်သာ တံခါးဖွင့်လိုက်ချိန် ...

"ဟင်"

အိမ်သာရှေ့မှာ ကျောပေးထိုင်နေကြတဲ့ လူသုံးဦး ...။ မမြင့်ဌေး လန့်သွားပြီး မတ်ကလေးက အိမ်ရှေ့မှာ အိပ်နေတာ၊ ခွေးအမျိုးသားက တပ်ထဲမှာ၊

လူစိမ်းတွေ တွေ့ရ ...

"ဟော - ရှေ့က ဘယ်သူလဲ"

ဟန်ကိုယ့်ဖို့လုပ်ပြီး အသံမာမာနဲ့ အော်မေးလိုက်ရာ စောစောက အိမ်သာ ကျောပေးထိုင်နေတဲ့ လူသုံးဦး မြို့င်တူ ထရပ်လိုက်ကြတာ ...

"အမလေး - လာကြပါဦးတော့၊ ကိုစံကြည် - ကိုစံကြည် - လာကြပါဦး - လာကြပါဦး"

www.burmeseclassic.com

မြင့်မြင့်ဌေး အသံကုန်အော်လိုက်ရော မတ်တော်သူ ကိုစံကြည်ရော၊ အိမ်နီးနားချင်းတွေပါ နိုးပြီးလာရောက် မေးမြန်းကောပေ့ါဗျာ။

"မမြင့်ဌေး - ဘာဖြစ်လို့တုံး"

မမြင့်မြင့်ဌေး တစ်ကိုယ်လုံးတုန်ပြီး ကြောက်လန့်နေတယ်၊ မတ်လုပ်သူ ကိုစံကြည်က ကိုင်လှုပ်မေးတော့မှ သူ အသိပြန်ဝင်လာပြီး အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေတယ်။

"ဘာဖြစ်လို့တုံး - မြင့်မြင့်ဌေး"

ဝိုင်းမေးကြပြီး ...

"ဟို - ဟို - အိမ်သာကနေ ဆင်း - မလို့ - လုပ်တော့ - ရေ့ - ရှေ့နားမှာ လူ - လူအကြီး - သုံး - သုံးဦး"

"ဘာ - လူအကြီးကြီးသုံးဦး ဟုတ်လား"

"အင် - အင် - ထိုင်ရာကနေ ထရပ်တာ အကြီးကြီး - အ - မြင့် - ကြီး - ကြီး အမလေး - ကျွန် - မ - အော်လိုက်ရော - ပျောက် - ပျောက်သွားကြရော ဘုရား - ဘုရား"

"ထွက်ပြေးကြသလား - မမြင့်ဌေး"

"မ - မဟုတ်ဘူး - ဖြုန်းခနဲ ပျောက်သွားတာ"

"ဟာ - မဟုတ်သေးပါဘူးဗျာ"

ဒါနဲ့ ကိုစံကြည်ရော၊ အိမ်နီးနားချင်းတွေပါ လက်နှိပ်မီးဖွင့်ပြီး ထိုးရှာတော့လည်း ဘာခြေရာ ဘာသဲလွန်စမှ မတွေ့ကြဘူး။

နောက်ဆုံး မြင့်မြင့်ဌေး အမြင်မှောက်တာလို့ ပြောကြပြီး ပြန်အိပ်ကြ၊ အိမ်ပြန်ကြတော့တယ်။

သို့သော် ...

ဒီကိစ္စက တစ်ကြိမ်တည်း မဟုတ်ဘူး။

ကိုငစိုးကြီး တပ်ထဲမှာ ဂျူတီကျတဲ့ညတိုင်း ဖြစ်နေတာ။ အပေါ့ထသွားတိုင်း အလေးသွားလိုက်တိုင်း ကြုံနေရတာ။



အိမ်သာရှေ့မှာ ကျောပေးခါးထောက်ရပ်နေတာ၊ သုံးယောက် - အမလေး အရပ် (၆) ပေမကဘူးတဲ့၊ ကိုယ်လုံးတင် ရေသံစည်ပိုင်းလောက် ရှိဆိုပဲ။

တွေ့တာနဲ့ မြင့်မြင့်ဌေးက အလန့်တကြားကြုံးအော်၊ မတ်လုပ်သူလည်း နိုး၊ အိမ်နီးနားချင်းတွေလည်း နိုး၊ မီးထိုးရှာလည်း အဲဒီလူထွားကြီးတွေ မတွေ့ရ။

အဲဒီလို ထူးခြားတဲ့ကိစ္စ လင်လုပ်သူ ကိုငစိုးကြီးကို ပြန်ပြောပြတော့ ဘာပြောမှတ်လဲ၊

"သူရိုးတွေနေမှာ၊ ဒါမှမဟုတ် အနကြမ်းစီးမည့် သူတွေလားပဲ မြင့်မြင့်ဌေး၊ နင်လည်း နေ့နေ့ညည ရွှေတွေ မဝတ်နဲ့၊ ချွတ်သိမ်းထားတော့၊ စံကြည်ရေ ညီလေး ..."

"ဘာလဲ - ငစိုးကြီး"

"ငါမရှိတုန်း ဒီမိန်းမ အိမ်သာတက်ရင် မင်း အကဲခတ်စောင့်ကြည့်ပေးလိုက်"

"အေး - အေး"

ကိုငစိုးကြီးမိန်းမ မမြင့်မြင့်ဌေးက ဆွဲကြိုး၊ လက်ကောက်၊ နားကပ်၊ လက်စွပ်တွေကို နေ့ရောညရော ဝတ်ထားလေ့ရှိတယ်ဗျ၊ ဒါအလွန်အန္တရာယ်များတယ်လေ။

ခတ်သိတွေက လက်ထောက်ချလို့ အနကြမ်းစီးမည့်လူ၊ အလစ်ဝင်လုမည့်သူတွေ အိမ်သာတက်နေတုန်း လာရှောင်းတာနေမှာ၊

သူက အဓော်မြန်လို့ ဟိုလူတွေ ပြေးတာနေမှာပေ့ါ။

ဒီလို ကိုငစိုးကြီးက တွေးပြီး ပြောနေရတာ။

နောက်နေ့များ မြင့်မြင့်ဌေး အိမ်သာတက်ရင် မတ်လုပ်သူကို နှိုး၊ ခပ်လှမ်းလှမ်းက စောင့်နေပေးပါလို့။

ကိုစံကြည် လက်နှိပ်မီးနဲ့ အိမ်မီးဖိုနောက်ဖေး တံခါးဝက ရပ်ကြည့်၊ မီးထိုးကြည့်ရင် ဘယ်သူမှ မလာဘူး၊ မတွေ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



■■■ ခွေးအူသံတွေ
ကျောစိမ့်အောင် ကြားရပါရော။
ညောင်ပင်ပေါ်က ကျီးအုပ်ကြီး
ဝေါခနဲ ဝုန်းခနဲ ထပျံသံက
ဝုန်းဒိုင်းကြဲသွားတာပဲတဲ့။
ခေါင်းနားပန်းကို
ကြီးသွားသတဲ့ဗျာ။
ဒါနဲ့အတူ ကိုဇနိုးကြီး နောက်ကနေ
လိုက်လာတဲ့ ခြေသံမျိုး ကြားရတာနဲ့
လှည့်ကြည့်ချင်ပါသော်လည်း
ဆရာက လုံးဝလှည့်မကြည့်နဲ့
ပြောထားတော့ မကြည့်ခဲ့ဘူးတဲ့ ■■■

ဒီမှာ ပြေးသတိရလိုက်မိပါရော ...။

ဆရာသင်္ဂဟ ပေးလိုက်တဲ့ မြားဦးပုံသဏ္ဌာန် ငွေပြားပေါ်မှာ မိမိလက်ရေးနဲ့ ဂါထာလိုလို၊ မန္တန်လိုလို စာအချို့ရေးပြီး အိမ်တိုင်လေးတိုင်မှာ ကပ်ရိုက်ထားခဲ့တာ ရှိတယ်၊

အဲဒါကြောင့်များလား ...

ကိုဇစိုးကြီး တုံ့ဆိုင်းမနေဘဲ ဂိုက်းဆရာသင်္ဂဟအိမ်ရှိရာကို အမြန်လာခဲ့လိုက်တယ်၊ ဆရာ့ အိမ်ရောက်ရော ...

"ကိုဇစိုးကြီး ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာလို့တုံး"



"ဆရာ - ဟိုလေ ပြီးခဲ့တဲ့ တစ်လခန့်တုန်းက ဆရာပေးလိုက်တဲ့ မြားဦးပုံသဏ္ဌာန် ငွေပြားနဲ့ ဟိုး - ကြဲသေ၊ အာခံသေ၊ ပြန်သေ ဆိုစာသားတွေ မှတ်မိလား - ဆရာ"

"မှတ်မိတယ်လေ၊ ကျုပ် ပေးလိုက်တာပဲ၊ ကိုဇစိုးကြီးက ပရသားတွေရှိတာ မယုံလို့ အဲဒီစာရေးပြီး အိမ်တိုင်လေးတိုင်မှာ ကပ်ထားလို့ပြောလိုက်တာပဲလေ၊ ဘာဖြစ်လို့တုံး ..."

ကျွန်တော် ဆရာပြောသလို ငွေပြားပေါ်မှာ ဟိုစာသားတွေရေးပြီး အိမ်တိုင်လေးတိုင်မှာ ကပ်ထားလိုက်တယ်၊

ကိုဇစိုးကြီး သူ့ဖနီး အိမ်သာက ပြန်ဆင်းလာတိုင်း ကြုံတွေ့မြင်နေရတဲ့ အရုပ်ဆိုးဆိုး၊ ထွားထွားကျိုင်းကျိုင်း၊ ဆံပင်လုံးဝမရှိ၊ ခေါင်းမှာ ဘုကြီးတွေထွက်နေတဲ့ လူသုံးဦး မြင်ပြီး ခဏပျောက်သွားတဲ့ အကြောင်းစုံ ပြောပြလိုက်တော့ ...

"အင်း - အင်း - ဟုတ်တယ် - သိပ်ဟုတ်ပေ့ါ - ကိုဇစိုးကြီးရာ၊ ဒီလိုပဲ ဖြစ်တာပေါ့၊ ဟုတ်လိုက်လေဗျာ"

"ဆရာ ..."

"ပြော - ကိုဇစိုးကြီး - ပြော"

"ကျွန်တော် - ဆရာပြောသလို မြားဦးပုံ ငွေပြားပေါ်မှာ ဟို - ကြဲသေ၊ အာခံသေ၊ ပြန်သေဆိုတဲ့ စာသုံးဖြတ်ရေးပြီး အိမ်တိုင်လေးလုံးမှာတော့ သံမှိုနဲ့ စွဲကပ်ထားမိတယ် ဆရာ၊ အဲဒီ အစီအရင်ကြောင့်များ ..."

ဆရာသင်္ဂဟက ဖြတ်ပြီးပြောရော ...

"သိပ်ဟုတ်ပေ့ါ - ကိုဇစိုးကြီးရာ၊ အဲဒီ အစီအရင်ကြောင့် ဘီလူးသုံးကောင် ရောက်လာပြီး ခင်ဗျားတို့ မိသားစုကို ညဘက်ရောက်ရင် စောင့်ရှောက်ပေးနေတာလေ၊ ဒီအစီအရင်က ဘီလူးခေါ်အစီအရင်ပဲ၊ ကိုဇစိုးကြီးက ပရသားတွေ ရှိတာ မယုံဘူးဆိုလို့ ကျုပ် လက်တွေ့စီရင်ပေးလိုက်တာ၊ ဘယ့်နယ့် ရှိတာယုံပြီလား"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တော့ မကြုံမတွေ့ဘူးပေါ့ - ဆရာရယ်၊ ဖနီးသည်ကတော့ အကြိမ်ကြိမ်အခါခါ တွေ့ပြီး ကြောက်လန့်နေတယ်ဆရာ။ ကျွန်တော် ဆရာ ပြောပြရှင်းပြတဲ့ ခြံစောင့်ဘီလူးတွေကို အိမ်မှာ မရှိစေချင်တော့ဘူး ဆရာ၊ သူတို့ကို မူလနေရာ ပြန်နိုင်းချင်ရင် ဘယ်လိုလုပ်ရမလဲဟင် - ဆရာ"

"ဟင်း - ဟင်း - ဟင်း - ဟင်း - လစာမပေးရဘဲစောင့်ရှောက်ပေးနေတာကို ပြန်နှင်ချင်တယ်၊ အလိုမရှိဘူး ဆိုတော့ ခင်ဗျား သဘောပဲပေါ့။ ဒီလိုလုပ်ပါ - ခင်ဗျားအိမ်မှာ ကပ်ထားတဲ့ ငွေပြားစာလေးခုကို ပြန်ခွာလိုက်ပါ။ ပြီး - အမဲသားချက်၊ ထမင်းနဲ့ ခြံရောက်ဘီလူးတွေကိုပါခေါ်ပြီး ညဦးသန်းခေါင် ရောက်ရင် ညောင်ပင်ကြီး တစ်ပင်အောက်ကို ယူသွား၊ စားပါ၊ သောက်ပါ ဒါနပြုပါတယ်၊ အိမ်ကို ပြန်မလိုက်ခဲ့ပါနှင့်၊ ဒီညောင်ပင်မှာ နေရစ်ခဲ့ပါ၊ ညောင်ပင်စောင့် ရုက္ခစိုးကြီးထံ အပ်နှံခဲ့ပါတယ်လို့ပြောပြီး နောက်ကျော နိုင်း ပြန်ခဲ့၊ လုံးဝ လှည့်မကြည့်နဲ့"

"ဘာလို့ လှည့်မကြည့်ရတာလဲ - ဆရာ"

"မကြည့်နဲ့လို့ပြောရင် မကြည့်နဲ့ပေါ့ဗျာ၊ ကိုင်း - ခုပြောသလို သွားလုပ်တော့"

ဒါနဲ့ အိမ်ပြန်လာ၊ မိန်းမကို အမဲသား သုံးပိဿာ ဝယ်ချက်၊ ထမင်း တစ်အိုးပါ ချက်ခိုင်းလိုက်တယ်၊

သည့်နောက် အိမ်တိုင်လေးတိုင်မှာ သူ သံမှိုစွဲနက်ကပ်ထားတဲ့ မြားဦးပုံ ငွေပြားလေးရုပ်ကို ယူလိုက်ပြီး လက်ဖက်နဲ့ ထုပ်လိုက်တယ်၊

သူ ကြားဖူးနားဝလေးလည်း ရှိလို့ပါတဲ့၊

ဘီလူးကို လက်ဖက်နှင့်အုပ်ရင် ဘီလူး မနှောင့်ယှက်နိုင်ဘူးတဲ့၊ ပြောင်း ပြန်ရိုက်တယ် ဆိုလားဗျာ၊

ညဦးသန်းခေါင်ရောက်ရော ...

သူ မကြောက်ပါဘူး၊

အဖော်လည်း လုံးဝမခေါ်ဘူး၊



ဓါးကြားမှာ ဓားမြှောင်တစ်ချောင်း ထိုးလိုက်ပြီး လက်နှိပ်ဓာတ်မီး တစ်ခက်၊ ငှက်ပျောရွက်နဲ့ထုပ်ထားတဲ့ အမဲသား စမြိန်တစ်ထုပ်နဲ့ အစီအရင်ထုပ်တို့ ကိုင်လာလိုက်တယ်၊ အိမ်က ထွက်ခါနီးမှာ ...

ငါ့အိမ်ရောက်နေတဲ့ ဘီလူးသုံးကောင်၊ နု ပြန်လိုက်ခဲ့ကြ၊ မင်းတို့နေရာ မင်းတို့ ပြန်ရမယ်လို့ပြောပြီး ညောင်ပင်ကြီးတစ်ပင်အောက်ကို ရောက်လာခဲ့တယ်၊ လူသံ သူသံတိတ်တိတ်တို့၊

ညောင်စောင့်ရုက္ခစိုးကြီးကို ရည်စူးပြီး အမွှေးတိုင်ငါးတိုင် ပူဇော်လိုက်တယ်၊ ဖယောင်းတိုင် ထွန်းညှိလိုက်တယ်၊

ပြီး - စမြိန်တစ်ထုပ်ကို ဖြေ၊ ညောင်ပင်ရှေ့မြေကမူပေါ်တင်ဖြန့်ပြီး ဘီလူးစာ ကျွေးလိုက်တယ်၊

"ကိုင်း - ကျွန်ုပ် ခြံထဲ ရောက်လာ၊ စောင့်ရှောက်တဲ့ ဘီလူးသုံးဦးတို့၊ သင်တို့ကို စောင့်ရှောက်ပေးလို့ ကျေးဇူးတင်ပါတယ်၊ သင်တို့ ကြိုက်နှစ်သက်တဲ့ စားဖွယ်များကို အားရပါးရ စားပါသောက်ပါ၊ ကျေနပ်မှ ရှိကြပါ၊ အိမ်က ဇနီးသည်က အလွန်ကြောက်တတ်တာမို့ ကျုပ်အိမ်ကို ဒီည ပြန်မလိုက်ခဲ့ပါနဲ့၊ အဘိုးရုက္ခစိုးကြီးထံ အပ်ခဲ့ပါပြီ၊ အဘိုး သူတို့ကို စောင့်ရှောက်နေရာချပေးပါ၊ အဘိုးရုက္ခစိုးကြီးကိုလည်း မေတ္တာရပ်ခံပါတယ်၊ ကိုင်း - စားပြီးနေခဲ့ကြ၊ ငါ့နောက် လုံးဝမလိုက်ခဲ့ကြနဲ့၊ နေခဲ့ ..."

မြားဦးပုံ ငွေပြားအင်းချပ်တွေလည်း ညောင်းပါးပျဉ်းပေါက်ထဲ ထည့်ခဲ့ပြီး မီးထိုးပြန်ခဲ့လိုက်တယ်၊

ခွေးအူသံတွေ ကျောစိမ့်အောင် ကြားရပါရော၊ ညောင်ပင်ပေါ်က ကျီးအုပ်ကြီး ဝေါခနဲ ဝုန်းခနဲ ထပျံသံက ဝုန်းဒိုင်းကြဲသွားတာပဲတဲ့၊ ခေါင်း နားပန်းကို ကြီးသွားသတဲ့ဗျာ၊

ဒါနဲ့အတူ ကိုင်စိုးကြီးနောက်ကနေ လိုက်လာတဲ့ ခြေသံမျိုး ကြားရတာနဲ့ လှည့်ကြည့်ချင်ပါသော်လည်း ဆရာက လုံးဝလှည့်မကြည့်နဲ့ ပြောထားတော့ မကြည့်ခဲ့ဘူးတဲ့၊

ပါးစပ်ကတော့ ပြောလိုက်တယ် ...၊

www.burmeseclassic.com

"လိုက်မလာနဲ့ - နေခဲ့ကြ၊ ငါ့နာမည် ငစိုးကြီးကွ၊ ကောင်းရင် သူများထက် အဆတစ်ရာ ပိုကောင်းတယ်၊ ဆိုးပြီဆိုရင် သူများထက် အဆတစ်ထောင် ပိုဆိုးတယ်ဟေ့၊ အာဋ္ဌဝကတဲ့ကွ - အာဋ္ဌဝကတဲ့ဟေ့ - ကိုင်းဟာ"

ပါးစပ်က သို့ကလို ကြိမ်းဝါးပြီး မြေကြီးကို ဖနောင့်နဲ့ ပေါက်ချလိုက်ရော၊ နောက်ကလိုက်လာတဲ့ ခြေသံတွေ တိခနဲ ရပ်သွားသတဲ့ဗျာ၊

ကိုငစိုးကြီး သူ့အိမ်ရှိရာကို ဦးတည်ပြီး ပြန်လာခဲ့တယ်၊ နောက်က ဘာသံမှ မကြားရတော့ဘူး၊

နောက်နောင်ခါ နောက်နောင်နေ့ ညတွေမှာလည်း သူ့ဇနီး မြင့်မြင့်ဌေး အဲဒီ လူ့ဘီလူးကြီးတွေကို မြို့ထဲမှာ လုံးဝမတွေ့ရတော့ဘူးတဲ့၊

ကိုငစိုးကြီးက ကျွန်တော်တို့ကို ပြောတယ်ဗျ၊

ရှိတယ် - ရှိတယ် ...၊

ပရာလောကသားဆိုတာ ရှိတယ်၊

အပြောင်အပြက် သွားမလုပ်နဲ့၊ ယောင်လို့လည်း အိမ်မှာ ခေါ်မထားနဲ့၊ အရောတဝင်လည်း မလုပ်နဲ့တဲ့၊ သူ့နေရာ သူနေ၊ ကိုယ့်နေရာ ကိုယ်နေတာပဲ ကောင်းတယ်၊ အရောတဝင်နေရင် အန္တရာယ် အလွန်များသတဲ့ ခင်ဗျ"

»»» **မောင်ညိုမှိုင်း (သန်လျင်)**




www.burmeseclassic.com

www.burmeseclassic.com

# ကဝေချက်ပွဲ

ကောင်းခံဟိန်း (မြန်ဒေဝန်း)

မောင်လှသိန်းတို့ လယ်ကွင်းမှာ ရွာအနောက်ဘက်ဖျားနှင့် ကိုက်သုံးရာကျော်ခန့်သာ ဝေးသည်၊ မနက်ဖြန် တပို့တွဲလပြည့်နေ့ဖြစ်သဖြင့် မိဘနှစ်ပါးစလုံး ဥပုသ်စောင့်သွားရန် ပြင်ဆင်နေကြသဖြင့် တလင်းနယ်ရာသို့ မလာအားကြ၊ သို့ကြောင့်လည်း မောင်လှသိန်းတစ်ယောက်မှာ တလင်းနယ်ခြင်း၊ ကောက်ဆွခြင်း၊ နွားများကို ရေတိုက်ခြင်း စသည့်အလုပ်များကို ဖယ်ဆက်သလို အပြေးအလွှား လုပ်ကိုင်နေရသည်၊

ယခုလည်း တလင်းနယ်ပြီးသွားသဖြင့် နွားများ ညနေစောင်း အစာစားရန် ရိုးပြတ်ကွင်းသို့ လွှတ်ချထားလိုက်ပြီး နယ်ပြီးသားကောက်ပြန့်များကို ကောက်ဆွဖြင့် ထိုးဆွမွှေနောက်ပေးလျက် ရှိနေလေသည်၊ ထိုကဲ့သို့ အလုပ်ကို အားကြိုးမာန်တက် လုပ်နေရင်းမှာပင် အချိန်က တဖြည်းဖြည်း ကုန်လွန်လာသည်၊ နေမင်းကြီးမှာလည်း အနောက်ဘက် ဆင်ခေသတောင်ပေါ်တွင် ငုပ်လျှိုးကွယ်ပျောက်စပြုနေသလိုအရှေ့ဘက်လေသာတောင်ထိပ်မှ လဆန်းဆယ့်လေးရက် လဝန်းကြီးကလည်း တဆင့်ဆင့် တရိပ်ရိပ်နှင့် မြင့်တက်၍ လာနေပေပြီ၊ အလင်းရောင်က မမှန်တမှန်၊ နှင်းထုကို ဖောက်



ထွင်းကာ ရိုးပြတ်လယ်ကွင်းပြင်ကြီးနှင့် ပုတ်တွင်းချောင်းရွာကြီးအား အေးမြသောအလင်းရောင်ဖြင့် လွှမ်းခြုံစပြုနေလေပြီဖြစ်သဖြင့် မောင်လှသိန်းမှာလည်း အလုပ်ကိုလက်စသိမ်းကာ နွားများကို လယ်ထဲတဲသို့ သွင်းပြီး ညနေစာ စားရန် အိမ်သို့ပြန်လာခဲ့လေသည်၊

လဆန်းဆယ့်လေးရက်ည၏ လမင်းကြီးမှာ ပြည့်ဝန်းကြည်လင်ပြီး တစ်လောကလုံးအား အလင်းရောင်ပေးလျက် ရှိနေသည်၊ လမင်းကြီး၏ အလင်းရောင်နှင့်အတူ ရွာဦးကျောင်း ထမနဲထိုးပွဲမှ ဒိုးပတ်သံကိုလည်း အတိုင်းသား ကြားနေရသည်၊ ထမနဲ ထိုးပွဲသို့ ရွာက အပျို၊ လူပျိုအားလုံး လာရောက်ကြရမည်၊ ထိုအထဲတွင် မိမိ၏ချစ်သူ မညိုအေးလည်း ရောက်ရှိနေပေလိမ့်မည်၊ အတွေးများနှင့်အတူ "ဒီနေ့တော့ - ကိုကို မလာနိုင်တော့ဘူး ညိုရယ်၊ မနက်ဖြန်မှ တွေ့ကြတာပေါ့" စိတ်ထဲမှပြောရင်း လှည်းလမ်းကြောင်းအတိုင်း အိမ်သို့ပြန်လာခဲ့သည်၊

အိမ်တွင် ညနေစာ စားသောက်ပြီး မနက်ဖြန် မိဘနှစ်ပါး ဥပုသ်စောင့်သွားရန်နှင့် ညီမလေးက ကျောင်းသို့ ဆွမ်းအုပ်ပို့ရန်တို့ စီစဉ်မှာကြားရသည်၊ အမှန်တော့ မောင်လှသိန်းမှာ သားအကြီးဆုံးဖြစ်ပြီး ညီမငယ် ပုစူးမှာ အငယ်ဆုံးဖြစ်၏၊ သားသမီးနှစ်ယောက်သာ ထွန်းကားသဖြင့် မိဘနှစ်ပါးအပါအဝင် မိသားစုလေးယောက်သာ ရှိသည်၊ မောင်လှသိန်းမှာ မနက်ဖြန်အတွက် ညီမငယ် ပုစူးမအား မှာကြားပြီး တလင်းတွင် စောင့်အိပ်ရန် လယ်ကွင်းသို့ ပြန်လာခဲ့လေသည်၊

မောင်လှသိန်းမှာ ချစ်ရသူ မညိုအေးကို သတိရသော်လည်း အိမ်အလုပ်မအားသဖြင့် တွေ့ခွင့်မကြုံခဲ့၊ မနက်ဖြန် လပြည့်နေ့ဖြစ်သဖြင့် နွားရောလူပါ အနားရမည်၊ ဘုန်းကြီးကျောင်းသွားရင်း အညိုနဲ့တွေ့ကာ တန်ခူးလဆန်းတွင် လက်ထပ်ဖို့ကိစ္စ သိပြီးသားဖြစ်သော်လည်း နားငြီးအောင် ထပ်ကာထပ်ကာ ပြောရဦးမည်ဟုတွေးရင်း လျှောက်လာခဲ့ရာ ရှေ့က လှည်းလမ်းကြောင်းပေါ်တွင် လရောင်ကြောင့် အထင်းသားမြင်တွေ့ရသော မည်းမည်း



www.burmeseclassic.com

www.burmeseclassic.com

ကလေးအရာဝတ္ထုတစ်ခုမှာ ဖြုတ်ခနဲ ထခုန်လိုက်၊ မြေကြီးပေါ်ပြန်ကျလိုက်နဲ့ ခုန်ဆွ ခုန်ဆွဖြင့် မြင်တွေ့လိုက်ရသဖြင့် အနည်းငယ် ထိတ်လန့်သလိုဖြစ်သွားခဲ့ရသည်။ သေသေချာချာ ကြည့်ရင်းမှ သစ်မြစ်ဆုံလေးတစ်ခုကိုတွေ့ရပြန်သဖြင့် အနားသို့ ကပ်သွားကာ ကောက်ယူကြည့်လိုက်သည်။ အရာဝတ္ထုမှာ တစ်လက်မသာသာ သစ်သားကို ထုလုပ်ထားသော အရုပ်ကလေးတစ်ရုပ်ဖြစ်နေကြောင်း တွေ့ရသည်။ ဟင် - ဘယ်လိုဟာပါလိမ့်၊ လရောင်တွင် သေချာကြည့်မိသောအခါ ပို၍ပင် အံ့ဩသွားရလေသည်။

အရုပ်ကလေးမှာ ဖုံးဖုံးဖိဖိ အဝတ်အစားမပါဘဲ ကိုယ်လုံးတီး ဆောင့်ကြောင့်ထိုင်နေပုံဖြစ်ပြီး မျက်နှာကို လက်နှစ်ဖက်ဖြင့် ဖုံးအုပ်ထားသည်။ ရှည်လျားသော ဆံပင်များက ကြောပြင်ကိုဖြတ်ပြီး တင်ပါးသို့ ထိနေသည်။ ဆောင့်ကြောင့်ထိုင်ထားသဖြင့် လုံးကျစ်ပြည့်ဖြိုးသော ဘယ်ညာ တင်ပါးနှစ်ဖက်မှာ ဖောင်းအိမို့ထွက်နေသည်ဟု ထင်ရလောက်အောင် လက်ရာမြောက်လှသည်။ မျက်နှာသို့ဖုံးအုပ်ထားသော လက်ဖျံနှစ်ချောင်းအောက်မှ ရင်သားအစုံမှာလည်း အမို့အဟိုက် အရှိုက်အမက်တို့ ပကတိ အတိုင်းစွဲမက်ဖွယ် ဖြစ်နေ၏။ လှပဖြောင့်စင်းသော ခြေသလုံးအစုံနှင့် သေးကျဉ်သောခါး၊ ပြည့်ဖြိုးစွင့်ကားနေသော တင်ပါးဆုံတို့အပြင် လူသားအမျိုးသမီးတစ်ဦးကဲ့သို့ ပါရှိရမည့် အင်္ဂါအစိတ်အပိုင်းများ ပြည့်စုံစွာပါရှိနေသဖြင့် မောင်လှသိန်းမှာ ထိုကဲ့သို့အရုပ်မျိုးကို မတွေ့မမြင်ဘူးဖြစ်ရကာ အလွန်ပင်အံ့ဩသွားခဲ့ရလေသည်။

မောင်လှသိန်းမှာ တလင်းထဲသို့ရောက်ပြီးအိပ်ရာနားမှာ သုံးတောင့်ထိုးဓာတ်မီးဖြင့် ထိုးကာ အရုပ်ကလေးအား အထပ်ထပ်အခါခါ ကြည့်ရင်းတကယ့်လှပချောမွေ့သော အမျိုးသမီးတစ်ယောက် သူ့အနားသို့ ရောက်ရှိနေသလို ခံစားလာရပြီး ရင်ထဲက အခုန်မြန်လာမိသည်။ ရင်ခုန်ခြင်းနဲ့အတူသက်ပြင်းမောကြီးကိုလည်း အခါခါချနေခဲ့ရလေသည်။ ထို့ကြောင့် အရုပ်ကလေးကို အင်္ကျီအိတ်တွင်းသို့ ထည့်ကာ ခေါင်းရင်းကထရံတွင် ချိတ်ထား



ပြီး အိပ်ရာထဲသို့ လှဲချလိုက်သည်။ အိပ်၍ကားမပျော်နိုင်၊ မျက်စိထဲတွင် မြင်ယောင်နေသည်။ ထိုအရုပ်ကလေးပင် ဖြစ်၏။

သန်းခေါင်ယံ လမွန်းတည့်ချိန်လောက်တွင် အိပ်မပျော်နိုင်ဖြစ်နေသော မောင်လှသိန်းနားထဲတွင် ရွှတ်ခနဲ အသံတစ်ချက် ကြားလိုက်ရသည်။ တလင်းထဲက စပါးကို သူခိုးများ လာခိုးလေသလားအထင်ဖြင့် အိပ်ရာမှ ထထိုင်လိုက်သည်။ ခြေရင်းတွင် လူတစ်ယောက်လိုလို တွေ့လိုက်သဖြင့် မျက်လုံးကို အားပြုကာ သေချာစွာကြည့်လိုက်မိသည်တွင် ဝတ်လစ်စလစ်ဖြင့် ကောင်မလေးတစ်ယောက် ဆောင့်ကြောင့်ထိုင်ကာ ခေါင်းမော့ရင်း သူ့အား ပြုံးပြနေသည်ကို တွေ့ရသည်။ မောင်လှသိန်းမှာ စောစောကပင် ရင်တွေခုန်ကာ အိပ်မပျော်ဖြစ်နေသည့်အရေး အခုလိုတဲထဲမှာ နှစ်ယောက်တည်း တွေ့ရတော့ ပုထုဇဉ်လူသားပီပီ ကောင်မလေး၏ လက်ကို လှမ်းဆွဲကာ အတင်းပွေ့ဖက်လိုက်လေသည်။ မမိလိုက်၊ ကောင်မလေးမှာ နောက်တစ်လှမ်းဆုတ်ကာ မတ်တတ်ရပ်လိုက်ပြီး လက်ညှိုးကလေးထောင်ကာ ကွေးချည်ဆန့်ချည်လုပ်ရင်း ကချော် . . . ကချော် . . . ရှက်ပါတယ်ဆိုသောသဘောဖြင့် ညှို့ခေါ်ဆွဲဆောင်နေပြန်သဖြင့် မောင်လှသိန်းလည်း မတ်တတ်ရပ်ပြီး အတင်းလိုက်ဖမ်း ပွေ့ဖက်လေတော့၏။

ထိုကဲ့သို့ပင် လိုက်၍ဖမ်းလိုက်ဆုတ်သွားလိုက်နဲ့ ဖမ်း၍မမိဘဲ ဖြစ်နေလေ၏။ ကောင်မလေးမှာ ချော့မြူသလိုအပြုံးလှလှလေးဖြင့်လက်ကမ်း၍ပင်ခေါ်နေသေးသဖြင့် မောင်လှသိန်းရင်ထဲမှာ အားမလို အားမရ အချစ်လှိုင်းကြွကာ မရမနေ လိုက်ဖမ်းပွေ့ဖက်ရန် ဆုံးဖြတ်လိုက်လေသည်။ ထိုစဉ်မှာ ကောင်မလေးတလင်းပြင်ကိုဖြတ်ကာရွာဘက်သို့သွားသော လမ်းအတိုင်းသွားရန် မြင်တွေ့နေရသဖြင့် မောင်လှသိန်းကလည်း သူ့နောက်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com

အပြေးလိုက်သည်။ ကောင်မလေးမှာလေအဝေ့တွင် လွင့်ပါလာသော ပွင့်ဖတ်လွှာလေးတစ်ခုကဲ့သို့ လွင့်မျောဝဲပျံနေသည်။ ရှည်လျားသော သူ့ဆံပင်များကလည်း ကျောပြင်ပေါ်မှ ဝဲ၍ဝဲ၍ လွင့်နေသည်။ ဒူးကို ဘယ် ညာ မြှောက်လျက် မြူးမြူးကြွကြွ တစ်လှမ်းချင်း ခုန်ပေါက်ဆော့ကစား နေသယောင်၊ တစ်ချက် တစ်ချက်တွင် လက်တစ်ကမ်းအကွာမှ ပြေးလိုက် လာနေသော မောင်လှသိန်းဘက်သို့လှည့်ကာ ချစ်ရည်ရွှမ်းသော အပြုံး လှလှလေးနဲ့ လက်ယပ်ခေါ်နေသေးသည်။ မောင်လှသိန်းကလည်း လူလား၊ နတ်လား ထင်မှားမိလောက်အောင် အလှမယ်လေးအား အစွဲကြီးစွဲကာ လက်တစ်ကမ်းအကွာမှ လှမ်းဆွဲရင်းဖြင့် အရူးတစ်ယောက်လို နောက်မှ လိုက်ပါလာလျက် ရှိနေလေသည်။

ထိုသို့ လက်တစ်ကမ်းအကွာမှ လိုက်ရင်း ပြေးရင်း ရွာအနောက်ဘက် ဖျား အိမ်တစ်အိမ်ရှေ့သို့ ရောက်ရှိသွားလေသည်။ ကောင်မလေးမှာ ထိုအိမ်၏ ခြံတံခါးဝတွင် ရပ်တန့်လိုက်ပြီး မောင်လှသိန်းအား တစ်ချက် ပြုံးပြကာ အညှုအစရာလေးဖြင့် လက်ကမ်းကာ ဆွဲခေါ်ယူလိုက်ပြီး ခြံတွင်း သို့အဝင် မောင်လှသိန်းကလည်း ကောင်မလေး၏လက်ကို လှမ်း၍အဆွဲ ရိပ်ခနဲပျောက်ကွယ်သွားသော ကောင်မလေးနေရာတွင် စွဲမက်ဖွယ်အပြုံး လှလှဖြင့်ရပ်နေသော အသက်နှစ်ဆယ်အရွယ် မိန်းကလေးတစ်ယောက်။

"ဟင် - ကိုလှသိန်း - ညသန်းခေါင် မောကြီးပန်းကြီးနဲ့ ဘယ်လိုဖြစ်လာ တာလဲ၊ အိမ်ထဲ ဝင်ဦးလေ"

ကြားဖူးသောအသံတစ်ခုအား ကြားလိုက်ရမှ မောင်လှသိန်းမှာ ရမွက် ဇာကြောင့် မိန်းမောပြီး မိုက်မဲစွာ လိုက်လာခဲ့သည်ကို ပြန်လည်သတိရ သလို ခံစားလာရပြီး မျက်လုံးအားပွတ်သပ်ကာ အားပြုကြည့်မိလိုက်သည်။ ခြံတံခါးဝတွင် ပြုံးမြမြအလှပိုင်ရှင်၊ တစ်ရွာတည်းသူ မလုံးခင်အား တွေ့ လိုက်ရသဖြင့် မောင်လှသိန်းမှာ အရှက်ကြီး ရှက်သွားမိလေသည်။ သို့သော် လည်း သူ့ရင်ထဲက ကောင်မလေးရဲ့အလှကို သာ မျက်စိအောက်က



■■■ အဖေ . . . အဖေ . . . ကိုကြီးလေ

သူ့အကျႌအိတ်ထဲက တစ်လက်မလောက်ရှိတဲ့

အရုပ်ကလေးလား ၊ ဘာလားမသိဘူး။

ထုတ်ကြည့်ရင်း ရယ်လိုက်၊ ငိုလိုက် လုပ်နေတယ်။

တစ်နေ့ကလည်း သမီးတွေ့သေးတယ် ■■■



အပျောက်မခံနိုင်လောက်အောင် တမ်းတစွဲလမ်းနေမိသဖြင့် ဟိုဟိုသည် သည် လှမ်းကြည့်ရှာဖွေရင်း....။

"ဒီခြံထဲ ကောင်မလေးတစ်ယောက် ဝင်သွားတာ မတွေ့မိဘူးလား ဟင်"

"ဘယ်လိုမိန်းကလေးမှ မလာပါဘူးရှင်ရယ်၊ ဒီမှာ ကျွန်မတစ်ယောက် တည်းရပ်နေတာ တစ်ယောက်တည်းပဲ ရှိနေတာပေါ့၊ အခြားဘယ်သူမှ မရှိပါဘူး၊ တို့နှစ်ယောက်ထဲပဲ ရှိနေတဲ့ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com

မလုံးခင်က ရမ္မက်ရည်လွှမ်းသော မျက်လုံးအစုံဖြင့် အပြုံးလှလှ အညု အခရာစကားဖြင့် ပြောဆိုလိုက်သော်လည်း မောင်လှသိန်းမှာ စိတ်မဝင်စား ပြန်လည်ပြောဆိုခြင်းမပြုဘဲ တိတ်ဆိတ်စွာ ရပ်နေရာမှ ချက်ချင်းပင် နောက်သို့ ပြန်လှည့်လိုက်ပြီး မကျေနပ်သောစိတ်ဖြင့် လှမ်းထွက်လာခဲ့၏။ မောင်လှသိန်းတစ်ယောက်တလင်းသို့ပြန်လည်ရောက်ရှိသော်လည်းလုံးဝ အိပ်မပျော်နိုင်တော့ဘဲ ကောင်မလေးကိုသာ တမ်းတမ်းတတဖြင့် စွဲလမ်း မြင်ယောင်နေမိလေသည်။

နောက်နေ့များတွင်လည်း သန်းခေါင်ကျော်လျှင် ကောင်မလေးက ရောက်လာမြဲဖြစ်သည်။ ယခင်နည်းတူပင် လိုက်လေပြေးလေ၊ ဖမ်းဟယ် ဆွဲဟယ်ဖြင့် လုံးရှာလည်ကာ မလုံးခင်တို့ အိမ်ရှေ့သို့ ရောက်သွားမြဲ၊ မလုံးခင်ကိုလည်း ခြံဝတွင် ရပ်နေသည်ကို တွေ့ရမြဲပင်ဖြစ်၏။ သို့သော် လည်း မောင်လှသိန်းမှာ ကောင်မလေး၏ အလှကိုသာ စွဲလမ်းနေသဖြင့် လူသူကင်းမဲ့သောနေရာတွင် အသင့်အတင့် ရပ်ရည်ချောမောသူ မလုံးခင် အားလုံးဝစိတ်မဝင်စားဘဲပြန်လှည့်လာစမြဲပင်၊ မောင်လှသိန်းမှာ သန်းခေါင် ကျော်တွင် အမြဲတွေ့နေရသော ကောင်မလေးကိုသာ တမ်းတစွဲလမ်းနေရ သဖြင့် တစ်နေ့ထက်တစ်နေ့ မအိပ်နိုင်၊ မစားနိုင် တမှိုင်မှိုင်တတွေတွေဖြင့် ပြောဆိုသော စကားများကလည်း မှုမမှန်ဖြစ်လာသည်။

ထိုအခါ မိဘများမှာလည်း မှုပျက်နေသော သားဖြစ်သူအတွက် ပူပင် သောက ဖြစ်လာကြရသည်။ ဟိုစကား ဒီစကားဖြင့် စုံစမ်းမေးမြန်းရာ ရွာအနောက်ဖျားတွင် နေထိုင်သော ရင်းနှီးသူအချို့က ညသန်းခေါင်ချိန် မလုံးခင်တို့အိမ်ရှေ့မှာ နှစ်ယောက်အတူ စကားပြောနေကြကြောင်း၊ ထိုသို့တွေ့ရသည်မှာ သုံးလေးရက်ဆက်တိုက်ဖြစ်ကြောင်း ကြားသိရ သဖြင့် မောင်လှသိန်း၏ဖခင် ဦးလှုလှမှာ ဒေါသထွက်ရသည်။

"ဘယ့်နယ်ဗျာ - ရွာတောင်ဖျားက မညိုအေးနဲ့ သူတို့ချင်း ချစ်ကြိုက် နေကြတာ သုံးနှစ်သုံးမိုးတောင် ရှိပြီဆိုလို့ မိဘတွေတောင်းရမ်းပြီး နှစ်ဖက်



မိဘကလည်း သဘောတူ၊ အခု သင်္ကြန်မတိုင်ခင် လက်ထပ်ပေးဖို့ စီစဉ်ထား ခါမှ ဒီကောင် ဘယ်လိုဖြစ်ပြီး မလုံးခင်ဆီ ရောက်သွားပြန်ရတာလဲဗျာ"

ဟုပြောလိုက်ရင်း ဦးလှုလှမှာ ဒေါသကို မချုပ်တည်းနိုင်ဘဲ သားကြီး ဖြစ်သူ မောင်လှသိန်းကိုပင် ချက်ချင်းခေါ်မေးလိုက်လေသည်။

"မင်းကွာ - မင်းတို့ချင်းပဲ သုံးနှစ်သုံးမိုး ချစ်နေခဲ့ပြီ ပြောတော့ မိဘတွေ ဆွေးနွေးပြီး နှစ်ဖက်စလုံးက သဘောတူတယ်၊ မကြာခင်မှာလည်း လက် ထပ်ပေးကြတော့မယ်၊ အားလုံးလည်း စီစဉ်ပြီးနေပြီဆိုတော့ အခုကျမှ မင်းက ဘယ်လိုဖြစ်ပြန်တာလဲကွ ဟင်၊ မိကောင်းဖခင် သားသမီးဖြစ်တဲ့ မညိုအေးရဲ့ဂုဏ်သိက္ခာကိုလည်း မင်း ထည့်စဉ်းစားပါဦးကွ"

"ဘယ်က မညိုအေးလည်း အဖေ ကျွန်တော် တစ်ခါမှ မကြားဖူးပါ လား"

"ဟာ - မင်းဘဲ ချစ်လှချည်ရဲ့ကြိုက်လှချည်ရဲ့ ကျွန်တော်တို့ သုံးနှစ်သုံးမိုး ချစ်လာခဲ့ကြပြီဆိုပြီး မင်းပဲ ပြောခဲ့တယ်လေ၊ အခု မင်းက ဘာလဲ မညိုအေး တောင် မသိတော့ဘူးလား။ ရွာတောင်ပိုင်းက ဦးမောင်တူ၊ ဒေါ်ညိုမြင့်တို့ သမီး မညိုအေးလေကွာ၊ ဟင် - မင်းကို အခုလိုသာ ပြောပြနေရရင် ငါ တော်တော်စိတ်ဆိုးလာပြီ၊ ကြာရင် လက်ပါမိတော့မယ်ကွ၊ တော်တော် ဒေါသဖြစ်စရာ ကောင်းတဲ့ကောင် - ထွီး"

ဦးလှုလှမှာ သားကြီးကို ဒေါသအလျောက် ပြောဆိုပစ်ခဲ့ပြီး ရှုးရှုးရှဲရှဲ ဖြင့် အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ထိုစဉ် သားအဖစကားပြောနေသည်ကို တစ်နေရာမှ နားထောင်နေသော ဇနီးသည် ဒေါ်သိန်းမြ ဦးလှုလှအနားသို့ ရောက်ရှိလာပြီး . . .

"ကိုလှုလှရယ် သားကြီးကိုတော့ တစ်ဖက်သတ်ကြီး အပြစ်မပြောပါ နဲ့ဦး၊ သူ့ခုများ အလုပ်ကလည်းပင်ပန်း၊ ကောက်လှိုင်းတွေ စောင့်ရင်း အိပ်ရေး ကလည်းပျက်ဆိုတော့ ငါ့သားကြီး နေထိုင်မကောင်းများ ဖြစ်နေလားမှ မသိတာ"



www.burmeseclassic.com

www.burmeseclassic.com

"အေးကွ - ဟုတ်တယ်၊ အလုပ်ပန်းပြီး အိပ်ရေးပျက်တာ အမှန်ပဲကွ၊ ညသန်းခေါင်မှာ အိပ်ရေးပျက်ခံပြီး အနောက်ဖျားက မလုံးခင်တို့ အိမ်သွားတယ်၊ ရှေ့မှာ နစ်ယောက်အတူ စကားပြောနေကြတာ သုံးလေးရက်ရှိပြီတဲ့ တွေ့တဲ့လူတွေက ပြောလို့ သိရတယ်ကွ"

"တိုးတိုးပြောစမ်းပါ ကိုလှုလှုရယ်၊ လူကြားလို့မှ မသင့်တော်ဘူး၊ လက်ထပ်ပေးဖို့အားလုံး မြင်ဆင်ပြီးကာမှ ကျော်မကောင်း၊ ကြားမကောင်း ဖြစ်နေပါဦးမယ်"

"ဘယ့်နယ်ကွာ - မင်းကသာ မသင့်တော်ဘူး၊ ကျော်မကောင်း ကြားမကောင်းဖြစ်မလဲ ဘာလေးပြောနေတယ်၊ တစ်ရွာလုံးသိတာ ဟိုးဟိုး တောင်ကျော်လို့၊ ဟိုကလည်း ကြားသိရောပေါ့၊ ဘယ်လောက်ရှက်စရာ ကောင်းလဲ၊ နင့်သား လုပ်ပုံက ဟုတ်မှမဟုတ်ဘဲ၊ တော်တော် အသုံးမကျတဲ့ ကောင်"

ဦးလှုလှုနှင့်ဒေါ်သိန်းမြတို့ထိုသို့စကားပြောနေကြစဉ်မှာသမီးငယ်ပုပုမ အိမ်ပေါ်မှ ပြေးဆင်းလာပြီး၊

"အဖေ . . . အဖေ . . . ကိုကြီးလေ သူ့အကျီအိတ်ထဲက တစ်လက်မ လောက်ရှိတဲ့ အရုပ်ကလေးလား ဘာလားမသိဘူး၊ ထုတ်ကြည့်ရင်း ရယ်လိုက်၊ ငိုလိုက်လုပ်နေတယ်၊ တစ်နေ့ကလည်း သမီးတွေ့သေးတယ်"

"ဟင် . . ."

ဦးလှုလှုတို့မှ လင်မယားမှာ ဟင်ခနဲ အသံအားပြိုင်တူထွက်ပေါ်လာကြပြီး သားကြီးရှိရာ အိမ်ပေါ်သို့ အပြေးအလွှား လိုက်သွားကြသည်၊ သူတို့ သားကြီးမှာ သမီးငယ်ပြောသလို အရာဝတ္ထုတစ်ခုအား လက်ဝါးဖြင့် အုပ်ကာ ဆုပ်ကိုင်ထားပြီး၊

"မင်း - ကိုကို့ဆီ ဘာဖြစ်လို့ မလာတာလဲကွာ၊ မင်းကြောင့် ကိုကို ခံစားနေရပြီ အချစ်ကလေးရယ် . . . ဟီး . . . ဟီး . . . ဟီး . . . ဟီး"

ပြောလည်းပြော ငိုလည်းငိုဖြစ်နေသော မောင်လှသိန်းအား မြင်လိုက်ရသဖြင့် မိဘနစ်ပါးစလုံး ရင်ထဲမှာ စိတ်မကောင်းခြင်းများစွာကို ပြိုင်တူ ခံစားလိုက်ကြရလေသည်၊ ထိုအခါ ဦးလှုလှုမှာ သားကြီးအနားသို့ တိုးကပ်သွားပြီး၊

"ငါ့သားကြီးက ဘာဖြစ်လို့ ဒီလောက်တောင် ငိုကြီးချက်မ ဖြစ်နေရတာလဲကွာ၊ အဖေ ဘာကူညီရမလဲ ပြောပါဦး သားကြီးရဲ့"

ဖခင်ဖြစ်သူ ဦးလှုလှုက ချော့မော့စွာ ပြောဆိုလိုက်သဖြင့် မောင်လှသိန်းမှာ မိခင်၊ ဖခင်တို့၏ မျက်နှာကို သေသေချာချာ တစ်ချက်လှမ်းကြည့်လိုက်ပြီး လက်ထဲတွင် ဆုပ်ကိုင်ထားသော အရုပ်ကလေးအား ဖြန့်ပြရင်း —

"ဒါ - ကျွန်တော့်ချစ်သူလေ အဖေရဲ့၊ သူ့ကိုရအောင် အဖေတို့ စီစဉ်ပေးကြပါ၊ သူ့ကိုမှ မရရင် သားသေလိမ့်မယ် ဟီး . . . ဟီး"

မောင်လှသိန်းမှာ သူ့စွဲလမ်းနေရသော အရုပ်ကလေးကို မိခင် ဖခင်တို့အား ပြသရင်း ဟီးချကာ ငိုလိုက်သဖြင့် ဦးလှုလှု၊ ဒေါ်သိန်းမြတို့မှာ သူတို့ သားကြီးကိုကြည့်ရင်း ရင်ထုမနာ ခံစားကြရလေသည်၊ ဦးလှုလှုမှာ သားပြသော အရုပ်ကလေးကို လှမ်းယူ၍ သေသေချာချာကြည့်မိသည်၊ အရုပ်ကလေးမှာ အဝတ်အစားမပါသော မိန်းကလေးတစ်ယောက်ရုပ်ဖြစ်နေသဖြင့် ဦးလှုလှုမှာ ကြည့်နေရင်း မျက်စိကပင် အလိုလို ရှက်လာမိလေသည်၊ စိတ်ထဲကလည်း အခုလို ညစ်ညမ်းစွာ ထုလုပ်ထားသော အရုပ်မှာ ဘယ်လိုအရုပ်မျိုးပါလိမ့်ဟု တွေးရင်း ကြာရှည်စွာ ကိုင်မထားတော့ပါ၊ သားကြီးထံသို့ပြန်ပေးလိုက်လေသည်၊

"ကဲ - ငါ့သားကြီးပြောသလို ဖေဖေ၊ မေမေတို့ စီမံပေးပါ့မယ်၊ ဘာမှ အားမငယ်နဲ့ဖေဖေ အခုပဲ သွားစီစဉ်လိုက်ဦးမယ်" ဟု ပြောလိုက်ပြီး ဦးလှုလှုနှင့် ဒေါ်သိန်းမြတို့မှာ တစ်ယောက်နဲ့တစ်ယောက် လက်ကုတ်အသိပေးကာ သားဖြစ်သူအား နှုတ်ဆက်ပြီး စိတ်မချမ်းသာစွာဖြင့် အိမ်ပေါ်မှ ပြန်ဆင်းလာခဲ့ကြလေသည်၊





www.burmeseclassic.com

www.burmeseclassic.com

"ဒကာကြီးလူလု . . . ဒကာကြီးပြောသလိုဆိုရင် မောင်လှသိန်းကို တစ်ဦးတစ်ယောက်က ပြုစားထားတာအမှန်ပဲ။ အခြားတောပိုင်၊ တောင်ပိုင်တစ္ဆေမြေဖုတ်၊ ဘီလူး၊ သရဲ ဖမ်းစားတယ်ဆိုရင်လည်း ဒီလို အရုပ်က သူ့လက်ထဲ ရောက်လာစရာအကြောင်းမရှိဘူး။ ဒီလို ညစ်ညမ်းတဲ့ မိန်းမရုပ်ကလေးသူ့လက်ထဲ ရောက်လာမှ မောင်လှသိန်း အခုလို ဖြစ်ရတယ်ဆိုတာ တစ်ဦးတစ်ယောက်က ရည်ရွယ်ချက်တစ်ခုနဲ့ စီရင်ပြုစားထားတာ အမှန်ပဲ ဒကာကြီး။ ဒီလို မကောင်းဆိုးဝါး အတတ်ပညာမျိုးကို ကျွမ်းကျင်နိုင်နင်းတဲ့ အရှေ့ဘက်ကုန်း ဆရာတော်ကြီးရဲ့ တပည့်သားတစ်ယောက်ရှိတယ်။ သူကတော့ အသက်ငယ်ပေမယ့် ဆရာတော်ကြီးက အထက်လမ်း လောကီပညာကို သမထနဲ့တွဲပြီး ပညာကုန် သင်ပေးတာလို့ နာမည်တောင် အတော်ရပြီကြားတယ်။ သူကတော့ ဆရာကောင်းတပည့်ဖြစ်လို့ ဘုန်းကြီး တိုက်တွန်းချင်တယ်။ မောင်လှသိန်းအတွက် ရောဂါမရင့်ချိန်၊ မနှောင်းခင်မှာ အဲဒီဆရာလေးကို သွားပင့်ပြီး အမြန်ဆုံးကုသစေချင်တယ် ဒကာကြီး"

"တင်ပါ့ဘုရား . . . တပည့်တော် လူလွှတ်ပြီး ဆရာလေးကို ပင့်နိုင်းလိုက်ပါ့မယ် ဘုရား"

ဦးလူလုမှာ သားဖြစ်သူ မောင်လှသိန်းအတွက် အလွန်ပင်စိုးရိမ်လျက်ရှိနေရာမှ ရွာဦးကျောင်းဆရာတော်ကြီးအား အခြေအနေအပြည့်အစုံကို သွားရောက်လျှောက်ထားခဲ့ခြင်း ဖြစ်လေသည်။ ဆရာတော်ကြီးကလည်း သူသိထားသမျှသော ဆရာကောင်း၊ သမားကောင်းတို့ထံသို့ လမ်းညွှန်လိုက်ခြင်းဖြစ်၏။ ဦးလူလုမှာအိမ်သို့ပြန်လာပြီး ယောက်ဖဖြစ်သူ ဦးဖိုးချမ်းနှင့်အခြားရွာသားနှစ်ယောက်အား အကူအညီတောင်းကာ အရှေ့ဘက်ကုန်းရွာဦးကျောင်းရှိ ပယောဂကုသသူ ဆရာလေးအား သွားရောက်ပင့်ခေါ်ရန် အမြန်စေလွှတ်ရလေသည်။

မောင်လှသိန်းမှာ ကံကောင်းသည်ဟုပြောရလေမည်။ ဆရာသွားပင့်သူ ဦးဖိုးချမ်းနှင့် အခြားရွာသားနှစ်ယောက် အရှေ့ဘက်ကုန်းရွာ ဘုန်းကြီးကျောင်းသို့ ရောက်သွားချိန်တွင် ဆရာလေး ဉာဏ်ပွားခရီးသွားနေသဖြင့် ကျောင်းတွင် မရှိကြောင်းသိရလေသည်၊ သို့သော်လည်း ဦးဖိုးချမ်းတို့ လူစုမှာ ချက်ချင်းထပြန်ရန် မကောင်းတတ်သဖြင့် ဆရာတော်ကြီးနှင့် ရပ်ရွာအခြေအနေနှင့် ယခုဖြစ်နေသော လူမမာအခြေအနေများ လျှောက်ထား ပြောပြနေကြရာ ညနေစောင်းနာရီခန့်တွင် ဆရာလေး ဉာဏ်ပွားခရီးသွားရာမှ ပြန်ရောက်လာသဖြင့် ဆရာလာပင့်သူ ဦးဖိုးချမ်းတို့လူစုမှာ မောင်လှသိန်းမှာ ၏အလွန်ကောင်းကြောင်း ပြောဆိုရင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရလေသည်၊

ဆရာဉာဏ်ပွားမှာ ခရီးမှပြန်ရောက်ခါစပင်ဖြစ်သော်လည်း ဆရာတော်ကြီး၏ လူနာများအပေါ် ထားရှိသော စေတနာကြောင့် မည်သည့်အချိန်တွင်ဖြစ်စေ ဆရာလာပင့်သူရှိပါက အမြဲတမ်းလိုက်ပါကုသမြဲဖြစ်ပါသည်။ ယခုလည်း ပုတ်တွင်းချောင်းရွာသို့ လိုက်ပါရန် ဆုံးဖြတ်လိုက်ပြီး လူမမာ၏ အခြေအနေ၊ ယောက်ျား၊ မိန်းမ စသည်များကို အကြမ်းဖျင်းမေးမြန်းလိုက်သည်၊ လိုအပ်သော ဆေးဝါးများ စီစဉ်ပြင်ဆင်ပြီး တပည့်ကျောင်းသားကြီး တစ်ယောက်နှင့်အတူ ချက်ချင်းပင် ထလိုက်လာခဲ့လေသည်။

ထိုသို့ လိုက်ပါလာခဲ့ရာ ဆရာလာပင့်သူများနှင့် လမ်းတွင် စကားပြောရင်း လျှောက်လာခဲ့ကြသည်။ ယခု ကုသရမည့် လူမမာအကြောင်း မေးမြန်းမိရာမှ ရွာတောင်ပိုင်းက မညိုအေး၊ ရွာအနောက်ဖျားက မလုံးခင် စသူတို့၏အတတ်လမ်းတွင် ပါဝင်နေကြကြောင်း သတင်းများ ရရှိလိုက်သဖြင့် ဆရာဉာဏ်ပွားအတွေးထဲက "တွေ့ကြပြန်ပြီပေါ့ မလုံးခင်ရယ်" ဟု ရေရွတ်မိလေ၏။ ထိုကဲ့သို့ လျှောက်လာရင်း ညရှစ်နာရီကျော်ကျော်တွင် ပုတ်တွင်းချောင်းရွာလယ်ပိုင်းရှိ ဦးလူလုနေအိမ်သို့ ရောက်ရှိခဲ့ကြသည်။ ဆရာဉာဏ်ပွားမှာ သူ၏ထုံးစံအတိုင်း လူမမာအိမ်သို့ ရောက်လျှင်ရောက်ချင်း အိမ်နှင့်ပတ်ဝန်းကျင်အား စည်းချလိုက်သည်။ ပြီးလျှင် အိမ်ပေါ်က မြတ်စွာဘုရားကို ဦးချရှိခိုးပူဇော်ပြီး သောက်တော်ရေများ ကပ်လှူပူဇော်သည်၊





www.burmeseclassic.com

www.burmeseclassic.com

အားလုံးကိစ္စများ ဆောင်ရွက်ပြီးမှ လှမမာ၏ဖြစ်စဉ်များကို သေသေချာချာ မေးမြန်းလေ၏။

ထိုအခါ လှမမာ၏ ဖခင် ဦးလှလှက စတင်ဖြစ်လာသည်မှ ယခုလက်ရှိ အခြေအနေအထိ ရှင်းပြသည်။ ယခု လှမမာလက်ထဲတွင် မိန်းကလေးရုပ်ရှိနေပြီး ညသန်းခေါင်ကျော်လောက်တွင် ထိုမိန်းကလေးအရုပ်ကပင် လှမမာ မောင်လှသိန်းအား မြူဆွယ်ခေါ်ယူကာ ရွာအနောက်ဖျားက မလုံးခင်တို့အိမ်ရှေ့သို့ ရောက်ရှိသွားတတ်ကြောင်း ထိုကဲ့သို့ ညစဉ်ညတိုင်း ဖြစ်နေသည်မှာ တစ်ပတ်နီးပါးရှိလာခဲ့ပြီး လှကလည်း ပင်ကိုယ်စိတ် လွင့်မျောနေသလို သူနှင့်လက်ထပ်ရန် နှစ်ဖက်မိဘသဘောတူထားသော မညိုအေးကိုလည်း မမှတ်မိတော့ဘဲ မှတ်ဉာဏ်နည်းပါးကာ ရူးကြောင်ကြောင်ဖြစ်နေကြောင်း၊ ထိုကဲ့သို့ ဖြစ်ပျက်နေသည့်အတွက် ဟိုးလေးတကြော်ဖြစ်လာပြီး နှစ်ဖက်မိဘများမျက်နှာပျက်ကြရမည်ကိုစိုးရိမ်သဖြင့် လှမမာအား အိမ်တွင်မထားဘဲ လယ်တဲတလင်းမှာ နေစေကာ သူ့အမေ သူနှမတို့က စောင့်ပေးနေရကြောင်း စသည်တို့ကို အစအဆုံး ပြောပြလေသည်။

ဆရာညာဏ်ပွားမှာ ဦးလှလှပြောပြသည်နှင့် ဖြစ်ပျက်ပုံ အခြေအနေအားလုံးကို ခြုံငုံသဘောပေါက်မိလေသည်။ အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သော မိုးတွင်းကာလ၊ ဝါဆိုလအတွင်းက မညိုအေး စုန်းပြူစားခံရသဖြင့် မိမိလာရောက်ကုသခဲ့ရသည်။ ထိုစဉ်က မညိုအေးအား ဝင်ရောက်ပူးကပ်နေသူအား ချုပ်နှောင်မေးမြန်းရာ ကဝေမလုံးခင် ဖြစ်ကြောင်း ဝန်ခံခဲ့သည်။ သို့သော် ယခုလို တစ်ရွာတည်းသားချင်းကို ဘာကြောင့် ပြုစားရသလဲဟု မေးမြန်းရာ "ဘယ်သူမှ ရှင်းမပြနိုင်ဘူး၊ ဒါ ကျွန်မ ကိစ္စပါ" ဟု ခါးခါးသီးသီး ငြင်းဆန်နေခဲ့သည်။ ယခုကိစ္စမှာလည်းမလုံးခင်နှင့် ပတ်သက်လာပြန်ပြီ၊ အားလုံးမှာ အပျိုလူပျိုဖြစ်သဖြင့် ဘာကြောင့် ဒီလို ဖြစ်ရသလဲ ဆိုလျှင် အဖြေက ရှင်းနေလေပြီဟုသာ ဆရာညာဏ်ပွား ကောက်ချက်ဆွဲထားပြီး ဖြစ်လေသည်။



"ဟုတ်ပြီလေ - ဦးလှလှရဲ့စိတ်အချရဆုံးယောကျ်ား သုံးယောက်နဲ့ ဦးလှလှအပါအဝင် လေးယောက်၊ ညသန်းခေါင်ကျော်မှာ ကျွန်တော်နဲ့ လိုက်ခဲ့ပါ။ ပြီးတော့ ရွာအနောက်ဖျားက မလုံးခင်တို့ အိမ်နဲ့ အနီးဆုံးကပ်နေတဲ့ အိမ်ကို ဘယ်သူမှ မသိရအောင် ညဆယ့်နှစ်နာရီလောက်မှာ ကျွန်တော်တို့ ခဏလာမယ်ဆိုတဲ့အကြောင်း သေသေချာချာပြောထားဖို့ လိုမယ်၊ ပြီးတော့ ဦးလှလှရဲ့သားမောင်လှသိန်းကိုလည်း ဆရာရောက်နေတယ်ဆိုတဲ့အကြောင်း လုံးဝ မသိပါစေနဲ့၊ ရှင်းရှင်းပြောရရင် ဦးလှလှရယ်၊ ကျွန်တော်ရယ်၊ ဆရာလာပင့်တဲ့ သုံးယောက်ရယ် ဒါပဲ သိစေချင်တယ်"

"ဟုတ်ကဲ့ - ဆရာလေး၊ အားလုံးကို စိတ်ချပါ။ ကျွန်တော် လုံးဝမပေါက်ကြားအောင် စီစဉ်ထားလိုက်ပါ့မယ်"

တပို့တွဲလပြည့်ကျော် ရှစ်ရက်ညဖြစ်သဖြင့် လတစ်ခြမ်းပဲ့ကလေးမပေါ်လာသေးပေ။ သို့သော်လည်း သန်းခေါင်ယံကြက်များ အိပ်တန်းပေါ်မှ တသောသော တွန်ကြူးလျက် ရှိနေလေပြီ။ ဆရာညာဏ်ပွားနှင့် ဦးလှလှတို့ ယောကျ်ားကြီးငါးယောက်မှာ ခြံစည်းရိုးဘေးရှိ ငှက်ပျောရုံနှင့် လူတစ်ရပ်ကျော်ကျော်မြင့်သော ပိန္နဲပင်ပျိုအရွက်ဖားဖားများကို အကာအကွယ်ပြုလျက် ပုန်းအောင်း စောင့်ဆိုင်းရင်း လမ်းမဘက်သို့ငေးမျှော်ကာ ကြည့်နေကြလေသည်။

ထိုကဲ့သို့ စောင့်နေရင်းမှပင် လတစ်ခြမ်းပဲ့ကလေးမှာ ဆောင်းည၏ နှင်းမှုန်များကို အားပျော့စွာ ထိုးဖောက်လျက် မှုန်ဝါးသော အလင်းရောင်ဖြင့် ထွက်ပေါ်လာလျက် ရှိနေလေသည်။ လထွက်ချိန်အလင်းရောင်မှုန်ဝါးဝါးနှင့် အတူပြေးလာသော ခြေသံတဖျပ်ဖျပ်အား လှည်းလမ်းကြောင်းအတိုင်း ကြားလိုက်ရသည်။ အသံကြားရာသို့လှမ်းမျှော်ကြည့်လိုက်ကြရာ



www.burmeseclassic.com

www.burmeseclassic.com

အားလုံးမှာ မျက်လုံးမျက်ဆံ ပြူးသွားရလေတော့၏။ ပြေးလာသူမှာ မိန်းကလေးတစ်ယောက်၊ လေတွင် လွင့်မျောလာသော ပန်းဝတ်လွှာလေးပမာ ဖြူဖွေးသန့်စင်နေသည်။ ရှည်လျားဖြောင့်သော သူ၏ ဆံပင်များကလည်း ခေါင်းမော့ကာ ရှေ့သို့ လှမ်းနေသဖြင့် လေတွင် ဝဲလွင့်နေသည်။ ဘယ်ညာ ဒူးများကို တစ်ဖက်စီ လှမ်းကြွကာ လျှောက်ရှုလေးလှမ်းကာ ပြေးရုံကလေး ရွေ့လျားလာသော လူလား၊ နတ်လား၊ ဆင်မှားလောက်စရာ ကောင်မလေးကို ကြည့်ရင်း အံ့ဩနေမိကြရသည်။

ထိုကဲ့သို့ပင် မိခင်နှင့် ဝေးသွားမည်ကို စိုးရိမ်သော နွားသူငယ်လို နောက်မှ ထက်ကြပ်မကွာ ပြေးလိုက်လာသော မောင်လှသိန်း။ ထိုအချိန်မှာပင် မလုံးခင်တို့အိမ်မှ အိမ်ရှေ့တံခါးဖွင့်သံ ကြားလိုက်ရသည်နှင့်အတူ အိမ်ရှေ့ ခြံတံခါးနားတွင် မလုံးခင် ရပ်နေသည်ကို တွေ့လိုက်ရလေသည်။ မလုံးခင်မှာ ရှေ့သို့သာ မျှော်ငေးနေသဖြင့် တစ်ဖက်ခြံအတွင်း နောက်ရှိ ပုန်းအောင်းနေသော လူတစ်စုအား သတိထားမိဟန်မတူပေ။

ထိုစဉ်မှာပင် ရှေ့မှ နွဲ့နွဲ့လေး ပြေးလာသော ကောင်မလေးမှာ ခြံတံခါးဝတွင် ရပ်တန့်လိုက်ပြီး နောက်သို့လှည့်ကာ မောင်လှသိန်းအား အပြုံးအခရာဖြင့် လက်ယပ်၍ လှမ်းခေါ်နေလေသည်။ ထိုအချိန်တွင် ဆရာညကြက်ဖွားမှာ ပယောဂလူများအတွက် ဆေးစီရင်ထားသော ကြေးကွင်းဖြင့် လှမ်းပစ်လိုက်၏။ ထိုသို့ ဆေးကြေးကွင်း အစွပ်ခံလိုက်ရသော ကောင်မလေးမှာ လှုပ်ရှားနိုင်ခြင်း မရှိတော့ဘဲ တဖြည်းဖြည်း သေးငယ်သွားရာမှ တစ်လက်မ အရွယ်မျက်နှာကို လက်ဖဝါးဖြင့် အုပ်ထားသော သစ်သားရုပ်ကလေး ဖြစ်သွားလေတော့သည်။ ထိုသစ်သားရုပ်ကလေးအား ဆရာညကြက်ဖွားမှ ကောက်ယူကာ ဆေးလွယ်အိတ်အတွင်း ထည့်ထားလိုက်သည်။

တစ်ချိန်တည်းမှာပင် မောမောပန်းပန်း ပြေးလိုက်လာသော မောင်လှသိန်းမှာ မလုံးခင်တို့ခြံဝသို့ ရောက်ရှိလာပြီး မတ်တတ်ရပ်လိုက်သည်။ သူတွေ့လိုသော ကောင်မလေးအား ရှာဖွေကြည့်မိသည်။ မတွေ့။



တွေ့လိုက်ရသူက အပြုံးလှလှလေးနဲ့ ခြံဝတွင်ရပ်စောင့်နေသော မလုံးခင်ပင်။ မောင်လှသိန်းမှာ မလုံးခင်အား မြင်လိုက်ရသည်နှင့် ဆန္ဒရမ္မက်များ သွက်သွက်ခါလှုပ်ရှားလာပြီး မလုံးခင်၏ပခုံးနှစ်ဖက်အား လှမ်း၍ဖက်လိုက်သည်။ ထိုသို့လှမ်း၍ဖက်လိုက်စဉ်မှာ ဦးလှလှနှင့် ဦးမိုးချမ်းတို့နှစ်ယောက် ခြံထွက်လာပြီး ဆရာညကြက်ဖွားမေးထားသော ချည်မန်းကွင်းဖြင့် စွပ်ချလိုက်လေသည်။ မောင်လှသိန်း စုန်းခဲနဲ့ မင်လဲမသွားခင်မှာ ယောက်ျားလေးယောက်ဖြင့် ဘယ်ညာတွဲကာ ချက်ချင်းရွာထဲသို့ ခေါ်ဆောင်လာခဲ့ကြလေသည်။

နောက်တနေ့မနက်ပိုင်းတွင် မောင်လှသိန်းအား ဆရာညကြက်ဖွားက ဆေးမန်းတစ်ခွက်နှင့် ပယောဂအစွဲချွတ်ဆေးတို့ကို တိုက်လိုက်သဖြင့် ကောင်းစွာ သတိရလာသည်။ ဘေးဘယ်ညာရှိ လူများကိုလည်း သေသေချာချာ ကြည့်ရှုပြီး ပကတိလူကောင်းတစ်ယောက်၏ လူ့စိတ်အာရုံပင်ကိုယ် ဟန်မှန်အတိုင်းဖြင့် :::

“ဟင်း ::: အမေ ::: ဦးလေး ::: ဘာဖြစ်ကြတာလဲ၊ ကျွန်တော် ဘာဖြစ်လို့လဲဟင်”

ဟု မခင်ရော၊ သူ့ဦးလေးကိုပါ စိုးရိမ်တကြီးဖြင့် မေးမြန်းလာသဖြင့် ဦးလှလှမှာ သူ့သားကြီး၏ စိတ်မှာ ပုံမှန်အနေအထား ဖြစ်သွားသည်ကို တွေ့လိုက်ရသဖြင့် အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားရပြီး :::

“သားကြီးက တလင်းတောင့်ရင်း လတ်တလော နေထိုင်မကောင်း ဖြစ်သွားလို့ ဆရာပင့်ပြီးကုသရတာ ဒီနေ့ကျမှ ရောဂါအားလုံး ပျောက်ကင်းချမ်းသာသွားတော့တယ် သားကြီးရဲ့”

“ဟင် = ဒါဆို ကျွန်တော် နေမကောင်းဖြစ်တုန်း မညိုအေးအား မလာဘူးလား အမေ”

“အယ့်နှယ်ပြောပါလိမ့် သားကြီးရယ်၊ မညိုအေးဆိုရင် မင်းအတွက် စိုးရိမ်ပြီး မျက်ရည်နဲ့မျက်ခွက် တစ်နေ့မှမပြတ်ဘူး။ သူ့ခမျာ ရက်ဆက် ပင်ပန်းတာနဲ့ မနေ့ညမိုးချုပ်မှ သူ့အမေနဲ့ အိမ်ခဏပြန်သွားကြတယ်၊ နေ့ခင်းပိုင်းမှာ ပြန်လာကြလိမ့်မယ်ကွဲ့”



www.burmeseclassic.com

www.burmeseclassic.com

ဦးလှလှမှာ သူ့သားကြီးအတွက် စိတ်ပူနေခဲ့ရာမှ အလွန်ပင် ဝမ်းသာသွားပြီး တစ်ဖက်ကလည်း သူ့ချစ်သူမညီဖြူအေးကို ပိုမိုသတိရသွားစေရန်နှင့် သူ့မိဘများ အထင်မလွဲသွားစေရန်အတွက်လည်း လုပ်ကြံဖန်တီး၍ပင် ပြောဆိုလိုက်ခြင်းဖြစ်၏။

"ကျွန်တော်က ဘယ်လိုဖြစ်သွားရအောင်လဲ အဖေရယ်"

"ရောဂါတော့ အဖေလည်း သေချာမပြောတတ်ဘူး။ လူပြုစားတာဆိုလား၊ ပယောဂဆိုလားတွေ့ ဆရာဝင်ဖြေသေချာချာသိတယ်"

ထိုအခါ ဆရာညက်ပွားကပင် မောင်လှသိန်းအား ရှင်းပြရသည်။

"ဟုတ်တယ် - ကိုလှသိန်း၊ ခင်ဗျားကို တစ်ဖက်သတ်ကြိုက်နေတဲ့ မိန်းကလေးတစ်ယောက်က ပြုစားထားတာ တစ်ပတ်လောက်ရှိသွားပြီ။ ဒါတောင် ကျွန်တော် အချိန်မီရောက်လာလို့ မဟုတ်ဆိုရင် ခင်ဗျားအသက် အန္တရာယ် တစ်ခုခုဖြစ်ချင်ဖြစ်သွားမယ်၊ ဒီလိုမှ မဖြစ်ခဲ့ရင် ဆိတ်ကွယ်ရာ ညအခန်းခေါင်မှာ ယောကျာ်းနဲ့မိန်းမ နှစ်ယောက်ချင်းတွေ့ရတဲ့ အခါမျိုးမှာ အဲဒီမိန်းကလေးကို လက်ထပ်ယူရမယ့် ကျူးလွန်မှု အခြေအနေမျိုးထိ ဖြစ်သွားနိုင်တယ်၊ ဒီလိုအခြေအနေမျိုးဖြစ်အောင် ခင်ဗျားစိတ်ကို ဖောက်ပြန်လာစေတဲ့ ဆေးဝါးအစီရင်မျိုးနဲ့ ပြုစားခဲ့တာ၊ ဒီအရုပ်ကိုပဲ ကြည့်ပါဦး"

ဆရာညက်ပွားမှာ ညကပင် သူ သိမ်းထားခဲ့သော အရုပ်ကလေးကို မောင်လှသိန်းလက်ထဲသို့ ထည့်ပေးလိုက်၏၊ မောင်လှသိန်းကလည်း ဆရာပေးသော အရုပ်ကလေးကို လက်ပေါ်တင်ကာ သေချာစွာကြည့်၏။

"ဒီ အရုပ်ကလေးက ကျွန်တော့်ဆီက အရုပ်ကလေးပဲ၊ ဆရာ့လက်ထဲ ဘယ်လိုလုပ် ရောက်သွားတာလဲဟင်"

"ဟုတ်တယ် . . . ခင်ဗျားဆီက အရုပ်ကလေးပဲ၊ ဒီအရုပ်ကလေးကို ခင်ဗျားဆီ အရောက်ပို့ထားပြီး ဒီအရုပ်ကလေးကပဲ ခင်ဗျားကို ညို့ယူမြူဆွယ်ရင်း ပြုစားတဲ့ ကာယကံရှင် မိန်းကလေးဆီ အရောက်ခေါ်သွားတယ်၊ တော်ရုံလူဆိုရင် ဒီမှာတင် လွန်လွန်ကျူးကျူးဖြစ်သွားပြီး သူ့အကြံ အောင်မြင်သွားမယ်၊ လက်ထပ်ယူရမယ့် ကိန်းဆိုက်သွားမှာ အသေချာပဲ ကိုလှသိန်း၊ အခုလည်း အဲသလိုဖြစ်ခါနီးဆဲဆဲမှာ ဒီအရုပ်ကလေးနဲ့ ခင်ဗျားကိုအချိန်မီပြန်ခေါ်လာနိုင်ခဲ့လို့ပေါ့၊ မဟုတ်ရင် အခုလောက်ဆို ခင်ဗျား အိမ်ထောင်ကျနေလောက်ပြီဗျ၊

ဆရာညက်ပွားက သေချာရှင်းပြလိုက်သဖြင့် မောင်လှသိန်းမှာ အတော်ပင် တွေဝေငေးမောသွားပြီးမှ ကိုင်ထားသော အရုပ်ကလေးအား ဆရာညက်ပွားလက်သို့ ပြန်ပေးလိုက်သည်၊ ထိုစဉ် ဘေးနားတွင် ထိုင်နားထောင်နေသော ဦးဖိုးချမ်းကလည်း အရုပ်ကလေးအား စိတ်ဝင်စားစွာဖြင့် မေးကြည့်မိသည်၊

"အရုပ်ကလေးကြည့်ရတာ မဟုတ်တရုတ်အလုပ်မှာ တော်စွမ်းမယ့်ပုံပဲ၊ သူ့ကို ဘယ်လိုခေါ်လဲ ဆရာ"

"ဒီလို အရုပ်မျိုးကို ဂဝံရုပ်လို့ခေါ်တယ် ဦးဖိုးချမ်း၊ သူက ဂဝံမျက်နှာဝုံး နောက်ရှိသေးတယ် ဂဝံသားပိုက်၊ ဂဝံနတ်သား၊ ဂဝံစောရ၊ ဂဝံဇော်ဂီ၊ ဂဝံယက္ခတဲ့၊ အောက်လမ်းဆရာတွေက လောကီပညာကျမ်းတွေ ဖတ်ပြီး လိုသလိုစီရင်ထုလုပ်ခဲ့ကြတာ၊ အရုပ်အားလုံးက အဝတ်မပါပေမဲ့ယောကျာ်း မိန်းမတွေမှာ ပါရှိတဲ့ အင်္ဂါအစိတ်အပိုင်းကိုတော့ အပြည့်အစုံဖော်ပြထုလုပ်ထားကြတယ်၊ ခင်ဗျားပြောသလို မဟုတ်တရုတ် ညစ်ညမ်းတဲ့အလုပ်မှာ ငရဲမကြောက်သူတွေက လုပ်နေကြတယ်လေ"

"ဒီ အရုပ်အားလုံးဟာ အောက်လမ်းဆရာတွေ ယုံကြည်ထားသလို သူတို့ စီရင်တဲ့အခါ တကယ်ကော စွမ်းရဲ့လားဆရာ"

"ဒီလိုရှိတယ် ဦးဖိုးချမ်းရဲ့ စွမ်းတယ်၊ မစွမ်းဘူးဆိုတာ ထုလုပ်တဲ့ ဆရာရဲ့ ထလုပ်နေတုန်းမှာ ညစ်ညမ်းတဲ့ ဂါထာပေါင်းများစွာကို ရွတ်ဖတ်နေရတယ်တဲ့၊ အရုပ်ပြီးလို့ အရောကိုင်အသက်သွင်းတဲ့အခါမှာလည်း "ဒေဝီဒေဝါ ဝိဋ္ဌသာအလှ၊ နတ်မိန်းမ၊ ထ - ဆရာ - ထ - ကြွ - ဆရာကြွ" စတဲ့ ညစ်ညမ်း ဂါထာတွေနဲ့ ညစ်ညမ်းပစ္စည်းပေါင်းစပ်ကာ နတ်ရဲ့သစ်ပင်မှာ ပန်းနှင့်ပြည်





www.burmeseclassic.com

www.burmeseclassic.com

ခင်ကြီး လူကြီးတွေ ကစားတဲ့ နတ်ချပ်၊ ရထားချပ်၊ မြင်းချပ်တို့ကို တစ်ခုံအောမှ အသုံးမကျတဲ့ အရုပ်တွေလည်း အများကြီးပေါ့ ဦးဖိုးချမ်း"

"ဟုတ်ကဲ့ပါဆရာ - အခုလို ရှင်းပြတဲ့အတွက် ဗဟုသုတ တိုးပွားရပါတယ်၊ နောက်တွေ့ရတဲ့ အခါမှာလည်း မသိသူတွေကို ဖောက်သည်ချရတာပေါ့၊ ဒါနဲ့ ဆရာ ဒီအရုပ်တွေ ဘယ်လိုနေရာမျိုးမှာ အသုံးချရတယ်ဆိုတာလည်း ကြုံတုန်း ရှင်းပြခဲ့ပါဦး ဆရာလေး"

"အင်း - ခင်ဗျားတို့ အခုလက်တွေ့မြင်ခဲ့ရတဲ့ ဂဝံမျက်နှာဖုံးပေါ့၊ သူကတော့ ဗီယဲနဲ့ပတ်သက်လို့ အတော်ရှမ်းတယ်လို့ ပြောကြတယ်၊ မိန်းကလေးတစ်ယောက်က ယောက်ျားလေးတစ်ယောက်ကို တန်းတန်းစွဲကြိုက်နေရင် ဒါမှမဟုတ် ဂုဏ်သိက္ခာညှိုးနွမ်းပြီး အဝေါမျက်စီးအောင် လုပ်ချင်ရင် ဒီဂဝံမျက်နှာဖုံးနဲ့ စီရင်ပြုစားတယ်၊ ပြီးတော့ ယောက်ျားလေးက မိန်းကလေးကို ချစ်တယ်၊ ဒါမှမဟုတ် ဂုဏ်သိက္ခာကျဆင်းသွားအောင် လုပ်ချင်တယ်ဆိုရင် ပြောခဲ့တဲ့ ဂဝံနတ်သားရုပ်နဲ့ စီရင်တယ်၊ ကိုယ်လိုသလိုပါလာအောင်ပေါ့၊ ပြီးတော့ ဂဝံတောရကိုတော့ သူတစ်ပါးရဲ့ဥစ္စာပစ္စည်း မတရားလိုချင်တယ်၊ နှိုးယူလိုချင်တယ်ဆိုရင်တော့ ဂဝံတောရလို့ ခေါ်တဲ့ တောရမင်းသားကို အသုံးပြုတယ်၊ ဂဝံတော်ဇီကျတော့ သူတစ်ပါးဖုံးလွှမ်းအောင် လိမ်လည်လှည့်စားရမယ့်နေရာမျိုးမှာ သုံးကြတယ်၊ ဂဝံဘီလူး၊ မောင်ယကျွကိုတော့ အကြမ်းအရမ်းနဲ့ ကြောက်လန့်သတ်ဖြတ်ရမယ့် အစီအရင်မျိုးမှာ သုံးတယ်၊ နောက်ဆုံးအခုနနဲ့ ဂဝံသားဖိုက်ကို အံ့ယောဇဉ်နွယ် ဖြတ်လေရအောင် လင်ကွဲ မယားကွဲ အငယ်အနှောင်းကိစ္စ ပြန်ပေါင်းသုတ်နဲ့ ကိစ္စတွေမှာ အောက်လမ်းဆရာတွေက စီရင်ပေးကြလေ့ရှိတယ်၊ ဦးဖိုးချမ်း - ဒါပေမဲ့ အောင်မြင်မယ်၊ မအောင်မြင်ဘူးဆိုတာကတော့ တောတောက ပြောသလို သူလုပ်စီရင်တဲ့ ဆရာအပေါ်မှာ မူတည်ပါတယ်၊ ဒါတွေအားလုံးဟာ ကျွန်တော်တို့အထက်လမ်းပညာနဲ့ လားလားမှမဆိုင်တဲ့အတွက် ကြားဖူးနားဝနဲ့ ရှင်းပြတာပဲဖြစ်ပါတယ်"



"ဒါလောက် သိရတာကိုပဲ အထူးကျေးဇူးတင်လှပါတယ် ဆရာ"

ဆရာ ညွှန်မွှားနှင့် ဦးလှလှ၊ ဦးဖိုးချမ်းတို့ လူစု စကားပြောဆိုနေကြစဉ်မှာပင် ကျေးရွာအုပ်စုမှ သူကြီးမင်းနှင့် သူ့တပည့်သုံးလေးယောက်တို့မှာ နှစ်လုံးပြူးသေနတ်ကိုယ်စီဖြင့် ရောက်ရှိလာကြရာ ဦးလှလှနှင့် ဆရာညွှန်မွှားတို့လူစုက နှုတ်ဦးကြိုဆိုနေရာထိုင်ခင်းများ ပြင်ဆင်ပေးကြသည်၊ သူကြီးမင်းမှာ မြင်ထားသော နေရာတွင် ဝင်ထိုင်ရင်း လူမမာမောင်လှသိန်း အသို့ လှည့်ကြည့်လိုက်ပြီး -၊

"အခြေအနေ ဘယ်လိုလဲ - သက်သာရဲ့လား ဆရာလေး"

"ဟုတ်ကဲ့ - သူကြီးမင်း အခုတော့ အားလုံး ပျောက်ကင်းသွားပါပြီ ခင်ဗျား"

"အင်း - ကျုပ်တို့ရွာမှာ ဒီလိုပြုစားတတ်တဲ့ စုန်းပညာသည်အချို့ ရှိနေလို့ အတော်ပဲခက်နေတယ် ဆရာလေး။ အကြောင်းလဲဆိုတော့ ကျုပ်တို့ရွာရဲ့စီးပွားရေးက မြေထွက်သီးနှံစိုက်ပျိုး တာသောက်ရတဲ့ လယ်သမားတွေဖြစ်တယ်၊ ရရှိလာတဲ့ မြေထွက်သီးနှံတွေကို အခြားပတ်ဝန်းကျင် ရွာတွေမှာ သွားရောင်းမြန်တော့လည်း ဘယ်သူကမှ ဝယ်မစားရဲကြဘူး၊ အကြောင်းပြချက်ကတော့ စုန်းရှိတဲ့ ရွာက ပစ္စည်းမစားရဲဘူး၊ ပြုစားခံရမှာ ကြောက်လို့တဲ့၊ ကဲ - တောင်းကြွေသေးရဲ့လားဗျာ၊ ဒါတင်မကသေးဘူး ဆရာလေးရဲ့ ရွာရဲ့ သားရေး၊ သမီးရေး ကိစ္စမှာလည်း ဒီလိုပဲ၊ အခြားရွာက လူပျိုလေးတွေ ဒီရွာမှာ လာပြီး အိမ်ထောင်မပြုရဲကြသလို အခြားရွာက အပျိုလေးတွေလည်း ဒီရွာက လူပျိုတွေကို လက်မထပ်ရဲကြဘူး။ ရွာမှာ စုန်းရှိနေလို့ ပြုစားခံရမှာ ကြောက်တယ်တဲ့၊ မခက်ပေဘူးလား ဆရာလေး။ ရွာအခြေအနေ တစ်ခုတော့ အပြတ်ထွက်ပါတယ်၊ ဘာလဲဆိုတော့ ပတ်ဝန်းကျင်က ဘယ်ရွာမှမှ အိမ်ထောင်မပြုရတော့ ကိုယ့်ရွာမှာပဲ သင့်တော်ရာ အိမ်ထောင်ပြုရတဲ့အတွက် တစ်နှစ်မှာ ဆယ်အိမ်၊ ဆယ့်ငါးအိမ်လောက် အိမ်ခြေတွေ တိုးပွားနေတယ်ဆရာလေး၊ ရယ်စရာတော့ အတော်ကောင်းတယ်ဗျ၊



www.burmeseclassic.com

www.burmeseclassic.com

သူကြီးမင်းက တဟားဟားရယ်ကာ သူ့ရွာနှင့် ပတ်ဝန်းကျင်ရွာ အခြေအနေပြောပြသဖြင့် ဆရာညက်ပွားလည်း တွေးရင်းရယ်မိပါသည်၊ သို့သော်လည်း ရွာအတွက် စိတ်မကောင်းဖြစ်မိသည်မှာ အမှန်ပင်၊

"ဒါလဲ တစ်မျိုးကောင်းတာပဲ သူကြီးမင်းခင်ဗျား"

"မကောင်းဘူး - ဆရာလေး - မကောင်းဘူး၊ ကျုပ်ရဲ့သူကြီးတစ်ပိုင်အုပ်စုမှာ အားလုံးဆယ့်နှစ်ရွာရှိတယ်၊ ကျုပ်သဘောက ဆယ့်နှစ်ရွာစလုံး လူကြီး၊ လူငယ်၊ ယောကျ်ား၊ မိန်းမ၊ စည်းစည်းလုံးလုံး ဖြစ်စေချင်တယ်၊ အခုက ဒီရွာမှာ စုန်းပညာတတ်အချို့ရှိနေလေတော့ အားလုံးက ရှောင်ကြတယ်၊ ဘယ်လိုမှ ကူးလူးဆက်ဆံမှု မလုပ်ကြဘူး၊ တစ်ရွာတည်း သီးခြားလိုဖြစ်နေတယ်၊ အဲဒါကြောင့် ကျုပ်က ဆရာလေးနဲ့ တိုင်ပင်ပြီး ဒီစုန်းပညာတတ်တဲ့လူတွေကို တစ်နည်းတစ်ဖုံ ရှင်းပစ်ချင်နေတယ်၊ အဲဒါ ဆရာလေး ကူညီပေးပါ"

"ဒီကိစ္စက ခက်တော့မခက်ဘူး သူကြီးမင်း၊ ဒါပေမဲ့ - တတ်ထားတဲ့ ပညာရပ်တစ်ခုဆိုတာက သူ့ရဲ့ဦးနှောက်နဲ့ ဝမ်းထဲမှာရှိနေတဲ့အတွက် သူက အခြားတစ်ယောက်ကို သင်ပေးရာမှာ လွယ်ကူပေမယ့် သူ့ပညာကို စွန့်လွှတ် အပြတ်ရှင်းထုတ်ဖို့ဆိုတာ အတော်ခက်ပါတယ် သူကြီးမင်း၊ သူသေသွားမှ သူတတ်ထားတဲ့ ပညာကလည်း ဆုံးခန်းတိုင် ရှင်းလင်းသွားမှာဖြစ်ပါတယ်၊ ဒါပေမဲ့ တစ်ခုတော့ရှိပါတယ်၊ သူကြီးမင်းကလည်း အစိုးရအမိန့်နဲ့ ကျေးရွာအုပ်စုစည်းကမ်းအရ တိတိကျကျထုတ်ပြန်ပြီးစုန်းအတတ်ပညာရှင်များကို နယ်နှင်ဒဏ်ပဲဖြစ်ဖြစ်၊ မြို့နယ်ကျေးရွာအုပ်စုအတွင်း မရှိစေရဆိုတဲ့ အမိန့်ပဲဖြစ်ဖြစ် ထုတ်ပြန်ပေးရင်း ကျွန်တော်ကလည်း ပညာပိုင်းဆိုင်ရာနဲ့ပတ်သက်တဲ့ ကောင်းမှုဆိုးမှုဆိုတဲ့ သဘောတရားလမ်းကြောင်းကို ဆွေးနွေးပြောဆိုပေးပါ့မယ်၊ ကျွန်တော်ပြောဆို ဆွေးနွေးတာကို သူတို့ သူတို့လက်ခံလာရင် ဒီပညာကို ရာသက်ပန်စွန့်လွှတ်ဖို့နှင့် နောက်နောင် မလုပ်တော့ပါဘူးဆိုတဲ့ ကတိကိုရယူပြီး သစ္စာရေတိုက်ပါ့မယ်၊ ဒီလိုလုပ်



ကြရင်တော့ သူကြီးမင်း ပြောသလို ရပ်ရွာမှာလည်း စိုးရိမ်ပူပန်စရာမရှိပဲ အားလုံးအေးအေးချမ်းချမ်းနဲ့ ရှင်းလင်းသွားမယ် ထင်ပါတယ်"

ဟု ဆရာ ညက်ပွားက ရှင်းလင်းပြောဆိုလိုက်သဖြင့် သူကြီးမင်းကလည်း သူဖြစ်စေချင်သော လမ်းကြောင်းကို မြင်တွေ့လာရပြီး ယခုပင် အမိန့်အား ထုတ်ပြန်ပြောကြားသွားမည် ဖြစ်ကြောင်းပြောဆိုကာ သူ့တပည့်များအား ရွာတွင်းရှိ စုန်းပညာတတ်သူများ စာရင်းကိုပေးပြီး မိဘများနှင့်အတူ သူ့ဖရှိသို့ ချက်ချင်းခေါ်ယူလာရန် စေလွှတ်လိုက်လေတော့သည်၊

မစိန်မှုံဆိုသော အသက်လေးဆယ်ခန့် အမျိုးသမီးတစ်ဦးနှင့် မလုံးခင်တို့မှာ ပညာအဆင့်တူဖြစ်ကြပြီး ကျန်အမျိုးသမီးငယ်လေးယောက်တို့မှာ စုန်းပညာအား သင်ကြားဆဲ တတ်မြောက်ခါစသော ရှိသေးသဖြင့် မစိန်မှုံနှင့် မလုံးခင်တို့နှစ်ယောက်သာ အဓိကဖြစ်နေ၏၊ သူတို့ခေါင်းဆောင်နှစ်ဦးမှာ သူကြီးမင်းပြောကြားထုတ်ပြန်သွားသော နယ်နှင်ဒဏ်အမိန့်အတိုင်း စုန်းပညာကို မစွန့်လွှတ်ပါက တစ်နယ်တစ်ကျေး၊ မိဝေးဖဝေး၊ ဆွေမျိုးများဝေးရာသို့ ဒီနေ့ပင် ထွက်ခွာသွားရမည့်အရေးတွေးပြီး ရင်လေးနေကြရသည်၊ ပညာကို စွန့်မလား၊ နယ်နှင်အပြစ်ပေးခြင်းကို ခံမလား ဆုံးဖြတ်ရန်ခက်ခဲပြီး မတွေးတတ်အောင် ဖြစ်နေသဖြင့် အားလုံးငြိမ်သက်တိတ်ဆိတ်နေကြပါသည်၊ ထိုအချိန်တွင် ဆရာညက်ပွား၏ ကရုဏာအပြည့်ပါသော စကားသံများက ထွက်ပေါ်လာသည်၊

"မလုံးခင်ကိုတော့ ဆရာမိုးတွင်းတုန်းက မညိုအေးကိုဆေးလာကုရင်း တွေ့ဖူးခဲ့ပါသည်၊ ဘယ်လိုမှ သဘောမထားခဲ့ပါဘူး၊ ပညာသည်နှင့် ဆရာဆိုတာ ထင်းခွေမကြဲ့၊ ရေခပ်ကြဲ့ဆိုသလို တွေ့နေကြတာ မမွတ



www.burmeseclassic.com

www.burmeseclassic.com

ပါမဲ့၊ ဒီပညာ နဲ့ ဒီဆရာတွေရှိနေရင် နောင်ကိုလည်း တွေ့နေကြမှာ မလွဲပါဘူး။ အဲဒါကြောင့်မို့လို့ ဒီးတွင်းတုန်းက မလုံးခင်ရော၊ မိအနှစ်ပါးစလုံးကိုပါ ဒီပညာကို စွန့်လွှတ်ဖို့ ဆရာပြောခဲ့ပါသေးတယ်။ အဲဒီတုန်းကပင် ဒီမကောင်းဆိုးဝါး စုန်းပညာကို စွန့်လွှတ်ပြီး ဘာသာတရားနဲ့ မွေ့လျော်နေထိုင်လာခဲ့မယ်ဆိုရင် အခုလို မင်းကြီးမင်းဒွက်ဆိုတာလည်း ဖြစ်ပေါ်လာမှာမဟုတ်ပါဘူး။ အခု ခင်များတို့က ပညာကိုမစွန့်ဘဲ မင်းကြီးမင်းဒွက်ကို လက်ခံပြီးအဝေးတစ်နေရာမှာ ဒီပညာနဲ့ လုပ်ကိုင်စားနေမယ်ဆိုရင်လည်း တစ်နေ့မဟုတ်တစ်နေ့မှာ ကျွမ်းကျင်နိုင်နင်းတဲ့ ဆရာနဲ့တွေ့ပြီး ခင်များတို့ပဲ ခံစားကြရမှာပါ။ ဒါကြောင့် ဆရာပြောချင်တာက လူ့အဝမှာ ဖြစ်လာရတဲ့ ကောင်းမှု မကောင်းမှု မှန်သမျှဟာ ဘယ်သူကမှ ဖန်ဆင်းဖန်တီးပေးခဲ့လို့ ဖြစ်လာတာမဟုတ်ပါဘူး။ မိမိကိုယ်တိုင်ပြုလုပ်ခဲ့လို့ မိမိကိုယ်တိုင် ခံစားရတာဖြစ်တယ်လို့ ခင်များတို့အားလုံး နားလည်သဘောပေါက်စေချင်ပါတယ်။ အခုကိစ္စမှာလည်း ကိုယ်တိုင် မပြတ်မသားဖြစ်နေခဲ့ရင် မိအဆွေမျိုးများနဲ့တိုင်ပင်ခဲ့ပြီး သူတို့ရဲ့ အကြောင်းအကျိုးအသိတရားတွေကို လက်ခံကာ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်စေချင်ပါတယ်”

ဆရာညက်မှူးက ရှင်းလင်းပြောပြလိုက်သဖြင့် မစိန်မှုံနှင့် မလုံးခင်တို့မှာ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ကာ အဓော်ကြောကြော ဆွေးနွေးတိုင်ပင်ကြသည်ကို တွေ့ရသည်။ မိအများမှာလည်း ရေစဝတ်အေး ဒွက်ခံကြရမည့် သမီးများအတွက် သောကများရသည်၊ ဆွေဝေနေသော နလုံးသားတို့ဖြင့် ဂနာငြိမ်အောင် ထိုင်မနေနိုင်ဘဲ မစိန်မှုံ၊ မလုံးခင်တို့ နားသို့ကပ်ခါ တိုးတိုးတိတ်တိတ် ဆွေးနွေးကြသည်ကိုလည်း တွေ့ရသည်။ ထိုကဲ့သို့ မိအများနှင့် ဆွေးနွေးပြီးသောအခါ မစိန်မှုံရော၊ မလုံးခင်ပါ ဆရာညက်မှူးအထံသို့ လှည့်လာကြပြီး။

“ဆရာပြောသလို သူကြီးမင်းလည်း ကျေနပ်သွားအောင် ကျွန်မတို့ အားလုံးက ပညာကို ရာသက်ပန်စွန့်လွှတ်ပြီး မိအများနှင့် အိုးမကွာ၊ အိမ်ကွာ နေထိုင်သွားမယ်ဆိုတာ ဆုံးဖြတ်ပြီး ကတိပေးပါတယ် ဆရာ”

မစိန်မှုံ၊ မလုံးခင်နှင့် နောက်ပါ စုန်းအတတ်ပညာရှင်များက စုန်းပညာကို စွန့်လွှတ်ပြီး အများနည်းတူ လုပ်ကိုင်စားသောက်သွားမည်ဟု ပြောဆိုသဖြင့် ဆရာညက်မှူးမှာ အလွန်ပင် ဝမ်းသာသွားခဲ့ရပါသည်။ စိတ်ထဲလည်း သာဓုအကြိမ်ကြိမ်ပင် ခေါ်နေမိသေးသည်။

“ဆရာ ဝမ်းသာပါတယ်။ သူကြီးမင်းအပါအဝင် တစ်ရွာလုံးလည်း ဝမ်းသာကြမှာပါ။ ဒါပေမဲ့ - ခင်များတို့က ပညာသည်တွေဖြစ်နေတဲ့အတွက် နှုတ်နဲ့ ပြောရုံနဲ့ မပြီးသေးပါဘူး။ သူကြီးမင်းရှေ့မှောက်မှာ ရာသက်ပန် စွန့်လွှတ်ကြောင်း ရွာသားများသိအောင် လက်မှတ်ရေးထိုးပြီး သစ္စာရေကို ကျေနပ်စွာ ခံယူသောက်သုံးကြပါဦးလို့ ဆင့်ပြီးပြောလိုပါတယ်”

မစိန်မှုံ၊ မလုံးခင်နှင့် စုန်းအတတ်ပညာရှင် ခြောက်ယောက်တို့မှာ သူကြီးမင်းနှင့် ရွာသားများရှေ့မှောက်တွင် စွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးကြပြီး သောက်ရေခွက်များ ကိုယ်စီကိုင်ကာ ဆရာညက်မှူးရှေ့ဆိုင်ပေးသည့်အတိုင်း ညီညာစွာ လိုက်ဆိုကြပြီး သစ္စာရေများအား ကျေနပ်စွာသောက်သုံးခဲ့ကြလေသည်။

“ကျွန်ုပ်သည် လူအများကြောက်ရွံ့ မနှစ်သက်သော ညှိုးနှိမ်းပညာရပ်များအား သူကြီးမင်းနှင့် ရွာသားများ ရှေ့မှောက်တွင် ယနေ့မှစ၍ ရာသက်ပန် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ထိုစုန်းပညာအား ပြန်လည်ဆောင်သောခြင်း၊ အသုံးပြုခြင်း၊ အခြားသူတစ်ဦးဦးအား သင်ကြားပေးခြင်းစသည်ပြုလုပ်ပါက သားရဲတိရစ္ဆာန်တို့၏ ကိုက်သတ်မှုဘေးခြင်းခံရ၍ဖြစ်စေ၊ သူ့အန္တရာယ်ဖြင့်ဖြစ်စေ၊ အခြားအသေဆိုးတစ်ခုခုဖြင့်ဖြစ်စေ သေရပါစေသော်။ သေလွန်ပြီးနောက်ကာလ၌လည်း လူ့အဝသို့ မရောက်ရှိဘဲ ယုတ်ညံ့ဆိုးဝါးသော အဝများ၌သာ ကျင်လည်ခံစားရပါစေသား။ ဖြောင့်မှန်သော သစ္စာစကားဖြင့် သစ္စာပြုပါ၏။ သစ္စာရေကိုလည်း သောက်သုံးပါ၏”

ထိုကဲ့သို့ သစ္စာရေများ သောက်သုံးပြီးသွားသောအခါ သူကြီးမင်း





www.burmeseclassic.com

www.burmeseclassic.com

ကလည်း စောစောက ဆရာလေး ညက်ပွားအပ်ထားသော ဂဝံမျက်နှာဖုံး ရုပ်ကလေးအား ရွာသားများရှေ့မှောက်တွင် မီးဖိုထဲသို့ထည့်ကာ ဖျက်ဆီး ပစ်လိုက်လေသည်။

ဤကဲ့သို့ ဖြစ်လာရမည်ဟု လုံးဝမျှော်မှန်းမထားခဲ့ကြပါ။ သို့သော် အကြောင်းတရားတို့က တိုက်ဆိုင်စွာ ဖြစ်ပေါ်လာခဲ့သဖြင့် ထိုသူတစ်ခု၏ အတတ်ပညာအား ရာသက်ပန်စွန့်လွှတ်လိုက်ရခြင်းမှာလည်း၊ သူတို့၏ ဘဝအတွက် ယခင်ကထက် ကောင်းမွန်သာယာသော ဘဝတစ်ခုသို့ ရောက်ရှိသွားခဲ့ကြလေပြီဟု ဆရာညက်ပွားတစ်ယောက် မုဒိတာပွားကာ ဝမ်းသာကြည်နူးနေမိသည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

ထေဓွထဏ္ဍာ ဗုဏ္ဍာ စုန္နု

»»» ကောင်းစံဟိန်း (ဝန်ငနဝန်း)


## စာမူရှင်များသို့

'ဂန္ဓီရလောကမဂ္ဂဇင်း' တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာမပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ရန်စုံစမ်း၍ မရရှိခြင်း စသည့်အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူနှင့်လက်ဆောင်စာအုပ်ထုတ်ယူနိုင်ရန် ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂန္ဓီရလောကမဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

# လှမ်းခေါ်မှ ချစ်သူမောင်နဲ့

ကိုမောင်သန်းဝင်း

ကျွန်ုပ် နေထိုင်လျက်ရှိနေသော ရပ်ကွက်အနီးတွင် ချောက်ဆစ်ကြီး ဘုရားကို အစွဲပြု၍ ချောက်ဆင်ကြီးကုန်းဟု ခေါ်ဆိုသော နေရာကျယ်ကြီး ရှိနေလေ၏။

ထိုနေရာသည် ယခင်ကာလများဆီက လွန်စွာနက်သော တောကြီးဖြစ် လေ၏။ ရှေးအခါက သမင်၊ ဒရယ်များ၊ မြွေကြီးများရှိကြောင်း၊ ဆိုကြလေ၏။ အဆိုပါနေရာသည် တောင်ကုန်းတွေရှိနေသလို ချိုင့်ဝှမ်းကြီးတွေလည်း ပေါလှပေ၏။ သစ်ပင်ချုံနွယ်များမှာ ရှုပ်ထွေးနေသလို တသွင်သွင် စီးဆင်းနေသော စမ်းချောင်းများလည်း ရှိနေလေ၏။

ကျွန်ုပ်သည် ယခုနေထိုင်ရာသို့ ၁၉၅၀ - ပြည့်နှစ်ဝန်းကျင်က ရောက်ခဲ့ခြင်း ဖြစ်ရာ အဆိုပါချောက်ဆင်ကြီးကုန်းကို တောတောင်ကြီးအဖြစ် တွေ့မြင်ခဲ့ရ လေ၏။ မြွေပေါသည်၊ ကင်းပေါသည်၊ သွဲ့မိုးသုဂုဏ်တွေ နီးအောင်ရာ နေရာ ဖြစ်သည်၊ နာနာဘာဝကောင်တွေရှိသည်၊ မကျွတ်မလွတ်သေးသည့် လူမျိုး သူရဲတစ္ဆေတွေရှိသည်ဟူသော သတင်းများကြားနေရသဖြင့် အယ်သူမှ ဖြတ်သန်းမသွားရဲကြပေ။



နောင်လေးငါးနှစ်လောက်အကြာတွင် ယင်းကုန်းမြင့်၌ မည်သည့်နေရာ က ရောက်လာမှန်းမသိသော သူများက တဲအိမ်လေးများ တည်ဆောက်ကာ နေထိုင်ကြလေ၏။ တစ်စတစ်စ များပြားလာလေတော့၏။

၁၉၅၉ - ခုနှစ်လောက်ခန့်တွင် ယင်းကျူးကျော်တဲများကို နိုင်ငံတော် အစိုးရက သာကေတ၊ ဥက္ကလာပဟူသော မြို့သစ်များဆီသို့ ပို့လိုက်လေရာ ယင်းနေရာသည် အတော်လေးပင် ရှင်းလင်းသွားလေတော့၏။

ထို့နောက် သက်ဆိုင်ရာ အဖွဲ့အစည်းများက ချုံနွယ်များကို ရှင်းလင်း ကာ အဖွဲ့အစည်းနှင့်ပတ်သက်သော အဆောက်အအုံတို့ကို ဆောက်ကြ လေ၏။ ၁၉၇၀ - ပြည့်နှစ်ခန့်ကာလ၌ လူနေအိမ်များ ဖြိုးလည်းများလာကြ၏၊ ညည်ကား၍ပင် လာကြပြန်၏။ ရပ်ကွက်ပိုင် အိမ်များဖြစ်လာ၍ သန်းခေါင်စာရင်း နှုတ်ခြင်း၊ ဧည့်စာရင်းပေးခြင်းတို့ကို ရှိကြလေ၏။

ယင်းသို့စည်ကားလာသည့်အခါ ချောက်ဆင်ကြီးကုန်းဟူသော အမည် နာမသည် ကွယ်ပျောက်လုလုဖြစ်ခဲ့လေတော့၏။

ကျွန်ုပ်တို့နေထိုင်ရာ ပုလဲလမ်းကို အစွဲပြုကာ ပုလဲကုန်းဟု အမည်တွင် ကြသလို၊ အောင်သိဒ္ဓိဘုရားနှင့် နီးသောအပိုင်းကို အောင်သိဒ္ဓိကုန်းဟု ခေါ်သမုတ်ကြလေ၏။ ထို့ပြင် ဈေးသည်ကြီးမဖောင်းခါးနေသော နေရာ ကို မဖောင်းခါးကုန်းဟု နောက်ပြောင်ခေါ်ဝေါ်သော နေရာရှိသလို မကွေးရာ ကုန်းဟု ခေါ်ဆိုသော နေရာလည်း ထင်ထင်ရှားရှား ရှိနေပြန်၏။

မကွေးရာကုန်းဟု ခေါ်ဆိုသော နေရာတွင် ပျံကျနေထိုင်သူများ ပေါများ လေ၏။ လက်လုပ်လက်စား အစသမားများ ဖြစ်လေ၏။ သူတို့သည် ညနေ စောင်းလျှင် ယမကာရည်လေးတွေ သောက်စားရင်း ကစားပြင်းခဲ့သည်များ ရှိကြ၏။ ငုက်ကြီးဖောင်ဖား တစ်ဝင့်ဝင့်ဖြင့် ရန်ပွဲများ မကြာခဏ ဖြစ်ရလေ ၏။

ထိုစဉ်က မကွေးရာ ဇာတ်လမ်းရုပ်ရှင်အစ နာမည်ကြီးချိန်၊ မကွေးရာဆိုး ဟူသော ရုပ်ရှင်ဇာတ်ကားကြီးဖြစ်နေချိန်နှင့် မကွေးရာကုန်းဟု အမည်တွင်ခဲ့သည် ဟု၏။



www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့ အမည်အမျိုးမျိုး သတ်မှတ်နေထိုင်ကြသော အိမ်များတည်နေရာသည် ကျူးကျော်ရပ်ကွက်မျှသာ ဖြစ်လေ၏။

ကျွန်ုပ်ရေးမည့်ဇာတ်လမ်းတည်နေရာသည် မကွေရာကုန်းဝန်းကျင်၌ပင် ဖြစ်လေ၏။

မကွေရာကုန်းအနီးရှိ တောင်ပူစာလေးတွင် ထုံးစေတီလေးရှိနေလေ၏။ ကုန်းမြင့်လေးတွင် တည်ရှိနေသည်မို့ အဝေးကပင် မြင်တွေ့နိုင်ကြလေ၏။

အချို့က ယင်းစေတီလေးကို လွမ်းစေတီဟု ခေါ်ဝေါ်ကြလေ၏။ လွမ်းစရာ အဖြစ်အပျက်ကလေးတွေ၊ ကြေကွဲစရာဖြစ်ရပ်ကလေးတွေ နွယ်ယှက်နေသည်မို့ပေလားမသိ။ အဝေးမှ မြင်တွေ့ရသည်မှာ လွမ်းဖွယ်သီကာ လွမ်းစရာလေးပင်တည်း။

ထိုစေတီလေး၏ သမိုင်းနောက်ခံဇာတ်ကြောင်းကို ကျွန်ုပ်သည် အမှတ်မထင် ကြားသိခဲ့ရလေ၏။ အမှန်တကယ်ပင် ရင်နင့်ဖွယ်ရာဇာတ်ကြောင်းလေးဖြစ်နေလေတော့၏။

ထိုရင်နင့်စဖွယ် ဇာတ်ကြောင်းအစသည် မောင်လှဖွေးနှင့် ပတ်သက်နေ၏။ မောင်လှဖွေးသည် အသားအရေဖြူဖွေးလှပြီး ရည်မွန်သော လူရွယ်လေးဖြစ်လေ၏။ တရုတ်သွေးတစ်မတ်လောက်ပါသဖြင့် တရုတ်ဟန်လည်း ပေါက်နေလေ၏။

မောင်လှဖွေးသည် ရိုးသားရည်မွန်ပြီး ဘာသာရေးပါ ကိုင်းရှိုင်းသူဖြစ်လေ၏။ ထိုဂုဏ်ဒြပ်ကြောင့် မောင်လှဖွေးအား ချစ်ခင်သူ ပေါများလှပေ၏။ လူပျိုရွယ်ဖြစ်သည်ကြောင့် သက်တူရွယ်သူ မိန်းမပျိုလေးတွေကလည်း မောင်လှဖွေးအား မျက်စိကျနေကြလေ၏။ ဒါကို မောင်လှဖွေး သိသော်လည်း မသိကျိုးနှံ့ ပြုနေလေ၏။



မောင်လှဖွေးကား အရှက်အကြောက် လွန်စွာကြီးသူ ဖြစ်လေ၏၊ မိန်းကလေးတွေကို စေ့စေ့ကြည့်ရဲသူ မဟုတ်၊ ထို့ကြောင့် မိန်းမပျိုလေးတွေက မောင်လှဖွေးကို မာနကြီးသူ တစ်ယောက်ဟု လွဲမှားစွာ ထင်ကြလေတော့၏။

တကယ်တော့ မောင်လှဖွေးသည် မချစ်တတ်သူ မဟုတ်၊ ချစ်တတ်သော အသည်းနှလုံးရှိသူသာ ဖြစ်လေ၏။ သူ၏ အချစ်မှာ ခြောက်ထပ်ကြီး ဘုရားပွဲ၌ အမှတ်မထင် တွေ့ခဲ့ရသော မိန်းမပျိုလေးဆီသို့ ရောက်ရှိနေ၍ ဖြစ်ပါ၏။

မောင်လှဖွေး တွေ့ခဲ့ရသော မိန်းမပျိုလေးသည် လွန်စွာလှပချောမွေ့လေ၏၊ နေထိုင်သွားလာပုံတွေက ထီးဟန်နန်းဟန် ဆန်လှပေ၏၊ မောင်လှဖွေးသည် ထိုမိန်းမပျိုလေးကို တွေ့တွေ့ချင်း ချစ်ကြိုက်သွားလေ၏၊ ထို့ကြောင့် မိန်းမပျိုလေး သွားရာနောက် ထက်ကြပ်မကွာ လိုက်သွားလေ၏။ မိန်းမပျိုလေးမှလည်း မောင်လှဖွေး လိုက်လာနေမှန်း မသိမဟုတ် သိလေ၏၊ မိန်းမပျိုလေးနေသည့် နေအိမ်သို့ရောက်မှ မောင်လှဖွေး လှည့်ပြန်ခဲ့လေ၏၊ မိန်းမပျိုလေးနေသည့် နေရာကား မဟာစည်ရိပ်သာအနီးမှ ခြံကြီးတစ်ခြံ ဖြစ်လေ၏။

မောင်လှဖွေးသည် ထိုခြံကြီးရှိရာသို့ မကြာခဏ သွားကြည့်လေ၏၊ ယောကျာ်းကြိုက်တော့ စိုက်စိုက်လာ၊ မိန်းမကြိုက်တော့ မျှော်လိုက်တာ ဟူသော စကားအတိုင်း မိန်းမပျိုလေးကလည်း မောင်လှဖွေး အလာကို မျှော်နေမိလေ၏။

သိပ်မကြာလှပေ၊ လာသူနှင့် မျှော်သူတို့ ချစ်သူတွေ ဖြစ်သွားကြလေတော့၏၊ မိန်းမပျိုလေး၏ အမည်သည် မြရွှာညို ဖြစ်လေ၏၊ ရှမ်းတရုတ်စပ်လေးမို့ လွန်စွာချောမောလှပြီး ရှမ်းသံဝဲဝဲလေးနှင့် ပြောတတ်လေ၏၊ သွားတက်ကလေးပေါ်အောင် ပြုံးတတ်သော မြရွှာညို၏ အပြုံးသည် မောင်လှဖွေး၏ ရင်ထဲ စွဲငြိနေလေ၏။

www.burmeseclassic.com

■■■ မောင်လူဖွေးသည် မြွေဆိပ်များကို
ပါးစပ်ဖြင့် စုပ်၍ထုတ်ခဲ့ရာ မောင်လူဖွေး၏
သွားဖုံး၌ ကွဲအက်နေသောဒဏ်ရာသို့ မြွေဆိပ်များ
တွေ့ထိသွားခဲ့လေ၏။ ထို့ကြောင့် မောင်လူဖွေးသည်လည်း
မြွေဆိပ်သင့်ခဲ့ရလေပြီတည်း ■■■



သူတို့သည် မကြာမကြာ ချောက်ထပ်ကြီးဘုရားကုန်း တောင်ပူစာ လေးပေါ်တွင် ချိန်းတွေ့ကြ၊ စကားတွေ ဖောင်ဖွဲ့ကြလေ၏၊

"ကိုယ့်တစ်သက်မှာ တစ်ခါချစ်ခဲ့ဖူးတဲ့ ခွာညိုနဲ့ တစ်ရံမလပ်တောင် မခွဲ ချင်တော့ဘူးကွယ်၊ စာလည်း ဒီစိတ်၊ အိပ်လည်း ဒီစိတ် ဆိုသလို ကိုယ့်မျက် ဝန်းအစုံမှာ ခွာညိုကိုပဲ မြင်နေမိတယ် ခွာညိုရယ်"

"ကျွန်မလည်း အစ်ကိုအတိုင်းပါပဲ၊ အစ်ကိုနဲ့တွေ့မှ ချစ်စိတ်ဆိုတာ ပေါ် လာတာပါ အစ်ကိုရယ်၊ ကျွန်မလည်း ဘာလုပ်လုပ် ဘာကိုင်ကိုင် အစ်ကို့ဆီ ကိုပဲ စိတ်က ရောက်နေပါတယ်"



"အစ်ကိုတို့ အတူနေဖို့ ကြိုးစားကြရအောင်၊ ခွာညိုအနေနဲ့ ဘယ်လို သဘောရလဲဟင်"

"ဒါတော့ သိပ်မလွယ်ဘူး ထင်တယ်၊ အဘိုးက ခွာညိုကို မျက်စိအောက် က အပျောက်ခံတာ မဟုတ်ဘူး၊ အဘိုးအပြင် ထွက်တုန်း အစ်ကိုနဲ့ တွေ့တွေ့ နေရတာ၊ အစ်ကိုနဲ့ မတွေ့ခင်ကဆို ခွာညိုက ဘယ်မှထွက်တာ မဟုတ်တော့ အဘိုးက ခွာညိုကို ယုံနေတာပေါ့"

တစ်နေ့ မောင်လူဖွေးနှင့် မြခွာညိုကို အဖြစ်ကို အဘိုးဖြစ်သူ သိသွား လေတော့၏၊

"ဩော် - အချိန်တန်တော့လည်း ဒါမျိုးတွေ ဖြစ်ကြတာ မဆန်းပါဘူး၊ သီးချိန်တန် သီး၊ ပွင့်ချိန်တန် ပွင့်ဆိုသလို တစ်နေ့မဟုတ် တစ်နေ့ ငါ့မြေး ချစ်သူတွေ့လိမ့်မယ်ဆိုတာ အဘိုး တွက်ဆထားပြီးပါပြီ၊ ငါ့မြေးရဲ့ချစ်သူက လည်း ဖော်ရွှေပြီး ရိုးသားကြောင်းကို အဘိုးလေ့လာထားပြီးပါပြီ၊ အခုက စပြီး ဘယ်မှာမှ ချိန်းမတွေ့ကြနဲ့တော့ ဟုတ်လား - ငါ့မြေးရဲ့ချစ်သူကို ဒီခြံကြီး ထဲ တံခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်ပါတယ်၊ ဒီမှာပဲ တွေ့ကြပေါ့" ဟု ဆိုလေ ၏၊

သို့ဖြင့် - မောင်လူဖွေးနှင့် မြခွာညိုတို့သည် ခြံကြီးထဲတွင် လွတ်လပ်စွာ တွေ့ဆုံကြရလေတော့၏၊

ချစ်သူနှစ်ဦးသည် စကားတွေ ဖောင်ဖွဲ့ကြ၏၊ ပြော၍မကုန် ဆို၍ပင် မဆုံးလေတော့၊ တစ်ခါတစ်ခါ ရယ်စရာ မောစရာလေးတွေပြောပြီး အပြုံး တွေ ဖလှယ်ကြလေ၏၊

ရယ်မောသည်ဆိုသော စကားလုံးသည် ရယ်စရာတွေပြီးတိုင်း မောစရာ တွေ ကပ်ငြိလာသည့် အဓိပ္ပာယ်ပါနေ၏၊ အမှန်တကယ်ပင် မောင်လူဖွေး နှင့် မြခွာညိုတို့သည် မောစရာ လွမ်းစရာအဖြစ်လေးတွေကို ကြုံတွေ့ကြရပါ တော့၏၊



www.burmeseclassic.com

www.burmeseclassic.com

မောင်လူဖွေးနှင့် မြခွာညိုတို့သည် ခြံကျယ်ကြီးထဲတွင် လွတ်လပ်စွာ တွေ့ဆုံကြရသည်ကို အားပါးတရ မရှိလှပဟု ထင်မိကြသည်နှင့် တူ၏။ အရှင်က ချိန်းတွေ့ရာနေရာ တောင်ကမူစာလေးကို တမ်းတမ်းတတ ဖြစ်မိလေ၏။ လေပြေကလေး တဖြူးဖြူးနှင့်မို့ စိတ်တွင် တစ်မျိုးကြည်နူးမိလေရာ နေရာမှ မောင်လူဖွေးနှင့် မြခွာညိုတို့နှစ်ယောက် အဘိုးဖြစ်သူ အပြင်ထွက်နေခိုက် တောင်ကမူလေးရှိရာသို့ သွားကြလေ၏။ တောင်ကမူလေးတွင် ထိုင်ကြပြီး ဖြည်းညင်းစွာ ဝေ့ဝဲတိုက်ခိုက်နေသည့်လေပြေလေညင်းအောက်တွင် စကားပြော ချစ်တင်းနှောကြလေ၏။

သူတို့၏နံဘေးတွင် ခွေနေသော မြွေပွေးတစ်ကောင်ရှိနေမှန်း မသိကြပေ။ မြွေပွေးဆိုသည်ကလည်း သူ့ဘာသာသူ အေးအေးဆေးဆေးပင် ခွေနေတတ်၏။ သူ့ကို မထိလို့ကတော့ ဘာမှမလုပ်။ ထိလာလျှင်တော့ ယင်ကောင်ကိုပင် အလွတ်မပေးတမ်း ပေါက်တတ်၊ ကိုက်တတ်လေတော့၏။

မောင်လူဖွေးနှင့် မြခွာညိုချစ်သူမောင်နံ့တို့သည် ညနေစောင်းပြီး ပြန်ရန်အထ အလှမ်းတွင် မြခွာညိုက မြွေပွေးကို တက်နင်းမိလေရာ "အား" ဟု တစ်ချက်အော်ပြီး လဲပြိုကျသွားလေ၏။

မောင်လူဖွေးသည် မြွေပွေးတစ်ကောင် လူးလွန့်နေသည်ကို ရုတ်တရက် တွေ့ရလေရာ အနီးတွင်ရှိနေသော သစ်ကိုင်းခြောက်ကြီးကိုကိုင်၍ မြွေပွေးအား အဆက်မပြတ် ရိုက်သတ်လေတော့၏။ မြွေပွေးလည်း ခန္ဓာကိုယ်တစ်ခုလုံး ကြေမွသွားပြီး ဇီဝိန်ချုပ်သွားလေ၏။

ထို့နောက် . . .

လဲပြိုကျနေသော မြခွာညိုကို ပွေ့ချီ၏။ ခြေသလုံးတွင် မြွေစွယ်ရာ သွေးများစို့ကာ နေသည်ကို တွေ့ရလေရာ မြွေဆိပ်တို့ကို မောင်လူဖွေးမှ ပါးစပ်ဖြင့် စုပ်ယူ၍ ထွေးထုတ်လေ၏။ သုံးလေးကြိမ်မျှ စုပ်၏၊ ထွေးထုတ်၏။

"အစ်ကိုရယ် - အစ်ကိုရှိတယ်နော်၊ ခွာညို မျက်လုံးတွေ ဝေဝါးနေတယ် သိပ်မမြင်ရတော့ဘူး"



"အစ်ကို ရှိနေပါတယ် ခွာညို၊ ဘာမှ အားမငယ်နဲ့ ဟုတ်လား။ အစ်ကို အရှေ့ဦးသူနာပြုအတတ်သင်ထားပါတယ်၊ ဘာမှ မဖြစ်တော့ဘူး။ အစ်ကို အိမ်ကို ပွေ့ချီသွားမယ်နော်"

မောင်လူဖွေးသည် မြခွာညိုကို ပွေ့ချီ၍ ခေါ်သွားလေ၏။ ချီမသွားသည့် မောင်လူဖွေးသည် အင်အားဆုတ်ယုတ်သလို ဖြစ်နေမိ၏။ ခေါင်းလည်း နောက်လာ၏။ မျက်လုံးတွေလည်း ဝေဝေဝါးဝါး ဖြစ်နေလေ၏။

မောင်လူဖွေးသည် မြခွာညိုကို အဘိုးဖြစ်သူ၏ ရှေ့သို့ ညင်သာစွာ ချလိုက်ပြီး အကျိုးအကြောင်းကို ရှင်းပြလေ၏။ ထို့နောက် မောင်လူဖွေးသည် ရုတ်တရက် လဲပြိုကျသွားလေတော့၏။

မောင်လူဖွေးသည် မြွေဆိပ်များကို ပါးစပ်ဖြင့် စုပ်၍ ထုတ်ခဲ့ရာ မောင်လူဖွေး၏ သွားဖုံး၌ ကွဲအက်နေသော ဒဏ်ရာသို့ မြွေဆိပ်များ တွေ့ထိသွားခဲ့လေ၏၊ ထို့ကြောင့် မောင်လူဖွေးသည်လည်း မြွေဆိပ်သင့်ခဲ့ရလေပြီတည်း။

"အဘိုး နောက်ကျခဲ့ပြီကွယ်၊ အဘိုးထင်ထားတဲ့အတိုင်း ဖြစ်ခဲ့လေပြီကိုး"

ဟု အဘိုးဖြစ်သူမှ မြေးမလေး မြခွာညိုနှင့် မောင်လူဖွေးကိုကြည့်ပြီး ရိုက်ကြီးတငင် ငိုကြွေးလေတော့၏။

မောင်လူဖွေး မြခွာညိုတို့ ချစ်သူမောင်နှံသည်ကား မြွေဆိပ်များ ပျံ့နှံ့ပြီး ဘဝတစ်ပါးသို့ ပြောင်းခဲ့ကြရှာလေပြီ။

မြခွာညို၏အဘိုးသည် ရှမ်းဆရာကြီးတစ်ဦးဖြစ်လေ၏။ ဘာသာရေးကို အထူးအလေးထား ဆောင်ရွက်သလို အထက်ဂိုဏ်းကျင့်စဉ် ကျင့်ရပ်များကိုလည်း လုပ်ဆောင်ခဲ့လေ၏။ အသက်အရွယ် ထောက်လာသဖြင့် ဆေးကုခြင်း အစွဲချွတ်ခြင်း စသည်တို့ကို မလုပ်တော့ဘဲ ဘာသာရေးသက်သက်ကိုသာ ဖောက်ချလုပ်ဆောင်နေလေ၏။ နေ့စဉ်ညတိုင်း ခြောက်ထပ်ကြီး ကျောင်းတော်မှ ဘုရားရှေ့တွင် အဓိဋ္ဌာန်ပုတီး စိပ်နေခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

မြေးမကလေး မြရွာညို ငယ်စဉ်ကပင် သူမ၏ မိဘနှစ်ပါးစလုံး ပိုးထိ (မြွေကိုက်)၍ ဆုံးပါးခဲ့လေ၏။ သို့ဖြင့် မြေးမလေးကို ငယ်စဉ်ကစလို့ အရွယ်ရောက်သည့်တိုင်အောင် ပိုးမွေးသလို မွေးခဲ့ရလေ၏။

မြေးမလေးသည်ကား သာမန်လူတစ်ယောက်မဟုတ်ပေ။ ဆိုရသော် သိုက်ကြိုးမပြတ်သူပင် ဖြစ်လေ၏။ ဤဖြစ်စဉ်ကို အဘိုးဖြစ်သူက မြရွာညို ငယ်စဉ်ကပင် သိရှိခဲ့ပေ၏။ အိပ်မက်အရ သိရှိခြင်းဖြစ်လေ၏။

မြေးမလေး မြရွာညိုသည် ဟိုဘဝက အစ်ကိုအစ်မတွေထံ ခွင့်ပန်သွားဆိုပြီး လူ့ဘဝတွင် နေချင်ပါကြောင်း အချိန်တန်လျှင် ပြန်လာခဲ့မည်ဖြစ်ကြောင်း ပြောဆိုကာ လာခဲ့သူဖြစ်လေ၏။

မိမိကိုလည်း သူတို့၏ ချစ်ညီမလေးအား အန္တရာယ်တစ်စုံတစ်ရာ မရှိအောင် စောင့်ရှောက်ပါဆိုပြီး ပြောဆိုခဲ့ကြလေ၏။ မိမိမှလည်း စောင့်ရှောက်ပါမည့်အကြောင်း ကတိပေးခဲ့လေ၏။ သို့ဖြင့် အဘိုးဖြစ်သူသည် တစ်ကြောင်းမဟုတ်တစ်ကြောင်းဖြင့် ငွေတွေရခဲ့လေ၏။ ထိုငွေတို့ဖြင့် မြေးမလေး မြရွာညိုအား လိုလေသေးမရှိ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့လေ၏။

မြေးမလေး မြရွာညိုသည် မောင်လူဖွေးနှင့် ချစ်သူဖြစ်နေစဉ်အတွင်း အိပ်မက် မက်ပြန်၏။ မြေးမလေး၏ ဟိုဘဝက အစ်ကိုနှင့် အစ်မတို့က အိပ်မက်ပေးခြင်းဖြစ်လေ၏။

"အဘိုးရယ် - ညီမလေးမှာ ချစ်သူရှိနေပြီ၊ ကျွန်မ ကျွန်မတို့ထက် သူ့ချစ်သူကို ပိုချစ်နေပြီ၊ ညီမလေးကို စိတ်မချဘူး၊ ပြန်ခေါ်ချင်တယ်" ဟု၍ ပြောဆိုခဲ့လေ၏။

ဒါကို အဘိုးဖြစ်သူက အမှုမဲ့အမှတ်မဲ့ မနေခဲ့။ မြေးမလေးကို မျက်ခြည်မပြတ် ကြည့်နေခဲ့လေ၏။ မြေးမလေးကို သူ၏ချစ်သူနှင့် ခြံကြီးထဲတွင် လွတ်လပ်စွာ နေခွင့်၊ တွေ့ဆုံခွင့် ပေးထားပါလျက်နှင့် မြေးမလေးတို့သည်



အပြင်သို့ ထွက်ခဲ့ကြလေ၏။ ထို့ကြောင့် မြေးမလေး ပိုးထိ သေဆုံးခဲ့ရလေ၏။ သူ့ချစ်သူ မောင်လူဖွေးပါ မြွေဆိပ်သင့် သေဆုံးသွားခဲ့လေတော့၏။

မြေးမလေးမြရွာညိုအား သူတို့၏အစ်ကို အစ်မတွေက ပြန်ခေါ်လိုက်ခြင်း ဖြစ်မည်ဟု အဘိုးဖြစ်သူက ထင်မှတ်ခဲ့လေ၏။ မောင်လူဖွေး၏ ဖြစ်ရပ်ကတော့ အဘယ်သို့ ဆုံးဖြတ်ရမည်မှန်း မသိချေတော့။ သူတို့၏ ညီမလေးကို ခေါ်ယူလိုက်ရင်း သူတို့၏ ညီမလေးချစ်သူကိုပါ အတူပါလာစေလို၍ တစ်နည်းအားဖြင့် သူတို့၏ ချစ်ခြင်းကို မခွဲစေလို၍ မောင်လူဖွေးအား လိပ်ပြာ နှုတ်ခေါ်ယူလိုက်ခြင်းလား၊ တွေးဆဖွယ်ရာတည်း။

အဘိုးသည် အိပ်မက် ထပ်မက်ပြန်၏။ အိပ်မက်ထဲတွင် မြေးမလေးတို့၏ ချစ်သူစုံတွဲကို တွေ့ရလေ၏။ လှပသော နန်းတွင်းအဝတ်အစားတွေနှင့်မို့ ကြည့်လို့ပင် ကောင်းသေးတော့၏။

အဘိုးရဲ့ကျေးဇူးကို မမေ့ပါဘူးဆိုပြီး မြေးမလေးတို့ ချစ်သူစုံတွဲမှ အဘိုးအား ကန်တော့လေ၏။ အဘိုးသည် အိပ်မက်မှ နိုးထသော် ရင်ထဲ၌ ကြည်နူးစိတ်လား၊ ဝမ်းနည်းစိတ်လား ဝေခွဲမရသော စိတ်တွေဖြစ်နေမိလေ၏။ မျက်ဝန်းအစုံမှာတော့ မျက်ရည်စတွေနှင့်၊

အဘိုးသည် အမှတ်မထင် ထိုးခဲ့မိသော (ထီထိုးချင်စိတ် တဖွဖွဖြစ်နေသည်လည်း ပါ၏) နှစ်ကျပ်တန် ထီလေးတစ်စောင်မှ ငွေကျပ်တစ်သောင်းဆု ပေါက်ခဲ့လေ၏။ အဘိုးသည် ထိုငွေဖြင့် မြေးမလေးတို့ ချစ်သူစုံတွဲ ထိုင်လေ့ရှိသော တောင်ကမူလေးတွင် ထုံးစေတီတစ်ဆူတည်ထားပြီး မြေးမလေး အလွမ်းပြေအဖြစ် အဝေးမှ လှမ်းကြည့်နေလေတော့သတည်း။

ယခုအခါ ဤမြောက်ထပ်ကြီးကုန်းမှ ပုလဲကုန်းဟု ခေါ်ဝေါ်ကြသော နေရာရှိ အိမ်များ၊ အောင်သိဒ္ဓိကုန်းဟု သတ်မှတ်သည့်နေရာရှိ အိမ်များ၊ မအောင်းခါးကုန်း၊ မကွေးရာကုန်းဟု အမည်သညာပြုခဲ့ကြသော နေရာအသီးသီးမှ အိမ်များ (ကျူးကျော်အိမ်များ)သည် (၁၉၈၈) ခုနှစ်နောက်ပိုင်း သတ်ဆိုင်ရာမှ ဖျက်သိမ်းစေခဲ့ကာ မြောက်ဒဂုံ၊ တောင်ဒဂုံ၊ ငါးဆူတောင်သည်



www.burmeseclassic.com

www.burmeseclassic.com

တို့သို့ မြေကွက်သီးသန့်ပေးပြီး စေလွှတ်ခဲ့ရာ အိုးပိုင်အိမ်ပိုင်မြေများ ဖြစ်တည်နေကြလေပြီ။

ထိုထိုနေရာများ၌ နဝဒေးအိမ်ရာများဟု သတ်မှတ်ကာ လေးထပ်တိုက်ခန်းတွဲပေါင်းများစွာဖြင့် ခန့်ထည်လို့နေလေ၏။

မြွှာညီ၏ အသိုးတည်ခဲ့သော စေတီလေးကား ယခုထက်တိုင် ရှိနေသေး၏။ လပြည့်လကွယ်လို ညများ၌ တစ်ခါတစ်ခါ ချစ်သူစုံတွဲတစ်တွဲ ထိုင်နေလေ့ရှိကြောင်း တွေ့ကြရသည်ဆို၏။

မှတ်ချက်။ ။(ထုံးစေတီလေးကို ခြုံငုံ၍ ခန့်ထည်သပ္ပာယ်စွာ ရွှေရောင်တဝင်းဝင်းဖြင့် ရှိနေလေပြီ၊ နောင်းလူတို့ ကောင်းမှုပင်တည်း)

»»» **ကိုမောင်သန်းဝင်း**


စာရှုသူများသို့

ရွေးချယ်ထားသောစာအုပ်များကို ပြန်လည်ပေးပို့
စည်တော့တ်ဝါ၍ မိတ္တူပွားထားခြင်းပါရန်။

အယ်ဒီတာအဖွဲ့
ကျွန်ုပ်ရလောက မပွားရ




www.burmeseclassic.com

# လကွယ်ည သန်းခေါင်ယံ

ထောင်မှူးကြီးသိန်းဝင်း

ကျွန်တော့်တွင် ခြံမြေနှင့် အိမ်ရာများစွာရှိသည်။ ဝါသနာအရလည်း ကောင်း၊ အပေါင်းအသင်းများ၏ အခက်အခဲကို ကူညီရင်း မလိုချင်ဘဲနှင့် ဝယ်ထားရသောအိမ်များ၊ မြေကွက်များလည်း ပါသည်။ မြောက်ဒဂုံ၊ အရှေ့ဒဂုံ၊ ပုလဲမြို့သစ်များအပြင် လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီးမြို့များအထိ ပါသည်။ အိမ်ပါသောမြေများကိုတော့ စိတ်ချရသောအသိအကျွမ်း မိတ်ဆွေများကို အစောင့်ချ၊ ငှားရမ်းထားသော်လည်း မြို့သစ်မြေများကိုတော့ အိမ်လည်း မဆောက်နိုင်သဖြင့် ခြံစည်းရိုးခတ်ပြီး သည်အတိုင်း ပစ်ထားရသည်။ ဟော အခုတော့ကျွန်တော်၏ဝါသနာနှင့်စေတနာအရဝယ်ထားမိသောမြေများက အကျိုးပေးပါပြီ။ မြို့သစ်များတွင် ဝယ်ထားသော မြေကွက်များက နဂိုမူလ ဝယ်စက စလစ်ပြားကို ဝယ်ရခြင်းဖြစ်သောကြောင့် တစ်သိန်းခန့်သာပေး ရပြီး ယခုတော့ သိန်းတစ်ရာကျော်ချေပြီ။ အဆတစ်ရာကျော်ခန့် ဈေးတက် လာခြင်းဖြစ်သည်။

ထို့ကြောင့် ကျွန်တော် မြို့သစ်များတွင်ရှိသော မြေကွက်များအား ဈေးအတက်တွင် အလိုက်သင့်ရောင်းရာ သိန်းထောင်ဂဏန်းကျော်ရသည်။



မြို့သစ်အကွက်များ မြေဈေးတက်သလို၊ မှော်ဘီ၊ တိုက်ကြီးနှင့် လှည်းကူးမြို့နားရှိ အိမ်ခြံများကလည်း ဈေးတက်လာနေပြီဖြစ်သည်။ ထို့ကြောင့် ရုံးပိတ်ရက်အကြို သောကြာနေ့တွင် လှည်းကူးမြို့ ကျွန်းကလေးရပ်ကွက်သို့ ဇနီးသည်အား ခေါ်ယူပြီး ကိုယ်ပိုင် COROLLA VAN ကားကလေးဖြင့် ထွက်ခဲ့ပါတော့သည်။ ထိုရပ်ကွက်အတွင်းပိုင်း၌ တစ်ဧကခန့် ကျယ်ဝန်းသော သရေပြခြံကြီးအတွင်း၌ ရေနံချေးရောင် မည်းနေသော နှစ်ထပ်အိမ်အိုကြီး ရှိသည်။ ခြံကြီးအား ကျွန်တော် သိန်း(၃၀)ခန့်ဖြင့် ရထားသောကြောင့် ဝယ်ထားသည်မှာကြာချေပြီ။

သရေပြခြံကြီးအား လချုပ်ဖြင့် ခူးဆွတ်ရောင်းချရန် အပ်ထားသော ကြောင့် သရေပြခူးဆွတ်ရောင်းချသူများက နေ့စဉ် ခူးဆွတ်ရောင်းချကြပေလိမ့်မည်။ ဘာမျှတော့ရသည်မဟုတ်၊ ခြံစောင့်ရရန်နှင့် လူယောင်ပြရန်အတွက်လောက်သာ ဖြစ်သည်။ ယခု ဆောင်းနှင်းရာသီရောက်ပြီဖြစ် သောကြောင့် ခြံရှင်းရန် ရေလောင်းပေါင်းသင်ရန် လိုအပ်လာသောကြောင့် ကျွန်တော် စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် စီစဉ်ဆောင်ရွက်ရန် ခြံတွင်းသို့ နစ်ညအိပ်ဆင်းလာခြင်းဖြစ်သည်။ ယခင်နှစ်များကတော့ ခြံနီးချင်း ကျွန်တော့်မိတ်ဆွေ ကိုအောင်ကြီးရှိသောကြောင့် သူ့အား အပ်ထားပြီး ငွေထုတ်ပေး၍ သူက လူငှားပြီး ရှင်းလင်းဆောင်ရွက်ပေးစမြဲ ဖြစ်သည်။ ခြံကြီးအားဝယ်သည်မှာလည်း သူ့ကြောင့်ဖြစ်သည်။ ယခုတော့ သူကလည်း သိန်း(၅၀၀)ခန့်ရသောကြောင့် သူ့ခြံကြီးအား ရောင်းချပြီး ရန်ကုန်မြို့ဘက်သို့ ပြောင်းရွှေ့ပြီး တိုက်ခန်းဝယ်၍ နေချေပြီ။

ကိုအောင်ကြီးက အကျဉ်းဦးစီးဌာနမှ ထောင်မှူးဟောင်းတစ်ဦး ဖြစ်သည်။ အလွန်ရိုးသား ကြိုးစားသူတစ်ဦး ဖြစ်သည်။ ယခုတော့ ကုန်သည်ကြီးများ ဟိုတယ်တွင် လုံခြုံရေးမှူး လုပ်နေသည်။ အသွားအပြန် ဝေးလွန်းသောကြောင့် ဈေးတက်ချိန်တွင် သူ့ခြံကြီးအား ရောင်းချ၍ ပြောင်းရွှေ့သွားခြင်း ဖြစ်ပါသည်။ သူ့ခြံကြီးက ကျွန်တော့်ခြံထက် ကျယ်သည်။ သရေပြပင်များ အပြင် ကွမ်းကောပင်၊ သရက်ပင်နှင့် ရာသီပေါ်သီးနှံပင်များလည်း စိုက်ထားသေး

www.burmeseclassic.com

သည်၊ သူတို့ အိမ်ထောင်သက်(၁၀)နှစ်ခန့်ရှိပြီဖြစ်သော်လည်း သားသမီး မရကြပါ၊ လင်ကိုယ်မယား လွန်စွာချစ်ခင်ကြပြီး မောင်တစ်ထမ်း မယ်တစ်ရွက် ခြံအတွင်း၌ ပေါင်းသင်ရေလောင်း ဒိုးတူပေါင်ဖက် လက်တွဲညီညီ လုပ်ကိုင်ကြခြင်း ဖြစ်သည်၊

သူတို့ ဖနီးမောင်နံတွင် ကလေးနှင့်တူသော ခွေးကလေး နက်ကျားတော့ ရှိသည်၊ ငယ်စဉ်ကတည်းက နွားနို့တိုက်ပြီး မွေးမြူခဲ့သောကြောင့် အလွန်လိမ္မာပြီး သိတတ်သည်၊ သခင်ကို အလွန်ချစ်သည်၊ ယခုကြီးလာတော့လည်း ခြံအလွန်လုံသည်၊

ကျွန်တော်က တစ်လ တစ်ခါခန့် ခြံအတွင်းသို့သွားလျှင် ခွေးကလေးနက်ကျားအတွက် စားစရာကလေးများ ဝယ်ယူသွားတတ်သောကြောင့် ကျွန်တော့်ကိုတော့ မှတ်မိပြီး ခင်ပါသည်၊ တစ်လ၊ တစ်ခါခန့်သာ နက်ကျားနှင့် ဆုံတွေ့ရသော်လည်း ခွေးကလေးက အမှတ်ကြီးသည်၊ ကျွန်တော့်အား မြင်သည်နှင့် ပတတ်ရပ်ပြီး မုန့်တောင်းတတ်သည်၊

ခြံနီးချင်း ကိုအောင်ကြီးရှိစဉ်ကတော့ ကျွန်တော့်အိမ်မည်းကြီးတွင် ညအိပ်လေ့မရှိပါ၊ မနက်သွား၍ နေ့လယ်စာစားပြီး ညနေပြန်ခြင်းသာ ဖြစ်သောကြောင့် ကျွန်တော့်အိမ်ကြီးအကြောင်း မသိပါ၊ သစ်ကောင်းဝါးကောင်းဖြင့် အခိုင်အခံ့ဆောက်လုပ်ထားသောအိမ်ကြီးဖြစ်သော်လည်း ရေနံချေးသုတ်ထားသောကြောင့် အလွန်ပူလှသည်၊ အိမ်အနီးတွင်လည်း အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများမရှိ၊ စိုက်ပျိုးရေးခြံဖြစ်သောကြောင့် အရိပ်လည်းမလို၊ ခြံစည်းရိုး၌ ထီးရိုးဝါးပင်များသာရှိပြီး အိမ်ကြီးက ခြံအရှေ့ခြမ်းတွင် ထီးထီးကြီး ရပ်တည်နေပါသည်၊

ယခင်ကတော့ ခေါင်းကြီး၏အိမ်ဟု သိရသည်၊ လက်လွှဲပြောင်းလာပြီး ကျွန်တော့်လက်ထဲ ရောက်လာခြင်းဖြစ်သည်၊ အိမ်ခြေရင်းတွင် ယခင်က တူးခဲ့သော အုတ်စီရေတွင်း ရှိသည်၊ စက်သီးတပ်ထားသည်၊ ကျွန်တော့်လက်ထက်တွင် လျှပ်စစ်မီးရသောကြောင့် ရေစုပ်စက်ကလေး တပ်ဆင်ထားသည်၊ ရေပိုက်သွယ်တန်း၍ သပြေပင်များအား နွေရာသီတွင် ရေ



လောင်းရန် ဖြစ်သည်၊ ခြံမြေအမျိုးအစားမှာ (ဂဝံ)မြေဖြစ်သောကြောင့် ရေအထွက် ကောင်းပါသည်၊

ကျွန်တော့်ကားကလေး ခြံရှေ့သို့ ရပ်ပြီး ခြံဝင်းတံခါးအား ဆင်း၍ သော့ဖွင့်နေစဉ် ခြံအရှေ့ဘက်ရှိ စိုက်ပျိုးရေးခြံမှ ကိုဘမောင် အပြေးလာ၍ ခြံတံခါးအား ဝိုင်းကူဖွင့်ပေးရင်း ...

"ဆရာတစ်ယောက်တည်းလား၊ ကိုအောင်ကြီးတို့ မရှိတော့လို့ နေ့လယ်စာကို ကျွန်တော်တို့ခြံထဲ လာစားပါ၊ ဆရာတစ်ယောက်တည်း အတွက် ကျွန်တော်တို့ ကျွေးနိုင်ပါတယ်"

"အေးဗျာ - ကိုဘမောင်ရယ် - ကျေးဇူးပါပဲ၊ ဒီတစ်ခါတော့ ကျွန်တော့် ခြံထဲမှာ ညအိပ်ပြီး မိုးအကုန် ခြံသန့်ရှင်းရေး လုပ်မလားလို့ ... အလုပ်သမားလည်း ငှားပေးပါဦးဗျာ"

"ရပါတယ် - ဆရာ၊ ကျွန်တော့်တပည့်တွေ လွှတ်ပေးပါမယ်၊ ဒါပေမဲ့ ဆရာ - ဆရာတစ်ဦးတည်းတော့ ဒီအိမ်ကြီးမှ ညမအိပ်ပါနဲ့၊ အဆင်မပြေနိုင်ဘူးထင်တယ် - ဆရာ၊ ခြံနီးချင်း ကိုအောင်ကြီးတို့ခြံကလည်း ဝယ်ထားတဲ့သူက လာနေတာမဟုတ်ဘူး၊ သပြေပန်းခူးဖို့ ခြံချုပ်နဲ့ အပ်ထားတာ၊ တစ်ပတ်တစ်ခါလောက်ပဲ သပြေပန်းခူးကြတော့ ခြံထဲမှာ မြက်ရိုင်းတွေ ပေါက်နေပြီ၊ ဆရာ့ခြံလည်း ဒီအတိုင်းပဲ၊ ခြံတွေက လူမနေတော့ ကောကျန်ကြပြီ"

"ဟုတ်ပဲ့ဗျာ - ခြံတွေက တောရိုင်းတောင် ဖုံးနေပြီ၊ အတော်ရှင်းယူရမှာပဲ၊ ဒါကြောင့် - ကျွန်တော်လည်း (၂)ညအိပ်လောက် ဒီမှာနေပြီး ခြံရှင်းရအောင် လာခဲ့တာ၊ ဒါနဲ့ - ကိုအောင်ကြီးတို့ ပြောင်းသွားတော့ သူ့ခွေးကလေး နက်ကျားကို ခေါ်သွားကြသလား"

မြို့ပေါ်တိုက်ခန်းမှာနေရတာ ဘယ်ဖြစ်မလဲ - ဆရာရယ်၊ ကျွန်တော့်ကို ပေးထားခဲ့ပါတယ်၊ ဟော့ - ဟော့ဟိုမှာ လာပါပြီဗျာ - နက်ကျား"

ခွေးကလေးနက်ကျားမှာ ကျွန်တော့်ကို မြင်သည်နှင့် အပြေးလာပြီး ပတတ်ရပ်၍ ကိုယ်ပေါ်သို့ ခုန်တက်သည်၊ သခင်များနှင့် ခွဲခွာနေရသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် လွမ်းနေဟန်တူပါသည်။ ခွေးကလေး ပိန်သွားသည်။ ကျွန်တော်က ကားထဲမှ မုန့်များယူ၍ ကျွေးရသည်။

"ဒါနဲ့ အစောက ကိုဘမောင် ပြောလိုက်ပါတယ်၊ ကျွန်တော့်ခြံထဲက အိမ်ကြီးမှာ တစ်ယောက်တည်းအိပ်ရင် အဆင်မပြေနိုင်ဘူးဆို၊ ဘာဖြစ်လို့လဲ၊ ထူးခြားတာ ရှိလို့လား"

"ဟုတ်တယ် - ဆရာ၊ အစကတော့ ကျွန်တော်လည်း သတိမထားမိပါဘူး၊ ဦးအောင်ကြီးတို့ ပြောင်းသွားပြီး၊ နက်ကျားကလေး ကျွန်တော်တို့ဆီ ရောက်လာတော့မှ ထူးခြားတာတွေကို သိလာရတော့တာပါ - ဆရာ"

"ဘယ်လိုထူးခြားတာလဲ - ကိုဘမောင်"

"ညတိုင်းတော့မဟုတ်ဘူး - ဆရာရဲ့၊ လပြည့်လကွယ်နေ့တွေနဲ့ကြုံရင် သန်းခေါင်ယံရောက်တာနဲ့ နက်ကျား တအီအီအော်ပြီး ပိတ်ထားတဲ့အိမ်တံခါးကို အတင်းတိုးပြီး ဖွင့်မပေးရင် ကုတ်ခြစ်တော့တာပဲ၊ နောက်ပြီး ဆရာတို့အိမ်ကြီးဘက်လှည့်ပြီး တဝေါင်းဝေါင်းနဲ့ ထိုးဟောင်တယ်၊ တံခါးဖွင့်ပေးတာနဲ့ လူကို ပတတ်ရပ်ပြီး ကပ်နေတော့တာ၊ ကျွန်တော်လည်း ပြီးခဲ့တဲ့လကွယ်နေ့ကမှ သတိထားမိတာ၊ အဲ့ဒါကြောင့် နက်ကျားကို အိမ်ထဲခေါ်သိပ်ရတယ်၊ ဆရာတို့အိမ်ကြီးဘက်ကို ရုတ်တရက်ကြည့်မိတော့ ကြယ်ရောင်အောက်မှ အရိပ်တွေ လှုပ်ရှားနေသလို တွေ့ရတယ်၊ ကျွန်တော်တို့အိမ်နဲ့ လမ်းခြားနေပြီး အလင်းရောင်နည်းတာကြောင့် စိတ်ထင်တာလည်းဖြစ်ချင်ဖြစ်မယ်"

"ကျွန်တော်လည်း ကြောက်စိတ်ကြောင့် အသေအချာ မကြည့်ရဲပါဘူး ဆရာရဲ့၊ ဒါကြောင့် - ဒီနေ့ညဟာလည်း လကွယ်ညနဲ့ တိုက်ဆိုင်နေလို့ ဆရာ့ကို သတိပေးရတာပါ"

"အေးဗျာ - ကိုဘမောင်၊ ကျွန်တော်လည်း တစ်နိုင်ငံလုံး လှည့်ပြီး တာဝန်ထမ်းဆောင်လာတာ၊ တောတောင်တွေလည်း နင်းပါရဲ့၊ တစ်ခါမှတော့ သရဲ တစ္ဆေနဲ့ ထိပ်တိုက်မတိုးခဲ့ဖူးပါဘူး၊ အရိပ်အယောင်နဲ့ အသံလောက်



တော့ မြင်ဖူး၊ ကြားဖူးပါရဲ့၊ မေတ္တာပို့ အမျှဝေလိုက်တာပါပဲ၊ အန္တရာယ် မရှိခဲ့ပါဘူး၊ အေးအေးဆေးဆေးပါပဲ"

"ကျွန်တော် ကြားဖူးတယ် - ဆရာရဲ့၊ လူကြီးမိဘတွေပြောခဲ့၊ ဆိုခဲ့ကြတာပါ၊ လူမနေတဲ့အိမ်မှာ နီးစပ်ရာ သရဲတစ္ဆေတွေ ဝင်နေတတ်တယ်တဲ့၊ ဆရာ သတိထားဖို့ပါ၊ နေ့လယ်စာရော၊ ညစာပါ ဆရာတစ်ယောက်တည်းပဲ မချက်ပါနဲ့တော့၊ ကျွန်တော်တို့ အိမ်မှာပဲ လာစားပါ၊ ညအိပ်တော့လည်း အဖော်ရအောင် ကျွန်တော့် တူကလေးကို ခေါ်အိပ်ပါ"

"အေးဗျာ - ကျေးဇူးပဲ - ကိုဘမောင်၊ စင်ဖျားတူကလေးကိုလည်း ခေါ်အိပ်ပါ့မယ်၊ အဖော်ရအောင် နက်ကျားကိုလည်း ခေါ်အိပ်ပါ့မယ်၊ ဒါဆို စိတ်ချရလောက်ပါတယ်၊ အခုလောလောဆယ်တော့ ခြံရှင်းရအောင် အလုပ်သမားတွေ စုပေးပါဦးဗျာ၊ နှစ်ရက်လောက်တော့ ရှင်းရမယ်ထင်ပါရဲ့"

"ရပါတယ် - ဆရာ၊ တိုးမောင်တို့အဖွဲ့ ဟိုဘက်နားမှာ ခြံရှင်းနေတယ်၊ ကျွန်တော် လှမ်းခွဲပြီး ရှင်းခိုင်းလိုက်မယ်၊ သူတို့အုပ်စုက အဖွဲ့တောင့်တင်းပါတယ်၊ ဒီဘက်က ခြံတွေကိုလည်း ရှင်းဖူးကြပါတယ်"

"ကောင်းပါပြီ - ကိုဘမောင်၊ ကျေးဇူးပဲဗျာ"

ကျွန်တော် အိမ်ကြီး၏ ဖိနပ်ချွတ်၊ ကြက်တူရွေးတန်း ကာထားသော တံခါးအား ဖွင့်လိုက်တော့ အောက်သိုးသိုး လင်းနို့ချေးနံ့ရသည်၊ ကြမ်းပြင်၌လည်း လင်းနို့ချေးများက အပုံလိုက်ရှိနေသည်၊ တံခါးဖွင့်လိုက်၍ အသံကြားရ၍ အလင်းရောင်ဝင်လာသောကြောင့် မျက်နှာကျက်တွင် တွဲလောင်းချိတ်ဆွဲပြီး အိပ်နေကြသော လင်းနို့ငှက်ငယ်ကလေးများ၊ နီးစပ်ရာအပေါက်များမှ အလုအယက်တိုးဝှေ့ပြီး ထွက်ပြေးကြသည်၊

ကျွန်တော် အိမ်အဝင်နှစ်ချပ် ကျွန်းတံခါးမည်းမည်းကြီးအား ဖွင့်လိုက်တော့ လေးလံလှသော ကျွန်းတံခါးကြီးက ပတ္တာများ သံချေးမှိ၍ တကျွီကျွီ



www.burmeseclassic.com

www.burmeseclassic.com

တအိအိမြည်ပြီး ဖွင့်ဟသွားသည်၊ ကားလမ်းဖြင့် ဝေးသော်လည်း အိမ်ကြမ်းပြင်၌ ဖုန်ထုက အတော်တက်နေချေပြီ၊ ထူးဆန်းသည်ကတော့ ထိုကြမ်းပြင်ဖုန်ထုအပေါ်၌ လူခြေရာများဖြစ် သည်၊ လူကြီးခြေရာထက် ကလေးခြေရာက ပိုများသည်၊

အမဲလိုက်မုဆိုးလုပ်ခဲ့သော ကျွန်တော် ခြေရာများ မြင်သည်နှင့် မနေနိုင်တော့၊ အိမ်ခြေရင်းပြတင်းပေါက်အားဖွင့်ပြီး လေ့လာဆန်းစစ်တော့သည်၊ ကလေးခြေရာများက အရွယ်အစားမတူ ကလေး(၃)ဦး၏ခြေရာများဖြစ်သည်၊ လူကြီးခြေရာများကတော့ ယောကျ်ားနှင့် မိန်းမခြေရာဖြစ်ပုံရသည်၊ ခြေရာတစ်စုံကကြီးသည်၊ တစ်စုံကငယ်သည်၊ ထူးခြားသည်ကတော့ ယောကျ်ားကြီးခြေရာတွင် ခြေသန်းကလေး ပြတ်နေသည်၊ ဘယ်သူတွေများပါလိမ့်၊ အိမ်မကြီးသော့ကိုလည်း မည်သူ့ကိုမျှ ပေးမထားမိပါ၊ အိမ်သော့ကလည်း တစ်စုံတည်းသာရှိပြီး ကျွန်တော့်ထံ၌ပင် သိမ်းဆည်းထားသည်၊ ခြံဝင်းတံခါးသော့ကတော့ နှစ်စုံရှိသည်၊ တစ်စုံကို သခြေပြန်းရှုးသူကိုအောင်ဗလတို့အား ပေးထားပြီး တစ်စုံက ကျွန်တော့်ထံတွင် ရှိနေသည်၊ ထို့ကြောင့် နံရံတွင် အသင့်ထောင်ထားသော တံမြက်စည်းအားယူ၍ အိမ်အောက်ထပ် ပြတင်းပေါက်များအားဖွင့်ပြီး တံမြက်စည်း လှဲရတော့သည်၊ မကြာမီ လူသံများကြားရသဖြင့် ခြံရှင်းရန် တိုးမောင်တို့အဖွဲ့ ရောက်လာကြဟန်တူပါသည်၊

"ဆရာရေ့- ကျွန်တော်တို့ရောက်ပြီ၊ အိမ်ကြီး မီးလောင်နေတာကျနေတာပဲ၊ ဖုန်လုံးကြီးက တစ်အိမ်လုံး ဖုံးလွှမ်းထားတယ်၊ ဆရာ - ဖုန်တွေနဲ့ မွန်နေမှာပေါ့ - ထွက်ခဲ့ပါ၊ ကျွန်တော်တို့ လုပ်ပေးပါ့မယ်"

စကားကို ဟောင်ဖွာ ဟောင်ဖွာ ပြောတတ်ပြီး ကျယ်လောင်လှသော သူ့အသံကို အဝေးကပင် ကြားရသည်၊ အလုပ်ကြမ်းသမားပီပီ အသံကျယ်လောင်သလို၊ လူကောင်ကလည်း ထွားကျိုင်းသည်၊ အိမ်ရှေ့ထွက်ကြည့်တော့ တိုးမောင်နှင့် အလုပ်သမားလေးယောက်၊ မြက်ရှင်းစားကိုယ်စီနှင့်

ပေါက်တူးများလည်း ပါလာကြသည်၊ ထိုစဉ်တွင် ကိုဘမောင်၏တူကလေးရောက်ရှိလာပြီး ...

"ဆရာ - ထမင်းစားမယ်တဲ့၊ ဦးလေးဘမောင်က ခေါ်ခိုင်းလိုက်တယ်"

"ဟ - ငါ ဖုန်တွေ ရှင်းနေတာ၊ ရေတောင် မချိုးရသေးဘူး"

"လာပါ - ဆရာရယ်၊ ကျွန်တော်တို့ ခြံထဲမှာလည်း အုတ်ကန်ရှိပါတယ် ဆရာ၊ ရေမိုးချိုးပြီးမှ ထမင်းစားပါ၊ ဒီက ကိစ္စတွေ ကိုတိုးမောင်တို့ အဖွဲ့ တာဝန်ယူပါလိမ့်မယ်"

"ဟုတ်ပါ့ - ဆရာရယ်၊ ရေမိုးချိုး၊ ခေါင်းလျှော်၊ အနားယူရင်း နေ့လယ်စာစားပါ၊ ကျွန်တော်တို့အဖွဲ့ အိမ်တွင်းအိမ်ပြင် သန့်ရှင်းထားပါ့မယ်၊ ဆရာ စိတ်ချလက်ချ လိုက်သွားပါ"

"အေး - အေး - ကောင်းပါပြီကွာ"

ကျွန်တော် ကားပေါ်မှ အဝတ်အစားအိတ်ကို ယူခဲ့ပြီး ကိုဘမောင်တို့ အိမ်တွင် ရေချိုး ခေါင်းလျှော်သည်၊ ပြီးမှ - ကိုဘမောင်နှင့်အတူ ထမင်းစားကြသည်၊ တိုးမောင်တို့အဖွဲ့ကတော့ ခြံရှင်းနေကြဆဲဖြစ်သည်၊ ကျွန်တော်တို့ နေ့လယ်စာစားပြီးတော့လည်း ကျွန်တော် အိမ်ကြီးဘက် မပြန်ပါ၊ ကိုဘမောင်နှင့်အတူ သူတို့အိမ်ရှေ့ဘူးစင်အောက်တွင် ပက်လက်ကုလားထိုင်ကိုယ်စီ ဖြင့်ထိုင်၍ ရေနွေးကြမ်းသောက်ရင်း ထမင်းလုံးစီကြသည်၊ ညနေစောင်းမှ ကျွန်တော် အိမ်ကြီးဘက် ကူးလာပြီး ခြံရှင်းသမား ကိုတိုးမောင်တို့ကို နေ့တွက်ခ ရှင်းပေးရပါသည်၊

"ဆရာရေ့- မြွေတွေတောင် ခြံထဲမှာ ခိုနေသဗျ၊ သပြေပင်တွေက နှစ်ကြာတော့ တုံးလုံးပြီ၊ ရေလောင်းပေါင်းသင်ပြီး မြေဩဇာကျွေးမှ ရွက်နုထွက်ပြီး အညွန့်ခူးလို့ရလိမ့်မယ်၊ မနက်ဖြန်တစ်ရက် ထပ်ပြီးရှင်းရင် ပြတ်ပါပြီ ဆရာ၊ ညနေပိုင်း ပေါင်းမြက်တွေကို မီးပါရှို့ပေးခဲ့မယ်နော် - ဆရာ"

"အေးပါဗျာ - ကျေးဇူးတင်ပါတယ်၊ လူအမြဲတမ်းမနေတဲ့ခြံဆိုတော့ သတ္တဝါတွေ ခိုအောင်းပြီး လွတ်လွတ်လပ်လပ် ကြီးထွားနေကြမှာပေါ့၊ ဒါ သဘာဝကျပါတယ်"




www.burmeseclassic.com

www.burmeseclassic.com

■■■ ကျွန်တော်လည်း အမြင်ကတ်ကတ်ဖြင့် 'အေး-ပစ်ချလိုက်' ဟု ကုန်းအော်တော့ သွေးသံရဲရဲဖြင့် မည်းမည်းအထုပ်ကြီး ကြမ်းပြင်ပေါ် သို့ ဗုန်းခနဲ ပြုတ်ကျလာသည်။ မီးထိုးကြည့်တော့ အိမ်အောက်ထပ်တွင် အစောင့်ထားသော ခွေးကလေးနက်ကျား ဖြစ်သည်။ သွေးသံရဲရဲ၊ အရေခွံများ ပေါက်ပြဲပြီး အရိုးများ ကျိုးကြေနေသည်။ ထိုစဉ် ခေါင်မိုးပေါ် မှ တခုန်းခုန်းအသံများ ကြားရပြီး တဟားဟား ရယ်သံများကိုလည်း ကြားရသည် ■■■



"ကဲ - ဆရာရေ ကျွန်တော်တို့ပြန်မယ်၊ မနက်ဖြန်တော့ စောစောလာပြီး အပြတ်ရှင်းပေးမယ်၊ ညရေးညတာ ဖြုံထဲဆင်းရင်တော့ သတိနဲ့ ဆင်းဆရာ၊ ရှုံ့တောရှင်းပြီး မြေပြောင်သွားတော့ ပိုးကောင်မွှားကောင် ထွက်တတ်တယ်"

"ဟုတ်ပါပြီ - ကိုတိုးမောင်"

ကိုတိုးမောင်တို့အဖွဲ့ ပစ္စည်းများသိမ်းပြီး ပြန်သွားတော့မှ ကျွန်တော်၊ ကိုဘမောင်တို့အိမ်ဘက်မှ ကျွန်တော့်အိမ်ကြီးဘက်သို့ တစ်ယောက်တည်း



လာခဲ့ပါသည်၊ အချိန်က ညနေ (၄) နာရီကျော်ခန့်သာရှိသေးသည်၊ ကျွန်တော် ပစ္စည်းများအား အိမ်အပေါ်ထပ်သို့ သယ်ယူလာစဉ် အံ့ဩစရာ တွေ့ရှိရသည်က အိမ်အပေါ်ထပ် လျှာထိုးကြမ်းခင်းမှာ သပြေသီးမှည့်ရောင် ပြောင်လက်ပြီး ဖုန်မှုန့်များ မရှိပါ၊ တစ်စုံတစ်ဦး နေ့စဉ်တိုက်ချွတ်ထားပုံရသည်၊ ယခင်ပိုင်ရှင် တောခေါင်းကြီးမှာ ကရင်လူမျိုး၊ ခရစ်ယာန်ဘာသာဝင်ဖြစ်သောကြောင့် အိမ်အပေါ်ထပ်တွင် ဘုရားကျောင်းဆောင် မရှိပါ၊ ခုတင်များလည်းမရှိ ကြမ်းခင်းပေါ်တွင် အိပ်ရန်သာ ဖြစ်သည်၊ အပေါ်ထပ်တက်သည့်လှေခါးထိပ်တွင် ကျွန်းတံခါးကြီးရှိသောကြောင့် သော့ခတ်ထားရာ အိမ်ကြီးအောက်ထပ်အား ရှင်းလင်းကြသည့် ကိုတိုးမောင်တို့အဖွဲ့လည်း အိမ်အပေါ်ထပ်သို့ မတက်ရောက်နိုင်ကြပါ၊ အဘယ်သူ ရှင်းထား၊ တိုက်ထားပါသနည်း။

ကျွန်တော် ထွေလီကာလီ မစဉ်းစားချင်တော့၊ ပစ္စည်းများအား လျှာထိုးကြမ်းခင်းပေါ်၌ နေရာချထားခဲ့ပြီး ရေလဲပုဆိုးနှင့် ဆပ်ပြာခွက်ယူခဲ့၍ အောက်ထပ်သို့ ဆင်းခဲ့သည်၊ ရေစုပ်စက်မော်တာအား ဖွင့်၍ အုတ်ကန်ထဲ ရေထည့်သည်၊ ပြီးနောက် - ရေတစ်ဝချိုးတော့သည်၊ ထိုစဉ် ကိုဘမောင်၏ ဇာကလေး အိပ်ရာလိပ်ထမ်း၍ ရောက်ရှိလာပြီး ...

"ဆရာ - ရေချိုးနေတာကိုး၊ ပြီးရင် - ညနေစာ စားရအောင် - ဦးလေး ဘမောင်က ခေါ်ခိုင်းလိုက်ပါတယ်"

"အားနာစရာကွာ၊ ငါက လှည်းကူးမြို့ထဲကို မင်းနဲ့ ကိုဘမောင်ကိုခေါ်ပြီး ညစာသွားစားမယ် စိတ်ကူးထားတာ"

"အဲဒီ့အစီအစဉ်လည်း ကောင်းပါတယ် - ဆရာ၊ ကျွန်တော်တို့အိမ်မှာတော့ အသီးအရွက်ဟင်းက များပါတယ်"

"အေး - အဲ့ဒါဆို - ဈေးနားက ရှမ်းကြီးဆိုင်ကို သွားကြတာပေါ့၊ ငါ့မှာ အားပါလာတာပဲ - မဝေးပါဘူး"

ကျွန်တော်တို့ အိမ်ကြီးအတွင်းအပြင်မီးများ ဖွင့်ခဲ့ပြီး ထွက်ခွာလာခဲ့ကြတော့ ညနေ (၆) နာရီခန့်သာ ရှိပါသေးသည်၊ မမှောင်သေးပေ၊ ဈေးအနီး



www.burmeseclassic.com

www.burmeseclassic.com

ရှမ်းကြီးစားသောက်ဆိုင်တွင် စားသောက်ကြပြီး ကျွန်တော်တို့ ပြန်လာကြတော့ ည(၈း၃၀)နာရီခန့်သာ ရှိသေးသည်၊ ကိုဘမောင်က ...

"ဆရာ - လက်နှိပ်ဓာတ်မီးရော ပါရဲ့လား၊ မီးပျက်သွားရင် သုံးဖို့ပါ။ လိုရမည်ရ နက်ကျားကိုလည်း အစောင့်ရအောင် ခေါ်အိပ်ပေါ့နော်"

"ကောင်းပါတယ် - ကိုဘမောင်၊ အဖော်အဖြစ် ခင်ဗျားတူကလေးရော ရှိတော့ အဆင်ပြေပါတယ်၊ နက်ကျားကိုတော့ အိမ်အောက်ထပ်မှာပဲ သိပ်လိုက်တော့မယ်"

ကျွန်တော်တို့အိမ်အပေါ်ထပ်တွင် အိပ်ရာဝင်တော့ ည(၉)နာရီခွဲခန့်သာ ရှိပါသေးသည်၊ လမိုက်ညဖြစ်သော်လည်း အိမ်ကြီးနှင့် ပတ်ဝန်းကျင်တွင် လျှပ်စစ်မီးရောင်ဖြင့် ထိန်လင်းနေပါသည်၊ ထို့ကြောင့် ကျွန်တော် ဘုရားဝတ်ပြု၊ မေတ္တာပို့၊ အမျှဝေပြီး အိပ်ရာဝင်ခဲ့ပါတော့သည်၊ ည(၁၂)နာရီခန့်တွင် ကျွန်တော် နစ်မြုပ်စွာ အိပ်ပျော်နေရာမှ လန့်နိုးသည်၊ အောက်ထပ်က ခွေးကလေးနက်ကျား၏ ရူးရူးဝါးဝါးဟောင်သံကြောင့်လည်း ဖြစ်သည်၊ တစ်အိမ်လုံး လျှပ်စစ်မီးများ ပျက်နေသောကြောင့် မှောင်မည်းနေသည်၊ ထိုစဉ်တွင် အိမ်ခေါင်မိုးမျက်နှာကျက်အပေါ်မှ လမ်းလျှောက်သံ တဖျပ်ဖျပ်ကြားရသည်။ ကျွန်တော် ခေါင်းအုံးဘေးမှ လက်နှိပ်ဓာတ်မီးကိုစမ်းပြီး မီးဖွင့်ကြည့်တော့ ကျွန်တော်နှင့်ယှဉ်၍အိပ်နေသော ဦးဘမောင်၏တူကလေး အိပ်ရာတွင် မရှိတော့၊ အပေါ့်အလေး ထသွားသည်အတင်ဖြင့် အော်ခေါ်ကြည့်တော့ ...

"ခင်ဗျား" ဟု ထူးပြီး လှေခါးအဆင်းနားက ထလာသည်၊

"မင်းနယ်ကွာ - အအိပ်ကြမ်းလိုက်တာ၊ ဘယ်လိုဖြစ်ပြီး အိပ်ရာပေါ်က နေ ခြေရင်းရောက်သွားရတာလဲ"

"အဲ - ကျွန်တော် မသိဘူး - ဆရာ၊ အိပ်ပျော်နေတာ"

ထိုစဉ် အိမ်ခေါင်မိုးမျက်နှာကျက်အပေါ်မှ တရှပ်ရှပ် လမ်းလျှောက်သံ ကြားရပြီး "ပစ်ချလိုက်ရမလား - ပစ်ချလိုက်ရမလား" ဟူသောအသံသြသြကြီးဖြင့် အော်သံကို ကြားရသည်၊



ကျွန်တော်လည်းအမြင်ကပ်ကပ်ဖြင့် "အေး - ပစ်ချလိုက်" ဟုကုန်းအော်တော့ သွေးသံရဲရဲဖြင့် မည်းမည်းအထုပ်ကြီး ကြမ်းပြင်ပေါ်သို့ ဗုန်းခနဲ ပြုတ်ကျလာသည်၊ မီးထိုးကြည့်တော့ အိမ်အောက်ထပ်တွင် အစောင့်ထားသော ခွေးကလေးနက်ကျားဖြစ်သည်၊ သွေးသံရဲရဲ အရေခွံများ ပေါက်ပြဲပြီး အရိုးများ ကျိုးကြေနေသည်၊ ထိုစဉ် ခေါင်မိုးပေါ်မှ တဒုန်းဒုန်းအသံများ ကြားရပြီး ဟားဟား ရယ်သံများကိုလည်း ကြားရသည်၊ ကျွန်တော်က လူကြီးဖြစ်၍ ကြောက်တရားကို ထိန်းထားနိုင်သော်လည်း ဦးဘမောင်၏ တူကလေးမှာ -

"အောင်မယ်လေးဗျ" ဟု ထအော်ပြီး ကျွန်တော့်အား ဖက်ထားပါတော့သည်၊ ထိုစဉ် လျှပ်စစ်မီးများပြန်လာသည်၊ တဖျစ်ဖျစ်မြည်သံနှင့် ညှော်နံ့ကိုလည်း ရသည်၊ အိမ်ရှေ့မှလည်း "ဆရာ - ဆရာ" ဟူ၍ဦးဘမောင်၏ခေါ်သံကို ကြားရသည်၊ ထို့ကြောင့် ကျွန်တော် လက်လှမ်းမီရာ လက်ဆွဲအိတ်ကို လှမ်းဆွဲပြီး တံခါးများဖွင့်၍ အောက်ထပ်သို့ ဆင်းပြေးခဲ့ရတော့သည်၊ ရေနံရှည်နေသော အိမ်မည်းကြီးမှာ မီးခိုးတလူလူဖြင့် မီးစွဲလောင်နေပြီဖြစ်သည်၊ အမှတ်မထင် သတိရမိသည်ကတော့ အိမ်ကြီးသို့ ကျွန်တော်ရောက်စက အောက်ထပ်တွင် ဖုန်မှုန့်များ ရှင်းလင်းနေစဉ် မြရှင်းရန်လာသူ ကိုတိုးမောင်၏ နိမိတ်ဖမ်းသလိုပြောစကားဖြစ်သည်၊

"အိမ်ကြီးမီးလောင်နေတာကျနေတာပဲ၊ ဖုန်လုံးကြီးက တစ်အိမ်လုံးကို နံလွှမ်းထားတာ" ဟူ၍ဖြစ်သည်၊ လျှပ်စစ်ဝါယာကြိုးများ မတော်တဆလား၊ သကယ်လားတော့ ယနေ့အချိန်အထိ ကျွန်တော် စဉ်းစား၍မရပါ။

>>>> **ထောင်မှူးကြီး သိန်းဝင်း**

www.burmeseclassic.com



# ညွှာစောင်းမ

သုတေသီ သက်ထွန်းမြင့်

# ညွှာစောင်းမ

သုတေသီ သက်ထွန်းမြင့်

မြွေကြီးကိုမြင်ရင် သတ်လိုက်ပါ - ကိုယ်၊ တစ်ဝက်ကို သုံး၊ တစ်ဝက်ကို ရှင်လွှန်းတင်ကို ရည်မှန်းပြီး လှူပါ၊ အမျှပေးဝေ၊ သာဓုခေါ်ပါ၊ နောင်ဘဝ နောင်ခန္ဓာနဲ့ ပေါင်းကြစို့၊

ဤဇာတ်လမ်းလေးသည် ကျွန်တော်က စာဖတ်ပရိသတ်တစ်ဦးမှ ပြောပြသည့် ဇာတ်လမ်းကလေးဖြစ်ပြီး အလွန်လည်း စိတ်ဝင်စားစရာ ကောင်းသဖြင့် ပြန်လည်ဖောက်သည်ချရခြင်း ဖြစ်ပါသည်၊

ဤဇာတ်လမ်းကလေးသည် လူ့လောကသားတစ်ဦးနှင့် လူသားတစ်ဦး၏ မေတ္တာဇာတ်လမ်းကလေးတစ်ပုဒ်ဖြစ်ပြီး ဆွတ်ပျံ့ကြည်နူးဖွယ်၊ ဝမ်းနည်း ကြေကွဲဖွယ်ဇာတ်လမ်းကလေးလည်း ဖြစ်ပါသည်၊

ဤဇာတ်လမ်းကလေးက ...၊

www.burmeseclassic.com

တိုးစည်သည် သည်မြို့ သည်နယ်သား မဟုတ်ပါ။ သည်မြို့ သည်နယ်သို့ တာဝန်နှင့် ရောက်လာသူတစ်ဦးသာ ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးတာဝန်နှင့် ရောက်လာခဲ့သူတစ်ဦးပင်၊ ဝန်ထမ်းတစ်ဦး၏ အကူအညီနှင့် သည်ရပ်ကွက်တွင်း၌ရှိသည့် လုံးချင်းအိမ်တစ်လုံး၌ ငှားရမ်းနေထိုင်နိုင်ခဲ့၏။

ခြံက ကျယ်ဝန်းသည့်ခြံ မဟုတ်သလို၊ ကျဉ်းမြောင်းသည့်ခြံတစ်ခြံလည်း မဟုတ်၊ ခြံထဲ၌ စံပယ်၊ ကြက်ရုန်း စသည့် ပန်းပင်များနှင့် ဆောင်တော်ကူးပန်းချုံလည်း ရှိ၏။

အိမ်ကလေးက ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးအိမ်ကလေးဖြစ်၏၊ အိမ်ကလေးတွင် အိပ်ခန်း၊ ဧည့်ခန်းနှင့် မီးဖိုခန်းဟူ၍ သီးခြားရှိ၏။

သို့သော် မောင်တိုးစည်က လူလွတ်ဖြစ်သဖြင့် ချက်ပြုတ်စားခြင်းမရှိ၊ ကြုံရာမှာ ဝယ်စားသူ။

ပြီးတော့ - တိုးစည်သည် သည်မြို့သို့ ရောက်သည်မှစ၍ ရုံးဆင်းလျှင် နေ့တိုင်း ရွှေဘုံသာမုနိစေတီသို့သွားကာ ပုတီးစိပ်သည်။

ညနေ (၆) နာရီ ဘုရားပေါ်မှ ဆင်းခဲ့ပြီး ထမင်းဝင်စားသည်။ ပြီးမှ အိမ်သို့ ပြန်ခဲ့သည်မှာ နိစ္စဓူဝအလုပ် ဖြစ်သည်။

သူ့အတွက်မူ တစ်နေ့တာ မည်မျှပင်ပန်းပါစေ - ညနေရောက်၍ ရွှေဘုံသာမုနိဘုရားသို့တက်ပြီး ကြည်လင်သည့် ခေါင်းလောင်းသံ၊ ဆွဲလည်းသံသာလေး ကြားရလျှင် စိတ်ထဲ ပျော်သွားသည်။

ပုတီးစိပ်လိုက်ပြီဆိုလျှင် အငြိမ်းချမ်းဆုံးဘဝကို ပိုင်ဆိုင်လိုက်ရသလို ခံစားလိုက်ရ၏။

ယင်းသို့ နေ့စဉ် ဘုရားသို့ရောက်ခဲ့သည့် တိုးစည်အတွက် ထူးခြားသည့် နေ့တစ်နေ့ကို ထိတွေ့ခံစားလိုက်ရ၏။

ထိုနေ့က ထူးခြားသည့်နေ့လား ...။

အချိန်က ညနေ (၆) နာရီ။



အရှေ့ပြဖ္ဗာကျွန်းမှ ပေါ်ထွက်ခဲ့သည့် နေမင်းကြီးသည် အနောက်ဓေယျာကျွန်းဆီသို့ နက်လျှိုတိုးဝင်သွားလေပြီ။

သို့သော်အလင်းရောင်သည်လုံးဝမဆိတ်သုဉ်းသွားသေး၊ ကောင်းကင်ဖြင့်၌ တိမ်မိုလ္လာဖာပန်းတို့လည်း ပွင့်နေ၏။

လေပြေသည် လေပဲ တိုက်ခတ်နေပြီး အိပ်တန်းပြန် ငှက်တို့ အုပ်ဖွဲ့ပျံသန်းသွားကြသည်ကို တွေ့ရ၏။

မောင်တိုးစည်က ဘုရားဝတ်ပြု ပုတီးစိပ်ပြီးချေပြီ။

"ဤသို့ ပြုရသည့် ကုသိုလ်အဖို့ဘာဂတို့အား အထက်ဘဝဂ်၊ အောက်အဝီစိ ရှိရှိသမျှ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့နှင့်အတူ အောက်ဝန်းကျင်၌ ရှိကြကုန်သော သတ္တဝါတို့အား အမျှပေးဝေပါသည်"

"အမျှရယူနိုင်ကြပါစေ၊ အမျှ - အမျှ - အမျှ - ပေးဝေပါတယ်၊ ရှိရှိသမျှ သတ္တဝါတို့ ရကြပါစေ၊ ကုသိုလ်ပြုသမျှအားသည် သာဓုခေါ်ပါသည်၊ သာဓု - သာဓု - သာဓု"

ဟု အမျှပေးဝေ၊ သာဓုခေါ်ဆိုပြီးသည့်နောက် တိုးစည် ဘုရားကို ဝတ်ပြုတန်တော့သည်။

ထိုစဉ် တိုးစည်၏ နာခေါင်းတွင်းသို့ သင်းပျံ့သည့် မွှေးရနံ့တစ်ခု တိုးဝင်လာ၏။

မွှေးရနံ့သည် သင်းပျံ့၏။

ကြည်နူးစိတ်၊ သင်းပျံ့သည့် မွှေးရနံ့ကြောင့် သူ့ရင်ထဲ၌ ချမ်းမြေ့သလို ခံစားလိုက်ရ၏။

ထိုကြောင့် တိုးစည် အသာအယာ လှည့်ကြည့်လိုက်၏။

"အို ..."

သူ့ရင်ထဲ၌ အံ့ဩသလို ခံစားလိုက်ရပြီး ဒုတိယသံပါ ထပ်ကြည့်လိုက်မိ၏။

ထိုအခါ အံ့ဩမိသည့်အသွင်သဏ္ဌာန်ကို သူ ပီပြင်စွာ မြင်တွေ့လိုက်ရ၏၊ အခြားမဟုတ်၊



www.burmeseclassic.com

www.burmeseclassic.com

နွဲ့နွဲ့လျလျ သူ့အနားတွင် ရပ်နေသူတစ်ဦးကို မြင်လိုက်ကတည်းက သုံးတောင်ဝတ်မိန်းကလေးတစ်ဦးဟု သိလိုက်ရ၏။

သူမသည် တိုးစည်နောက်တွင် ရပ်လျက်လေး အသင့်ဝယ် သူ၏ ရှည်လျားပျော့ပျောင်းနက်မှောင်သည့် ဆံကေသာက လှုပ်လွန့်နေသည်ကို တွေ့ရ၏။

တိုးစည်က သူမကိုကြည့်ရင်း ထလိုက်၏။

သည်ကနေ့ သူမနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်ရသလို သင်းပျံ့သော မွှေးရနံ့ကို ရှူရှိုက်လိုက်ရ၏။

ပြီးတော့ - မျက်လုံး၊ မျက်ခုံး၊ နှာတံ စသည်တို့၏ ကောင်းခြင်းကိုမြင်တွေ့ရင် အထူးသဖြင့် သူ၏မျက်ဝန်းအစုံသည် သောက်ရှူးကြယ်ညီနောင်နယ် ထွန်းပြောင်နေသည်ကို တွေ့လိုက်ရ၏။

မျက်နှာချင်းဆိုင်မိလျှင် သူက ...

"လွန်းတင် - နောက်ယှက်သလိုများ ဖြစ်သွားသလား မသိဘူး"

သူက အားတုံ့အားနာပြော၏။

တိုးစည်က သူ၏နီစွေးသောနှုတ်ခမ်းမှ ချိုလွင်သောစကားသံကို ခံစားရင်း ကြည်နူးသွားမိ၏။

တိုးစည်က ပြုံးပြီး ...

"မဖြစ်ပါဘူး။ ဒါထက် ..."

သူမက ...

"ကျွန်မက ရှင်လွန်းတင်ပါ၊ ဒီကအစ်ကို နေ့တိုင်း ဒီမှာ ဘုရားဝတ်ပြု ပုတီးစိပ်တာ တွေ့ရတယ်လေ။ ဒါကိုကြည့်ရင်း စိတ်ထဲ သာယာသလို ခံစားရတယ်လေ၊ ကိုယ် မလုပ်နိုင်တာကို လုပ်နိုင်တဲ့ ဒီကအစ်ကိုကို မုဒိတာ ပွားမိပါတယ်"



"အစ်ကို့နာမည် တိုးစည်ပါ၊ ရန်ကုန်က၊ ဒီမှာ တာဝန်နဲ့ ရောက်လာတာလေ၊ ရှင်လွန်းတင်ကကော ..."

"ကျွန်မက ဒီနားကပါ"

ဟု ပြောပြီး ဟိုသည်ကြည့်တော့ ...

"နောက်မှ တွေ့ကြတာပေါ့နော်၊ ရှင်လွန်းတင် သွားမယ်" ဟု ပြောပြီး ထွက်သွား၏။

တိုးစည်သည် ခပ်သွက်သွက် ထွက်သွားသည့် ရှင်လွန်းတင်၏ နောက်ကျောကို ငေးကြည့်နေမိ၏။ လှုပ်ရှားမှုနှင့်အတူ လှုပ်လွန့်နေသည့် ဆံပင်နများက ကဗျာဆန်လွန်းဘိ၏ဟု ခံစားမိသည်။

သည်ညက တိုးစည် အိပ်မရ၊ ဒါက ဓမ္မတာပင်၊ မိန်းမလှကလေးနှင့် ဆုံတွေ့ရတိုင်း ခံစားရသည့် ယောက်ျားပျိုတို့ဝေဒနာ မဟုတ်လား။

သို့ဖြင့် နောက်တစ်နေ့ ရောက်ခဲ့သည်နှင့်အတူ ပြုမြဲဝတ်အတိုင်း ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့ပြီးလျှင် မွှေးရနံ့ကို တမ်းတရင်း မျှော်လင့်နေမိ၏။

ဟိုသည် ကြည့်နေမိ၏။

"ရှင် - ရှင်လွန်းတင် - ဒီနေ့ မလာဘူးလား"

သူ စဉ်းစားမိသလို ဟိုသည် ရှာဖွေနေမိ၏၊ ထိုစဉ် သူ့နောက်ဘက်မှ သင်းပျံ့သည့်မွှေးရနံ့ ရလိုက်သဖြင့် သူ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။

ချိုလွင်သောမျက်နှာနှင့် မျက်နှာချင်းဆိုင်လိုက်ရ၏။

သူပင် - ရှင်လွန်းတင်တည်း။

ပန်းနုရောင်ဝမ်းဆက် ဝတ်ဆင်ထား၏၊ ရှည်လျားနက်မှောင်သည့် ဆံကေသာကလေး လေအသင့်တွင် ကဗျာဆန်စွာ လှုပ်လွန့်နေ၏။

ရှင်လွန်းတင်က ပြုံး၍ - "အစ်ကို - ဘာရှာနေတာလဲ" ဟု မေး၏။



www.burmeseclassic.com

www.burmeseclassic.com

တိုးစည်သည် နိုးထုပ်မိုးထည်နှင့် အမိခံလိုက်သူနယ် ထုံအအဖြစ်သွား၏၊ ပြီးမှ ...

"ဒါကို - ရှင်လွန်းတင် သိချင်လို့လား"

သူမက ခေါင်းညိတ်သည်၊

"ကျွန်တော်လည်း မလိမ်ချင်ပါဘူး၊ ကျွန်တော် - ရှင်လွန်းတင်ကို ရှာနေတာလေ"

"ဟုတ်လား"

"ဟုတ်တယ် - ရှင်လွန်းတင်၊ ပြောရရင် - ရှင်လွန်းတင်က တစ်ခဏနဲ့ တစ်ဘဝကို ပိုင်စိုးနိုင်သူ ဖြစ်နေလို့လေ"

ရှင်လွန်းတင် ရုက်စနီး ခေါင်းငုံ့နေ၏၊

ထို့နောက် တစ်ဦးကိုတစ်ဦး ပြုံးကြည့်မိသည်၊ သို့နယ်ပင် အချိန်တိုတိုနှင့် ခင်မင်သူတွေ ဖြစ်သွားသည်၊

ခွဲခွာခါနီးတိုင်း - "ရှင်လွန်းကို ကျွန်တော် မျှော်နေမှာ" ဟု ပြောဖြစ်၏၊

ရှင်လွန်းတင်ကလည်း - "ရှင်လွန်းလည်း အစ်ကို့ကို အမြဲသတိရနေတာပါ"

"ဒါဟာ - ရေးရေစက်နေမှာနော်"

မပြောပဲ ပြုံးသည်၊

သည်အပြုံးတွေ နှလုံးသားတွင် မြုပ်နှံပြီး ပြန်ခဲ့သည်ချည်း၊

လောကစဉ်ကမှု တစ်ဦးကိုတစ်ဦး အတွေ့အမြင်များလာပြီဆို လျှင် ကြင်နာစိတ် တိုးဝင်ခဲ့သည်မှာ ဓမ္မတာပင်၊

ပိုဆိုးသည်က တိုးစည်နှင့် ရှင်လွန်းတင် နေ့စဉ်တွေ့နေကြပြီး နှစ်ရက်လောက် မတွေ့ရတော့ ရင်ထဲ ခံစားချက်တစ်မျိုး ဖြစ်ခဲ့သည်၊ ခင်မင်ခြင်းထက် ပိုသော အချစ်တစ်ခု နှလုံးသားတွင် စိုးမိုးနေပြီဟု သိခဲ့ရ၏၊



■■■ လွန်းတင် ရှင်းရှင်းပြောမယ် - အစ်ကို၊ လွန်းတင်ဟာ နောက်ပွင့်မယ့် ဘုရားမှာ လှူဖို့အတွက် ရတနာသိုက်ကို စောင့်နေရတဲ့ သိုက်နန်းရှင်ပဲ၊ ဒါကြောင့် - အစ်ကိုနဲ့ လွန်းတင်က တဝချင်း ပေါင်းစပ်လို့မရဘူး၊ ပြီးတော့ လွန်းတင်တို့သိုက်က သိုက်ဆရာအနှောင့်အယှက်ကြောင့် ပြောင်းရတော့မယ်၊ ဒါကြောင့် - အစ်ကို့ကို တွေ့ချင်ပေမယ့် မတွေ့နိုင်တော့သလို တဝချင်းပေါင်းစပ်ဖို့လည်း မလွယ်တော့ဘူး၊ ဒါကြောင့် - ဒီဘဝ၊ ဒီမျှလို့ပဲ သဘောထားရအောင်နော် ■■■



"ဟုတ်တယ် - ငါ လွန်းတင်ကို ချစ်နေမိပြီ၊ ဒီတစ်ခါတွေ့ရင် ငါ လွန်းတင်ကို ချစ်နေမိပြီကို ပြောရမယ်၊ ပြီးတော့ - လက်ထပ်မယ်၊ ငါ - လွန်းတင်ကို ချစ်သလို မခွဲနိုင်တော့ဘူး"

ဟုတ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ် နားလည်လိုက်ပြီ၊ ထို့ကြောင့် ညနေရောက်ပြီဆိုမှ ပြူမြဲဝတ်ကို ပြူပြီး ရှင်လွန်းတင်ကို မျှော်နေမိသည်။

မျှော်လင့်ခြင်းကြောင့် ရင်ထဲ မောနေရသလို သင်းပျံ့သည့် မွှေးရနံ့ကို ရှူရှိုက်လိုက်ရတော့ သူ ပျော်သွား၏။ သင်းရနံ့က နောက်မှာ။

သူ ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

ရှင်လွန်းတင်နှင့် မျက်နှာချင်းဆိုင်လိုက်ရ၏။

"လွန်းတင် - မင်းကို - လွန်းတင်ကို မျှော်နေတာ၊ နှစ်ရက်လောက် မတွေ့ရတာကို နှစ်ကမ္ဘာလောက် ထင်နေတာ"

"အစ်ကိုရယ် - လွန်းတင်လည်း အစ်ကိုနဲ့ ထပ်တူခံစားရပါတယ်၊ ပြီးတော့ - အစ်ကို့ကို လွန်းတင် ပြောစရာရှိနေတယ်"

"ဟုတ်လား - အစ်ကိုနဲ့လွန်းတင်က စိတ်ချင်းဆက်နေသလားမသိဘူး၊ အစ်ကိုလည်း လွန်းတင်ကို ပြောစရာရှိနေတယ်"

"ပြောလေ ..."

"အောက်ဆင်းရအောင် - လွန်းတင်"

ရှင်လွန်းတင်က ခေါင်းညိတ်သည်၊ ပြီးနောက် - တန်ဆောင်းအတိုင်း ဘုရားပေါ်မှ ဆင်းခဲ့သည်။

ဘုရားခြေရင်းရှိ ပန်းခြံကလေးဆီသို့ ဝင်လာခဲ့သည်၊ မြေပေါ်တွင် ကြွေလွင့်နေသည့် တရုတ်စကားပွင့်များနင်းကာ တရုတ်စကားပင်အောက်သို့ ဝင်ခဲ့သည်။

တရုတ်စကားနံ့တို့ သင်းပျံ့လို့ရယ် ....

တရုတ်စကားပင်အောက် ရောက်လျှင် ရပ်လိုက်ကြ၏၊ တစ်ဦးကို တစ်ဦး ကြည့်ရင်း ...

"အစ်ကို့ရင်ထဲက လွန်းတင်ကို ပြောချင်တဲ့စကားကို အရင်ပြောခွင့်ပြုနော်"



တိုးစည်က ပြောလိုက်၏၊ ပြီးနောက် - တိုးစည်က ရှင်လွန်းတင်၏ လက်ဖမိုးနုနုကလေးအား ဆုပ်ကိုင်ရင်း လွန်းတင်မျက်နှာကို စေ့စေ့ကြည့်လိုက်၏။

"အစ်ကို - ပြောလေ"

"ပြောမှာပါ၊ လွန်းတင် - မငြင်းနဲ့နော်"

"ပြောပါ"

"အစ်ကို - လွန်းတင်ကို ချစ်တယ်၊ လက်ထပ်ချင်တယ်"

ပြောရင်း လွန်းတင်၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ရင်ခွင်ထဲ နှစ်ထားလိုက်သည်၊ ရှင်လွန်းတင်က မငြင်းပါ။

ရှင်လွန်းတင်က တိုးစည်၏ ရင်ခွင်ထဲတိုးဝင်ပြီး ဟင်းခနဲ တစ်ချက်ရှိုက်၏။

ရှင်လွန်းတင်၏ရှိုက်သံသည် သူ့နှလုံးသားအား သန်လျက်နှင့်ထိုးလိုက်သလို ရှိ၏၊ "ချစ်တယ်ဆိုတာ ငိုဖို့မဟုတ်ဘူးလေ၊ ဝမ်းနည်းစရာမှ မဟုတ်တာ" ဟု ပြောလိုက်ချင်၏၊ မပြောဖြစ်။

"လွန်းတင် - ချစ်တယ်ဆိုတာ ဘာလို့ငိုရတာလဲ၊ လွန်းတင်လည်း ကိုယ့်ကို ချစ်တယ်မဟုတ်လား၊ ဒါဆို ပျော်ရမှာလေ၊ မငိုပါနဲ့ - လွန်းတင်"

ဟု ကရားရေလွှတ် ပြောမိသည်၊ ရှင်လွန်းတင်က တစ်ချက်ရှိုက်ပြီး —

"လွန်းတင် - ဝမ်းနည်းတာက မပျော်လို့ မဟုတ်ပါဘူး၊ အစ်ကို့အချစ်ကို ပိုင်ဆိုင်ရလို့ ပျော်ပါတယ်၊ ဒါပေမဲ့ - လွန်းတင် - မပျော်နိုင်ဘူး - အစ်ကို"

"ဘာ - ဘာဖြစ်လို့လဲ - လွန်းတင်"

ရှင်လွန်းတင်က သက်ပြင်းရှိုက်ပြီး "ဘာဖြစ်လို့လည်းဆိုရင် ရှင်လွန်းတင် ဘဝကို အစ်ကို့အချစ်တွေကို ထွေးပိုက်ပိုင်ဆိုင်ပြီး မပျော်နိုင်တဲ့ဘဝမို့ပါ အစ်ကို" ဟု ပြောသည်။

"ဘာဖြစ်လို့ဒီလိုပြောရတာလဲ - လွန်းတင်၊ လူ့လူချင်းမတူတာ မရှိဘူး၊ အချစ်စစ်ဟာ မတူညီတဲ့ဘဝနှစ်ခုကို ပေါင်းစပ်ဖို့ အနိုင်းမဲ့အင်အားပါ လွန်းတင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး - အစ်ကို၊ လွှန်းတင်နဲ့အစ်ကို ဘဝမတူတာက ညီမရတဲ့ မတူညီခြင်းပဲ။ ပြောရရင် လွှန်းတင်က လူဆိုပေမယ့် လူအစစ် မဟုတ်ဘူး။ ဖန်ဆင်းထားတဲ့လူ ဖြစ်နေလို့ပဲ - အစ်ကို"

"ဘာ - ဘယ်လို - လွှန်းတင်"

"လွှန်းတင် ရှင်းရှင်းပြောမယ် - အစ်ကို၊ လွှန်းတင်ဟာ နောက်ပွင့်မယ့် ဘုရားမှာ လှူဖို့အတွက် ရတနာသိုက်ကို စောင့်နေရတဲ့ သိုက်နန်းရှင်ပဲ၊ ဒါကြောင့် - အစ်ကိုနဲ့ လွှန်းတင်က ဘဝချင်း ပေါင်းစပ်လို့မရဘူး။ ပြီးတော့ လွှန်းတင်တို့သိုက်က သိုက်ဆရာအနှောင့်အယှက်ကြောင့် ပြောင်းရတော့မယ်၊ ဒါကြောင့် - အစ်ကို့ကို တွေ့ချင်ပေမယ့် မတွေ့နိုင်တော့သလို ဘဝချင်း ပေါင်းစပ်ဖို့လည်း မလွယ်တော့ဘူး။ ဒါကြောင့် - ဒီဘဝ၊ ဒီမျှလို့ပဲ သဘောထားရအောင် နော်"

"လွှန်းတင်ရယ် ..."

တိုးစည် ဘာပြောရမယ်မသိ၊ လူစင်စစ်မှ ကျောက်ရုပ်ဖြစ်သွားသည်ထင်၊ ထိုစဉ် ရှင်လွှန်းတင် သူ့ရင်ထဲမှ ပြေးထွက်သွားသည်၊

"လွှန်းတင် - ရှင်လွှန်းတင်"

လှည့်မကြည့်၊

ကြည့်စမ်း - မျက်စိအောက်မှ ပျောက်ချင်းမလှ ပျောက်သွားခဲ့ပြီ၊

သည့်နောက်ပိုင်း တိုးစည်နှင့် ရှင်လွှန်းတင် မတွေ့ကြတော့၊ တိုးစည် နေ့စဉ်စောင့်သော်လည်း ရှင်လွှန်းတင် ရောက်မလာခဲ့၊

တစ်နေ့ ...၊

ဘုရားဝတ်ပြု ပုတီးစိပ်၊ မေတ္တာပို့၊ အမျှဝေပြီး သင်းပျံ့သည့်မွှေးရနံ့ကို ရှူရှိုက်လိုက်ရသဖြင့် တိုးစည် ပျော်သွားသည်၊



ဖျတ်ခနဲ ကြည့်လိုက်သော်လည်း ရုပ်သွင်မမြင်ရ၊

"လွှန်းတင် - မင်းရောက်နေတယ်မဟုတ်လား၊ မင်းကို ကိုယ်တွေ့ပါရစေ"

တိုးစည် ပြော၏၊ မတွေ့ရ၊

သို့သော် အသံကိုမူ ကြားရ၏၊

"လွှန်းတင်ကို မတွေ့ချင်ပါနဲ့တော့ - အစ်ကို၊ ဒါပေမဲ့ - လွှန်းတင်ပြောစကားကိုတော့ နားထောင်ပြီး မှတ်ထားပါ"

"လွှန်းတင်တို့ လကွယ်ညမှ သိုက်ပြောင်းရမယ် - အစ်ကို၊ ဒီလိုသိုက်ပြောင်းတဲ့အခါမှာ ကြေးစည်သံတွေ ကြားရမယ်၊ လှည်းတွန်းသံတွေ ကြားရမယ်၊ ဒီအချိန် အစ်ကို ထွက်လာခဲ့ပါ၊ ဒီအသံတွေနဲ့အတူ အစ်ကို မြွေတစ်ကောင် တွေ့လိမ့်မယ်၊ အစ်ကို - ဒီလိုတွေ့ရင် ဒီမြွေကို ရိုက်သတ်လိုက်ပါ၊ ဒါဆို - အစ်ကို - များပြားတဲ့ရတနာ တွေ့ရလိမ့်မယ်"

"ဒီလိုရတနာရရင် တစ်ဝက်ကို အချစ်ဆုံးပေးတဲ့လက်ဆောင်အဖြစ် အစ်ကိုသုံးပြီး တစ်ဝက်ကို ဘုရားလှူပါ၊ ရှင်လွှန်းတင်အတွက် အမျှပေးဝေသာဓုခေါ်ပေးပါ - အစ်ကို၊ အစ်ကိုနဲ့ ချစ်လွှန်းတင် နောင်ဘဝမှာ နောင်ခန္ဓာနဲ့ ပေါင်းရပါစေ"

ထို့နောက် ဘာသံမှမကြားရတော့၊ သင်းပျံ့သည့် မွှေးရနံ့လည်း မရှူရှိုက်ရတော့၊

"လွှန်းတင် - လွှန်းတင်ရယ်"

လကွယ်ည၊

ရှင်လွှန်းတင်နှင့် ဝေးရပြီဆိုသည့်အသိကြောင့် သူ နှလုံးတွေ ကြေမွ ပျက်သုဉ်းသလို ခံစားရသည်၊

www.burmeseclassic.com

ရှင်လွန်းတင်နှင့် ဝေးရပြီဆိုသော အသိကြောင့် ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းနေပြီ။

သို့သော် သူပြောခဲ့သည့်စကားတွေကိုမူ ကြားယောင်နေ၏။

"နောင်ဘဝ၊ နောင်ခန္ဓာနဲ့ ပေါင်းကြပါဦးတဲ့လား - ရှင်လွန်းတင်ရယ်"

သူ ပျူကြုံးမရသလို ခံစားရ၏။

သို့နှင့် လကွယ်ညရောက်သည်ကို အမှတ်ရမိသည်။ ဘာမျှလို့ချင်တပ်မက်မှုမရှိသော်လည်း ချစ်သူစကားဖြစ်သဖြင့် အလေးအနက် ထားရသည်။

သည်ညက အိပ်မရ။

နံနက်လင်းအရုဏ်အချိန်။

ထိုစဉ် ကြေးစည်သံ၊ လှည်းမောင်းသံတွေ ကြားရ၏။

တိုးစည် အိမ်ထဲမှ ပြေးထွက်ခဲ့သည်။

လင်းအရုဏ်ကျင်းစမို့အလင်းရောင် မပီပြင်သေး၊ လူသူအသွားအလာမရှိသေး။

ထိုစဉ် သူ့ရှေ့တွင် ကြီးမားသည့်မြွေကြီးတစ်ကောင် တွေ့လိုက်ရသည်။

"မြွေကြီးမြင်ရင် သတ်လိုက်ပါ - ကိုယ်၊ တစ်ဝက်ကိုသုံးပြီး တစ်ဝက်ကို ရှင်လွန်းတင်ကို ရည်မှန်းပြီးလှူပါ။ အမျှပေးဝေသာဓုခေါ်ပါ"

"နောင်ဘဝ နောင်ခန္ဓာနဲ့ ပေါင်းကြစို့"

စကားတွေကိုကြားနေသည်၊ သူ တွေဝေနေရာမှ ဖျတ်ခနဲ ကြည့်လိုက်တော့ ပီပြင်စွာ မြင်ရသည့် မြွေကြီးက တဖြည်းဖြည်း မှုန်ဝါးကာ အငြိမ်းပဲ ပီပြင်တော့၏။

သည်အခါမှ တိုးစည် မြွေကြီးကို ရိုက်လိုက်မိသည်။ ထိုအတူ သူ ရိုက်လိုက်သည့်နေရာတွင် မြွေကြီး ပျောက်သွားပြီး ရွှေဝတ်တချို့ကို တွေ့ရ၏။

တိုးစည် ရွှေဝတ်များအား ကောက်ယူရင်း ရင်ထဲ လှိုက်မောလာ၏။ မျက်ရည်တို့ တွေတွေကျလာ၏။



"စိတ်ချ - ရှင်လွန်းတင်။ ဒီရွှေတုံးတွေ ထုခွဲပြီး - ကိုယ် - ရှင်လွန်းတင်အတွက် ရည်စူးပြီး အလှူဒါနပြုပါမယ်၊ ရှင်လွန်းတင် - သာဓုခေါ်နိုင်ပါစေ"

"နောင်ဘဝ၊ နောင်ခန္ဓာနဲ့ ပေါင်းရဖို့ - အစ်ကို - မျှော်လင့်နေပါ့မယ် ရှင်လွန်းတင်ရယ်"

»»» သုတေသီ သက်ထွန်းမြင့်

စာမူရှင်များသို့

မရွေးချယ်သောစာမူများကို ပြန်လည်ပေးပို့မည် မဟုတ်ပါ၍ မိတ္တူကူးထားကြပါရန်။

အယ်ဒီတာအဖွဲ့
ဂမ္ဘီရလောက မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# စောရာနှင့်မြော်ဒီ

ရေယျမင်းသြော်



မူလကနဦးက သည်ခရီး၊ သည်လမ်း၌ ကျွန်တော်ပါဖို့မဟုတ်
ကသာ အကျဉ်းထောင်မှ ထောင်မှူးကြီး ဦးအေးဝင်းက
အဖွဲ့ဝင်အဖြစ် လိုက်ပါဖို့ တရားဝင်ဖွဲ့စည်းတာဝန်ပေးထားပြ
အကြောင်းဆုံချင်လွန်း၍ ဖြစ်မည်။ မူလအဖွဲ့ဝင် ဦးအေးဝင်
တိုက်ပွဲဝင်စည်းရုံးရေး သင်တန်း (တိုက်၊ စည်း) ကို
အရေးပေါ် ကြားဖြတ်တက်လိုက်ရသတဲ့။

www.burmeseclassic.com

သည်တော့ - မြန်မာပြည်မြောက်ပိုင်းဥတ္တရဒေသကအကျဉ်းထောင်ကြီး တစ်ခုဖြစ်သည့် (Second Officer-in-Charge)အဖြစ် တာဝန်ထမ်းဆောင် နေရသော ကျွန်တော် ထောင်မှူးကြီးမှာ အစားထိုးအဖွဲ့ဝင်အဖြစ် ကသုတ်ကရက် ဘုန်းမောင် တစ်ကိုယ်တည်း ရှိတက်ခဲ့ရပါလေတော့သည်။

ဟုတ်ကဲ့ - မြစ်ဧရာကမ်းနဖူးက ဇန်းမော်ဆိုသော မြို့ကလေးရှိရာဆီသို့ ဦးတည်၍ ခရီးထွက်ခဲ့ရခြင်း ဖြစ်ပါ၏။

ကျွန်တော်တို့အကျဉ်းထောင်များလောက၌ အစဉ်အလာဓလေ့ရှိသည်။ သုံးနှစ်တစ်ကြိမ်ခန့် သူ့ထောင် ကိုယ့်ထောင် အပြန်အလှန်စစ်ဆေး၊ ထောင်လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ သာယာလှပရေး၊ အကျဉ်းသား အချုပ်သား၊ ဝန်ထမ်းအိမ်ထောင်သည် မိသားစုများ၏ သက်သာချောင်ချိရေး ကိစ္စများကို စိစစ်တင်ပြကြရခြင်း ဖြစ်၏။ ကိုယ့်ပေါင်လည်း သူက နာနာထောင်း၊ သူ့ခေါင်းလည်း ကိုယ်က ခပ်နာနာ ဆော်ရသည့်ပွဲ။ ပွဲက ပွဲကျပ်၊ တကယ့်ပွဲကျပ်၊ ကိုယ့်စစ်ဆေးရေးအဖွဲ့ "ကောင်းပျား၊ အားလုံးကောင်းပျား၊ All are safe" ဟု ခပ်မိန့်မိန့် မှတ်ချက်ပြုခဲ့ပြီးခါမှ ရဲဘက်ပြေး၊ အကျဉ်းသားဆူပူမှု၊ မီးဘေးအန္တရာယ်၊ အဆောက်အအုံပြိုကျပျက်စီး စသည့် ထူးခြားဖြစ်စဉ် တစ်ရပ်ရပ်ဖြစ်လာခဲ့လျှင် သက်ဆိုင်သည့်ထောင်မှတာဝန်ရှိသူအရာရှိများ၏ နောက်၌ ကိုယ်ပါအမှုတွဲပါကာ ဘုန်းကြီးအမှု ရှာပတ်တတ်သည်။

သို့သော်လည်း တဲ့၊ ကံကောင်းနေသည်က ဇန်းမော်ထောင် တာဝန်ခံ အရာရှိမှာ ပင်စင်ယူခါနီးသည်အထိ အိုးအိမ်မတည်ထောင်၊ မိန်းမမူမပွေဘဲ အဓမ္မအိုကြီးကို လုပ်ကျွေးပြုစုနေသည့် စည်းကြီးကမ်းကြီး၊ ဦးပုံစံကြီး လက်ထောက်ညွှန်မှူး ဦးကျော်ဒွန်းဖြစ်ပြီး ဒုတိယတာဝန်ခံအရာရှိ(ထောင်မှူးကြီး) က လူရိုးလူအေး၊ ဖြောင့်ဖြောင့်မတ်မတ် ဦးဝင်းကြိုင်ဖြစ်နေခြင်းပင်။ သည်ထောင်မျိုးကိုမှ လုပ်ငန်းစစ်ခွင့် ကြုံရသည်မှာ မင်္ဂလာတစ်ပါး၊ ဧရာမနင်းဆောင်း၊ ပြဿနာကြီးငယ် တစ်စုံတစ်ရာ မရှိနိုင်တန်ရာ၊ စိတ်လက်ဖြေပါး အေးချမ်းမည်သာ။

သည်သို့သာ ထင်ခဲ့မိသည်။



သို့သော်၊ တကယ်တမ်းကြုံလာရသည်က မီးလည်းတစ်တွေ၊ ရေလည်း တခြား၊ ထင်ထားသည်နှင့် တစ်လွဲရယ်မှ တစ်ချော်ပါခင်ဗျား။

"လာဟေ့ - လာဟေ့ - ကိုဇော်မြင့်ရေ၊ တို့တွေကွဲသွားတာပဲ နှစ် (၂၀) လောက်ရှိပြီကော၊ မသေလို့ တွေ့ရ၊ မေ့နိုင်ပါ့မလား - မောင်ကြီးရဲ့ဆိုတာလို ဖြစ်နေပြီ - ဟဲ - ဟဲ"

"ဟာ - ဆရာကိုယ်တိုင် လာကြိုနေတာကိုး၊ အားနာစရာ ခင်ဗျာ"

အသားညိုညို၊ ထောင်ထောင်မောင်းမောင်း အစဉ်ပြုံးရွှင်ချိုကြည်နေသည့်မျက်နှာနှင့် မြိတ်သံဝဲဝဲ ထောင်ပိုင်ကြီးက ကိုယ်တိုင်အကြိုထောက်လာသည်။

နေသည် ဝင်တော့မည်။ ငွေမျိုင်းဖြူတို့ပင် သောင်ပြင်ကြီးကို ဖြတ်၍ ဧရာဝတီမြစ်ဘက်ဆီသို့ ပျံသန်းသွားကြပြီ၊ နီစွေးစွေးဆည်းဆာရိပ်၌ တံငါလှေတို့က တရွေ့ရွေ့လော်ခတ်နေကြ၏။ မြစ်ကြီးရောကမှ ကျွန်းကြီးစွာ တညင်ညင် တသွင်သွင် ရစ်ခွေစီးဆင်းနေဆဲ၊ ကုက္ကိုပင်ကြီးများ မှိုင်းမှိုင်း ညိုညို့အုပ်ဆိုင်းနေသည့် ဇန်းမော်မြို့ကလေးသည် သာယာလွန်းပေစွ။

သည်ဆရာနှင့်က မွန်ပြည်နယ်အတွင်းရှိ "အောင်မြေ"၊ "နောင်ရိုး" ဟူသော ကြံစိုက်စခန်းကြီးများ၌ကြုံဆုံ၍အတူတာဝန်ထမ်းဆောင်ခဲ့ရဖူးသည်၊ ဆရာက ထောင်မှူးကြီးဘဝ၊ ကျွန်တော်က အငယ်တန်းစာရေးကလေးဘဝ၊ ယခု သံသရာတစ်ပတ်လည်၍ ပြန်ဆုံကြတော့ ဆရာက လက်ထောက်ညွှန်မှူး၊ ကျွန်တော်က ထောင်မှူးကြီး။ ဝေးခဲ့ကြသည်မှာ အနှစ် (၂၀) ယွန်းယွန်း။

"ဆရာ ဦးထွန်းလှစိန်တို့ကော ရောက်ပြီလား - ဆရာ"

"မရောက်သေးဘူးဗျ၊ ကိုရင် - အစောဆုံး ရောက်လာတာပဲ၊ အဖွဲ့ဝင် ထောင်မှူးကြီး ဦးဘသန်းကလည်း မြင်းခြံထောင်ကတောင် လာရမှာလေ၊ အဲ - သဘော်နဲ့တော့ ထွက်ခဲ့ကြပြီလို့ ပြောတာပဲ"

www.burmeseclassic.com

"စောင့်ကြတာပေါ့ - ဆရာရယ်၊ နားနားနေနေပေါ့၊ ဆရာတပည့်တွေ မဆုံဖြစ်ခဲ့ရတာလည်း ကြာပြီပဲ၊ စကား ဝဝပြောရတာပေါ့၊ ဆရာ ဦးထွန်းလှစိန် (အဖွဲ့ဥက္ကဋ္ဌ) ကတော့ ကျွန်တော်ကြို့တင်ရောက်ခဲ့ရင် ဆရာနဲ့တိုင်ပင်ပြီး ဓာတ်ပုံရိုက်စရာ၊ မိတ္တူကူးစရာ၊ မြေပုံကူးစရာတွေ လုပ်ထားဖို့ တယ်လီဖုန်းနဲ့ လှမ်းပြီးညွှန်ကြားထားပါတယ်၊ သူလည်း သိပ်အချိန်မရဘူးနဲ့တူတယ် ဆရာ"

"အေးပါလေ - မနက်ကျမှ ကိုဝင်းကြိုင်နဲ့ ခင်ဗျား ညှိလုပ်ကြတာပေါ့၊ ထောင်က သေးသေးကလေးပါ၊ လုပ်ရိုးလုပ်စဉ် Routine Works တွေ ဆိုတော့လည်း အရင်ဗိုင်အဟောင်းတွေ၊ မှတ်တမ်းဟောင်းတွေ ကိုးကားပြီး ကြည့်လုပ်ကြတာပေါ့၊ ဒီကနေ့တော့ ခရီးပန်းလာတာပဲ၊ အေးအေးဆေးဆေး သာ နား"

"ဟုတ်ကဲ့ - ဆရာ"

"အဲ - ခင်ဗျားတို့အဖွဲ့တည်းဖို့ သီးသန့်စီစဉ်ပေးထားတယ်၊ လူလည်း မစုံသေးတော့ တစ်ယောက်တည်း ပျင်းနေမယ်၊ ကျုပ်နဲ့ဘူးကြီးပေါ်သာ လိုက်ခဲ့တော့"

အကျဉ်းထောင်များ၌ ထောင်တာဝန်ခံ အရာရှိနေအိမ်သည် အကျဉ်းထောင်အုတ်နံရံကြီး (Main Wall)ကို ခွ၍ တည်ထောင်ထားသည့် ထောင်ဘူးဝဟုခေါ်သော သုံးထပ်အဆောက်အအုံကြီး၏ အလယ်ထပ်၌သာ ရှိစမြဲ၊ အောက်ဆုံးထပ်တွင် ထောင်တံခါးမကြီး (Main Gate)နှင့် ရုံးများ (Offices) ရှိ၏၊ အပေါ်ဆုံးထပ်၌ ဗဟိုကင်း (Central Guard)နှင့် လက်နက်တိုက်တို့ ရှိသည်၊ ဟိုးအရင့်အရင် ပဝေသဏီ အင်္ဂလိပ်ခေတ်အခါကတည်း ကပင် လျှင် သည်အတိုင်း၊

ပြဿနာက သည်တွင်စ၏၊

အစားမတော်တော့တစ်လုတ်၊ အသွားမတော်တစ်လှမ်းဆိုလေမလား၊ ရှေးလူကြီးသူမတို့၏ အဆုံးအမစကားက သွေးထွက်အောင် မှန်နေတော့ သည်၊



■■■ အလို-မြတ်စွာဘုရား-စောစောကလေးကပင် မိမိကိုယ်တိုင် အတွင်းက ချက်ထိုး၍ပိတ်ထားသည့် အခန်းတံခါးက ဘာကြောင့် သူ့အလိုလို ပွင့်လာရပါလိမ့်၊ ထူးဆန်းလှချည့်၊ ပွင့်နေသောတံခါးကိုပင် ပြန်မပိတ်မိသေးဘဲ ခြေဖျား အသာထောက်၍ ကြောင်လမ်းလျှောက်သလို ဖွဖွညင်သာ လျှောက်ပြီး အပြင်ကို ဟိုဟိုသည်သည် စူးစမ်းမိရသည်၊ ... နီ့ဘွဲ့-ဘာမျှမရှိ ■■■



ကွဲကွာနေသော ငယ်ဆရာ၊ ငယ်တ[illegible]ဘွဲ့ကြသည့် အခိုက် ကားလက်ဆုံပြော၍မ[illegible]ထွက်ကချင်စာကလေးတွေကလည်း လျှာရင်းမြက်[illegible]၊ စားလိုက်ကြ၊ ပြောလိုက်ကြ၊ မေးလိုက် စမ်းလိုက်ကြ၊ တစ်ချီတခေါက်ထပ်၍ စားလိုက်သောက်လိုက်ကြ၊ အချိန်ကိုပင် မေ့နေမိကြ [illegible] သတိတရ ကြည့်ဖြစ်တော့ ညဉ့်နက်ပြီ၊

"ကဲ - ကိုဇော်မြင့်ရေ - ရိပ်သာအထိ သွားမနေနဲ့တော့၊ ဒီမှာလည်း ထောင်ပိုင်အိမ်ဆိုပေမယ့် ကျုပ်တစ်ယောက်တည်း ရှိတာပဲ၊ အကျယ်ကြီး၊

www.burmeseclassic.com

အခန်းလွတ်တွေ အများကြီး၊ ဒီမှာပဲ စီစဉ်လိုက်တော့မယ်၊ ဒီမှာပဲ အိပ်လိုက်ပေတော့"

"ဟုတ်ကဲ့ – အဆင်ပြေသလိုပေါ့ – ဆရာ၊ ဒါနဲ့ ဆရာ – ဖြစ်နိုင်ရင် ထောင်ထဲအတွင်းပိုင်းကို လှမ်းမြင်နိုင်တဲ့ ဟောဟိုထောင်ထောင့်ခန်းမှာ စီစဉ်ပေးပါလား၊ ထောင်ထဲလည်း လှမ်းကြည့်လို့ရတာပေါ့"

ဆရာက တစ်ချက် တွေခနဲ ငိုင်ခနဲ ဖြစ်သွားလိုက်သေး၏၊ ပြီးမှ ...

"အေးလေ – အဲဒီမှာပဲ စီစဉ်လိုက်မယ်" ဟုဆိုကာ သူ့ရိက္ခာဌာန တာဝန်ခံ ထောင်မှူး (Dietary Jailor)ကလေးကို တီးတိုးမှာကြားလျက် တက်သုတ်ရိုက်၍ ခင်းကျင်းပြင်ဆင်ပေးခဲ့ပါ၏၊

မြန်မာပြည် မြောက်ဖျားဒေသ ...၊

ဆောင်းအခါကာလ မပြောနှင့်၊ သည်လိုဆောင်းအကုန် မိုးအကူးကာလတွင်ပင်လျှင် ညအခါများမှာ စိတ်နှင့်ကိုယ် ခဲကျစ်တောင့်တင်းသွားလောက်အောင် အေးတတ်လွန်းပေသည်၊

ကျွန်တော့်ခများလည်း ခရီးကပန်း၊ ဇနီးကြင်သူနှင့် သားငယ်၊ သမီးငယ်တို့ကို လွမ်းယောင်ယောင်ဖြစ်မိကာ အိပ်ရာထက်ဝယ် ဝင်၍ခွေလျက် နားနေမိ၏၊

ကျွန်တော့်ဆရာက ထောင်ပိုင်ပီသလွန်းသည့်ထောင်ပိုင်၊

လူမနေသည့် အခန်းဖြစ်သော်လည်း အခန်းနံရံများကို ဖွေးဖွေးစင်အောင် ထုံးဖြူသုတ်၍ကြမ်းခင်းကိုလည်း ဒီဇယ်ဖြင့် တိုက်ချွတ်သန့်ရှင်းထားလိုက်သည်မှာ ပြောင်လို့၊ လက်လို့၊ နီညိုရင့်ရောင် ဗိုင်စင်ကြီးများပေါ်တွင် မှတ်တမ်းဟောင်း၊ ဖိုင်ဟောင်းများက စီစီရီရီ၊ စနစ်ကျကျ၊ သေသေသပ်သပ် တင်ထား၏၊ မြွေရေခွံအိတ်ဖြင့် စည်းနှောင်ထားသော မှတ်တမ်းစာအုပ်ဟောင်းအထုပ်များကလည်း တစ်ခုသောအခန်းထောင့်တွင် ပိပိပြားပြား



တန့်ကူလက်လှည့်ငယ်ဆရာ၏ စနစ်ကျနသေသပ်မှုကို အတုယူ ကျေနပ်နေမိသည်၊

အရေးထဲ အရာပေါ်၊ စာပေပိုးက အငြိမ်မနေ၊

ကသုတ်ကရက် ထွက်လာခဲ့မိ၍ ဖတ်စရာစာအုပ်များလည်း မထည့်မိခဲ့၊ မျက်စိက ဗိုင်တင်စင်ပေါ်က ဖိုင်တွဲဟောင်းများဆီ အလိုလို အကြည့်ရွှေမိရသည်၊ ထိုထိုရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ရာ ဖိုင်တွဲဟောင်းများကို စိမ်ပြေနပြေ လှန်လှော၍ အေးအေးဆေးဆေးဖတ်၊ စိတ်ငြိမ်ဆေး ကျွေးရသည်မှာ အလွန်အကျိုးရှိတတ်၏၊ ရှေးက အဖြစ်သနစ်ဟောင်းတွေ၊ ရာဇဝင်အုပ်ပေါက်တွေ၊ မြုပ်နေ ထိန်နေသော အကြောင်းအရာတွေ ချက်ချင်းကြီးသေရာက ရှင်လာတတ်ကြစမြဲ၊ Outbreaks, Riots & Escapes ဟု မင်နီဖြင့် ရေးထားသော ဖိုင်တွဲတွင် သည်အကျဉ်းထောင်၏ ထောင်ပြေးမှု၊ ထောင်ဆူပူမှု၊ အုံကြွမှု စသည့် ကြီးကြီးကျယ်ကျယ်ကိစ္စတွေ အမှုမရှေးခါးတျှန် အကုန်ပါသည်၊ ဖိုင်တွဲနံပါတ် 13(J)Personal File ၌ ထောင်မှူး ထောင်ပိုင်တို့၏ကိုယ်ရေးကိုယ်တာ ဘာသိချင်သလဲ ဖတ်ကြည့်၊ ရက်စွဲစဉ်အလိုက် ပိုက်စိပ်တိုက်သလို သိရပါလိမ့်မည်၊


ကိုင်း – မအိပ်မီ ပိုးကလေးငြိမ်အောင် အသင့်တွေ့ရသော ဖိုင်တွဲအမှတ် 13(J)မှ ဌာနဆိုင်ရာ အမှုတွဲဟောင်း (Departmental Enquiry Report) တစ်တွဲကို အသာအယာ လှမ်းဆွဲလိုက်မိသည်၊

"ကျွီ – အီ – အီ"

အလို – မြတ်စွာဘုရား – စောစောကလေးကပင် မိမိကိုယ်တိုင် အတွင်းက ချက်ထိုး၍ပိတ်ထားသည့် အခန်းတံခါးက ဘာကြောင့် သူ့အလိုလို ပွင့်သွားရပါလိမ့်၊ ထူးဆန်းလှချည့်၊ ပွင့်နေသောတံခါးကိုပင် ပြန်မပိတ်မိသေးဘဲ ခြေများအသာထောက်၍ ကြောင်လမ်းလျှောက်သလို ဖွဖွညင်သာလျှောက်ပြီး အပြင်ကို ဟိုဟိုသည်သည် စူးစမ်းမိရသည်၊ နိဗ္ဗာ – ဘာမျှမရှိ၊ တစ်ဖက်ခန်းဆီမှ ဆရာ့ဟောက်သံသဲ့သဲ့ကိုသာ ကြားရ၏၊ ဆန်းတော့ ဆန်းနေ သည်ဆန်းသည်ထင်သည်၊

www.burmeseclassic.com

■■■ ဓာဓာကပင် တွေ့ခဲ့ရသည့် ရှေးရှင်သိမ်းသစ်၊ ဆံပင်နီနီ၊ စကားလက် အိုဟာရာမကလေးသည် အခန်းထုပ်တန်းမှ ကြိုးတန်းလန်း တွဲလောင်းကြီး ကျ၍နေသည်။ ခြေတွေ၊ လက်တွေ လေးပက်ပစ်လျက် တောင့်တောင့်တင်းတင်းကြီး။ ကြိုးကွင်းလျှောက လည်တိုင်ပြုပြုတွင် တစ်ရစ်တင်းကျပ် ရစ်ပတ်ခွေလျက်၊ မျက်လုံးပြူးလျှာထွက်။ မျက်နှာတစ်ပြင်လုံး သွေးတွေ ဆုတ်ကာ ဖွေးဖွေးဖြူနေ၏ ■■■



မြင်ရသည့်ပြတင်းဝ၌ နွမ်းဖော့ဘွန်တောင်တန်းညို့ ညို့ ကြီးကို အတိုင်းသား လှမ်းမြင်နေရ၏။ အမြင်သာနီး၍ ခရီးဝေးသည့်တောင်ဆို သကဲ့သို့ တကယ်တော့ - နီးလှသည့်ခရီးမဟုတ်။ စိန်လုံကမ်းပါးဟု အမည်ကျော်သော မြို့အနီးက တောင်တန်းကြီးတစ်ခုသာ။

ရင်ထဲ၌ စိမ့်ခနဲ အေးသွားလိုက်သည်မှာ ချက်ချင်းလက်ငင်းကြီး။

ရာသီက အေး၍အေးလိုက်ရခြင်းမျိုး မဟုတ်။ အရွတွေ၊ အသည်းတွေထဲ အထိ လိုက်တက်သွားသည့် အအေးမျိုး။ ကြက်သီးမွေးညင်းတွေ ဖျဉ်းခနဲ



ထလာသည်။ အခန်းအတွင်း ပြန့်ဝင်၍ တံခါးကို အမိအရ အသေအချာပိတ်၊ ခန္ဓာကိုယ်က ပန်း၍ အမြင်အာရုံများတာလည်း ဖြစ်တန်ရာသည်ဟု တစ်ကိုယ်တည်း ဖြေတွေးကလေး တွေးလျက် "အိပ်တာပဲ ကောင်းပါတယ်လေ" ဟု စိတ်ကူးဝင်သည်။ သို့ဖြင့် ကိုယ်ကိုလှည့်၍ ခြေကိုအရွှေ့

"……………"

"……………"

"ဂလု"

ကိုယ့်အသံပင် ကိုယ့်လည်ချောင်းဝက ရှောရှောရှူရှူ မထွက်နိုင်၊

အံ့အားကြီးလည်းသင့်၊ စိတ်နှလုံးလည်း ချောက်ချားလှသဖြင့် တံတွေးကိုသာ အတွင်းသား မျိုချနေရလေ၏။ ကြည့်ပါဦး၊

အသွင်သဏ္ဌာန်က မပီဝိုးတဝါး၊ ပြတ်ပြတ်သားသားမရှိ၊ သို့သော်ငြား ခပ်မှုန်မှုန် မှန်ထဲက အရိပ်ကို မြင်နေရသည်သို့သာဖြစ်၏။

ဆံပင်နီနီ၊ မျက်လုံးပြာပြာ၊ ဆံပင်တိုတိုကလေးနှင့် အသက်(၁၅၊ ၁၆) နှစ်အရွယ်မိန်းကလေး။ ဘလောက်စ်အကျီအဖြူတွင် ပန်းပွင့်အဆုပ်အဆုပ်ကလေးတွေနှင့် မီးခိုးပြာရောင်၊ အဲ - ခိုပြာရောင်ခေါ်လေမလား၊ ဂါဝန်ရှည်ကြီးက ခြေမျက်စိ ဖုံးမိသည်အထိ၊ အသွင်အပြင်က တိုင်းခြားသူမိန်းကလေး၊ အင်္ဂလိပ်မလေးပေလော၊ မြင်လွယ်အောင်ပြောရလျှင် ကမ္ဘာကျော် "Gone With the Wind" ဇာတ်ကားမဟာထဲက ဇာတ်လိုက် "စကားလက်အိုဟာရာ" နေရာတွင် သရုပ်ဆောင်ခဲ့သည့် မင်းသမီးချော "ဗီဗီယန်လေး" ပုံစံမျိုး၊ အသွင်အပြင် ထုံးဖွဲ့မှုကပင် ထိုပုံထိုဟန်အတိုင်း၊ ချောတော့ တော်တော်ချောသည့် မိန်းကလေး၊ ထူးခြားနေသည်က အသိမဲ့၊ အာရုံမဲ့၊ အလှုပ်အခတ်မရှိ၊ အရွယ်နှင့်ယှဉ်သော ရွှန်းလက်တောက်ပမှု အလျဉ်းမရှိသည့်မျက်ဝန်း၊ ပကတိ ခံစားမှု ကင်းဆိတ်သော လိပ်ပြာလွင့်နေသည့် သူသေမျက်နှာကြီးမျိုး၊

ကျွန်တော့်ခုတင်ဘေးတွင် ကပ်လျက်ရှိသော ပြတင်းပေါက်ကို ကျောပေးလျက် ကျွန်တော့်ကို စိန်းစိမ်းကြီး စိုက်ကြည့်နေသည်။ နစ်လိုဟန်လည်း မပြ၊ မနှစ်သက်သောအမူအရာလည်း မဟုတ်၊ သူ့ပိုင်နက်နယ်မြေအတွင်း

www.burmeseclassic.com

ရာရာစစကျူးကျော်ချဉ်းနင်းလာသူကားအဘယ်သူကောင့်သားပေနည်းဟု စူးစမ်းစောကြောနေသည့်မျက်နှာနေကို မြင်ရသည်၊

ကိုယ်ကလည်း သူ့ကို ကြည့်သည်၊

သူကလည်း ကိုယ့်ကို ကြည့်နေသည်၊ အင်း - ကြည့်နေသည်က စိတ်က ထင်သည်၊ နှစ်ဦးသား သူမလှုပ်၊ ကိုယ်မလှုပ်၊ ပကတိကျောက်ရုပ်၊

ကျွန်တော့်မှာ ရင်တွေ တဒိုင်းဒိုင်းခုန်၊ အသားတွေ တဆတ်ဆတ်တုန်လျက် အာစေးထည့်ထားဘိသို့ ဖေဘွေးတွေသာ သီးခနဲပြိုက်ခနဲ ကျ၍လာသည်၊ ခြေလည်း မရွေ့နိုင်၊ လက်လည်း မလှုပ်နိုင်၊ အကြောအခြင်တွေ တုံ့ဆိုင်း၊ ကျွန်တော်ထင်သည်၊ ကျွန်တော့်ဝင်သက် ထွက်သက်တွေပင် တဒင်္ဂရပ်သွားချေပြီဟု၊ သည်သို့သာ ထင်နေမိတော့သည်၊

"ဖြောက်"

ဆရာ့အခန်းဘက်ဆီမှ လျှပ်စစ်မီးခလုတ်ဖွင့်သံ သဲ့သဲ့နှင့် ရေချိုးခန်း၊ မိလ္လာဘက်ဆီသို့ သွားနေသည့် ဆရာ့ခြေသံ တဖျတ်ဖျတ်ကို ကြားနေရသည်၊

မီးခလုတ်ဖွင့်သံ "ဖြောက်" ကတည်းက မချောကလေးက "ဖျတ်" ခနဲ ပျောက်သွားပြီ၊ မချောကလေး ဝင်လာခဲ့ရာ တံခါးကလည်း သူ့နဂိုအတိုင်း ပိတ်လျက်သား၊ ဟုတ်မှ ဟုတ်ပါလေစ၊ အခန်းအတွင်း၌ ကျွန်တော် တစ်ကိုယ်တည်းထီးထီး၊ ဘာလဲ၊ ဘာလဲ၊ ဘာတွေလဲ၊ ဘာတွေဖြစ်နေတာလဲ၊ အာခေါင်တွေ ခြောက်လာသည်၊ အာရုံတွေ မူးနောက်ရီဝေလာသည်၊

အခန်းတံခါးကိုဖွင့်၍ ဆရာ့ကိုပင် ပြေးပြလိုက်ရကောင်းလေမလား၊

မဖြစ်သေး၊ ကိုယ့်အရှယ်၊ ကိုယ့်ရာထူးဌာနန္တရတွေနှင့် အရပ်ရပ်နေပြည် ကြား၍မှ မလျော်၊ ကိုယ့်စိတ်ကိုယ်ထိန်း ကိုယ့်နှလုံးကိုယ် သိမ်းထုပ်၍ ကုပ်ကုပ်ကလေး အိပ်ရာဝင်ခဲ့ရတော့၏၊ မီးကိုဖြင့် မပိတ်ရဲပါ၊ မတော်၍များ ... တွေးရင်းပင် ရင်တုန်ရှင်သည်၊ သို့ဖြင့် မီးအလင်းရောင် ထိန်ထိန်လင်းလျက် ငိုက်တစ်ဝက်၊ မေ့းတစ်ဝက်၊ အိပ်တစ်ဝက်၊ နိုးတစ်ဝက်၊ ငုတ်တုတ်သား ဗျာများနေခဲ့တော့၏၊



ဘယ်အချိန်ကတည်းက မေ့းခနဲ အိပ်ပျော်သွားမိလေသည်မသိ၊

ရုတ်တရက်ကြီး လန့်၍နိုးလာသည့်အခါ မျက်စိရှေ့မှာ လိပ်ပြာလွင့်ချင်စရာ မြင်ကွင်းဆိုးဆိုးက တန်းလန်းကြီး၊ မြင်ရျက်ကယ် ဆိုးလှပါဘိ၊ တည့်တည့်ကြီးကို တိုးမိရသည်၊ တန်းလန်းကြီးမှ အဟုတ်တကယ် တန်းလန်းကြီးပါ၊

စောစောကပင် တွေ့ခဲ့ရသည့် ရွှေရင်သိမ်းသစ်၊ ဆံပင်နီနီ၊ စကားလက်ဆိုတာရာမကလေးသည် အခန်းထုပ်တန်းမှ ကြိုးတန်းလန်း တွဲလောင်းကြီး ကျ၍နေသည်၊ ခြေတွေ၊ လက်တွေ လေးဖက်ပစ်လျက် တောင့်တောင့်တင်းတင်းကြီး၊ ကြိုးကွင်းလျှောက လည်တိုင်ဖြူဖြူတွင် တစ်ရစ်တင်းကျပ် ရစ်ပတ်ခွေလျက်၊ မျက်လုံးပြူးလျှာထွက်၊ မျက်နှာတစ်ပြင်လုံး သွေးတွေဆုတ်ကာ ဖွေးဖွေးဖြူနေ၏၊

"အို - ဘုရား - ဘုရား - ဘုရား"

ဘယ်နည်းဘယ်ပုံ အရေးမလှလေသည့် မြင်ကွင်းမျိုးလဲ၊ ရင်ထဲ၌လေး၍တွေးသလိုလိုကြီး ဖြစ်မိရသည်၊ ကြောက်သည်ထက် ပိုလွန်ခဲ့ပါပြီ၊ လူ့နယ်ပယ်လောက၏ ဟိုမှာဘက် ပရနယ်က ဘယ်ဆီဘဝတွင် သံယောဇဉ် နှယ်ယှက်ခဲ့ဖူးလေသော ပဋ္ဌာန်းဆက် သွေးရင်းမျိုးချာတွေပါလား၊ ကိုယ်မသိ၊ အာရုံမထင်နိုင်လေသော အတိတ်ဘဝ ဘဝတွေက စပ်မိစပ်ရာတွေ ကိုယ်အင်ပြနေလေရော့သလား၊ ခေါင်းနားပန်းတွေ ကြီးရ၏၊

ကိုင်း - ဘာလုပ်ရမလဲ၊

သရဏဂုံကိုသာ တွင်တွင် ရွတ်ပွားသရဇ္ဈာယ် နေမိတော့သည်သာ၊ "သဝေမပါ ကိုးဂါထာ" တဲ့၊ "သာဝတ္ထိ ဆန်းဂါထာတော်ကြီး" တဲ့၊ အနလုံးညီလုံ၊ အမြီးပြန် ခေါင်းပြန်၊ သို့သော်လည်း မြင်ကွင်းဆိုးကြီးက ပျောက်မသွားသေး၊ သည်အတိုင်းတိုင်းကြီးရှိ၍ နေသေးသည်၊ ကိုယ့်ကို ဘာမျှမလုပ်၊ လှုပ်တောင်မလှုပ်သော်လည်း မထိတ်သာ၊ မလန့်သာသည့် မြင်ကွင်းကြီးက ကျွန်တော့်ရင်ထဲမှ အသည်းတွေ အူတွေ၊ ကလီစာတွေကို ဆုပ်နယ်ချေမွနေဘိသကဲ့သို့ ရှူးသွပ်သွေးပျက်ချင်စရာ ကောင်းလှ၏၊

www.burmeseclassic.com

"ဖြောက်"

ဆရာ့အခန်းက မီးခလုတ်ဖွင့်သံ ကြားရပြန်သည်။

ထုံးစံအတိုင်းပ၊ ဆရာ့ခြေသံပင် မကြားလိုက်ရသေး။ ဟိုဟာမကလေး၏တန်းလန်းကြီးက ပျောက်သွားပြန်လေပြီ၊ အမလေးလေး – မောင်မင်းကြီးသား ကယ်ပေလို့ပါတကား။ သို့မဟုတ်လျှင်ဖြင့် ပောသည် ဟိုသင်းဟိုဟာကြီးနှင့် ကျွန်တော် မိုးအလင်းထိ မည်သို့မည်ပုံ စခန်းသွားကြရမည်မသိ။ ဟင်း – ဒုက္ခ – ဒုက္ခ – ဒုက္ခ။

"ကိုဇော်မြင့် – အိပ်လို့ရရဲ့လား၊ ရေပြောင်း၊ မြေပြောင်းဆိုတော့ အိပ်မပျော်ဘူးထင်တယ်၊ သိပ်ချမ်းနေရင်လည်း ရေနွေးရှိတယ်လေ၊ ကော်ဖီမှုန့်သောက်မလား"

ကိုယ့်ဆရာက ဖာဖာထေးထေး ထိန်းထိန်းသိမ်းသိမ်း အသံပေးသည်။ လက်ကနာရီကို ကြည့်မိ၏၊ နံနက်အရှက် (၃)နာရီ (၅၀)မိနစ်၊ တော်ပါပြီ၊ အရှက်တကွဲ အကျိုးနည်းလည်း မဖြစ်ပါစေနှင့်တော့၊ မောင့်ဒုက္ခနှင့် မောင်သာ ရှိပါစေတော့။

"တစ်ရေးနိုးတာပါ – ဆရာ၊ စာဖတ်ရင်းအိပ်ပျော်သွားလို့ မီးမပိတ်မိတာပါ၊ ဆရာ အိပ်ပါ၊ ကျွန်တော်လည်း ပြန်အိပ်တော့မှာပေါ့"

"အိပ်မပျော်လည်း ထောင်ထဲ ကင်းတစ်ပတ်လောက် စစ်လိုက်ကြရအောင်လား"

ဆရာတပည့်နှစ်ဦးသား ထောင်တွင်းဝင်၍ ကင်းစစ်ရင်းဖြင့်သာ မိုးစင်စင် လင်းခဲ့ရပါလေ၏။

"အစက ကျုပ် ပြောပြထားဦးမလို့ပဲ၊ ထောင်ပိုင်အဆက်ဆက် အဲဒီအခန်းက အဲဒီလိုမကြာခဏ အခြောက်အလှန့်ရှိတယ်လို့ နာမည်ကြီးခဲ့တာ၊ အဲ – ဒါပေမဲ့ – ကျုန်တဲ့နေရာ၊ ကျုန်တဲ့အချိန်ဆိုရင်တော့ မတွေ့ရတတ်ဘူးတဲ့၊ အဲဒီအခန်းကို သုံးမှတဲ့ဗျ၊ ကျုပ်တော့ ဒီအိမ်မှာနေတာ တစ်နှစ်ကျော်ခဲ့ပြီ၊ ပြောသံသာ ကြားဖူးခဲ့ရတာ၊ ကိုယ်တွေ့မကြုံဖူးသေးဘူး၊ တစ်ခါတစ်ရံ ငိုသံလိုလို၊ ဘာလိုလိုတော့ကြားဖူးခဲ့တာ၊ ကိုယ်တွေ့မကြုံဖူးသေးဘူး၊ အနေကြာတော့လည်း ရိုးသွားတာပါပဲ၊ ဘာသာခြား မိစ္ဆာဒိဋ္ဌိနဲ့ တူပါရဲ့ဗျာ၊ ထောင်ပိုင်အဆက်ဆက် ရွတ်ခဲ့၊ ဖတ်ခဲ့၊ နှင်ခဲ့တာ နည်းရော့သလား၊ ဒါတောင် အခုထိမကျွတ်မလွတ်နိုင်သေးဘူး၊ အစွဲအလမ်းကလည်း ကြီးပ"

ကိုယ့်ဆရာက သူ့တပည့် ကျွန်တော့်ခမျာ ဒူးနှင့် မျက်ရည်သုတ်ရမည့်တိန်းကို အရှင်လတ်လတ်ကြီး ကြုံရလေပါမှ ရွှေနှုတ်တော်ဖွင့်၍ လှစ်ဟတော့ သည်၊ ထိုအခန်း၌ အင်္ဂလိပ်ခေတ်က ထောင်ပိုင်ဝန် (Superintendent of Jail) အင်္ဂလိပ်ကြီး၏သမီးကလေးတစ်ယောက် သူ့ကိုယ်သူ ဆွဲကြိုးချ၍ သတ်သေသွားဖူးပါသတဲ့၊ ဘုရား ... ဘုရား ...

"ဟိုက် – ရှာလပတ်ရည်"

အနှစ်နှစ် ထောင်ဆရာကြီးကွေး၏ လက်သုံးစကားလုံးကိုပင် ခေတ္တငှား၍ ကိုယ့်နဖူး ကိုယ်ထုကာ အော်ညည်းပစ်လိုက်ချင်မိရပါတော့သတည်း၊

"စောရအိုင် မြူရီ"

"Tsaw ra ai Murie"

"ချစ်သော မြူရီ" တဲ့၊

"မြူရီ" မည်လေသော အနီ မယ်တစ္ဆေကလေး၏ဘဝက လွမ်းဆွတ်ကြေကွဲဆွတ်ကျင်စရာ၊ သည်လိုတဲ့ခင်ဗျာ၊

အချိန်ကာလအားဖြင့် ဂျပန်တော်လှန်ရေးအပြီး ၁၉၄၆ – ခု၊ ကက်စ်ဘီ CAS(B) (Civil Affair Services, Burma)ခေါ် အင်္ဂလိပ်ပြည်တော်ပြန်အစိုးရ၏ စစ်အုပ်ချုပ်ရေးကာလဖြစ်သည်၊ ထိုအချိန်က ထောင်ပိုင်ကို ထောင်ပိုင်ဟုမခေါ်၊ SCAO(Jail)တဲ့၊ Senior Civil Affairs Officer အကြီးတန်းမြို့ပြအုပ်ချုပ်ရေးအရာရှိ(အကျဉ်းထောင်)ပေါ့ခင်ဗျာ၊ သို့သော် ပင်မ ရင်းမြစ်ကမူ အင်္ဂလိပ်နယ်ချဲ့တို့၏ ကိုလိုနီခေတ် အစိုးရအုပ်ချုပ်ရေးပင် ဖြစ်ပါလေ၏။





www.burmeseclassic.com

www.burmeseclassic.com

စစ်အုပ်ချုပ်ရေးကာလ ဇန်းမော်ထောင်တွင် SCAO(Jail)ခေါ် ထောင်ပိုင်မှာ မစ္စတာ စီရေဂျစ်ချက်ဖြစ်သည်၊ အင်္ဂလန်ပြည်ပေါက် အင်္ဂလိပ်စစ်စစ်ဖြစ်၏၊ မစ္စတာရစ်ချက်၏ တစ်ဦးတည်းသောသမီးကလေး မြရီမှာ ရွှေရင်သိမ်းသစ် ဆယ့်လေးငါးနှစ်အရွယ်၊ မန္တလေးကွန်ဗင့်ကျောင်း၌ကျောင်းထားသည်၊ ယခု နွေရာသီကျောင်းပိတ်ရက်ဖြစ်၍ ဖခင် မစ္စတာရစ်ချက်ရှိရာ ဇန်းမော်ထောင်သို့ အလည်ရောက်နေသည်၊ မိခင် မစ္စရစ်ချက်က ဇန်းမော်မှာမရှိ၊ အင်္ဂလန်သို့ ခေတ္တပြန်နေ၏၊

ထောင်ပိုင်ကြီး၏ နေအိမ်က ထောင်ဘူးဝကြီး၏ အလယ်ထပ်မှာ ရှိသည်၊ "မြရီ" ကလေး၏အပျိုခန်းက အကျဉ်းထောင်အတွင်းပိုင်းကိုလှမ်းမြင်နေရသော ထောင့်စွန်းက အခန်းကလေးဖြစ်၏၊ (ဟုတ်ပါသည်၊ ကျွန်တော် ထောင်မှူးကြီး ကြီးတောင့်ကြီးမားကျခါမှ တစ္ဆေအခြောက်ခံခဲ့ရသည့် အခန်းပင် ဖြစ်ပါ၏၊)

မြရီကလေး၏ အခန်းပြတင်းပေါက်ကို ဖွင့်လိုက်သည်နှင့် ပထမဆုံးတွေ့ရသည်မှာ ထောင်တွင်းရေစက်ဖြစ်၏၊ ရေစက်ဆို၍ ယခုခေတ် လျှပ်စစ်မော်တာ၊ ဓာတ်ဆီ၊ ဒီဇယ်တို့ဖြင့် လည်ပတ်မောင်းနှင်ရသော ရေစက်မျိုး မဟုတ်ပါ၊ နွားလှည်းဘီး အရွယ်ပမာဏ သံဘီးကြီးတစ်ဖက်တစ်ချက်တွင် လူများကိုင်ရန် သံလုံးနှစ်လုံးတပ်ထား၍ အခြားတစ်ဖက်၌ အကျဉ်းသား ငါးယောက်စီ အင်နှင့်အားနှင့် လှည့်ရသော လူအားဖြင့် လည်ပတ်လျက် ရေစုပ်တင်ရသည့်ရေစက် (Kite Motion Pump)အမျိုးအစား ဖြစ်ပါ၏၊ မြန်မာတိုင်းရင်းသားတို့အား ကြဲကြဲဖန်ဖန် ညှဉ်းပန်းနှိပ်စက်ရာတွင် ပြိုင်ဘက်မရှိ၊ နံပါတ်ဝမ်း၊ တစ်ဂဏန်းတစ်ဖြစ်သည့် အင်္ဂလိပ်အစိုးရက ဇန်းမော်လိုထောင်ငယ်ကလေးမျိုး၌ အကျဉ်းသားများကို အလုပ်မရှိ၊ အလုပ်ရှာ ပင်ပင်ပန်းပန်းနှိုင်းစေရန် လုပ်ထားခဲ့သော ရေစက်ပင် ဖြစ်ပါသည်၊ (စစ်မဖြစ်ခင်က ထောင်တွေ၌သာ အသုံးပြုပြီး ဤခေတ်၌ တွေ့ရခဲ၊ မြင်ရခဲ ရှားလှသော အာဂနှိပ်စက်ညှဉ်းပန်းရေးကိရိယာကြီး ဖြစ်ပါသည်၊)



ထောင်ဘူးဝအလယ်ထပ် မြရီ၏အိပ်ခန်းနှင့် ဤရေစက်ခန်းကြီးက တည့်တည့်မတ်မတ် တန်းနေလေသည်၊

မန္တလေးကွန်ဗင့်ကျောင်းထွက် မြူးကြွသွက်လက်၊ လှုပ်ရှားပျော်မြူးနေရမှ စားဝင်အိပ်ပျော်သည့် မြရီလို လုံမပျိုကလေးအတွက် ဇန်းမော်လို အကျဉ်းထောင်ငယ်လေးသည် သုံးလေးရက်ထက်ပို၍ မွေ့လျော်အောင် မစွမ်းနိုင်၊ ကြာတော့ - သဲကန္တာရကြီးတစ်ခုလို ပျင်းရိငြီးငွေ့လာတော့သည်၊ ဂရမ်မာဖုန်း (ခေါ်) ဓာတ်ပြားစက်တစ်လုံးနှင့်သာ နေ့နေ့ညည အပျင်းဖြေနေရ၏၊ ထိုခေတ်က ရေပန်းအစားဆုံး (She is the yellow rose of Burma) ဓာတ်ပြားမှာလည်း ဖွင့်ရလွန်း၍ ပါးကာ ပေါက်မတတ်ဖြစ်နေပါပြီ၊ ဓာတ်စက်ဖွင့်လိုက်၊ အင်္ဂလိပ်အပျိုမငယ်လေးက လိပ်ပြာကလေးနယ် ဝဲကာပျံကာ ကလိုက်၊ သူ့ပီတိနှင့် သူ့အာရုံနှင့် သူ့စန္ဒာ ကိုယ်က တစ်ထပ်တည်း ကျနေတော့သည်၊

"Give me five minutes more,

only five minutes more.

Let me stay,

Let me stay.

in your arms"တဲ့၊

နားထောင်၍ကောင်းလိုက်သည့် သီချင်းကလေး ....၊

ထောင်တွင်း ရေစက်ဘုတ်ကိုင် ဆိုင်းလီဆိုသည့် အသက်(၁၈)နှစ်ခန့် ကချင်ကောင်ငယ်ကလေးက သည်သီချင်းကို အလွတ်ပင် ရနေပြီ၊

ဆိုင်းလီမှာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှ ဖာသာကြီး၏မွေးစားသား၊ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကား မှတ်နေအောင် တတ်၏၊ ဘုရားရှိခိုးကျောင်းမှ ငွေကြေးပျောက်ဆုံးမှုတွင် ဒရဝမ်ကိုင်၍ ထောင်(၁)နှစ် အကျခံနေရသည့်



www.burmeseclassic.com

www.burmeseclassic.com

ကာလေး၊ သဘောရိုးသလို၊ ဥပမိကလည်း ရည်မွန် သန့်ပြန့်သည်၊ ကချင်လူရောကလေး ဆိုကြပါစို့၊ ထောင်မှူး မစ္စတာဒစ်ကီဆိုင်းမွန်း၏ လက်စွဲတော် အကျဉ်းသား လူငယ်ကလေး၊

"မြူရီ သီချင်းဖွင့်တဲ့အခါပြတင်းပေါက်ကို ဖွင့်ထားပေးပါ"

"Oh, my God. ယူက အိုင့်နာမည်ကို ဘယ်လိုလုပ်သိတာလဲ"

"လွယ်ပါတယ်၊ ချစ်တော့ - သိတာပေါ့"

"ကြည့်စမ်း - ယူ သိပ်တတ်တာပဲ၊ ဒယ်ဒီသိရင် ယူ - ဒုက္ခအကြီးကြီးဖြစ်လိမ့်မယ်"

"အချစ်မှာ ဒုက္ခမရှိပါဘူးကွယ်"

အချစ်ဆိုသည့်အရာက လွန်စွာထွေလီဆန်းပြားသည်၊ ဘာသာ၊ လူမျိုး၊ အဆင့်အတန်း အကွဲအပြားမရှိ၊ ဆူကြုံနိမ့်မြင့် တိုင်းတာစရာ စံလည်း နိတ္တိနယ်စည်းမထား၊ သူလာချင်သည့်အချိန် လာသည်၊ သူရောက်ချင်သည့်အချိန် ရောက်သည်၊ သူ့မှိုရင်တွေ ခုန်ခွင့်မပေးလိုက်မိစေနှင့်၊ Love is blind တဲ့၊ ချစ်လျှင် စုံလုံးကန်းသည်တဲ့၊ စဉ်းစားပဲ ကြည့်ပါဦး၊ မြန်မာပြည်ကို ကျွန်ပြုအုပ်ချုပ်နေသည့် အုပ်ချုပ်ရေးအရာရှိ SCAO(Jail)ထောင်ပိုင်ကြီး၏ သမီး ကွန်ဖင့်ကျောင်းသူ အင်္ဂလိပ်မကလေး မြူရီနှင့် ပုံစံအင်္ကျီဖြူလည်ပိုက်၊ နံငယ်ပိုင်း ပုဆိုးဖြူကြမ်းစည်း၍ ခြေထောက်၌ ဖိနပ်ဗလာ ကချင်အကျဉ်းသားကလေး ဆိုင်းလီတို့ကို အချစ်ဆိုသည့်အရာက ကလူကျီစယ်ခဲ့ပြီ၊

မြူရီက ကချင်စကား သင်ချင်သည်ဟူသော အကြောင်းပြချက်ဖြင့် ဆိုင်းလီကို ထောင်ပိုင်အိမ်ပေါ် လာခွင့်ရအောင် ကြံသည်၊ "ဖောင်းတော် ညိတ် စိတ်တော်သိ" ရသော ထောင်မှူး မစ္စတာဒစ်ကီဆိုင်းမွန်းက ဆိုင်းလီကို ထောင်ပိုင်အိမ်ပေါ် ခေါ်၊ ခေါ်ပေးရ၏၊

တကယ်တော့ ဤကိစ္စကို ထောင်ပိုင်ကြီး မစ္စတာရစ်ချက်လည်း သိပါသည်၊

သမီးကလေးကို ချစ်ခြင်းပြီးလျှင် - သူမျက်စိအောက်မှာ ဖြစ်နေခြင်းတို့ကြောင့် မသိကျိုးကျွံ ပြုနေခဲ့ခြင်းသာ၊ သို့သော် ကချင်ဘာသာစကားသင်



ကျောင်းမဟုတ်ရဘဲ "ခစ္စေးကျောင်း" ဖြစ်မှန်းမသိဖြစ်နေခဲ့ခြင်းကိုမူ အင်္ဂလိပ်ထောင်ပိုင်ကြီး မသိ၊

"စောရအိုင် မြူရီ (မြူရီကို ချစ်တယ်) Tasw ra ai Murie"

"စောရအိုင် ဆိုင်းလီ (ဆိုင်းလီကို ချစ်တယ်) Tasw ra ai SaiLee"

ကဲ - ကောင်းကြရော၊

သို့သော် - ဟုတ်ကဲ့ - ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်းများထဲက အတိုင်းပါပဲ ခင်ဗျာ၊ ဖြစ်ရပုံများနယ်၊ ရုံးမှသည် ချိန်ခါမဟုတ် အိမ်ပေါ်ပြန်တက်လာသော ထောင်ပိုင်ကြီးက "ခစ္စေးကျောင်း" ကို ပက်ပင်းကြီး မိလေသောအခါ မိုးကို မီးလောင်လေပြီတည်း၊

အကျဉ်းသား ဆိုင်းလီမှာ ပြစ်ဒဏ်တိုက်(Solitary Cell အလုံးတိုက်) ထဲ တန်းခနဲ ရောက်သွား၏၊ (သူ၏အိပ်ရာထဲမှ သံဖြတ်လွှ တွေ့လို့တဲ့ခင်ဗျ။) ကြည့်စမ်း - အပြင်ပလောက၌ ဘိန်းပစ်ဖမ်းသလိုမျိုး အင်္ဂလိပ်အကောင်းစားကြီးများ ပလီစိမ်ချောက်ချက် ကလိမ်ကကျစ်လုပ်ပုံ သင်းလုပ်ပေ၏၊

မြူရီကို အိပ်ခန်းအတွင်းသွင်း၍ အပြင်မှ သော့ခတ်ပိတ်ထားသည်၊ အင်္ဂလန်ပြန်ပို့မည်ဟုလည်း ဒေါ်သူပုန်ထ ကြိမ်းမောင်းထားလိုက်သေးသတဲ့၊ မျက်ရည်ရွှဲ၊ အသည်းကြွေစရာ လွမ်းခန်းပေပေါ့ခင်ဗျာ၊

သို့သော် - မြူရီမှာ သူ့ဇာတိမြေ အင်္ဂလန်ကို မပြန်လိုက်ရရှာပါ၊ ဆိုးဝါးသော ကံကြမ္မာ နောက်သာ ကောက်ကောက်ပါအောင် လိုက်သွားရှာပါ၊

တစ်နေ့နံနက်ခင်း၊

အချုပ်ထောင်အတွင်း "ဆိုင်းလီ" ကို ကိုယ်တုံးလုံးချွတ်၊ ကြိမ်ရိုက်စင် (Flogging Triangle)ပေါ်တွင် ကားခနဲတင်၍တင်ပါး၌ပိတ်စိမ်းပါးကလေး ခုံအုပ်ပြီး ကြိမ်ဒဏ် အချက်သုံးဆယ် ရိုက်သည်၊ "စကားလက်အိုဟာရာ" မကလေး မြူရီကို ချစ်မိ၍ ပေးဆပ်နေရသည့် မေတ္တာဝန်ဒဏ်ကြေးတွေ ဖြစ်ပါလေ၏၊

(ဟုတ်ကဲ့ - ဟိုခေတ်က ထောင်များတွင် ကြိမ်ဒဏ်စနစ် ရှိခဲ့ဖူးသည်။ ၁၉၇၄ - ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ "လူ့သိက္ခာ ညှိုးနွမ်းသေးသိမ်စေ



www.burmeseclassic.com

www.burmeseclassic.com

သည့်ပြစ်ဒဏ်များ မပေးရ" ဟူသောပြဋ္ဌာန်းချက်အရပပျောက်သွားခဲ့ရခြင်း ဖြစ်၏။)

ကြိမ်ရိုက်သည့်အခါ ကြိမ်ရိုက်ခံရမည့် အကျဉ်းသား၊ အချုပ်သားကို ကိုယ်တုံးလုံးချွတ်(naked) ထားရ၏။ ယခု ဆိုင်းလီမျာ ဤကဲ့သို့ပင် ဖြစ်၏။ ကြိမ်ရိုက်စင်တွင် ခြေနှင့်လက်များကို တုပ်နှောင်လိုက်သည်၊ ထို့နောက် ဆေးဝါရည်စိမ်ထားသော ပိတ်စိမ်းပါးကလေးကို တင်ပါးပေါ်တွင် အုပ်ပြီးနောက် ကြိုးစကို ဝမ်းဗိုက်၌ ချည်နှောင်လိုက်၏။ ကားစင်ရှေ့မှ လက်နှင့်ခါးသိုင်းကြိုးတို့ကို အကျဉ်းသားတစ်ယောက်က ဆွဲတင်ပြီးကိုင်ထားသည်။ ကြိမ်ရိုက်သမားက ဘယ်ဘက်ခြမ်းမှရိုက်မည့် "ဘယ်ကြိမ်"၊ ညာဘက်ခြမ်းမှ ရိုက်မည့် "ညာကြိမ်" စသည်စသည် နှစ်ယောက်၊ မညာမတာ တကယ်ဆော်ကြမည့်လက်တွေနဲ့။

"ကြိမ်ဒဏ်အချက်သုံးဆယ်"

ကြိမ်ရိုက်ဘုတ်ကိုင်က ကြိမ်ကို အပေါ်မြှောက်၍ အော်လိုက်သည်နှင့် တစ်ပြိုင်နက် အော်တိုမစ်တစ် စက်သေနတ် (Bren Gun)မှ ကျည်ဆန်တွေ ပလူပျံအောင်ထွက်လာသလို ဘယ်ကြိမ်ညာကြိမ် တရွှမ်းရွှမ်း အဆက်မပြတ် တရစပ် "ဆိုင်းလီ"တင်ပါးပေါ်သို့ ကျရောက်လာတော့၏။ ကြိမ်တစ်လုံးမကျမီကပင် ကြိမ်ရိုက်ခံမည့်သူ၏တင်ပါးကလေးမှာ တဆတ်ဆတ် တုန်လျက်ရှိရာ ကြိမ်ဒဏ်တကယ်ရိုက်ပြီဆိုသောအခါ "ကယ်ပါ၊ ယူပါ၊ အမေ ရေ၊ အဖေရေ" တစာစာအော်လျက် ကော့လန်လူးပျံနေအောင် မရိုးမဆုံ့ ခံစားရပါလေ ပြီ။ ကြိမ်ဒဏ်စေ့သည့်အခါ စကားမေးမရတော့၊ ဝပျော့ခွေနေပြီ။ မေ့နေပြီ။

ကံကြမ္မာငင်၍ ကြိမ်ဒဏ်ရိုက်နေသဖြင့် မရိုးမဆုံ့ နာနာကျင်ကျင် သည်းအူကြွေမတတ် အော်ဟစ်နေသည့် ဆိုင်းလီအသံကို အခန်းပြတင်းတံခါးတွေ လုံခြုံအောင် ပိတ်ထားသည့်ကြားက မြူရီကြားနေရသည်၊

နားကလည်းကြားသည်၊ ရင်ထဲ နှလုံးသားထဲကလည်းကြားသည်။

မြူရီမှာ ဆောက်တည်ရာမရ၊ ဆွေ့ဆွေ့ခုန်နေရှာတော့၏။



သို့ဖြင့် ချစ်သော မြူရီသည် သူ့ကိုယ်သူ အဆုံးစီရင်ခဲ့တော့သည်၊


ဩော် - ချစ်သူတို့၏သက်တမ်းကား တိုလွန်းစွ၊

သင် - တစ္ဆေခြောက်ခံ့ရဖူးပါသလား။

ကြောက်စရာ သရဲတစ္ဆေ၊ မြေဖုတ်ဘီလူး၊ ကြောက်မက်ဖွယ် အသွင်ဆိုး၊ သဏ္ဍာန်ဆိုးကြီးတွေနှင့်မဟုတ်ဘဲ နငယ်ပျိုမျစ်လှပသော မြူရီလို တစ္ဆေ အပျိုမငယ်က ကိုယ်ကောင်ထင်ရှားပြ၍ ခြောက်လှန့်ခဲ့မည်ဆိုပါလျှင် သင် မည်သို့ ရှိပါမည်နည်း။

ဟုတ်ကဲ့ - ဝန်းမော်အကျဉ်းထောင်၌မြူရီကတော့ ရှိနေပါသည်။ ယနေ့ တိုင်အောင် ရှိနေဆဲလည်း ဖြစ်ပါသည်၊

»»» စေယျမင်းသူ



www.burmeseclassic.com

www.burmeseclassic.com




# မပီဝိုးတာဝါး တေးသမား

ကျော်မြင့်ကျော်

လွန်ခဲ့တဲ့နှစ် (၄၀)လောက်က အဖြစ်အပျက်တစ်ခုပါ၊ အဘွားဖြစ်သူရဲ့ ပြောပြချက်တွေကို နားထောင်ပြီး သူ့ပြောပြသမျှတွေအပေါ် စိတ်ကာပတ်ကုံး ရေးလိုက်တဲ့ အဖြစ်အပျက်တစ်ခုပါ၊ အဘွားနဲ့ သူ့မရဲ့တူလေးကြုံခဲ့ရတဲ့ ဖြစ်ရပ်လေးတစ်ခုပေါ့ ...။

နှစ်စဉ်နှစ်တိုင်းဝါဆိုလကိုရောက်လာပြီဆိုတာနဲ့ ချောက်မြို့နယ်အလွှန် စလေမြို့က သမိုင်းဝင်ရှင်ပင်အကြီးဘုရားပွဲတော် နီးကပ်လာတာနဲ့အမျှ မြို့သူမြို့သားများနဲ့ရွာနီးချုပ်စပ်က တောသူတောင်သားများက လှုပ်လှုပ် ရှားရှား ဖြစ်လာကြပါတော့တယ်၊ ဝါဆိုလပြည့်နေ့ရောက်တဲ့အခါမှာတော့ ဘုရားပွဲတော် ကျင်းပကြပါတယ်၊

သမိုင်းဝင် ရှင်ပင်အကြီးဘုရားသမိုင်းကို ပြောရရင် ရှင်အရဟံမထေရ် မြတ်ရဲ့သာသနာပြုခရီးသုဝဏ္ဏဘုမ္မိက ပုဂံနေပြည်တော်ကို ဧရာဝတီမြစ် ကြောင်းအတိုင်း ရေလမ်းခရီးနဲ့ ဆန်တက်ကြွမြန်းလာချိန်မှာ ပုဂံပြည့်ရှင် အနော်ရထာမင်းမြတ်က ရှင်အရဟံမထေရ်မြတ်ကို စလေမြို့ ဧရာဝတီ မြစ်ဆိပ်ထိဆင်းပြီး ကိုယ်တော်တိုင် ဖူးမြော်ကြည်ညိုခဲ့တာ ဖြစ်ပါတယ်၊

www.burmeseclassic.com

■■■ နောက်တော့ ဟားပို့ဟားအိုကာအစ ဟားတွေရှိသမျှ လိုက်ဆိုကြတော့တာပ်ပဲ။ ဒါမျိုး ကျွန်တော် တစ်ခါမှ မကြားဖူးဘူး။ မမြင်ဖူးဘူး။ ဟားတွေက မလှုပ်မရှား တိုင်တည်ပြီး တေးဆိုနေကြတယ် ■■■



ဒီအကြောင်းကို [illegible] ဘုရားတစ်ဆူ တည်ထားကိုးကွယ်ခဲ့ရာ ထိုစေတီမြတ်ဟာ ရှင်ပင်စာကြီးဘုရားဟူ၍ သမိုင်းမှာ အထင်ကရ ရှိနေခဲ့ပြီး နှစ်စဉ် ဝါဆိုလပြည့်နေ့မှာ ဘုရားပွဲတော် ကျင်းပတဲ့ အစဉ်အလာ ရှိပါတယ်၊ ဒီစေတီတော်မြတ်ဟာ စလေမြို့နယ် ဥယျာဉ်ရွာမှာ ရှိပြီး ဥယျာဉ်ရွာဟာ စလေမြို့ကနေ (၇) မိုင်ကွာဝေးပြီး စလေမြို့အောက်ဘက် ပခန်းငယ်ကြားမှာ ရှိပါတယ်၊ ရွာကြီးတစ်ရွာဖြစ်ပြီး ဘာသာတရားကိုင်းရှိုင်းကြသူတွေ ဖြစ်ပါတယ်၊ ထိုစဉ်ကစလို့ ဆီးပင်စိုက်ပျိုးအသက်မွေးမြူကြသလို မြစ်ရေကျလို့ သောင်ထွန်းချိန်ရေစိုစိုသဲမြေမှာပဲ စုံစိုက်ပျိုးကြသူတွေ ဖြစ်ပါတယ်၊ စက်ဆီးသီးရယ်လို့ နာမည်ကျော်ခဲ့တာ လူတိုင်း သိပါတယ်၊



ဘုရားပွဲတော်ချိန်ရောက်တာနဲ့ ရွာနီးချုပ်စပ်က တောသူတောင်သားများသာမက နီးစပ်ရာမြို့ရွာတွေက ဘုရားဖူးများကလည်း ဒီစေတီတော်မြတ်ဆီကို ကုန်းတစ်တန်၊ ရေတစ်တန်လာသူလား အနီးအနားရွာတွေက လမ်းလျှောက်လကြသူ၊ လှည်းစီးလာကြသူ၊ ဘုရားဖူးတွေနဲ့ စည်ကားလို့ နေပါတယ်၊

ဘုရားပွဲတော်ဖြစ်တာနဲ့အညီအနီးအနားက တောင်းရမ်းစားသောက်သူ အတော်များများကလည်း ဘုရားပွဲတော်ဆီလာစုကြပါတော့တယ်၊ ဘုရားဖူးလာကြသူတွေအနေနဲ့ကလည်း ဒီလိုဘုရားဖူးလာခိုက် နေ့ရက်တွေမှာ သူတို့နဲ့ပါလာတဲ့ငွေကြေးစ အတော်များများကိုတောင်းရမ်းစားသူတွေ အား ပေးစွန့်ကြလေ့ ရှိကြပါတယ်၊

တောင်းရမ်းစားသောက်ကြသူတွေထဲမှာ မျက်စေ့မမြင်သူ၊ မျက်စိမွဲသူ၊ သားထောက်သမီးခံမရှိဆင်းရဲနွမ်းပါးသူ၊ အိုမင်းသူများလည်းပါတဲ့အလျှောက် သားပျောက်ရှာ၊ သမီးပျောက်ရှာသလို ကျွေးမွေးပေးကမ်းမယ့် လူတွေကို မျှော်နေကြတာပဲ ဖြစ်ပါတယ်၊

ဒီအထဲမှာ "မပီပိုးတဝါးတေးသမား" လို့ခေါ်လောက်တဲ့ လူတစ်ယောက် ပါနေတာ တွေ့ရပါတယ်၊ အဲဒီလူက စကားမပြောနိုင်လောက်အောင် ဆွံ့အနေသူ ဖြစ်ပါတယ်၊ သူ တယောထိုးတဲ့အချိန် အခိုက်အတန့်မှာတော့ သူက သီချင်းဆိုတယ်၊ ဒါပေမဲ့ - လည်ချောင်းထဲက အသံမျှဉ်းမျှဉ်းလေးနဲ့ မပီမသ တေးတချို့ကို သီဆိုနေတာ ဖြစ်ပါတယ်၊ တယောထိုးသံနဲ့အတူ ပါးစပ်ကို လှုပ်လှုပ်လှုပ်လှုပ်လုပ်ပြီး သီဆိုနေတာ ဖြစ်ပါတယ်၊ ဒါကြောင့် ဒီနာမည်ကို မပီပိုးတဝါးပေးကြတာ ဖြစ်မယ် ထင်ပါတယ်၊

ဒီဆွံ့ဆွံ့အအနဲ့ဆိုတဲ့ အဖိုးကြီးက အရုပ်ရှည်ရှည်၊ ကြည့်ရတာကတော့ ထူးထူးဆန်းဆန်းပဲ၊ သူ့မျက်နှာနဲ့လက်တွေက နေလောင်ထားသလိုမျိုး

www.burmeseclassic.com

ကြေးနီရောင်ပေါက်ပြီး ညှိနေတယ်၊ ဆံပင်တွေ၊ မုတ်ဆိတ်ကျင်စွယ်တွေကလည်း ဖြူဆွတ်လို့၊ သူ့ကြည့်ရတာ ရှေးကျမ်းစာတွေထဲမှာ ဖတ်ဖူးခဲ့တဲ့ ပညာရှိတစ်ယောက်နဲ့ တူနေသလိုပဲ၊

တစ်မနက်ခင်းစောစောမှာ ကိုယ်လက်မျက်နှာ ဆေးကြောနေတဲ့ "မပီဝိုးတဝါးတေးသမား"ကြီးကို ရေစပ်နားမှာ တွေ့လိုက်ရတယ်၊ သူကပြုံးပြီး ကျွန်တော်ကို ထိုင်စေချင်တဲ့သဘောနဲ့ မြေကြီးကို ပုတ်ပြတယ်၊ ပြီးတော့ - သူက ကျွန်တော်ကို ဘာသဘောရယ်လို့တော့ မသိ၊ လက်ညှိုးထောင်ပြနေတာတွေ့လိုက်ရတယ်၊

ချက်ချင်းဆိုသလို သူ့လက်ကို ရေထဲထည့်လိုက်တယ်၊ ပြီးတော့ - ဖားအော်သံလိုမျိုး အသံထူးထူးဆန်းဆန်း ထွက်လာအောင် သူ့လက်နှစ်ဖက်ကို ပါးစပ်နားကပ်ပြီး အသံပြုလိုက်တယ်၊ အဲဒီလို အကြိမ်အတော်များများ လုပ်လိုက်တယ်၊ နောက် ရေမျက်နှာပြင်ကို အသာအယာပုတ်လိုက်တဲ့အခါမှာတော့ လှိုင်းဂယက်တွေထလာပြီး လှိုင်းဂယက်လေးတွေဟာ တခြားဘက်တွေဆီ ရိုက်ခတ်သွားတာ တွေ့လိုက်ရတယ်၊

ချက်ချင်းဆိုသလို ကျွန်တော့်ဝန်းကျင်မှာ လှုပ်ရှားသွားတယ်လို့ ထင်လိုက်ရတယ်၊ ဒါ တကယ်ပဲလားလို့ မယုံကြည်နိုင်အောင် ဖြစ်သွားတယ်၊ ဖားကောင်ရေ ရာဂဏန်းလောက်က ရေပေါ်မှာရော ရေအောက်မှာပါ ခုန်ပေါက်ကြ၊ ရေကူးကြနဲ့ ကျွန်တော့်ဆီကို ပြေးလာနေကြတယ်၊ ကျွန်တော်လည်း စိတ်လှုပ်ရှားပြီး တုန်လှုပ်သွားတယ်၊ ဖားတွေက ကျွန်တော်တို့ဝန်းကျင်မှာ စုဝေးလိုက်ကြတယ်၊ ဖားတွေရဲ့ခေါင်းတွေ၊ မျက်လုံးတွေကို ကျွန်တော်ရေပေါ်မှာ မြင်နေရတယ်၊ ငုပ်ချည်ပေါ်ချည်နဲ့ အသည်းတုန်စရာပါ၊

တစ်ခါမပီဝိုးတဝါးတေးသမားက ချောင်းစပ်က ခရုတချို့ကိုတွေ့သွားပြီး အပိုင်းအစသေးသေးလေးတွေဖြစ်အောင် ဖဲ့လိုက်ပြီး ဖားတွေကို ကျွေးတော့တာပါပဲ၊ သူတို့က နီးသထက်နီးလာကြတယ်၊ မပီဝိုးတဝါးတေးသမားက တယောထိုးရင်း သီချင်းစဆိုပါတော့တယ်၊ အဲဒီလို သူတီးခတ်သီဆိုချိန်မှာ



တော့ ဖားတွေအားလုံးက ငြိမ်ပြီး နားထောင်နေကြတယ်၊ နောက်တော့ ဖားပျို ဖားအို ကအစ ဖားတွေရှိသမျှ လိုက်ဆိုကြတော့တာပါပဲ၊ ဒါမျိုး ကျွန်တော် တစ်ခါမှ မကြားဖူးဘူး၊ မမြင်ဖူးဘူး၊ ဖားတွေက မလှုပ်မရှား တိုင်တည်ပြီး တေးဆိုနေကြတယ်၊

ညအချိန်ရောက်ရင် မပီဝိုးဝါးတေးဆိုသမားလို့ ဘယ်သူမှ မတွေ့ကြရသလို သူ ဘယ်မှာ အိပ်တယ်ဆိုတာကိုလည်း ဘယ်သူမှ မသိကြဘူး၊ ဒါပေမဲ့ နေ့အချိန်မှာတော့ ဇေတီရှေ့က ထနောင်းပင်ခြေမှာ သူ့ကို တွေ့နေကျနေရာမှာပဲထိုင်ပြီး တယောထိုးနေမယ်၊ ဂီတသံစဉ်နဲ့အတူ သူ့နှုတ်ခမ်းအစုံကို တိတ်တိတ်ဆိတ်ဆိတ် လှုပ်ညည်းပြီး သီဆိုနေတာကို တွေ့ကြရမြဲဖြစ်တယ်၊

ဘုရားဖူးလာသူတိုင်းက မပီဝိုးဝါးတေးဆိုသမားကို သဘောကျကြတယ်၊ တောသူတောင်သားတွေ များသလိုတောင်းရမ်းစားသူတွေကလည်း များမှများပါပဲ၊ ဘုရားဖူးလာသူတွေက မြေပေါ်မှာထိုင်ပြီး ပေးကမ်းစွန့်ကြဖို့ တောင်းရမ်းနေတဲ့ သူတွေရဲ့ခွက်တွေထဲကို အကြွေစေ့လေးတွေ ပစ်ထည့်ပေးကြပေမယ့် မပီဝိုးတဝါးတေးဆိုသူကိုတော့ ဒီလိုမဟုတ်ဘဲ သူ့ရဲ့ခွက်ထဲကို အကြွေစေ့လေးတွေ အသာအယာပဲ လေးလေးစားစားနဲ့ ထည့်ပေးကြတာ တွေ့ရတယ်၊

သူက လိပ်ခွံခွက်တစ်ခုကို သုံးတယ်၊ တခြားသူတွေထက်လည်း ပိုများများရတယ်၊ ဒီလိုရတဲ့အတွက်လည်း တခြားသူတွေအတွက်က ပြဿနာ မဟုတ်ပါဘူး၊

တစ်နေ့တာ ကုန်ဆုံးသွားချိန်မှာတော့ တောင်းရမ်းစားသူတွေက ထနောင်းပင်ခြေအောက်က မပီဝိုးတဝါး တေးဆိုသမားကြီးရှေ့မှာ လာပြီး စုလိုက်ကြတယ်၊ သူက သူဝတ်ထားတဲ့အင်္ကျီထဲက ဖြူဖြူသန့်သန့် လက်



www.burmeseclassic.com

ကိုင်ပဝါလေးတစ်ခုကို ထုတ်ယူလိုက်ပြီး မြေပေါ်မှာ အသာအယာဖြန့်ခင်းလိုက်တယ်။ သူ့ကြည့်ရတာ ဘာသာရေးပွဲလမ်းသဘင်တစ်ခုလုပ်နေသလိုမျိုးပဲ တခြားတောင်းရမ်းသူတွေကိုလည်း အဲဒီလို လိုက်လုပ်နိုင်းတယ်။ နောက်တော့ သူ့အတွက်ဘာဆိုဘာမှချန်မထားတော့ပဲ ရသမျှ အကြွေအားလုံးကို အညီအမျှပုံပြီးသူတို့အားလုံးကို ခွဲဝေပေးလိုက်တော့တာပဲ။

သူ့ဝန်းကျင်မှာရှိတဲ့ မဲမဲသဲသဲ ရောဂါဝေဒနာတွေနဲ့ တောင်းရမ်းစားသောက်သူတွေကို သူကစိတ်မကောင်းစွာနဲ့ကြည့်လိုက်တယ်၊ နေလုံးကြီးကတော့ မြန်မြန်ဆန်ဆန်ပဲ ဝင်သွားနေတဲ့အလျောက် တောင်းရမ်းသူတွေလည်းဘုရားပရဝုဏ်အတွင်းကနေ ထွက်ခွာသွားကြတော့တယ်၊ မပီဝိုးတဝါးတေးဆိုသူကြီးကတော့ သူ့ဦးခေါင်းကို ငုံ့ပြီး ဆုတောင်းနေတယ်။

အဲဒီနောက် မပီဝိုးတဝါးတေးသမားက သူ့ဘယောကိုထိုးရင်း သူ့နှုတ်ခမ်းအစုံကလည်းဂီတသံနဲ့အတူလိုက်ပြီးလှုပ်နေတယ်။ မပြန်ကြသေးတဲ့ တချို့တောင်းရမ်းသူတွေကထိုင်ပြီး နားထောင်နေကြတုန်းပဲ ရှိသေးတယ်။ ဂီတသံက သူတို့ရဲ့နှလုံးသားထဲကို နက်နက်ရှိုင်းရှိုင်း စူးဝင်သွားတဲ့ပုံပဲ၊ ဂီတသံက သူတို့ရဲ့နှစ်ပေါင်းများစွာကခံစားရတဲ့နာကျင်မှုတွေ၊ ဝေဒနာတွေနဲ့ မျှော်လင့်ချက်ဆုံးပါးမှုတွေကနေ လွင့်စဉ်ပပျောက်သွားပြီး နောက်တစ်ဖန် လူသားတစ်ယောက်ရဲ့ခံစားမှုတွေကို ပြန်လည်ဖြစ်ပေါ်လာစေတာနဲ့အမျှ သူတို့ထဲက တချို့က ငိုကြွေးကြတယ်၊ နောက်တော့ သူတို့ရဲ့ခြောက်သရောင်း ဖြစ်နေတဲ့လက်တွေနဲ့ မျက်ရည်တွေကို သုတ်လိုက်ကြတယ်။

မပီဝိုးတဝါးတေးဆိုသမားဟာ လူမဟုတ်ဘူး၊ တောင်းရမ်းတဲ့သူအသွင်နဲ့လာတဲ့ ပရလောကသူတော်စင်တစ်ဦးလို့ တောင်းရမ်းစားသူတစ်ယောက်ကပြောတာ ကျွန်တော်ကြားခဲ့ရတယ်၊ ဒီအတိုင်းသာမှန်ခဲ့ရင် တောင်းရမ်းသူအသွင်နဲ့တော့ ဘယ်လာပါ့မလဲ၊ ရသေ့ရဟန်းအသွင်နဲ့ လာမှာပေါ့လို့ တခြားတစ်ယောက်က ပြန်ပြောတယ်။



တစ်နေ့တော့ ဘုရားပွဲတော်ဆီလာတဲ့ ဘုရားဖူးပရိသတ်က အတော်ကိုများတယ်၊ စေတီပုထိုးတွေဆီက ဆည်းလည်းသံ၊ခေါင်းလောင်းသံနဲ့ အသံချဲ့စက်နဲ့သီချင်းသံတွေကလေထဲမှာ ပြည့်လျှံသွားသလို တောင်းရမ်းစားသောက်သူများရဲ့ ပေးကြပါ၊ စွန့်ကြဲကြပါဆိုတဲ့ အသံတွေကလည်း ညံသွားတော့တယ်။

ဘုရားဖူးပရိသတ်တော့ ဥပုသ်သီတင်းသီလ ဆောက်တည်ပြီး တချို့ထွက်လာကြတာနဲ့ မပီဝိုးတဝါးတေးသမားကလည်း သူ့ဘယောကို ထိုးပြီး တေးသီချင်းသီဆိုတော့တာပါပဲ၊ ဘုရားဖူးပရိသတ်ထဲကတချို့သူ့ဝန်းကျင်မှာ စုလိုက်ကြပြီး သူ့ရဲ့ခွက်ထဲကို ငွေအကြွေစတွေ ထည့်ပေးလိုက်ကြတယ် ရုက်ချင်းဆိုသလို သူ့လက်တစ်ဖက်ကို ချိုင်းအောက်ထဲ ထိုးသွင်းလိုက်ပြီးတဲ့နောက် သူက လက်မောင်းကိုလေထဲပစ်မြှောက်လိုက်တယ်၊ သူ့ဘယောလည်းမြေကြီးပေါ်ကျပြီး ကွဲသွားတယ်၊ တောင်းရမ်းစားသူ တစ်ယောက်က မပီဝိုးတဝါးတေးဆိုသမားကြီး လဲအကျမှာ ဝင်ဖမ်းလိုက်ပြီး သူ့ရဲ့ဦးခေါင်းကို သူ့ဒူးပေါ်မှာ အသာမေးတင်ထားလိုက်တယ်။

ကျွန်တော်တို့က သူ့ကို ကျွန်တော်တို့ အနီးအနားက ဇရပ်အဟောင်းတစ်ခုဆီ သယ်သွားပြီး အသာအယာလှဲချထားလိုက်တယ်၊ ကျွန်တော်က သူ့လက်ကို ကိုင်ထားတယ်၊ သူခဏအိပ်ပျော်သွားပြီးတဲ့နောက် မျက်လုံးဖွင့်ကြည့်တယ်၊ နောက် - အားမပါတဲ့ အပြုံးနဲ့ ပြုံးပြတယ်၊ သူ့ရုပ်သွင်ကြည့်ရတာ ပျောက်ဆုံးသွားတဲ့ ကလေးတစ်ယောက်ကို ပြန်တွေ့ရတာနဲ့တူနေတယ်။

မပီဝိုးတဝါးတေးဆိုသမားက သူ့ရင်ဘတ်ကို လက်ညှိုးထိုးပြပြီးတဲ့နောက် လက်အုပ်ချီပြတယ်၊ သူ့ကိုနောက်ဆုံးဘာသာရေးထုံးတမ်းစဉ်လာအရ သင်္ဂြိုဟ်ပေးစေချင်တဲ့အကြောင်း မပီမသနဲ့ ပြောပြနေတယ်၊ တောင်းရမ်းစားသူတစ်ယောက်က သူ့ဆန္ဒအတိုင်းတစ်ယောက်ယောက်ကများသူပြောသလို လုပ်ပေးနိုင်ရင် ဝမ်းသာစရာပဲလို့ ပြောတယ်၊ နောက်တော့ သူ့

www.burmeseclassic.com

အနားကို တောင်းရမ်းစားသူတချို့နဲ့ ဘုရားဖူးလာသူတချို့စုတ်တသပ်သပ်နဲ့ လာဝိုင်းကြည့်နေကြတယ်။

ကျွန်တော်လည်း အပြေးအလွှား ထွက်သွားတယ်၊ အနီးအနားက ဘုန်းတော်ကြီးကျောင်းက ဆရာတော်တစ်ပါးကိုအကျိုးအကြောင်းလျှောက်တင်လိုက်တယ်၊ ဆရာတော်တစ်ပါးက ကျွန်တော်နဲ့အတူ မပိုးတဝါးတေးဆိုသူရှိရာ ဇရပ်ကိုကြွလာတယ်၊ ကျွန်တော်က မပိုးဝါးတေးဆိုသမားနားကပ်ပြီး ဒူးထောက်ထိုင်ချလိုက်ရင်း ...

"အဘကြီး - ကြားပါတယ်နော်၊ အရှင်ဆရာတော် တစ်ပါးကြွလာတာမြင်ရပြီ မဟုတ်လား၊ တတ်နိုင်ရင် မျက်လုံးဖွင့်ကြည့်ပါလား၊ ဒီမှာတောင်းရမ်းစားသူတွေလည်း စုရုံးရောက်လာကြပြီလေ" လို့ ပြောလိုက်တယ်၊

မျောနေရာက အနီးအနားက လူတွေကို အားမပါတဲ့အပြုံးနဲ့ လှမ်းကြည့်လိုက်ပြီးတဲ့နောက် လူ့ဘဝကနေ ကြေကွဲစွာနဲ့ ထာဝရ စွန့်ခွာသွားပါတော့တယ်၊ ကျွန်တော်တို့မိသားစုက သူ့ဆန္ဒနဲ့အညီ ဘာသာထုံးတမ်းစဉ်လာအရ ကောင်းမွန်စွာပဲ သင်္ဂြိုဟ်ပေးလိုက်ကြပါတယ်၊

အဲဒီညရောက်တော့ ကျွန်တော်ထူးထူးဆန်းဆန်း အိပ်မက်တစ်ခု မက်တယ်၊ အိပ်မက်ထဲမှာ ဖြူဖြူအရာတစ်ခုက ဖြည်းဖြည်းချင်း ကျွန်တော့်ဆီ ရွေ့လျားလာနေတာ တွေ့ရတယ်၊ အဲဒါက ဖြူဖြူတိမ်တိုက်တစ်ခုလိုပဲ၊ ဒါပေမဲ့ - အတော်နီးလာတဲ့အခါမှာတော့ အဲဒီအရာက လူတစ်ယောက် အသွင်သဏ္ဌာန် ပြောင်းသွားတယ်၊ အဲဒါကတော့ မပိုးတဝါးတေးဆိုသမားကြီးပဲ ဖြစ်တယ်၊

အဲဒီနောက် နတ်ဒေဝတာနှစ်ပါးက ကျွန်တော်ရဲ့ အိပ်မက်အမှောင်ထုထဲကနေ ထွက်လာတယ်၊ သူတို့က မပိုးဝါးတေးဆိုသူရဲ့ရှေ့မှာ ရပ်လိုက်ပြီး အဲဒီနတ်ဒေဝတာနှစ်ပါးက သူ့လက်ကို နမ်းရှုပ်လိုက်ကြတယ်၊ ကျွန်တော်စိတ်ထဲမှာ ရေးဟောင်းပန်းချီကားတစ်ချပ်ကို ကြည့်ရှုနေရသလိုမျိုး ခံစားလိုက်ရတယ်၊



ကျွန်တော် အတော်ကြီး အိပ်ပျော်သွားတယ်၊ အဲဒီလို အိပ်ပျော်နေတုန်း လေးလေးလံလံအရာတစ်ခုကို ကျွန်တော် စမ်းမိတယ်၊ အဲဒီအရာကြောင့် နာကျင်တဲ့ဝေဒနာကို ကျွန်တော် ခံစားလိုက်ရတယ်၊ ကျွန်တော် နိုးလာပြီး ကြည့်လိုက်တော့ လိပ်ခွံတစ်ခုကို ကျွန်တော်ရင်ဘတ်နဲ့ ဖိပြီးကိုင်ထားမိတာကို တွေ့လိုက်ရတယ်၊ အဲဒီအရာက မပိုးတဝါးတေးသမားရဲ့ငွေအကြွေထည့်တဲ့ ခွက်ဖြစ်နေတယ်၊ သူလဲကျသွားပြီး သေခါနီးဆဲဆဲမှာ ကျွန်တော့်ကို သူပေးခဲ့တဲ့ ခွက်ဖြစ်နေတယ်၊ အဲဒီခွက်က ကျွန်တော့် ရင်ဘတ်အပေါ် ဘယ်လိုရောက်လာသလဲဆိုတာ ...။

»»» **ကျော်မြင့်ကျော်**

**စာမူရှင်များသို့**
မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့ရန်
မဟုတ်ပါ၍ မိတ္တူများထားကြပါရန်။
အယ်ဒီတာအဖွဲ့
ဂျို့ရလောက မဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်
ဘိုးဝိဇ္ဇာ
ကန္တီရသောလူမျိုး
(B.Sc)

# ကျွန်ုပ်နှင့် ဘိုးဝိဇ္ဇာ

ကန္တီရသောလူမျိုး (B.Sc)

တစ်နေ့တွင် ကျွန်ုပ် စာရေးသူနှင့် တပည့်နှစ်ဦးတို့သည် ပဲခူးမြို့သို့ ခရီးထွက်ခွာကြလေ၏။ ပဲခူးကားဝင်းရောက်သောအခါ ဟသ်ာကုန်းဘက်သို့ သုံးဘီးဆိုင်ကယ်စီးကြရသည်၊ သူတို့ကတော့ "တုတ်တုတ်" ဟု ခေါ်သည်၊ ပဲခူးမြို့ပေါ်တွင် ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ လူများ ဥဒဟိုသွားလာလှုပ်ရှားလျက် ရှိသည်၊ လွန်ခဲ့သော (၁၀)နှစ်ဆီက ပဲခူးရောက်လျှင် မြင်းလှည်းစီးရတာ သတိရမိသေးသည်၊ ယခုတော့ မြန်မာ့ရိုးရာ မြင်းလှည်းတွေပျောက်ပြီး တရုတ်နိုင်ငံမှ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်တွေ အစားထိုးဝင်ရောက်လျက် ရှိသည်၊ သူ့ခေတ်နှင့်သူ ဖြစ်လာတာပါပဲ၊

ဟသ်ာကုန်းရောက်သောအခါ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် တည်းခိုကြသည်၊ ဆရာတော်အား လှူဖွယ်ပစ္စည်းတွေလှူ၊ ဦးချကန်တော့ပြီးတော့ ရေချိုး၊ ထမင်းစား အနားယူကြသည်၊ မွန်းလွဲ (၃)နာရီခန့်တွင် လွယ်အိတ်တစ်လုံး လွယ်၊ လွယ်အိတ်ထဲမှာ မှတ်စုစာအုပ်၊ ကင်မရာ၊ ဖုန်း၊ ပုဝါတို့ထည့်ပြီး ဆရာတော်အား လျှောက်ထားကာ ရွှေမော်ဓောဘုရားကြီးသို့



www.burmeseclassic.com

www.burmeseclassic.com

ထွက်ခွာလာကြသည်။ ကျောင်းအပြင်ဘက်ရောက်သောအခါ မိတ်ဆွေဖြစ်သူ ဦးထွန်းခင်မှ "ဆရာတို့ ဘယ်အချိန်က ရောက်ကြသလဲ၊ အခု ဘယ်သွားကြမလို့လဲ၊ လက်ဖက်ရည်သောက်ကြပါဦး" ဟု ပြောဆိုနှုတ်ဆက်ဖိတ်ခေါ်လေ၏။ ကျွန်ုပ်တို့လည်း "မနက် (၉)နာရီလောက်က ရောက်ကြတာ၊ အခု ဘုရားကြီး သွားဖူးမလို့၊ မနက်မှ လက်ဖက်ရည်သောက်မယ်။ ဒါနဲ့ - သနပ်ပင်က ဘိုးတော် ကြွသေးလား"

"အို - တစ်လောကတော့ ကြွတယ်၊ ကျွန်တော့်အမျိုးသမီးကိုတောင် ယတြာအဆောင်ပေးသွားသေးတယ်၊ အဘကြွရင် လူတွေက အုတ်အုတ်ကျက်ကျက် ဖြစ်နေတယ်၊ အဘကလည်း ဆေးကု၊ အင်းစီရင်ပေးတာ စွမ်းတယ် - ဆရာရေ" ဟု ပြောဆိုပါသည်။

"အခု - ဘယ်ရောက်နေတယ် သတင်းကြားသလဲ"

"မနေ့ကတော့ ရွှေမော်ဓောစေတီမှာ အဓိဋ္ဌာန်ဝင်နေတယ် ကြားတယ်"

"ဟုတ်ပြီလေ - ကျွန်တော်တို့လည်း ဘုရားသွားမှာပဲ၊ ကံကောင်းရင် အဘကို တွေ့ရတာပေါ့"

ကျွန်ုပ်တို့လည်း ပြောပြောဆိုဆို ဟသ်ာကုန်းဘက်မှ ရွှေမော်ဓောဘုရားသို့အေးအေးလူလူလမ်းလျှောက်လာကြ၏။ ကန်ညီနောင်ဖြတ်လမ်းမှ သွားပြီး ဦးစန္ဒီတန်ဆောင်းကို မြင်သောအခါ ညာဘက်သို့ ချိုးကွေ့လျှောက်သွားကြသည်။ ရန်ကုန်မှာ ရွှေတိဂုံ၊ မန္တလေးမှာ မဟာမြတ်မုနိ၊ ပြည်မှာ ရွှေဆံတော်၊ ပဲခူးမှာ ရွှေမော်ဓောဘုရားတို့သည် တန်ခိုးကြီးဘုရားများ ဖြစ်ကြသည်။



ရွှေမော်ဓောစေတီ အရှေ့ဘက်မုခ်မှ လှေခါးအတိုင်း တက်သွားကြသည်။ ထိုလှေခါးသည် လှေခါးထပ်မများ၍ တက်ရတာ အဆင်ပြေသည်။ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား တန်ဆောင်းမှ ဖူးမြော်ကြသည်။ ထိုထောင့်တွင် ငလျင်လှုပ်စဉ်က ပြိုကျခဲ့သော စေတီတော် ငှက်ပျောဖူးအပိုင်းအစရှိသည်။ ထိုငှက်ပျောဖူးကြီးပေါ်တွင် စေတီတစ်ဆူ တည်ထားသည်။ ဘုရားကန်တော့ပြီးသောအခါ ဂုဏ်တော်ကိုးပါး ပုတီးကိုးပတ်စိပ်ပြီး မေတ္တာပို့သကြသည်။ ထို့နောက် - ဘုရားကြီးကို လက်ယာရစ်လှည့်ပတ်ပူဇော်သည်။ မျက်လုံးတွေကတော့ တန်ဆောင်းတွေ၊ ပြိုဟ်တိုင်ထောင့်၊ ဇောတိဥဗောင်ပင်ရှေ့တွေ ရောက်နေသည်။ ဘိုးဝိဇ္ဇာများ တွေ့ရလေးဆိုပြီး မျက်လုံးမတည်မငြိမ်ဖြစ်ကာ တောင်ကြည့်မြောက်ကြည့် အနှံ့ကန်းတောင်းမှောက် ရှာဖွေကြသည်။

သို့သော် - ဘုရားရင်ပြင်ပတ်ပတ်လည် အနှံ့ရှာဖွေကြည့်သော်လည်း အရိပ်အယောင်မျှ မတွေ့ရပေ။ ရွှေမော် ဓောရင်ပြင်ပေါ်တွင် တည်ပင်များမှာ စိမ်းလန်းစိုပြေနေသည်။ တည်ပင်အောက်မှာ ခေတ္တနားပြီး အေးမြသောရေကို သောက်ကြသည်။ သဘာဝရေအိုးနှင့်ထည့်ထားသောရေမှာ ရေသန့်ထက်ပင် သောက်၍ကောင်းသည်။ ဘုရားလှည့်ပတ်ဖူးမြော်ပြီး မြောက်ဘက်မုခ်၌ တန်ဆောင်းပေါ်တက်ပြီး ကြည်ညိုဖွယ် ဂေါတမမြတ်စွာဘုရားအား ဘာယ၊ ဝစီ၊ မနောချိုကာ ပူဇော်ကန်တော့လိုက်ကြသည်။ ဘုရားရှိခိုးပြီးသောအခါ အပေါ်ဘက်ရှိ ဆုတောင်းပြည့် ဘီလူးရန်နိုင်ရုပ်ပွားတော်မြတ်ကို တန်ဆောင်းမှပင် လက်အုပ်ချီကန်တော့လိုက်သည်။ ထိုဆုတောင်း ရုပ်ပွားတော်အောက်တွင် ယက္ခမယ်တော်ကြီး ရှိသည်။ ထိုဘုရားရှေ့တွင် အညိုရောင်ဝတ်ထားသော ပုဂ္ဂိုလ်တစ်ဦး ထိုင်နေသည်။ နောက်ကျောသာ မြင်ရသည်။ စာရေးသူတို့လည်း မြောက်ဘက်တန်ဆောင်းမှပင် အပေါ်မှ ဆင်းလာမည့် ပုဂ္ဂိုလ်ကို ထိုင်စောင့်နေမိသည်၊ စိတ်ထဲမှာ "ဘိုးဝိဇ္ဇာ" ဟု ထင်နေသောကြောင့်ဖြစ်သည်။ နာရီဝက်ခန့်အကြာတွင် ခြေတစ်လှမ်းချင်းလှမ်းကာ



www.burmeseclassic.com

www.burmeseclassic.com

တည်ကြည်သော သမာဓိဖြင့် ယောဂီဝတ်ပုဂ္ဂိုလ်ကြီး အောက်ဆင်းလာပါသည်။ လွယ်အိတ်တစ်လုံးကို လွယ်ထားပြီး လက်ထဲမှာ ပုတီးကိုင်ထားသည်။ ခန္ဓာကိုယ် ပိန်ပိန်ပါးပါး၊ အသားမဖြူ မညို၊ ဆံကေသာကို နောက်သို့ လှန်ဖီးထားသောကြောင့် ယောက်ျားပီသသော နဖူး၊ အေးဆေးတည်ငြိမ်သော မျက်နှာပိုင်ရှင် ပုဂ္ဂိုလ်သည်ကား ကျွန်ုပ်တို့ တွေ့ချင်နေသော "ဘိုးဝိဇ္ဇာ" ပင် ဖြစ်ပါတော့သည်။

ကျွန်ုပ်တို့သုံးဦးလည်း ဘုရားရင်ပြင် သောကြာဂြိုဟ်တိုင်ရှေ့နားမှ လက်အုပ်ချီကာ ဘိုးဝိဇ္ဇာကို ကြိုဆိုနှုတ်ဆက်ကြသည်။ ဘိုးဝိဇ္ဇာသည် မှတ်ဉာဏ်အလွန်ကောင်းသည်။ တစ်ခါတွေ့ရုံနှင့် မှတ်မိသည်။

"ဂမ္ဘီရစာရေးဆရာ - ပဲခူး ဘယ်တုံးက ရောက်လဲ၊ အားလုံး နေကောင်းကြရဲ့လား"

"မနက်ကရောက်ကြတာပါ - အဘ၊ အားလုံး နေကောင်းကြပါတယ်။ အဘနဲ့ တွေ့ချင်လို့ ဘုရားဖူးရင်း စောင့်နေတာ"

"အဘက ပဲခူးမှာ အဓိဋ္ဌာန် (၉)ရက် ဝင်နေတာ၊ သန်ဘက်ခါမှ အဓိဋ္ဌာန်ပြီးမယ်၊ အေးအေးဆေးဆေး စကားပြောရအောင် သနပ်ပင် လာခဲ့ကြလေ"

"ဟုတ်ကဲ့ - အဘ လာခဲ့ပါမယ်၊ အဘ ဘယ်လိုအဓိဋ္ဌာန်ဝင်နေတာလဲ၊ အဓိဋ္ဌာန် ယတြာနည်းလေးတွေ ကျဉ်းချုပ်ရှင်းပြပေးပါဦး"

အဘဘိုးဝိဇ္ဇာသည် အသက် (၆၀)ကျော်ရှိနေပါပြီ၊ ယခင်က အစိုးရဝန်ထမ်း လုပ်ခဲ့ဖူးသည်။ အသက် (၆၀) မပြည့်ခင်ကပင် လုပ်သက်ပင်စင်ယူကာ ဝန်ထမ်းအလုပ်မှ အနားယူခဲ့သည်။ ဝန်ထမ်းဘဝကပင် လောကီကိစ္စတွေ ဆောင်ရွက်ခဲ့သည်။ အိမ်ထောင်မရှိ လူပျိုကြီးဖြစ်သည်။ မြောက်ဘက်မုခ်မှာ ဓေတ္တာထိုင်ရင်း အဓိဋ္ဌာန်နှင့် ယတြာအကြောင်း ပြောဖြစ်ကြသည်။



"အဓိဋ္ဌာန်ကတော့ "သောဘဂဝါ ဣတိပိအရဟံ" ပုတီး (၉)ပတ် (၉)ရက် စိပ်တာပါ၊ အဓိဋ္ဌာန်စဝင်တဲ့နေ့မှာတော့ ရတနာသုံးပါး ပွဲလှူတယ်၊ ငှက်ပျောသီးတစ်လုံး၊ ငှက်ပျောဖီး (၃) ဖီးလှူပြီး သစ္စာဆို သီလခံယူပြီး ပုတီးစိပ်တယ်၊ အဓိဋ္ဌာန်နည်းကတော့ ပထမံအရှင်မြတ်ကြီး ချီးမြှင့်ခဲ့တဲ့ နည်းပါပဲ၊ သီလကတော့ အာဇီဝဋ္ဌမက သီလယူရတယ်၊

"ရှစ်ပါးသီလလား - အဘ"

အာဇီဝဋ္ဌမက သီလဆိုတာ ရှစ်ပါးသီလပါပဲ၊ ဒါပေမဲ့ - ဥပုသ်နေ့မှာ ယူတဲ့ သီလနဲ့မတူဘူး၊ (၁) မှ (၄) အထိ တူတယ်၊ (၅) ပိသုဏဝါစာ၊ (၆) ဖရုသ ဝါစာ၊ (၇) သမ္ဖပ္ပလာပါဝါစာ၊ (၈) မိစ္ဆာဇီဝါတို့ ဖြစ်တယ်"

ဘိုးဝိဇ္ဇာသည် ရွှေမော်ဓောဘုရားရင်ပြင်တွင် အဓိဋ္ဌာန်ပြုရာ၌ အလှူခံပြုရန်၊ ပရိကံပြုရန်၊ ဘုံသုံးဆယ့်တစ် မေတ္တာပို့ရန်၊ အဓိဋ္ဌာန်ပြုရန်၊ ပဋ္ဌာန်းဘုရား၊ မေတ္တာသုတ်ရွတ်၊ ပရိတ်ရွတ်ဆို၊ မေတ္တာပို့ဆုတောင်းနည်းများကို ပြည့်စုံစွာ စိတ်ရှည်လက်ရှည် ရှင်းပြပါသည်။ (ထိုအကြောင်းများရေးရလျှင် ဆောင်းပါးတစ်ပုဒ် ဖြစ်သွားနိုင်ပါသည်၊ ထို့ကြောင့် ဇာတ်လမ်းမရှည်ရန် ချန်ထားခဲ့ရသည်၊ စာရေးသူ)

ကျွန်ုပ်တို့လည်း ဘိုးဝိဇ္ဇာကြီးအား ရွှေမော်ဓောစေတီ အနောက်ဘက်မုခ်သို့ ပင့်ဆောင်ကာ အဓေအးဖျော်ရည်၊ မုန့်တို့ဖြင့် ကျွေးမွေးဧည့်ခံဒါနပြုကြသည်။ အချို့ကလည်း အပေါ်အောက် ယောဂီဝတ်ထား၍ ဘရသေ့ကြီးခေါ်ကြလေ၏၊ တပည့်များကတော့ "အဘ" ဟု ခေါ်သည်။ ကျွန်ုပ်ကတော့ လောကီပညာရပ်တွေ ကျွမ်းကျင်သောပုဂ္ဂိုလ်ဖြစ်၍ ဘိုးဝိဇ္ဇာဟု အမည်ညွှတ်ထားလိုက်သည်။ ဘိုးဝိဇ္ဇာသည် ကျွန်ုပ်တို့အား မေတ္တာပို့၊ သာဓုခေါ်ဆို၍ ဘုရားကုန်းတော်ပေါ်ပြန်တက်သွားသည်။ ကျွန်ုပ်တို့လည်း တည်းခိုရာ ဘုန်းကြီးကျောင်းသို့ ပြန်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

နစ်ရက်ခန့်ကြာသောအခါ နံနက်စောစောထ၊ ယူစရာရှိတာတွေ ယူ၊ ဘုရားနှင့် ဆရာတော်အား ကန်တော့ပြီး ပဲခူးမှ ကားဖလေးစီးကား သနပ်ပင်သို့ ထွက်ခွာလာကြသည်၊ ကားဂိတ်ဆုံးမှ ဘိုးဝိဇ္ဇာရှိရာ ရွှေမော်ဓောစေတီအနီးရှိ ကျောင်းသို့ လမ်းလျှောက် သွားကြသည်။ ဘိုးဝိဇ္ဇာ တည်းခိုရာကျောင်းအနီး ရောက်သောအခါ ခုံတန်းလျားတစ်ခုပေါ်တွင် လူဆယ်ဦးခန့်တန်းစီစောင့်ဆိုင်းနေကြသည်၊ ကျောင်းထဲ ဝင်သွားသောအခါ ဘိုးဝိဇ္ဇာရှေ့တွင် အမျိုးသား၊ အမျိုးသမီးလေးငါးဦး ထိုင်နေကြသည်၊

အမျိုးသားတစ်ဦးသည် ဘိုးဝိဇ္ဇာရှေ့တွင် ကျုံ့ကျုံ့ထိုင်လျက် ရှိသည်။ ဘိုးဝိဇ္ဇာမှ "ဗုဒ္ဓဟူးသားဆိုတော့ ဝါးတစ်လုံးကို ခန္ဓာကိုယ်နဲ့တိုင်းပြီး ဖြတ်ရမယ်၊ အဲဒီဝါးရဲ့ထိပ်ဖျားနေရာမှာ လူနာရဲ့ဆံပင်ချည်၊ အလယ်မှာ အင်္ကျီစနဲ့ လက်သည်းထုပ်ချည်၊ ခြေရင်းမှာ ခြေသည်း၊ ပုဆိုးစနဲ့ ထုပ်ချည်ရမယ်၊ ပြီးရင် - ထိပ်၊ အလယ်၊ ခြေရင်းကို ဆန်နဲ့ ဆီဘူး တစ်ဘူးစာ သုံးထုပ် ထုပ်ပြီး ချည်ရမယ်၊ လူနာနဲ့ အဲဒီဝါးအတိုင်းကို တစ်ညထားအိပ်ရမယ်၊ နောက်တစ်နေ့မှ ဆန်သုံးထုပ်ကို ဖြေထား၊ ဖြုတ်ထားလိုက်ပါ၊ ဆံပင်၊ လက်၊ ခြေသည်း ချည်ထားတဲ့ ဝါးကိုင်းကို ဘုမ္မိအရပ်မှာ စွန့်ပစ်လိုက်ပါ"

"ဘုမ္မိအရပ်ဆိုတာ မွေးနံရဲ့လေးခုမြောက်အရပ်လား - အဘ"

"ဟုတ်တယ်လေ၊ ဗုဒ္ဓဟူးရဲ့ဘုမ္မိဆိုတော့ ရာဟုအရပ် အနောက်မြောက်အရပ်ပေါ့"

"ဆန်ထုပ်တွေကို ဘာလုပ်ရမလဲ - အဘ"

ထိပ်ဖျားက အထုပ်ကို ဆွမ်းချက်၊ ဘုရား၊ ရဟန္တာကို ဆွမ်းကပ်လှူ၊ အလယ်ထုပ်က ဆန်ထုပ်ကို ယာဂုကျို (ဆန်ပြုတ်) ပြုလုပ်ပြီး သက်ကြီးဝါကြီးကို လှူ၊ ခြေရင်းအထုပ်ကဆန်ကို တိရစ္ဆာန်အစာကျွေးလိုက်ပါ"

ထိုသူလည်း ဘိုးဝိဇ္ဇာပြောသည်ကို မှတ်သားပြီး ပြန်သွားသည်၊ ကျန်းမာရေး မကောင်းသူနောက်တစ်ဦးအား "မောင်ရင်က ဓာတ်ကြီးလေးပါးမှာ ရုပ်ခန္ဓာပျက်ကိန်း ရှိတယ်၊ ရုပ်ကောင်းစေဖို့ ယတြာပြုလုပ်ရမယ်"



"ဘယ်လို ဆောင်ရွက်ရမလဲ - အဘ"

"နေအိမ်မှာ ဓာတ်ကြီးလေးပါး ဆွမ်းတော်ကပ်လှူရမယ်၊ ကြွေဇလားတစ်လုံးမှာ ရေတ်ကောင်း အပြည့်ထည့်၊ ရေတ်ကောင်းထဲမှာ ကြက်လျှာတစ်ချောင်းစိုက်၊ အဲဒီကြက်လျှာမှာ အက္ခရာ "ဓ" ရေးရမယ်၊ ပြီးရင် - "ငါ့ရုပ်ကောင်းပြီ" လို့ ပြောဆိုပြီး ဘုရားကျောင်းဆောင်ရှေ့မှာ တစ်ပတ်လောက် လှူထားလိုက်ပါ" ဘိုးဝိဇ္ဇာသည် တစ်ယောက်ပြီးတစ်ယောက်ကို ယတြာများပေးလျက်ရှိသည်၊ နောက်တစ်ဦးကိုတော့ ဖီးကြမ်းငှက်ပျောသီးနှစ်လုံးကို မန်း၍ကျွေးသည်၊ ထိုသူလည်း နှစ်လုံးစလုံးကုန်အောင် စားလိုက်သည်၊ နေအိမ်မှာ ဖီးကြမ်းငှက်ပျောသီးကို ပန်းကန်ပြားနှင့်ကပ်လှူရန်လည်း မှာကြားလိုက်သည်၊


"ဖီးကြမ်းဆိုတာ ကျန်းမာစေတယ်"

ဖီးကြမ်း - ကျန်းမာ

၅၂ - ၂၅ - ကက်ကင်းဓာတ်မိတယ်၊

"ဒါ့အပြင် ဖီးကြမ်း - ကြီးပွား ကက်ကင်းလည်းဖြစ်လို့ ပန်းကန်ပြားတစ်ချပ်မှာ ဖီးကြမ်းငှက်ပျောသီး အဖီးလိုက်ထည့်လှူရင် ကျန်းမာရေးကောင်းပြီး ကြီးပွားချမ်းသာ ကျန်းမာစေတယ်ကွ"

ဓာတ်ကြီးလေးပါးပါစေချင်ရင် ပန်းကန်ပြားမှာ လေးထောင့်ကွက်တစ်ခုဆွဲ၊ အဲဒီလေးထောင့်ကွက်မှာ ...



ဆိုပြီး ဆေးပင်နဲ့ရေး၊ (သို့မဟုတ်) စက္ကူနဲ့ရေးပြီး ကပ်ထားလို့ရတယ်၊ အဓိကကတော့ စ၊ ဓ၊ ဗ၊ ဝ စာလုံးတွေ မပျက်အောင် ရေးရမယ်၊



www.burmeseclassic.com

www.burmeseclassic.com

ယခုခေတ်အနေဖြင့် စီဒီပင်ဟုခေါ်သော စီဒီခွေအပေါ်မှာ ရေးသော ဆော့ပင်နှင့် ရေး၍ရသည်။ ဘိုးဝိဇ္ဇာသည် ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ကာ စိတ်ရှည်လက်ရှည် ဆောင်ရွက်ပေးလျက်ရှိသည်။ စာရေးသူတို့လည်း ရေနွေးကြမ်းသောက်ကာ ဘိုးဝိဇ္ဇာ၏ဆောင်ရွက်ပေးမှုကို အနားကပ်လေ့လာနားထောင်နေကြသည်။

အမျိုးသမီးအား ဂုံညင်းဒိုးကလေးတစ်ခုကို သိဒ္ဓိတင်ပေးလိုက်သည်။ ထိုဒိုးလေးကို ဓာတ်လုံးကဲ့သို့ ဆောင်ထားနိုင်သည်ဟု ပြောသည်။

"ဒိုးလေးဆိုတာ စနေနှင့် ဗုဒ္ဓဟူးဓာတ် (၇+၄) ဒါန်းလုမိတ်ဓာတ်ဖြစ်တယ်။ ပထမံအရှင်မြတ်ကြီးရှိတုန်းက ဒီဒိုးလေးပဲ ပေးခဲ့တယ်။ အတိုက်အခံ အပြိုင်အဆိုင်ရှိရင် အနိုင်ရစေတယ်။

"ဒိုးကလေးကို ပြိုင်မယ့်သူမပေါ်သေးလို့ သီချင်းစာသားမှာတောင် ပါတယ်။ ရွှေချပြီး ဆောင်ထားလို့ရတယ်။ အတိုက်အခံ ကင်းဝေး ရွှေဒိုးလေး လို့ ဆိုတယ်"

ဘိုးဝိဇ္ဇာသည် အပြိုင်အဆိုင်၊ အတိုက်အခံပေါ်နေသော ရှေးသည်အမျိုးသမီးအား ဒိုးကလေး စီရင်ပေးလိုက်သည်။ ထိုအမျိုးသမီးလည်း ကျေနပ်ပီတိဖြစ်စွာဖြင့် ဘိုးဝိဇ္ဇာကို ဆင်တစ်ကောင် ကန်တော့ကာ ပြန်သွားသည်။ ဘိုးဝိဇ္ဇာအနီးရှိ ငွေဖလားကြီးတွင် ထောင်တန်၊ ငါးထောင်တန်နှင့် ငွေစက္ကူများ ပြည့်နေသည်။ ဉာဏ်ပူဇော်ခ သတ်မှတ်ထားခြင်းမရှိ၊ စေတနာကြေးသာမရသော ငွေတွေကို သာသနာပြုကိစ္စမှာ သုံးသည်။ ရွှေငွေပတ္တမြားစေတီတွေ တည်ပေးသည်။

ဝေဒင်မေး၊ ဆေးကု၊ အဆောင်လိုချင်သောသူတွေ တစ်ဦးထွက်တစ်ဦးဝင်ဖြင့် လူများလျှော့နည်းသွားသည်။ နောက်ဆုံး တစ်ဦးအား ဘိုးဝိဇ္ဇာမှ ဇယောင်းတိုင်ကြီးတစ်တိုင် ပေးလိုက်သည်။ လူရှင်းသွားသောအခါ ကျွန်ုပ်တို့ ဘိုးဝိဇ္ဇာနားသို့ ချဉ်းကပ်သွားသည်။

"ဆရာတို့ ထမင်းစားပြီးမှ ပြန်ကြ၊ အေးအေးဆေးနေပြီးမှ ပြန်လေ"

"ရပါတယ် – အဘ"

"အဘကတော့ (၇)နေ့သားသမီးတွေရဲ့အခက်အခဲတွေ၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စတွေ စေတနာမေတ္တာထား ကူညီပေးနေရတယ်လေ"

"မှန်မြတ်တဲ့အလုပ်ပါ – အဘ၊ အဘ ယတြာတွေက လွယ်ကူထိရောက်ခဲ့ပုံပဲ၊ ဒါနဲ့ – အဘ စီရင်ပေးတာ အင်းဇယောင်းတိုင် ခေါ်လား"

"ဇယောင်းတိုင်ကတော့ အင်းဇယောင်းတိုင်ခေါ်လည်းရတယ်၊ ရတနာဒီပံမီးတိုင်၊ မဟာဒီပံမီးတိုင်တွေကို မှိုင်းခံစက္ကူမှာရေးပြီး စီရင်ပေးတယ်၊ အရင်ခေတ်ကတော့ ဇယောင်းခဲတွေ အချိန်နဲ့ဝယ်၊ မီးနဲ့ကြို၊ ပုံစံခွက်နဲ့ ဇယောင်းတိုင်စီရင်ကြတယ်။ အင်းရေးထားတဲ့စက္ကူ ချည်မျှင်တွေကို မီးစာအဖြစ် အသုံးပြုရတယ်"

"ယခုခေတ်မှာတော့ ဇယောင်းတိုင်မှာပတ်ပြီး ထွန်းကြတာတွေ့ရတယ်နော် – အဘ၊ အစွမ်းရှိပုံ့မလား"

"သူ့ဟာနဲ့သူ အစွမ်းရှိပါတယ်၊ ယုံကြည်မှု (သဒ္ဓါ) အရေးကြီးသလို ပြုလုပ်သူ၊ စီရင်သူ၊ ပူဇော်သူရဲ့သီလ၊ သမာဓိ၊ သစ္စာဆိုတဲ့ "သ" သုံးလုံးလည်း အရေးကြီးတယ် ဆရာကမ္ဘိရ"

"အဘ စီရင်တဲ့ မဟာဒီပံ၊ ရတနာဒီပံအကြောင်း ရှင်းပြပေးပါလား အဘ"

အဘဘိုးဝိဇ္ဇာသည် နာရီကိုလှမ်းကြည့်လိုက်သည်။ ထမင်းစားချိန်နီးနေ၍ စားပြီးမှ ဆက်ပြောကြမည်ဟု ဆိုသည်။ ကျွန်ုပ်တို့ကိုလည်း နံနက်စာ ထမင်းကျွေးသည်။ ထမင်းစားပြီး ကော်ဖီနှင့်မုန့် ချကျွေးသည်။ ဘိုးဝိဇ္ဇာလည်း အချိုပွဲစားပြီး ကွမ်းတစ်ယာ ယာစားသည်။





www.burmeseclassic.com

www.burmeseclassic.com

"စားလို့ အဆင်ပြေကြရဲ့လား"

"ပြေပါတယ် - အဘ"

"အဘကတော့ ကြုံသလို စားတယ်၊ သက်သတ်လွတ်ဆိုပြီး အမိဋ္ဌာန် နဲ့တော့ မစားပါဘူး၊ အစားအစာပေါ်မှာ စွဲလမ်းစိတ်လည်း မထားဘူး"

"ကောင်းပါတယ် - အဘ"

ဘိုးဝိဇ္ဇာသည် ရန်ကုန်၊ ပဲခူး၊ သနပ်ပင်၊ မော်လမြိုင် စသည့် မြို့ရွာများသို့ လှည့်လည်၍ လောကီပညာတွေ ဆောင်ရွက်ပေးလေ့ရှိသည်၊

"စောစောကမေးထားတဲ့အကြောင်း ရှင်းပြမယ်၊ အချိန်ရသလောက် ပေါ့"

"ပထမဆုံး ရှင်းပြချင်တာကတော့ "ဒီပ" "ဒီပံ" ဆိုတဲ့စကားလိုပါပဲ၊ တရားစာအုပ်တွေမှာ ဒီပလို့ ရေးကြတယ်၊ အင်းကျမ်းတွေမှာ ဒီပံရေးတယ်၊ ဒီပဆိုတာ ဆီမီးလို့အဓိပ္ပာယ်ရတယ်၊ အကျယ်ချဲ့ရင်တော့ အလင်းရောင်ကို ဖြစ်ပေါ်စေသော ဆီမီး၊ ဆီမီးဆီ၊ ဆီမီးစာ၊ ဆီမီးခွက်၊ ဆီမီးအိုးတို့ကိုလည်း ဒီပလို့ ခေါ်ဆိုနိုင်တယ်"

"အဲဒီအပြင် ဖယောင်းတိုင်၊ မီးရှူးတိုင်၊ ဓာတ်မီးတို့ကိုလည်း ဒီပ ခေါ်တယ်"

"အခုခေတ် လျှပ်စစ်မီး၊ မီးသီး၊ မီးချောင်း၊ မီးအိမ်၊ မီးကြိုး၊ မီးစက်၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ စတာတွေကို လှူဒါန်းခြင်းဟာ ဆီမီးအလှူပါပဲ"

"ဆီမီးပူဇော်တာကို ဒီပပူဇာလို့ ခေါ်လို့ရတာပေါ့နော် - အဘ"

"ဟုတ်တယ် - အရှိုဆရာတော်တွေ ရေးထားတာ ဖတ်ရမှာပေါ့၊ ဉာဏ် အမြင် လင်းဖြာဒီပူဇာဆိုတာလေ၊ ဆီမီးလှူဒါန်းခြင်းအကျိုးကျေးဇူးမှာ ဉာဏ်၊ မျက်စိအလင်းရခြင်းအကျိုး အဓိကပါတယ်"

လောကီပညာဆရာတွေ အမြင်ဓာတ်ရဖို့ ဉာဏ်ပညာထက်မြက်စူးရှ စေဖို့ ဘုရားကို ဆီမီးပူဇော်ပြီး ဘုရားရှိခိုး ပုတီးစိပ်ကြရသလို ကျောင်းသူ



■■■ ဘုရားမှာ ရွှေတိဂုံ၊

တရားမှာ သရဏဂုံ၊ မြို့တော်မှာ ရန်ကုန်ဆိုပြီး

ဆရာတော်တစ်ပါး မိန့်ဆိုဖူးတယ်။

အခုလည်း ရတနာဒီပံမှာ သရဏဂုံလို့

ဆိုရမယ် ■■■



ကျောင်းသား၊ [illegible] ပညာရေး ကိစ္စအဝဝအတွက် ဆီမီး ပူဇော်ခြင်းဖြင့် ဉာဏ်မျက်စိ၊ ပကတိမျက်စိတွေ ထွန်းလင်းတောက်ပစေ တယ်၊ နတ်မျက်စိအသွင် ကြည့်တိုင်း မြင်တယ်"

"အဘပြောမှပဲ "ဒီပ" ဆိုတဲ့ စကားလုံး အဓိပ္ပာယ် နားရှင်းတော့တယ်၊ အစကတော့ အမှုမဲ့အမှတ်မဲ့ပါပဲ"

"ဒီပဒေါဟောတိ စက္ခုဒေါ၊ ဆီမီးအလင်းကို လှူသောသူသည် မျက်စိ အလင်းကို ပေးလှူသူဖြစ်၏" လို့ တရားစာမှာ ဆိုထားပါတယ်"...



www.burmeseclassic.com

www.burmeseclassic.com

ဘိုးဝိဇ္ဇာသည် အနီးရှိ ထွေးခံတွင် ကွမ်းတံတွေးထွေးပြီး ရေနွေးနှင့် ပလုတ်ကျင်းကာ ရေနွေးတစ်ခွက် ငုံ့သောက်လိုက်၏၊ ထို့နောက် ဆက်ပြောပြသည်မှာ ...

"မဟာဝိဇ္ဇာဆိုတာ ကြီးကျယ်တာ၊ မဟာဒီပံဆိုတော့ ကြီးကျယ်မြင့်မြတ်သော ဆီမီးတိုင် (ပူဇော်ခြင်း) လို့ အဓိပ္ပာယ်ရတယ်၊ ရတနာဆိုတာမှာလည်း လောကီလောကုတ္တရာအကျိုးနှစ်မျိုး ရှိစေတယ်၊ လောကီရတနာ (လာဘ်လာဘ၊ စီးပွားရေး) အကျိုးအာရုံပြုပြီး ရတနာဒီပံ စီရင်ပူဇော်ကြတယ်"

"မဟာရတနဒီပံဆိုတာလည်း ရှိတယ်နော် - အဘ"

"ဟုတ်တယ် - မဟာဒီပံ၊ ရတနာဒီပံ၊ မဟာရတနဒီပံ အင်းဖယောင်းတိုင်ကြီးကို ရတနာဒီပံလို့ လူသိများတယ်၊ လာဘ်ခေါ်ဓာတ်ယတြာအဖြစ် အသုံးပြုကြတယ်၊ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းတွေ ကင်းစင်လွင့်ပျောက်စေဖို့ ပူဇော်ကြတယ်"

ဘိုးဝိဇ္ဇာသည် ကုလားထိုင်ပေါ်မှထကာ ဗီရိုထဲမှ စာအုပ်နှင့် စက္ကူတွေ ထုတ်ယူလာသည်၊ ဗီရိုထဲတွင် ခဲတံတစ်ဒါဇင်ခန့် ချွန်ပြီး ဘူးနှင့်ထည့်ထားသည်ကို တွေ့ရသည်၊ မှိုင်းခံစက္ကူလည်း အထပ်လိုက်တွေ့ရသည်၊

ဘိုးဝိဇ္ဇာမှ ပထမဆုံးထုတ်ပြသောပုံမှာ ထိပ်တွင် စေတီပုံသဏ္ဌာန်စီရင်ထားသော "မဟာရတနာဒီပံကြီး" ဖြစ်သည်၊ ပတ်ပတ်လည်တွင် ဂါထာမန္တန်များ ဝိုင်းထားသည်၊ လေးကြောင်းပါသည့်အောက်ခြေတွင်ကိန်းဂဏန်း (အင်းဆံဂဏန်းတွေ ရေးသွင်းထားသည်၊ အပေါ်ဆုံးမှာ ဘဂဝါ၊ ပဒ်အာနှင့် ပူဇော်ထားသည်၊

"ဒီရတနာဒီပံကို မိတ္တူကူးပြီး ဖယောင်းတိုင်ပတ် ပူဇော်လို့ ရသလား"

"စောစောကပြောပြီးပြီလေ၊ ကိုယ်တိုင်မရေးနိုင်ရင် မိတ္တူကူးပတ်ထွန်းလို့ရပါတယ်၊ စက္ကူထူတာ ပါးတာတော့ ကွာတာပေါ့၊ ကြီးနေရင်လည်း မိတ္တူကို ချုံ့ကူးလိုက်ပါ"



နောက်တစ်ဖန် ဒီပံတစ်မျိုးပြသပြန်၏၊ ရတနာဒီပံဟု အောက်တွင် ရေးထားသည်၊ မဟာရတနဒီပံလောက် မကြီးပေ၊ (၇)နေ့သားသမီး အသုံးပြုသင့်သည်၊

"ရတနာဒီပံမှာ အတွင်းရံဂါထာက ဥုံဟုဋ္ဌေဟိနဲ့ စထားပြီး အလယ်ရံဂါထာက - ဥုံဗုဒ္ဓံဝါနဲ့ စထားတယ်၊ အောက်ခြေမှာ မိတ်အင်းဂဏန်း ဓမ္မါနဝကိန်းဂဏန်းတွေ ထည့်သွင်းထားတယ်"

ဒီပံဖယောင်းတိုင်များတွင် ရတနာဒီပံကို အသုံးများကြသည်၊ အပြင်ရံဂါထာတွင် ပဋ္ဌမံဂါထာ ရေးထား၍ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝစေသည်၊ ဘိုးဝိဇ္ဇာသည် ရတနာဒီပံ ပူဇော်နည်း ဆုတောင်းနည်းတွေကို အကျဉ်းချုပ်ရှင်းပြပေးပါသည်၊ မဟာဒီပံကြီး၊ မင်္ဂလာဒီပံ စသည်ဖြင့် ဒီပံအမျိုးမျိုး လေ့လာ မှတ်သားခဲ့ရပါသည်၊ ရတနာဒီပံ ဖယောင်းတိုင်သည် မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်း၊ မကောင်းသော အတိတ်နိမိတ်တွေ ကင်းစင်လွင့်ပျောက်စေပြီး စီးပွားဥစ္စာ တိုးတက်စေကြောင်း ဆုတောင်းမှု ပြုနိုင်သည်"

"ဖယောင်းတိုင်ကြီးတွေကို တစ်ရက်တည်းနဲ့ အပြီးထွန်းရမှာလား - အဘ"

"တစ်ပတ် (၇) ရက်အထိ ပူဇော်နိုင်တယ်၊ အနည်းဆုံး (၃) ရက် ပူဇော်လို့ ရတယ်၊ ဖယောင်းတိုင် မီးငြိမ်းရင် ပါးစပ်နဲ့ မမှုတ်ရဘူး၊ ကွမ်းရွက် ကန်တော့ထိုးပြီး ငြိမ်းထားရမယ်"

"ဒါဆိုရင် အင်းဖယောင်းတိုင်က ရတနာဒီပံတစ်မျိုးတည်းမဟုတ်ဘဲ ဒီပံအမျိုးမျိုး ရှိတာပေါ့နော် - အဘ"

"ဟုတ်တယ် - မင်္ဂလာဒီပံ၊ လေးကျွန်းဒီပံ၊ လောကဒီပံ စသည်ဖြင့် ရှိတယ်၊ မြတ်စွာဘုရားရဲ့ဂုဏ်တော်ပုံတော်၊ စေတီစတာတွေကို ဦးထိပ်ထားပူဇော်တဲ့ ဆီမီးတိုင်ကို ဒီပံလို ရေးထားပြီး အင်းတွေ၊ မန္တန်တွေနဲ့ စီရင်ထား



www.burmeseclassic.com

www.burmeseclassic.com

တာကျတော့ ပဒေသာမီးတိုင်၊ ဝီယသိဒ္ဓိ မီးတိုင်၊ စီးပွားရေးမီးတိုင်၊ ရန်ပြေ မာန်ပြေမီးတိုင် စသည်ဖြင့် ခေါ်ဆိုကြတယ်"

"ဒီပံနဲ့ မီးတိုင် မတူဘူးလား - အဘ"

"အဓိပ္ပာယ်က တူတူပါပဲ၊ အခေါ်အဝေါ်ကွာတာပါ၊ ဒါပေမဲ့ - ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်တစ်ခုခု ပါဝင်နေရင် ဒီပံပဲ ခေါ်ကြတယ်၊ အထက်မှာလည်း ဒီပံအကြောင်း ရှင်းခဲ့ပြီးပြီလေ"

"ဒီပံဆိုတာ ဘုရား၊ တရား၊ သံဃာကို အာရုံပြုပူဇော်တဲ့ ဆီမီးအလင်းတိုင်လို့ ခေါ်မလား - အဘ"

"ဟုတ်တယ် - အဲဒီလိုပဲ ခေါ်ရမယ်"


"ရတနာဒီပံနဲ့ ပတ်သက်လို့ (၇)နေ့သားသမီးကိုယ်တိုင် ပြုလုပ်စီရင်လို့ရတဲ့ လွယ်ကူထိရောက်တဲ့နည်းရှိရင် ချီးမြှင့်ပေးပါ - အဘ"

"ဘုရားမှာ ရွှေတိဂုံ၊ တရားမှာ သရဏဂုံ၊ မြို့တော်မှာ ရန်ကုန်ဆိုပြီး ဆရာတော်တစ်ပါး မိန့်ဆိုဖူးတယ်၊ အခုလည်း ရတနာဒီပံမှာ သရဏဂုံလို့ ဆိုရမယ်"

ဘိုးဝိဇ္ဇာသည် စီးကရက်တစ်လိပ် မီးညှိ၍ ဟန်ပါပါရှိုက်ဖွာလိုက်လေ၏၊ အရိုက ဆေးလိပ်သောက်သည်ဟု ပြောသည်၊ ဆေးလိပ်နှင့် သောက်တွဲစပ်ပုံမကိုက်ညီတာကို ကြံကြံဖန်ဖန် တွေးမိလိုက်၏၊ ကျွန်ုပ်တို့လည်း ပဲ့နှုးပြန်ရမည်ဖြစ်သလို ဘိုးဝိဇ္ဇာလည်း ထိုင်နေရတာ ကြာပြီဖြစ်၍ အနားယူချင်ပေတော့မည်၊

"လွယ်ကူထိရောက် အစွမ်းပေါက်တဲ့ ရတနာဒီပံနည်း ပြောပြလိုက်မယ်၊ ဖယောင်းတိုင်အဖြူအလတ်စားသုံးတိုင်မှာ တစ်တိုင်စီမှာ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိဆိုပြီး ရေးလိုက်ပါ၊ အောက်ခြေကနေ အပေါ်တက်ရေးရမယ်"





သရဏဂုံကို အောက်ခြေမှ အပေါ်တက်ရေးပါမယ်၊ တစ်တိုင်စီမှာ ရေးလို့ရသလို တစ်တိုင်တည်းမှာလည်း သုံးခုစလုံးရေးလို့ရတယ်၊ ဥပမာ - ပုံပြထားတယ်၊ သရဏဂုံရေးပြီး တနင်္ဂနွေသားဆိုရင် မွေးနံ (၁) လို့ရေး၊ တနင်္လာသား သမီးဆိုရင် (၂) လို့ ရေး စသည်ဖြင့် (၇)နေ့ (၇)နံ ရေးလို့ရမယ်၊

"လိုရာဆန္ဒတစ်မျိုးမျိုးကို တစ်ဖက် (ကျောဘက်မှာ) ထိပ်ကနေပြီး အောက်ခြေဆင်းရေးရမယ်၊ ရေးတဲ့အခါ လက်သန့်ရှင်းရမယ်၊ ရိုးရိုးဘောလ်ပင်ထက် သိမ်ဝင်ဘောလ်ပင်၊ အပ်၊ အစွန်အကောင်းဆုံးပါပဲ"

"ဘယ်လို ပူဇော်ရမှာလဲ - အဘ"

"ဘုရားရှိခိုး၊ ငါးပါးသီလခံယူပြီး ဘုရားမှာ ဆွမ်းတော်သုံးပွဲ၊ ရေတော်သုံးခွက်၊ ပန်းအိုး (၃)အိုး၊ တတ်နိုင်ရင် အုန်းသီးတစ်လုံး ငှက်ပျော သုံးဖီး ရတနာသုံးပါးပွဲလှူပြီး ဖယောင်းတိုင် (၃)တိုင် ပူဇော်ပါ"

"သရဏဂုံ ရေးထားတဲ့ဖယောင်းတိုင်လား - အဘ"

ကျွန်ုပ်၏တပည့်တစ်ဦးမှ မှတ်စုစာအုပ်တွင် လိုက်လံရေးမှတ်လျက်ရှိ၏၊



www.burmeseclassic.com

www.burmeseclassic.com

"သရကာဂုံဇယောင်းတိုင်ဆိုတာထက် ရတနာသုံးပါးကို ပူဇော်ထားလို့ အဲဒါ ရတနာဒီပံပါပဲကွာ"

"သဘောပေါက်ပါပြီ - အဘ၊ အဘရှင်းပြတော့လည်း လွယ်သားပဲ"

"လွယ်တယ်မလုပ်နဲ့၊ ပူဇော်ပြီးရင် သရကာဂုံတစ်ပါး ပုတီး (၃) ပတ်၊ သုံးပါး (၉)ပတ်စိပ်ရမယ်၊ ပုတီးစိပ်ပြီးမှ ဇယောင်းတိုင်မှာ ရေးထားတာ ဆုတောင်းပါ"

ကျွန်ုပ်တို့လည်း ဘိုးဝိဇ္ဇာကို ကန်တော့၍ပြန်လာကြသည်၊ သိချင်တာတွေ မေးရအောင် နောက်တစ်ခေါက် လာရပေဦးမည်၊ အခုတော့ ရတနာဒီပံကို (၉)ရက် ပူဇော်မည်ဟု အဓိဋ္ဌာန်ပြုလိုက်ပါသည်၊ ( ကိုးရက် ပူဇော်ခဲ့ပြီးပါပြီ၊ လိုရာဆန္ဒပြည့်တာ အမှန်ဖြစ်သည်။)

»»» **ဂမ္ဘီရဆရာလှမျိုး** (B.Sc)

**တာမှုရှင်များသို့**

'ဂမ္ဘီရလောကမဂ္ဂဇင်း' တွင် ရွေးချယ်ဖော်ပြခဲ့သော စာမူများ၌ အချို့စာမူရှင်များသည် ဆက်သွယ်ရန် နေရပ်လိပ်စာမပါရှိခြင်း၊ နေရပ်ပြောင်းရွှေ့သွားခြင်း၊ ဆက်သွယ်ရန်စဉ်၍ မရှိခြင်း စသည့်အခက်အခဲများရှိပါသဖြင့် စာမူရှင်များအနေနှင့် လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ စာမူခနှင့်လက်ဆောင်စာအုပ်ထုတ်ယူနိုင်ရန် ဆက်သွယ်မှု ပြုကြပါရန် ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်
ဂမ္ဘီရလောကမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com

# ကဋ္ဌန

နိုင်သျှား (မိုးမိတ်)

သာသနာသက္ကရာဇ် ၁၃၇၅ - ခုနှစ်၊ တော်သလင်းလပြည့်နေ့တွင် ကျရောက်ခဲ့သော ကျွန်တော်၏ လေးဆယ့်တစ်နှစ်ပြည့်မွေးနေ့သည်ကား ကျွန်တော့်ဘဝသက်တမ်းတစ်လျှောက်၌ ထူးခြားအံ့သြဖွယ်ရာများဖြင့် ကြုံတွေ့ခဲ့ရသည့်နေ့ဖြစ်သည်ဟု ဆိုရပေမည်၊ အဘယ်ကြောင့်ဆိုသော် ထိုနေ့၌ပင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့ရှိ အကောက်ခွန် (ကင်းစခန်း) သို့ပြောင်းရွှေ့ရောက်ရှိသောနေ့နှင့် "ကဋ္ဌန" ဆိုသည့်ဥစ္စာစောင့်မကလေးကို စတင်တွေ့ဆုံခဲ့ရသည့် နေ့တစ်နေ့ဖြစ်နေခြင်းကြောင့်ပင် ဖြစ်ပါပေသည်၊

ကျွန်တော်သည် ကျွန်တော်တို့ဌာနခွဲများရှိရာဒေသများသို့အလှည့်ကျ လှည့်လည်တာဝန်ထမ်းဆောင်ရသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်၍ တာဝန်ကျရာဒေသဖြစ်သော ဘူးသီးတောင်မြို့၊ အကောက်ခွန် (ကင်းစခန်း) သို့ ရောက်ရှိခဲ့ပါသည်၊ ကင်းစခန်း တည်နေရာမှာ ဘူးသီးတောင်မြို့၏ အစွန်ဆုံးတွင်ရှိပြီး စခန်း၏ နောက်ကျောဘက်တွင် တောသရက်ပင်ကြီးများနှင့် အတူ ဝါးရုံပင်များ၊ ချုံနွယ်များဖြင့် တောထလျက်ရှိသော တောင်ကုန်းမြင့် တစ်ခုရှိနေပါသည်၊



ကျွန်တော် ရောက်သည့်အချိန်ကား ညနေပိုင်းဖြစ်ပြီး မိမိနေထိုင်ရမည့် အခန်းကို သန့်ရှင်းရေးလုပ်ခြင်းဖြင့်သာ မိုးချုပ်ခဲ့ရပါသည်၊ ရေချိုး၍ ညစာ စားသောက်ပြီးသည်နှင့် ခရီးပန်းလာသည့်အတွက် စောစောအိပ်ရာဝင်ခဲ့ သည့်မှာပင် မိမိအခန်းတွင်း၌ စကားဝါပန်းရနံ့များ မွှေးကြိုင်နေသည်ကို သတိ ထားမိခဲ့လိုက်သည်၊ အမွှေးတိုင်တစ်မျိုး ထွန်းညှိထားသည်အထင်နှင့် အဆောင်အတွင်း လိုက်လံကြည့်ရှုသော်လည်း မည်သည့်အရာမျှ မတွေ့ရှိ ခဲ့၊ ထူးခြားသည်မှာကား မိမိအခန်းတစ်ခုတည်း၌ပင် မွှေးကြိုင်နေခြင်း ကြောင့်ဖြစ်သည်၊ ထို့ကြောင့်စခန်းနောက်ကျောဘက်ရှိတောင်ကုန်းပေါ်တွင် စကားဝါပင်ရှိနေ၍ လေသင့်သဖြင့် ပတ်ဝန်းကျင်တွင် မွှေးရနံ့များ သင်းပျံ့ နေခြင်းသာ ဖြစ်ပေလိမ့်မည်ဟူသော အတွေးအထင်ဖြင့် အိပ်ရာဝင်ခဲ့တော့ သည်၊

ထိုညက မှုအိုက်သလိုလိုရှိသည့်အတွက် မိမိခေါင်းရင်းရှိပြတင်းပေါက် တံခါးအားဖွင့်ထားခဲ့ပြီး လေကလေး တဖြူးဖြူးနှင့် လင်းထိန်နေသည့် လရောင်အား ငေးကြည့်ရင်း အိပ်ပျော်သွားခဲ့တော့သည်၊

သန်းခေါင်ယံအချိန်တွင် ကျွန်တော့်ခေါင်းရင်းရှိ ပြတင်းတံခါးဝမှ အစ်စုံတစ်ယောက်၏ခေါ်နေသံကြောင့် ကျွန်တော်ထ၍ ကြည့်မိသည်၊ လရောင်အောက်တွင် အဖြူရောင်အဝတ်အစားဖြင့် မျက်နှာကို ဇာပဝါ အုပ်ထားသောမိန်းကလေးတစ်ဦးအားတွေ့လိုက်ရသဖြင့်အံ့သြစွာငေးကြည့် နေမိသည်၊ ထိုမိန်းကလေးသည် သူ၏ မျက်နှာပေါ်ရှိ ဇာပဝါအား သွယ်လျ သော လက် ကလေးဖြင့် မ.တင်လျက်ရှိရာ မေးစေ့ကလေးပေါ်လာပြီး မေးစေ့ ပေါ်ရှိ မှဲ့နက်ကလေးကိုပင် အထင်းသားမြင်လိုက်ရသည်၊ ထိုစဉ်မှာပင် အသံဝါကြီးနှင့် ကဋ္ဌနဟူသော ခေါ်သံကြီးကို ကြားလိုက်ရသောအခါ ထိုမိန်းကလေးမှာ ချက်ချင်းပြေးထွက် ပျောက်ကွယ်သွားခဲ့လေတော့သည်၊ ထိုအချိန်တွင် ကျွန်တော် အိပ်နေရာမှလန့်နိုးပြီး အိပ်မက် မြင်မက်နေမှန်း သတိပြုမိလိုက်သည်၊ သို့သော် - အိပ်မက်၏ဖြစ်စဉ်များကို ပြန်၍စဉ်းစားနေ စဉ်မှာပင် ထူးခြားသည်ဟု ဆိုရမည်လောမသိပေ၊ စကားဝါပန်းရနံ့များ



www.burmeseclassic.com

www.burmeseclassic.com

■■■ ချွန်တော်နော်-ဒီမှာနေတာ ကြာပြီ။ ချွန်တော့်မိန်းမနော်

ဟိုရှေ့က ရွာထဲမှာနေတယ်။ လသာတဲ့ တစ်ညနော်

ချွန်တော့်အိမ်ကို နိုးပြန်ဖို့လုပ်တယ်။ ခြံထဲမှာ အဝတ်ဖြူဖြူနဲ့

မိန်းမတစ်ယောက် လမ်းလျှောက်နေတယ်။

သူ့ နောက်မှာ တုတ်ကြီးထမ်းပြီး

လူမည်းမည်းကြီးတစ်ယောက်

လိုက်နေတာ တွေ့တယ်။

ဒါကြောင့်-ချွန်တော် မပြန်ရဲလို့

အိပ်လိုက်ရတယ် ■■■



အမှန်တကယ် မွှေးကြိုင်လာပြီး စခန်းအတွင်းရှိခွေးများ ဆွဲဆွဲငင်ငင် အူနေသံကိုပါ ကြားရလေတော့သည်။

နောက်တစ်နေ့ နံနက်တွင် အလုပ်သမားငါးဦးနှင့်အတူ စခန်းနောက်ကျောဘက်ရှိ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရင်း စကားဝါပင်ကို ရှာဖွေကြည့်သော်လည်း မတွေ့ရပေ။ လူနှစ်ယောက်ဖက်စာခန့်ရှိသည့် နစ်ရှည်တောသရက်ပင်ကြီးများကိုလည်း တွေ့ရသည်။ ဒေသခံအလုပ်သမားများ၏ ပြောပြချက်အရ ဤဒေသတွင် စကားဝါပန်းပင်လုံးဝမပေါက်ကြောင်း ဗဟုသုတရဖွယ် သိလိုက်ရသဖြင့် ညက မိမိကြုံတွေ့ခဲ့ရသည့် ထူးဆန်းဖွယ်ရာ အိပ်မက်နှင့် စကားဝါပန်းရနံ့ကိစ္စတို့အား ပို၍စိတ်ဝင်စားမိလာတော့သည်။

နောက်တစ်ကြိမ် ထူးထူးခြားခြား ကြုံတွေ့မှုမှာ လကွယ်ညတွင်ဖြစ်ပြန်လေ၏။ ဤစခန်းသို့ မိမိ ရောက်ရှိခဲ့သည်မှာ ဆယ့်ငါးရက်ရှိလာပြီဖြစ်၍ နေသားကျလာပြီဟု ဆိုရသော်လည်း တစ်ခါတစ်ရံ ပျင်းရိလာချိန်တွင် ခြံဝင်းထဲ၌ ပက်လက်ကုလားထိုင်တစ်လုံးဖြင့်ထိုင်ရင်း ရောက်တတ်ရာရာများ တွေးတောနေမိသည်။ ထိုညက ဆယ့်တစ်နာရီခန့်တွင် လျှပ်စစ်မီးငြိမ်းသွားပြီး စခန်းဝင်းတစ်ခုလုံး မည်းမှောင်လျက်ရှိသော်လည်း ကျွန်တော် တစ်ယောက်တည်းသာ အတွေးနယ်ကျံရင်း ခြံထဲတွင် ဆက်ထိုင်နေခဲ့မိသည်။ ထိုစဉ်မှာပင် စကားဝါပန်းရနံ့များ မိမိပတ်ဝန်းကျင်တွင် မွှေးကြိုင်လာသည်ကို သတိထားမိပြီး ကြက်သီးများ တဖြန်းဖြန်းထလာသဖြင့် အဆောင်ထဲဝင်ရန် ထရပ်လိုက်သည်။ ထိုအချိန်တွင် စခန်း၏ နောက်ကျောဘက်ရှိ တောင်ခြေရင်း၌ ဖြူဖြူအရိပ်သဏ္ဌာန်တစ်ခု လှုပ်ရှားနေသည်ကို သဲသဲကွဲကွဲ မြင်လိုက်ရပြီး ခွေးများကလည်း ထိုနေရာသို့ကြည့်၍ ဆွဲဆွဲငင်ငင် ဝိုင်းအူနေကြလေသည်။

ကျွန်တော် အဆောင်အတွင်းသို့ ဝင်လာချိန်တွင် အဆောင်ဝ၌ ကျွန်တော့်ကို ထိုင်စောင့်ပေးနေသော ညစောင့်ကြီး ဦးအိစမန်အား မြင်လိုက်ရသည်။ ဦးအိစမန်သည် ဤစခန်းတွင် ညစောင့်အဖြစ် တာဝန်ထမ်းဆောင်နေသည်မှာ ဆယ့်ငါးနှစ်ခန့်ရှိပြီဖြစ်ကြောင်း သိရသဖြင့် မိမိသိလိုသည်များအား မေးမြန်းစပ်စုမိတော့သည်။

"ဦးလေးက ဒီမှာနေတာကြာပြီဆိုတော့ ဒီပတ်ဝန်းကျင်မှာ ဘာတွေများ ထူးထူးဆန်းဆန်း ကြုံဖူးသလဲ"

ကျွန်တော် မေးလိုက်သည်နှင့် ဦးအိစမန်က ချက်ချင်းပြန်ဖြေလိုက်သည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com

"ထူးဆန်းတာမှ သိပ်ကို ထူးဆန်းတယ် ဆရာရေ့၊ ပြီးခဲ့တဲ့ သုံးနှစ်ကလေ ဒီရွာက အရမ်းချောအရမ်းလှတဲ့ ကျောင်းဆရာမအပျိုကြီး တစ်ယောက် အသက်ကြီးကြီး မုဆိုးဖိုတစ်ယောက်နဲ့ လိုက်ပြေးတယ် ဆရာရဲ့"

"ကျွန်တော့်ကို အဲဒီလို လူမှုရေးကိစ္စ အရှုပ်တော်ပုံတွေမပြောနဲ့ ကျွန်တာပြော"

အခြားကိစ္စကိုသာပြောရန် ကျွန်တော်ပြောလိုက်မှ ဦးအိစမန်သည် မျက်လုံးကလေးမှေး၍ သူ၏ မေးစေ့ကို လက်ဖြင့်ပွတ်ကာ စဉ်းစားလိုက်ပြီးနောက်တစ်မျိုး ပြောပြပြန်လေ၏။

"ကျွန်တော်နော် - ဒီမှာနေတာ ကြာပြီ၊ ကျွန်တော့်မိန်းမနော် ဟိုရှေ့ကရွာထဲမှာနေတယ်၊ လသာတဲ့ တစ်ညနော် ကျွန်တော့်အိမ်ကို ခိုးပြန်ဖို့လုပ်တယ်၊ ခြံထဲမှာ အဝတ်ဖြူဖြူနဲ့ မိန်းမတစ်ယောက် လမ်းလျှောက်နေတယ်၊ သူ့နောက်မှာ တုတ်ကြီးထမ်းပြီး လူမည်းမည်းကြီးတစ်ယောက် လိုက်နေတာတွေ့တယ်၊ ဒါကြောင့် - ကျွန်တော် မပြန်ရဲလို့ အိပ်လိုက်ရတယ်"

"တခြားဘာတွေများ တွေ့သေးလဲ ပြောပါဦး"

"သီချင်းဆိုသံ ကြားတယ်၊ ရယ်သံ ကြားတယ်၊ ခွေးတွေအူတယ်၊ အဲဒီအသံတွေနော် ကျွန်တော် ခဏခဏ ကြားရတယ်၊ တစ်ခါတလေ ပန်းနံ့တွေလည်း ရတယ်၊ အဲဒီအသံတွေ ကြားရင် အနံ့တွေမွှေးရင် ကျွန်တော်နော် စောင်ခေါင်းမြီးခြုံပြီး အိပ်လိုက်တာ မနက်မိုးလင်းမှ ထရဲတော့တယ် ဆရာ"

သို့နှင့် ကျွန်တော်က ထပ်၍မေးလိုက်ပြန်၏။

"အဲဒီလို အနံ့တွေရတာ အရိပ်တွေမြင်ရတာ ဘယ်လောက်ကြာပြီလဲ၊ ခင်ဗျား အလုပ်ဝင်ကတည်းကလား"

"အရင်ကတော့ ဒါမျိုးတွေ မရှိဘူးဆရာ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကမှစပြီး ကြုံရတာပါ"

သူ ပြောပုံအရဆိုလျှင် ကျွန်တော် မြင်တွေ့ခံစားရသည့် ထူးခြားမှုများနှင့် တူညီလို့ နေပေသည်၊ ထိုနေ့ညတွင် ကျွန်တော် အိပ်ရာဝင်သော်



ကြောက်စိတ်ကလေးဝင်လာသဖြင့် ခေါင်းရင်းရှိ ပြတင်းတံခါးကိုပိတ်၍ အိပ်ရန် စိတ်ကူးထားသော်လည်း စိတ်ဝင်စားမှုနှင့် လေ့လာစူးစမ်းလိုမှုက ရှိနေပြန်သေး၏၊ ထို့ကြောင့် - တံခါးမပိတ်တော့ဘဲ ခုတင်ပေါ်တွင် ခွေခွေလဲလျောင်းနေရင်း ရန်ကုန်တွင် ကျန်နေခဲ့ကြသည့် မိသားစုအရေးကိစ္စများကို စဉ်းစားတွေးတောနေမိလျက်ကပင် အိပ်ပျော်သွားခဲ့လေတော့သည်၊

ထိုည၌ ထူးဆန်းသော အိပ်မက်ကို မြင်မက်ပြန်၏၊ ပြတင်းပေါက်မှနေ၍ မိန်းကလေးက စကားဝါပန်းနှင့် မိမိအား လှမ်းပေါက်၍ခေါ်၏၊ ကျွန်တော် ထကြည့်လိုက်စဉ် ထိုမိန်းကလေးက သူမနောက်သို့ လိုက်ခဲ့ရန်ခေါ်သဖြင့် ကျွန်တော် ထလိုက်သွားခဲ့သည်၊ တောင်ခြေရှိ တောသရက်ပင်ကြီးအောက်သို့ ရောက်သောအခါ သစ်ပင်ခြေရင်းရှိ တံတောင်ခန့်နက်သော တွင်းကလေးထဲမှ သေတ္တာကလေးတစ်လုံးကိုယူ၍ ကျွန်တော့်ကို ဖွင့်ပြ၏၊ ထိုသေတ္တာလေးထဲတွင် ရွှေတောင့်များနှင့် အရောင်ပြိုးပြိုးပြက်ပြက် လက်နေသော စိန်ပွင့်များကို မြင်လိုက်ရလေ၏၊

ထို့နောက် သေတ္တာကလေးကို ပြန်ပိတ်ပြီး တွင်းထဲသို့ပြန်ထည့်ကာ မြေဖို့လိုက်ပြီးနောက် ထိုမြေပုံကလေးပေါ်တွင် စကားဝါပန်းလေးတစ်ပွင့်အား တင်၍ထားလိုက်၏၊ ထို့နောက် - သူမက ကျွန်တော့်ကို ပြောလိုက်သည်မှာ ဤပစ္စည်းများသည် မောင်ကြီးနှင့် ထိုက်မည်ဖြစ်သဖြင့် မောင်ကြီးကို ပေးပါမည်၊ ရောင်းချပြီး သုံးပုံတစ်ပုံ လှူဒါန်းပေးရန်နှင့် သူမတို့အား အမျှအတန်းပေးဝေရန်ဟူ၍ ဖြစ်ပါသည်၊

သူမ၏ ချိုလွင်သာယာလွန်းသည့် စကားသံကြောင့် ကျွန်တော်သည် ငြင်းပယ်နိုင်စွမ်းမရှိဘဲ သဘောတူကာ ခေါင်းညိတ်မိလိုက်သည့်အခိုက်တွင် အိပ်မက်မှ လန့်နိုးခဲ့ပြန်၏၊ ညက ခြင်ထောင်မချမိဘဲ အိပ်ပျော်သွားသည့်အတွက် ခြင်များဝဲပျံကာ ဆူညံလို့ပင် နေပါတော့သည်၊

ခြင်ထောင်ဆွဲချရန် ထထိုင်လိုက်စဉ် မိမိရင်ဘတ်ပေါ်မှ တစ်ခုခု ပြုတ်ကျသွားသည်ကို သိလိုက်ရသဖြင့် ဓာတ်မီးထိုးကြည့်လိုက်ရာ စကားဝါပန်းပွင့်တစ်ပွင့်ဖြစ်နေကြောင်း တွေ့လိုက်ရလေသည်၊ ထိုအချိန်တွင် စကားဝါပန်းရနံ့များလည်း မွှေးကြိုင်လာသည်ကို သတိပြုမိလိုက်သည်၊



www.burmeseclassic.com

www.burmeseclassic.com

မိမိမြင်မက်လိုက်သော အိပ်မက်အား ပြန်စားမိရင်း ထိုတောသရက်ပင်ကြီးအောက်သို့ သွားရောက်ကြည့်ရှုချင်စိတ် ဖြစ်ပေါ်လာသဖြင့် မားမြှောင်တစ်ချောင်းကိုဆွဲယူ၍ အဆောင်ထဲမှ ထွက်လိုက်သည်။ တစ်ခြံဝင်းလုံး အနှံ့ မာတ်မီးဖြင့် လိုက်လံထိုးကြည့်စဉ် တောင်ခြေရှိ ယိမ်းထိုးနေသည့် အပင်ကြီးများအောက်တွင် ဖြူဖြူအရိပ်သဏ္ဌာန်များ ပြေးလွှားနေသယောင် မြင်နေရသည့်အတွက် ဆက်မသွားရဲတော့ဘဲ အဆောင်ထဲသို့ ပြန်ဝင်ခဲ့တော့သည်။

နံနက်လင်းချိန်မှသာ ထိုနေရာသို့ ကျွန်တော် တစ်ယောက်တည်း သွားကြည့်မိသည်တွင် ညက အိပ်မက်ထဲ၌ မြင်တွေ့ခဲ့ရသည့်အတိုင်း မြေပုံမို့မို့ကလေးပေါ်တွင် စကားဝါပန်းကလေးတစ်ပွင့်ရှိနေကြောင်း ထူးဆန်းစွာ တွေ့မြင်လိုက်ရလေသည်။ ထိုနေရာအား ကျွန်တော် တူးဖော်ကြည့်ရာတွင် တံတောင်ခန့်အနက်တွင် ရေညှိများ၊ ရွံ့စေးများဖြင့် ပေကျံလျက်ရှိသော အလျား (၈)လက်မ၊ အနံ (၆)လက်မ၊ စောက် (၄)လက်မခန့်ရှိသော သေတ္တာငယ်လေးတစ်လုံးကို ရရှိလိုက်လေသည်။ သေတ္တာထဲတွင် ညက မြင်မက်ခဲ့သည့် ရွှေချောင်းများနှင့် စိန်ပွင့်များတော့မဟုတ်၊ ရေညှိတက်နေသည့် ကျောက်ခဲများနှင့် ရွံ့ချောင်းများသာ ဖြစ်နေ၍ အနီးရှိ ရိုးချောင်းထဲသို့ လွှင့်ပစ်လိုက်တော့သည်။ အဆောင်ရောက်သော် ထိုသေတ္တာကလေးအား သေချာစွာ ဆေးကြောကြည့်ရာ လွန်စွာလက်ရာမြောက်သည့် ကနုတ်ပန်းများဖြင့် သွန်းလုပ်ထားသော ရှေးဟောင်းကြေးသေတ္တာငယ်လေး တစ်ခုဖြစ်မှန်း သိလိုက်ရတော့သည်။

နောက်တစ်နေ့တွင် နယ်မြေကင်းလှည့်ရန်အတွက် မိမိလက်အောက်ဝန်ထမ်းများကို စောင့်ရင်း စခန်းရှေ့ရှိခုံတွင် ထိုင်နေစဉ် အနောက်ဘက်မှ ခြေသံကြားသဖြင့် သေနတ်ကိုဆွဲယူပြီး ချိန်လိုက်သည်နှင့် ကုတ်အကျီ အညိုရောင်အရှည်၊ ကော်ဇောကွက်များ ပုံစံရက်လုပ်ထားသော စိမ်းပြာရောင်ပုဆိုးကိုဝတ်ဆင်ကာ ပိတ်စအဖြူရောင်ကို ခေါင်းပေါင်းပေါင်းထားသော အသက်ငါးဆယ် အရွယ်ခန့်ရှိမည်ဟု ခန့်မှန်းရသည့် ပန်ချာပီကြီး တစ်ယောက်သည် မြေပေါ်တွင် ချက်ချင်းဒူးထောက်၍ ထိုင်လိုက်သည်။



လက်ထဲတွင် စကားဝါပန်းပွင့်ကလေးတစ်ပွင့်ကို ကိုင်ထားသော ယခင်တွေ့ဖူးသည့် အမျိုးသမီးလေးကတော့ဖြင့် ကျွန်တော့်ထံသို့ ဆက်လက်လျှောက်လာခဲ့သည်မို့ ကျွန်တော်သည် သေနတ်ကို အောက်သို့ချပြီး လာရင်းကိုမေးလိုက်ရာ . . .

"နမလေးရဲ့အမည်က ကခွန်လို့ ခေါ်ပါတယ်။ မောင်ကြီးကို ကျေးဇူးတင်စကားပြောရင်း လာနှုတ်ဆက်တာပါ"

"ခင်ဗျားတို့နဲ့ ကျွန်တော်က မိတ်ဆွေတွေမှ မဟုတ်တာ၊ ဘာဖြစ်လို့ လာနှုတ်ဆက်တာလဲ"

ကျွန်တော် ပြောလိုက်သောစကားကြောင့် ကခွန်ဆိုသော အမျိုးသမီးလေးသည် မပြုံးမရယ်ဘဲ စကားကို ဆက်၍ရှင်းပြပါတော့၏။

"ကျွန်မက မဂိုဘုရင်တစ်ပါးရဲ့ သမီးတော်တစ်ယောက်ပါ။ နမတော်တို့ မိဘဆွေမျိုးတွေအားလုံး စစ်ဘေးက ရှောင်တိမ်းရင်း ဒီအရပ်ကို ရောက်ရှိခဲ့ကြပါတယ်။ တစ်နေ့မှာ နမတော်ရဲ့ဖခမည်းတော်နဲ့ သူ့ရဲ့ရဲမက်တွေဟာ နမတော်တို့ရဲ့မြို့တော်ကို ပြန်လည်သိမ်းပိုက်ဖို့ စစ်ချီသွားတော့ ဖခမည်းတော်ကိုယ်တိုင် မြေမြှုပ်ပြီး ဖွက်ထားခဲ့တဲ့ နန်းစဉ်ရတနာတွေကို စောင့်ရှောက်ထားဖို့ နမတော်တို့ တူဝရီးနှစ်ယောက်ကို တာဝန်ပေးထားခဲ့ပါတယ်။ သူတို့ပြန်လာခေါ်မယ်လို့ မှာထားလို့ နမတော်တို့ တူဝရီးနှစ်ယောက် ဒီနေရာမှာ စောင့်နေရတာ ယနေ့ဆိုလျှင် နှစ်ပေါင်းခုနစ်ရာခန့်ရှိပါပြီ မောင်ကြီးရယ်"

ကခွန်သည် ပြောနေရာမှ မျက်ရည်များစို့လာပြီး သူ့မျက်ရည်များကိုလည်းသုတ်ရင်း သူ့နောက်တွင် ဒူးထောက်၍ထိုင်နေသော သူ၏ ဦးဝရီးတော်သူကို တစ်ချက်မျှလှည့်ကြည့်ပြီးမှ ကျွန်တော့်ကို ထပ်ပြောပြပြန်၏။

"အခုဆိုရင် မောင်ကြီးတို့ရဲ့ မဇ္ဈိမဒေသမှာ ဗုဒ္ဓသာသနာတော်ဟာ နေရောင် လရောင်ပမာ ထွန်းလင်းနေတဲ့ အချိန်အခါမျိုးမှာ သာသနာတော်ရဲ့ အငွေ့အသက်လေးတွေကို ခံစားရရုံနဲ့ နမတော်စိတ်ထဲမှာ ကြည်နူးမှုဖြစ်ရပါတယ်။ ဒါကြောင့်လည်း မြောက်ဦးမြို့ရဲ့ ရှစ်သောင်းပုထိုးတော်မြတ်ကြီးကို ကြောမကြာ သွားရှိခိုးရင်း ဗုဒ္ဓသာသနာတော်ကို ကိုယ်တိုင်ကိုယ်ကျပြုချင့်



www.burmeseclassic.com

www.burmeseclassic.com

ဆောက်တည်နိုင်သူ အမြန်ဖြစ်ရပါလို၏လို့ အမြဲဆုတောင်းခဲ့ပါတယ် မောင်ကြီး။ ဒါကြောင့် - ယခုဆိုရင် နှမတော်တို့ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ပေးထားခဲ့တဲ့ နန်းစဉ်ရတနာတွေ နှမတော်ထံမှာ မရှိတော့တဲ့အတွက် နှမတော်တို့ တူဝရီးနှစ်ယောက် ဘဝကူးပြောင်းပြီး သာသနာပြုတော့မှာမို့ ကျေးဇူးရှင်မောင်ကြီးကို လာပြီး နှုတ်ဆက်တာပါရှင်"

သူ၏ စကားသည် ပဟေဠိဆန်သည်ဟု ယူဆမိသဖြင့် ကျွန်တော်က မေးလိုက်မိပါသည်။

"ဒါဆိုရင် မင်းရဲ့နန်းစဉ်ရတနာတွေ ဘယ်သူ့ဆီမှာ ထားခဲ့သလဲ"

ကျွန်တော်၏ စကားကိုကြားသည်နှင့် ကဋ္ဌနသည် မည်သည့်စကားကိုမှမပြောဘဲ ကျွန်တော်၏ မျက်နှာကိုသာ အတန်ကြာအောင် စိုက်ကြည့်ပြီးမှ စိတ်မကောင်းသည့် အမူအရာဖြင့် ပြောပြပြန်ပါ၏။

"အမှန်အတိုင်းပြောရရင် နှမလေးတို့ ဘိုးဘွားပိုင် နန်းစဉ်ရတနာတွေ အားလုံးကို မောင်ကြီးတစ်ယောက်တည်းကိုပဲ နှမတော်ရွေးပြီးပေးခဲ့တာပါ။ မောင်ကြီးက လောဘစိတ်၊ ဒေါသစိတ်နဲ့ စိတ်မထိန်းနိုင်ဘဲ လွှင့်ပစ်ခဲ့တယ် မဟုတ်လား။ မောင်ကြီးကိုယ်တိုင် မြေကြီးကိုတူးပြီး တွေ့ခဲ့တဲ့ သေတ္တာဟာ နှမတော်တို့ရဲ့ မျိုးရိုးစဉ်ဆက် နန်းစဉ်ရတနာတွေ စုသိမ်းထားတဲ့ ရတနာသေတ္တာအစစ်ပါ။ မောင်ကြီးသာလှူမယ်၊ တန်းမယ်လို့ စိတ်မနောမှာ ကြည်နူးစိတ်ကူးပြီး မောင်ကြီးနေတဲ့ ဂေဟာကိုရောက်မှ ဖွင့်ကြည့်ရင် အမှန်စင်စစ် ရတနာတွေအဖြစ်နဲ့ တွေ့ရမှာပါ။ ပတ်ဝန်းကျင်က အနှောင့်အယှက်နဲ့ ကြုံမှာစိုးလို့ နှမတော်ကိုယ်တိုင် စိတ်တန်ခိုးနဲ့ ဖေတ္တဝှက်ထားခဲ့တာပါ၊ ဒါကို မောင်ကြီးက မသိလေတော့ ရွှံ့တုံး၊ ကျောက်တုံးတွေဆိုပြီး စိတ်ဆိုးဆိုးနဲ့ ရိုးချောင်းထဲကို လွှင့်ပစ်ခဲ့တယ် မဟုတ်လား"

"ဟာ - ဟုတ်လား"

ကျွန်တော် နှုတ်မှ အလိုလိုအသံထွက်သွားခဲ့သေး၏။ သို့နှင့် - ကဋ္ဌနက ဆက်၍ ရှင်းပြပြန်ပါ၏။

"နှမတော်အနေနဲ့ အဲဒီလိုစိတ်တန်ခိုးနဲ့မှ မဝှက်ထားလိုက်ရင် မောင်ကြီးအတွက် အသက်အန္တရာယ် ကြုံလာနိုင်လို့ပါ"



"ဘယ်လို ကြုံလာနိုင်လို့လည်း ဆိုစမ်းပါဦး"

"ပထမဦးဆုံး မောင်ကြီးကိုယ်တိုင် ရတနာတွေ မြှုပ်ထားတဲ့နေရာကို လာကြည့်တယ်။ တူးဖို့ ဘာပစ္စည်းမှ မပါတော့ မောင်ကြီးရဲ့ဂေဟာကိုပြန်ပြီး မြေကြီးတူးဖို့ ပစ္စည်းတွေယူလာတယ် မဟုတ်လား။ မောင်ကြီးယူလာတဲ့ ပစ္စည်းတွေကိုမြင်ရတဲ့လူတွေက အံ့သြပြီး မောင်ကြီးနောက်ကနေ ပုန်းကွယ်ပြီး လိုက်လာကြတယ်။ မောင်ကြီးတူးနေတာတွေ့ရင်၊ ရတနာတွေမှန်းသိရင် သူတို့ လောဘစိတ်ဝင်ပြီး မောင်ကြီးကို ကျိန်းသေ အန္တရာယ်ပြုမယ့်သူတွေ ဆိုတာ နှမတော်သိလို့ သူတို့မောင်ကြီးကို မမြင်အောင် နှမတော်ကိုယ်တိုင် စိတ်တန်ခိုးနဲ့ လမ်းလွှဲပေးလိုက်တာပါ"

သူ့စကားကို ကျွန်တော် ကြားလိုက်ရသည်နှင့် ကျွန်တော့်စိတ်ထဲ စိုးထိတ်သွားခဲ့၏။ သို့နှင့် - ကဋ္ဌန ဆက်၍ ရှင်းပြပြန်၏။

"ယခင်က မောင်ကြီးတို့ ဂေဟာမှာ နေသွားကြတဲ့ ပုဂ္ဂိုလ်တွေကိုလည်း နှမတော်အကူအညီ တောင်းဖူးပါတယ်။ ဒါပေမဲ့ - သူတို့က မောင်ကြီးလို စူးစမ်းလေ့လာမှုမရှိခဲ့ကြလို့ နှမတော် နှစ်တွေအများကြီး စောင့်ခဲ့ရတယ်။ အခုဆိုရင် မောင်ကြီးနဲ့တိုက်ဆိုင်လို့ မောင်ကြီးကလည်း ရဲရဲရင့်ရင့်နဲ့ ကူညီလို့ နှမတော်တို့ရဲ့ ဘိုးဘွားပိုင် နန်းစဉ်ရတနာတွေကို ထိန်းသိမ်းမှုတာဝန်ပြီးဆုံးသွားခဲ့ပါတယ်။ ဒါကြောင့် - ဘဝကူးပြောင်းတော့မှာမို့ ကျေးဇူးရှင်မောင်ကြီးကို လာရောက်နှုတ်ဆက် ကန်တော့ခြင်းဖြစ်ပါတယ် မောင်ကြီးရယ်"

ဤသည်ကား တစ်လအတွင်း တတိယအိပ်မက်ပင် ဖြစ်ပါပေသတည်း။

ကျွန်တော်သည် အိပ်မက်မှ လန့်နိုးပြီး ရေအိုးစင်မှ ရေတစ်ခွက်ကိုယူ၍ သောက်လိုက်သည်။ ပြီးမှ မြင်မက်ခဲ့သည့်အိပ်မက်ကို ပြန်၍ စဉ်းစားကြည့်ရာ ကဋ္ဌနဆိုသော မိန်းကလေးကိုယ်တိုင် အိပ်မက်ထဲတွင် ပြောသွားသည်များမှာ အားလုံးမှန်နေပါ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မြေကြီးကိုတူးရန်အတွက် အဆောင်သို့ပြန်၍ သံတူးရွင်းနှင့် ပေါက်ပြားကိုယူပြီး လျှောက်လာစဉ် လမ်းဆုံရှိ စားသောက်ဆိုင်ထဲမှ လူသုံးယောက်က ကျွန်တော့်ကို အံ့ဩသောအမူအရာများဖြင့် ကြည့်နေကြသည်ကို သတိရလိုက်မိသည်။ သူတို့၏အမြင်မှာ ထူးဆန်းအံ့ဩနေသဖြင့် သူတို့ ကျွန်တော့်နောက်ကို လိုက်လာကြသည်ဟု ဆိုသည်မှာ သေချာပါလိမ့်မည်။ ကဥ္စနာ၏ ကျေးဇူးကြောင့်သာ သူတို့နှင့် ကျွန်တော် ရင်ဆိုင်မတွေ့ဖြစ်ခဲ့ကြခြင်းရယ်သာ။

တစ်ဖန် ကျွန်တော်သည် မြေကြီးကို တဲတောင်ခန့်တူးပြီးသည်နှင့် ရရှိသော သေတ္တာထဲမှ တွေ့ရသောပစ္စည်းများသည် ရွှံ့ချောင်းများနှင့် ကျောက်စလစ်ခဲများသာဖြစ်နေ၍စိတ်တိုပြီး မလှမ်းမကမ်းရှိ ရေစီးသန်သော ရှိုးချောင်းထဲသို့ တအားလွှဲ၍ လွှင့်ပစ်မိခဲ့သည်ကို ပြန်၍သတိရမိလိုက်ပါတော့သည်။

ထိုနေ့မှစ၍ မည်သည့်ထူးခြားမှုမျိုးမှ ထပ်မံ မကြုံတွေ့ရတော့ပေ။ သုံးရက်ခန့်အကြာတွင် ကျွန်တော်သည် ထိုကိစ္စရပ်များအား စိတ်ဝင်စားနေဆဲဖြစ်နေသည့်အတွက် ဤအခန်းတွင် မိမိရှေ့၌ တာဝန်ထမ်းဆောင်သွားခဲ့ဖူးသည့် သူငယ်ချင်းဖြစ်သူ ရဲရင့်အောင်ထံ ဖုန်းဖြင့် ဆက်သွယ်၍မေးမြန်းကြည့်ရာတွင် ရဲရင့်အောင်က သူ တာဝန်ကျစဉ်ကလည်း ထိုအိပ်မက်မျိုး မက်ခဲ့ကြောင်း၊ စကားဝါပန်းရနံ့များလည်း ရခဲ့ကြောင်း၊ အယုံအကြည်မရှိ၍ အလေးမထားခဲ့ကြောင်း ပြန်လည်ပြောပြခဲ့ပါသည်။ တိုက်ဆိုင်စွာပင် ရဲရင့်အောင်နှင့် ဖုန်းပြောပြီး တစ်နာရီခန့်အကြာတွင် တောင်ကြီးမြို့တွင် တာဝန်ကျနေသည့် သူငယ်ချင်းအောင်လွင်၏ ဖုန်းဝင်လာပြန်ပါသည်။ မိမိအား ဤကင်းစခန်းတွင် တာဝန်ကျနေသည်ဟု သတင်းကြား၍ ဆက်သွယ်ခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သည့် တစ်နှစ်ကျော်ခန့်က ဤကင်းစခန်းတွင် သူ တာဝန်ကျခဲ့ဖူးပြီး ထူးဆန်းသည့်အိပ်မက်၊ ထူးဆန်းသည့် မွှေးရနံ့များကြုံခဲ့ဖူးကြောင်း ပြောပြပါလေ၏။



ဤဖြစ်ရပ်အတိုင်းဆိုပါလျှင် ဉစ္စာစောင့်မလေး ကဥ္စနသည် လွန်ခဲ့သော သုံးနှစ်ကျော်လေးနှစ်ခန့်ကပင် ကျွတ်လွတ်ချိန်တန်၍ ကျွတ်လွတ်လို၍ အကူအညီပေးမည့်သူကို စောင့်မျှော်ရှာဖွေခဲ့ဟန်တူ၏။ ထူးခြားသည့် မွှေးရနံ့များ၊ ထူးဆန်းသည့်အိပ်မက်များပေး၍ ရှာဖွေခဲ့ပေလိမ့်မည်။ ယခုမှ မိမိက ဆောင်ရွက်ပေးလိုက်သည့်အတွက် သူတို့တူဝရီးနှစ်ယောက် ဘဝတစ်ပါးသို့ ကူးပြောင်းသွားတော့မည်ကို အိပ်မက်ပေး၍ နှုတ်ဆက်စကား ဆိုသွားခြင်းသာ ဖြစ်သည်ဟု ယူဆထားလိုက်ပါတော့သည်။

နောက်တစ်လအကြာတွင် ကျွန်တော်သည် ရန်ကုန်ရုံးချုပ်သို့ အထူးတာဝန်ဖြင့် ခေတ္တပြန်လာရာ သစ်ပင်ခြေရင်းတစ်နေရာမှ တူးဖော်ရရှိခဲ့သော အဆိုပါကြေးသေတ္တာလေးကို ကျွန်တော်၏ မှန်ဗီရိုထဲတွင် အမြတ်တနိုးသိမ်းထားလိုက်တော့၏။

နောက်တစ်နေ့ ညနေတွင် စင်ကာပူနိုင်ငံမှ အစ်မဖြစ်သူက မိသားစုထံ ဖုန်းဆက်ရာ ကျွန်တော်လည်း ဝမ်းသာအားရဖြင့် ရခိုင်ပြည်နယ်မှ ရရှိခဲ့သော ထိုကြေးသေတ္တာလေးအကြောင်းကို ပြောပြလိုက်၏။ ထိုစဉ် အစ်မက ထိုသေတ္တာကလေးကို ဘာလုပ်မလဲဟု ကျွန်တော့်စိတ်ကို သိလို၍မေး၏။ ကျွန်တော်ကလည်း ကျွန်တော့်ဆန္ဒအမှန်အတိုင်း ရာသက်ပန် အမြတ်တနိုးသိမ်းထားမည်ဟု ပြန်ဖြေလိုက်၏။ သို့နှင့် အစ်မက . . .

"ငါ့မောင်က သမိုင်းကျောင်းသားတစ်ယောက်ဖြစ်ပြီး သမိုင်းတာဝန်ကျေစမ်းပါ မောင်လေးရယ်" ဟု အမှတ်မထင် ဆိုလိုက်၏။

ကျွန်တော်၏ အစ်မသည် ကျွန်တော်တို့မောင်နှမလေးယောက်တွင် အကြီးဆုံးဖြစ်ပြီး တည်တည်တံ့တံ့ဖြင့် ဣန္ဒြေသိက္ခာရှိသူ ဖြစ်၏။ စကားကိုလည်း အပိုမပြော၊ တန်ဖိုးရှိသော၊ ဗဟုသုတရဖွယ်ဖြစ်သော စကားမျိုးကိုသာ ပြောဆိုတတ်၏။ သို့ကြောင့်လည်း အသက်သုံးဆယ်မပြည့်မီကတည်းက ဌာနဆိုင်ရာတစ်ခုတွင် အရာရှိတစ်ဦး ဖြစ်ခဲ့ရပြီး ယခုလည်း နိုင်ငံတော်၏ အထူးအစီအစဉ်ဖြင့် စင်ကာပူနိုင်ငံတွင် သုံးနှစ်သင်တန်းကို အထူးရွေးချယ်တက်ရောက်ခွင့်ရသူလည်း ဖြစ်၏။ ကျွန်တော်သည် အစ်မ၏ စကားကို သဘောမပေါက်သဖြင့် အစ်မကိုပြန်၍ မေးကြည့်ရာ အစ်မက . . .

www.burmeseclassic.com

"ငါ့မောင်က သမိုင်းဘာသာရပ်နဲ့ ကျောင်းပြီးထားတဲ့ ကျောင်းသားတစ်ယောက်က ကံအားလျော်စွာရရှိခဲ့တဲ့ ရှေးဟောင်းပစ္စည်းတစ်ခုကို ကိုယ့်ပစ္စည်းကိုယ်ပိုင်လို့ သဘောထားရင် သမိုင်းကျောင်းသားတစ်ယောက်ရဲ့ သမိုင်းတာဝန် မကျေရာရောက်တော့မှာပေါ့၊ တစ်မျိုးသားလုံးပိုင်တဲ့ ပစ္စည်းဖြစ်ရမယ်လေ၊ အများပိုင်ပစ္စည်းအနေနဲ့ ထားရှိသင့်တဲ့ ပစ္စည်းဖြစ်ရမယ်လေ၊ အများပိုင်ပစ္စည်းအနေနဲ့ ထားရှိသင့်တဲ့ပစ္စည်းကို ငါ့မောင်က ကိုယ်ပိုင်ပစ္စည်းတစ်ခုလို မမက်မောရဘူး၊ မခင်တွယ်ထားရဘူး၊ ဒါကြောင့် - နောက် (၂) နှစ်ကြာလို့ သင်တန်းပြီးရင် အစ်မ ပြန်လာရမယ်၊ အစ်မ ပြန်ရောက်ရင် အဲဒီသေတ္တာလေးရဲ့ခေတ်လက်ရာကို သိရအောင် သမိုင်းပညာရှင်ကြီးများထံမှာ ပြသလေ့လာပြီး ယဉ်ကျေးမှုနဲ့ အနုပညာဦးစီးဌာနမှာ လှူဖို့စီစဉ်မယ်၊ လှူဖြစ်အောင် လှူရမယ် မောင်လေး၊ အဲဒါ - သမိုင်းဝေး အမျိုးသားရေး တာဝန်တစ်ခုပဲ"

အစ်မ ပြောလိုက်မှ ကျွန်တော်လည်း သမိုင်းဘာသာဖြင့် ဘွဲ့ရထားသော ကျောင်းသားတစ်ယောက်၏ အမျိုးသားရေး တာဝန်တစ်စိတ်တစ်ဒေသကို သတိပြုမိလိုက်သည်နှင့်အညီ ထိုကြေးသေတ္တာလေးကိုလည်း အစ်မပြန်ရောက်သည့်အခါ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းအနုပညာသုတေသနဌာနသို့ ကျွန်တော်တို့မိသားစု တပျော်တပါး အမှတ်တရ သွားရောက်လှူဒါန်းရန် စိတ်ဆုံးဖြတ်ထားလိုက်ပါတော့သတည်း၊

»»» **နိုင်သျှား (ဗိုးမိတ်)**



www.burmeseclassic.com

# ချစ်သူ့ဝိညာဉ်

**စိတာမြဦး**

"ဒီအမျိုးသမီးက ကြည့်တော့သာ မျက်လုံးသူငယ်နဲ့ ကြောက်တတ်မယ်ထင်ရတာ၊ မလွယ်ဘူး – ဆရာရေ၊ ကျွန်တော် ဘယ်လိုပဲ လှည့်ပတ်မေးမေး သူ့ပါးစပ်က "ကျွန်မ မသိဘူးရှင်" ဆိုတာကလွဲပြီး ဘာမှထွက်မလာဘူးဗျ၊ အံ့ရော…"

စခန်းမှူးရဲအုပ်ဇော်မော်သည် ရုံးခန်းထဲသို့ စိတ်ပျက်လက်ပျက်ဝင်လာရင်း ပြောလိုက်သော ဒုရဲအုပ်ဝင်းမောင်အား မော့ကြည့်လိုက်သည်၊

"ဟုတ်လား – ကိုဝင်းမောင်"

"မမေးပါနဲ့တော့ – ဆရာရယ်၊ ကျွန်တော့် လုပ်သက်တစ်လျှောက် စစ်ခဲ့သမျှထဲမှာ ဒီအမှုကိုတော့ တကယ် စိတ်ပျက်မိတယ်ဗျာ"

ဒုရဲအုပ်ဝင်းမောင်က လူလည်းအတော်ပင်ပန်းနေဟန်ဖြင့် နွမ်းနယ်စွာ ပြောလိုက်သည်၊ ရဲအုပ်ဇော်မော်က ခေါင်းတစ်ချက် ဆတ်ပြကာ …

"ကဲ – ဒါဆိုလည်း ခင်ဗျား အိမ်ပြန်ပြီးခဏနားလိုက်ပါဦး၊ ကျွန်တော့်ဆီ ကျားကြီးသာ လွှတ်လိုက်ပါ"

"ဟုတ်ကဲ့ပါ – ဆရာ"



ဒုရဲအုပ်ဝင်းမောင် စနစ်တကျ အလေးပြုလျက် ပြန်ထွက်သွားသည်၊ ခဏအကြာတွင် ကျားကြီးခေါ် ဒုရဲအုပ်ထွန်းနိုင် ရောက်လာသည်၊ ဒုရဲအုပ်ထွန်းနိုင်ကား အမှုစစ်လောကတွင် နာမည်တစ်လုံးနှင့်နေသူ ဖြစ်၏၊ ညည်မျှပင်ခက်ခဲသော အမှုပင် ဖြစ်နေပါစေ၊ ဘယ်လောက်ခေါင်းမာသည့် တရားခံဖြစ်စေ ကြာကြာတောင့်မခံနေနိုင်၊ သူ၏ စူးရှတောက်ပြောင်သော သိန်းငှက်မျက်လုံးများနှင့် လှူဘီလူးနယ် တုတ်ခိုင်သန်မာလှသည့် ရောမခန္ဓာကိုယ်ကြီးက တော်ရုံတရားခံအား မြင်ရုံနှင့်ပင် ကြောက်လန့်တုန်လှုပ်စေသည်၊ မေးခွန်းမေးတိုင်း ကျားတစ်ကောင်ဟိန်းသည့်အလား ကျယ်လောင်စွာ မြည်ဟိန်းတတ်၍လည်း ကျားကြီးဟူ၍ နာမည်ကြီးနေသူလည်း ဖြစ်၏၊

"ကဲ – ကိုထွန်းနိုင်ရေ၊ ရေတာရှည်လမ်းဟောင်းက လူသတ်မှုမှာတော့ တပ်ကြပ်ကြီးသိန်းမြိုင်ကော၊ ဒုရဲအုပ်ဝင်းမောင်ရော လက်လျှော့သွားကြလို့၊ အဲဒါကြောင့် – ထုံးစံအတိုင်း ခင်ဗျားကို တာဝန်ပေးဖို့ ခေါ်လိုက်ရတာပါ"

ဒုရဲအုပ်ထွန်းနိုင်က ကွမ်းသွေးအထပ်ထပ်ကြောင့် ကျားတစ်ကောင်လို နီရဲနေသော ပါးစပ်ကိုဟ၍ တဟဲဟဲဖြင့် အသံထွက် ရယ်လိုက်ပြီးမှ …

"ရပါတယ် – ဆရာ၊ တာဝန် ကျေရပါစေ့မယ် – ဒါနဲ့ ဒီအမျိုးသမီးက လူသတ်တရားခံနဲ့ ဘယ်လို ဆက်နွယ်နေလို့လဲဗျ"

"ဒီအမျိုးသမီးနာမည်က မခင်စိန်တဲ့ဗျ၊ အသတ်ခံရတဲ့ သူ့ယောကျ်ားက ရွှေလင်းယုန်ကုမ္ပဏီပိုင်ရှင် ဦးကျော်ဖွန်းတဲ့ဗျ၊ လင်မယားနှစ်ယောက် အိပ်မောကျနေတုန်း ညသန်းခေါင်ကျော် နှစ်ချက်တီးလောက်မှာ လူသတ်သမားက အိပ်ခန်းထဲဝင်ပြီး ဓားနဲ့ ထိုးသတ်သွားတာဆိုတော့ မခင်စိန်က တစ်ဦးတည်းသော မျက်မြင်သက်သေ ဖြစ်နေတာလေ"

"ဩော်"

"အဲဒါကြောင့် မခင်စိန်အနေနဲ့ တရားခံဟာ လူရင်းထဲကဆိုရင် ဘယ်သူ ဘယ်ဝါလို့ သိနိုင်ပြီး လူစိမ်းထဲက ဖြစ်နေရင်လည်း လူ့ပုံပန်းသဏ္ဌာန်ကို



www.burmeseclassic.com

www.burmeseclassic.com

မှတ်မိနိုင်တယ် မဟုတ်လား။ ခင်ဗျားတို့က အဲဒါကို အဓိကထားပြီး စစ်ဆေးရမှာလေ"

"ဟုတ်ကဲ့ - ဆရာ၊ ဒါနဲ့ - ညသန်းခေါင်ကျော် အမှောင်ထဲမှာဆိုတော့ မခင်စိန်က တရားခံကို သေချာ မှတ်မိနိုင်ပါ့မလား"

ရဲအုပ်ဇော်မော်က စပ်ယဲ့ယဲ့ ပြုံးလိုက်ကာ ...

"သေချာမှတ်မိနိုင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ လင်မယားက ညဘက်မီးဖွင့်ပြီး အိပ်တတ်ကြတယ်လေ"

"ဟုတ်ကဲ့ - သဘောပေါက်ပါပြီ၊ ဒါနဲ့ - သူတို့မှာ အိမ်သားဘယ်နှယောက် ရှိလဲ ဆရာ"

"နှစ်ထပ်တိုက်ကြီးရဲ့ အပေါ်ထပ်မှာ မခင်စိန်တို့လင်မယားနှစ်ယောက်ပဲရှိပြီး အောက်ထပ်မှာ သားလူပျိုနှစ်ယောက် အိပ်တယ်၊ ခြံဝင်းထဲမှာ ညစောင့်တစ်ယောက်နဲ့ အယ်လ်ဖေးရှင်းခွေးနှစ်ကောင် လွှတ်ထားတယ်တဲ့၊ ခြံတံခါးနဲ့ အိပ်ခန်းတံခါးတွေလည်း အခိုင်အမာ ပိတ်ထားတာကတဲ့ဗျ"

ဒုရဲအုပ်ထွန်းနိုင်က နေရာမှ ထရပ်လိုက်ကာ ...

"ဒီလောက်ဆို ကျွန်တော် စစ်လို့ရပါပြီ ဆရာ"

"ကောင်းပြီ - ကိုထွန်းနိုင်၊ မရှင်းတာရှိရင်လည်း လာမေးပေါ့၊ မြို့နယ်မှူးကလည်း မကြာခဏ ဖုန်းဆက်မေးနေတာဆိုတော့ ကျွန်တော် ဒီအမှုကို မြန်မြန်အဆုံးသတ်ချင်နေပြီဗျာ"

"စိတ်ချပါ - ဆရာ - မကြာစေရပါဘူး"

ဒုရဲအုပ်ထွန်းနိုင်က သတိဆွဲ အလေးပြုလျက် သားကောင်အနံ့ကို ရလိုက်သည့် ကျားကြီးတစ်ကောင်အလား ခြေလှမ်းကျဲကြီးများဖြင့် ထွက်ခွာသွားလေသည်။



"ကရင် - ကရင် - ကလင် - ကလင်"

ထိုစဉ် စားပွဲပေါ်မှ တယ်လီဖုန်း ရုတ်တရက် မြည်လာသည်၊ ရဲအုပ်ဇော်မော်က ကောက်ကိုင်လိုက်သည်။

"ဟုတ်ကဲ့ - အဓိန့်ရှိပါ"

"ကိုဇော်မော်လား"

မြို့နယ်မှူး၏ အသံ ဖြစ်၏။

"ဟုတ်ကဲ့ - ဗိုလ်ကြီး"

"အခြေအနေ ဘယ်လိုလဲ တရားခံ ပေါ်ပြီလားဗျ"

"ဟုတ်ကဲ့ - မကြာခင် ပေါ်တော့မှာပါ၊ အခု ကျားကြီးကို စစ်ခိုင်းထားပါတယ်"

"ဟုတ်လား၊ အင်း - ကျားကြီးဆိုရင်တော့ သိပ်မကြာလောက်တော့ပါဘူး၊ အေးဗျာ - ဒုတိုင်းကလည်း မေးလှပြီဗျ"

"ဟုတ်ကဲ့ ..."

"အဲဒါ - အကြောင်းထူးတာနဲ့ ကျွန်တော့်ဆီ ချက်ချင်းဖုန်းဆက်ဗျာ"

"ဟုတ်ကဲ့ - စိတ်ချပါ ဗိုလ်ကြီး - လေးစားပါတယ်"

ရဲအုပ်ဇော်မော်၏ သက်ပြင်းချသံက တယ်လီဖုန်းချသံကိုပင် လွှမ်းသွားသည်။ သူက စားပွဲပေါ်ရှိ အမှုတွဲဖိုင်တစ်ခုကို ဖွင့်ဖတ်လိုက်သည်။ မျက်လုံးများကလည်း စာလုံးများကို ကောင်းစွာ မမြင်၊ သူ့အာရုံက ကျားကြီးထံ ရောက်နေသည်၊ ကျားကြီးစစ်သမျှ တရားခံအစစ် ပေါ်လာတတ်သည်ကိုလည်း တွေးနေမိသည်။

ထိုနေ့ နေ့လယ်လောက်က စစ်ဆေးခန်းထဲ ဝင်သွားသော ကျားကြီးတော်တော်နှင့် ပြန်ထွက်မလာ၊ ညနေ ရုံးဆင်းချိန် ကျော်လွန်သွားသည်အထိ ပေါ်မလာသေး၊ မိုးစုပ်စုပ်ချုပ်မှ လေးလံသော ခြေလှမ်းများနှင့် ပြန်ရောက်လာသည်။

"ဘယ်လိုလဲ - ကိုထွန်းနိုင်၊ အိုကေရဲ့ မဟုတ်လား"

www.burmeseclassic.com

ရဲအုပ်ဖော်မော်က မျှော်လင့်ချက်အပြည့်ဖြင့် မေးလိုက်သည်။ ကျားကြီး က ရုတ်တရက်ပြန်မဖြေဘဲ ကုလားထိုင်ပေါ်တွင် အရုပ်ကြိုးပြတ် ထိုင်ချ လိုက်သည်။ ပြီးမှ ရဲတွက်နေသော နှုတ်ခမ်းထူထူကြီးများကို ဟလျက် ဇလုံ ဗထွေးသံဖြင့် ...

"ဒီမိန်းမ စိတ်ပုံမှန်မှ ဟုတ်ရဲ့လား မသိဘူး - ဆရာ -"

"ဘာဖြစ်လို့လဲဗျ"

"သူ့အသက်က အလွန်ဆုံးရှိလှ သုံးဆယ်ပေါ့ဆရာ။ လူပုံက ရိုးပုံရိုးအနဲ့ သနားကမား မျက်နှာဖေပါက်လေးနဲ့ဆိုတော့ အတော်ကြောက်တတ်မယ် ထင်မိတယ်။ ဟ - တကယ်တမ်း စစ်ကြည့်တော့မှ ဒီမိန်းမနယ် ကြောက်ရို နေနေသာသာ မတုန်မလှုပ်နဲ့ပြန်တောင်ပြုံးကြည့်နေသေးဗျ။ ပြီးတော့ - မေး လိုက်တိုင်းလည်း ချက်ချင်းပြန်မပြောဘဲ မထီလေးစားလိုလို မချိတရိလိုလို အမူအရာနဲ့ ပြုံးလိုက်ပြီးမှ ဖြေတတ်သဗျ။ ကျွန်တော် ဘယ်လိုပဲ ခြောတ် လှန့်လှည့်ပတ်မေးမေး သူ့ဖြေတာက တစ်ခွန်းတည်းရယ် - ကျွန်မ မသိပါဘူ တဲ့ဆရာ ..."

အပွဲပွဲ နွှဲလာသမျှ ကျားကြီးတို့ ဒီတစ်ချီတော့ နပ်ပစ်ခံရလေပြီလားဟု ရဲအုပ်ဖော်မော် တွေးမိသည်။ ကျားကြီးစကားထဲမှ သူ မရှင်းတာ တစ်ခု တော့ရှိသည်။

ထို့ကြောင့် ...

"ဒါနဲ့ - ကိုထွန်းနိုင် ခင်ဗျားစကားထဲမှာ ဒီမိန်းမစိတ်ပုံမှန်မှ ဟုတ်ရဲ့လား လို့ ကြားမိတယ်။ အဲဒါ ဘာကို ဆိုလိုတာလဲဗျ"

"အထူးသဖြင့် - မျက်လုံး - ဆရာ - မျက်လုံး တစ်ချက်တစ်ချက် သူ ကြ ကြည့်လိုက်ပုံက လူသာမန်တစ်ယောက်နဲ့ မတူဘူး။ ကြွက်မျက်လုံးလိုလို ဇီးကွက်မျက်လုံးလိုလို ကြောင်တောင်တောင်နဲ့ ကြည့်ရတာ ဘာကိုမှ အကြောက်အလန့် မရှိတဲ့ပုံမျိုး ဆရာ"

ရဲအုပ်ဖော်မော်က ခေါင်းတစ်ချက် ဆတ်ပြကာ ...

"ကောင်းပြီလေ၊ ဒီနေ့တော့ ခင်ဗျား နားလိုက်ပါတော့ဗျာ"



■■■ နေပါဦးဗျ -ဦးကျော်ဒွန်းက
အယ်လ်ဇေးရှင်းခွေးတွေရော၊ လူတွေပါ
စောင့်နေတဲ့တိုက်ဝင်းအပေါ် ထပ်မှာ
ညသန်းခေါင်ကျော်ကြီး အသတ်ခံရတာ
မဟုတ်လားဗျ ■■■



"ဟုတ်ကဲ့ - ဆရာ"

ကျားကြီး ထွက်သွားပြီးနောက် ဂါတ်စာရေးကို ခေါ်ကာ ...

"မခင်စိန်ကို ညနေစာ ကျွေးလိုက်ပါဦးဗျ"

"ဟုတ်ကဲ့ ... ဆရာ"

အတန်ငယ်အကြာတွင် ဂါတ်စာရေးပြန်ရောက်လာသည်။

"မခင်စိန်က ထမင်းစားချင်စိတ် မရှိဘူးတဲ့ ဆရာ"

"ဟုတ်လား"

ရဲအုပ်ဖော်မော်က ခုအခြေအနေတွင် မိမိကိုယ်တိုင် ဝင်နွှဲရတော့မည်ဟု နားလည်လိုက်သည်။ ထို့ကြောင့် ဂါတ်စာရေးအား ...



www.burmeseclassic.com

www.burmeseclassic.com

"အထဲကို ကော်ဖီနှစ်ခွက်နဲ့ မုန့်ပါ ပို့ပေးလိုက်ပါ - ဂါတ်စာရေး"

"ဟုတ်ကဲ့၊ ဒါနဲ့ - နောက်တစ်ခွက်က ဘယ်သူသောက်ဖို့လဲ ဆရာ"

"ကျွန်တော် သောက်ဖို့လေဗျာ"

"ဟင်"

ဂါတ်စာရေး ကြောင်နေစဉ် ရဲအုပ်ဇော်မော်က စစ်ဆေးခန်းအတွင်းသို့ ဝင်လာခဲ့သည်။ မခင်စိန်က သူ့ကို မြင်တော့ မတ်တတ် ထရပ်မလို လုပ်သည်။

"ထိုင်ပါ - မခင်စိန်၊ ရပါတယ်။ ဒါနဲ့ - ညစာလည်း မစားဘူးဆို"

ရဲအုပ်ဇော်မော်က မခင်စိန်နှင့် မျက်နှာချင်းဆိုင်နေရာတွင် ဝင်ထိုင်လိုက်သည်။ ရဲမေတစ်ဦးက မခင်စိန်၏နောက်ဘက်တွင် ကပ်ထိုင်နေသည်။ ရဲအုပ်ဇော်မော်က သူ့ခေါင်းပေါ်က အရာရှိဦးထုပ်ကို ချွတ်ကာ နိုင်ငံတော်တံဆိပ်ကို မခင်စိန်ဘက်မျက်နှာမူကာ စားပွဲပေါ်တင်လိုက်သည်။

ထိုအခိုက် ဂါတ်စာရေးက လင်ပန်းတစ်ချပ်တွင် ကော်ဖီနှစ်ခွက်နှင့် မုန့်ပန်းကန် တင်ယူလာကာ စားပွဲပေါ်ချပေးသည်၊ ရဲအုပ်ဇော်မော်က ကော်ဖီတစ်ခွက်နှင့် မုန့်ပန်းကန်ကို မခင်စိန်ရှေ့ချပေးလိုက်သည်၊ ဂါတ်စာရေးအလေးပြု၍ ပြန်ထွက်သွားသည်၊

"သောက်ပါ - မခင်စိန်၊ မုန့်ပါ စားပါ"

ကျန်ကော်ဖီတစ်ခွက်ကို လှမ်းယူကာ တစ်ကျိုက်သောက်လိုက်သည်။ မခင်စိန်က မစားမသောက်ဘဲ သူ့ကို စိုက်ကြည့်နေသည်။

"ဒါတွေက ကျွန်တော်ကျွေးတာပါ မခင်စိန်၊ ဘာမှ အားနာစရာမလိုဘူး။ ဘာမှ မစားမသောက်ရင် နေမကောင်းဖြစ်နေမှာစိုးလို့ပါ"

ရဲအုပ်ဇော်မော်စကားကြောင့် မခင်စိန်၏ မျက်နှာပြင်ဝယ် အံ့ဩရိပ်တစ်ခုဖြတ်သန်းသွား၏။ ပြီးမှ - တံတွေးတစ်ချက် မျိုချလိုက်ကာ မုန့်ပန်းကန်ကို ရဲအုပ်ဇော်မော်ရှေ့ကို တွန်းရွှေ့လျက် ...

"ဒါဆို - ဆရာ အရင်စားလေ"



ရဲအုပ်ဇော်မော်က မခင်စိန်၏မျက်နှာကို ပြန်ကြည့်ရင်း သဘောပေါက်သွားဟန်ဖြင့် မုန့်တစ်ခု ယူစားလိုက်သည်။ ပြီးသည်နှင့် မုန့်ပန်းကန်ကို မခင်စိန်ဘက် ပြန်ရွှေ့ကာ ...

"ကဲ - မခင်စိန် အလှည့်"

မခင်စိန်ကပြုံးတော့မယောင် မျက်နှာပေးဖြင့်မုန့်တစ်ခုကိုယူစားသည်၊ ပြီးတော့ - ကော်ဖီသောက်သည်၊ ထိုအခိုက်အတန့်ဝယ် အခန်းတွင်း၌ ရဲအုပ်ဇော်မော်နှင့် မခင်စိန်တို့၏ သောက်စားသံသဲ့သဲ့မှတစ်ပါး လူသူကင်းမဲ့နေသလို တိတ်ဆိတ်နေလေသည်၊ ထိုတိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်သူက ရဲအုပ်ဇော်မော်ပင် ဖြစ်၏၊

"ကဲ - မခင်စိန်၊ ကျွန်တော်ကတော့ ခင်ဗျားအရင်လူတွေကို ဖြေခဲ့သလို "ကျွန်မမသိပါဘူးရှင်" ဆိုတဲ့စကားမျိုးကြားချင်လို့လာခဲ့တာမဟုတ်ဘူးနော်။ ခင်ဗျားယောကျ်ား ဦးကျော်ဒွန်းကို သတ်သွားတဲ့ တရားခံကို တိတိကျကျ သိချင်လို့ ရောက်လာခဲ့တာပဲ မခင်စိန်"

ရဲအုပ်ဇော်မော်၏ တိကျပြတ်သားသော စကားကြောင့် ပထမတော့ မခင်စိန်၏မျက်လုံးများအရောင်တဖိတ်ဖိတ်တောက်လာသလိုလင်းခနဲဖြစ်သွားသေးသည်၊ ပြီးမှ - နှုတ်ခမ်းထောင့်စွန်းတစ်ဖက် ကွေးညွတ်၍ မချိတရိ ပြုံးလိုက်ကာ ...

"ကျွန်မကလည်း ဒီလို ရှင်းရှင်းနဲ့ဘွင်းဘွင်း မေးတတ်တဲ့ စခန်းမှူးကြီးကို အရင်ကတည်းက လေးစားပြီးသားပါ။ ဒါကြောင့် - ကျွန်မကလည်း စခန်းမှူးကြီးကို လေးစားတဲ့အနေနဲ့ ပွင့်ပွင့်လင်းလင်းပဲဖြေပါတော့မယ်၊ ကျွန်မယောကျ်ားကိုသတ်တာ တခြားလူမဟုတ်ပါဘူး။ ကိုအောင် သတ်တာပါ"

"ဗျာ - ကိုအောင် - ဟုတ်လား၊ ကိုအောင်ဆိုတာ ဘယ်သူလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com

ရဲအုပ်ဖော်မော်က အားတက်သရော မေးလိုက်၏။

"ကိုအောင်ဆိုတာ ကျွန်မငယ်ချစ်ဦးပါ စခန်းမှူးကြီး"

"ဟုတ်လား၊ ဒါဆို - ကိုအောင်က ဦးကျော်ဒွန်းကို ဘာဖြစ်လို့ သတ်ရတာလဲ"

"အမှန်တော့ - ဦးကျော်ဒွန်းက ကျွန်မတို့ ချစ်ခြင်းကို ခွဲပြီး ကျွန်မတို့ ငွေနဲ့ပေါက်ပြီး သိမ်းခဲ့တာလေ။ ဒါထက်ဆိုးတာက ဦးကျော်ဒွန်းက အရက်မူးလာပြီဆိုရင် ကျွန်မကို ဟိုလူနဲ့စွပ်စွဲ ဒီလူနဲ့သမုတ်နဲ့ အညှဉ်းအပမ်း ခွဲအောင် ရိုက်နှက်နှိပ်စက်တတ်တာပဲရှင့်။ ဒါ့ကြောင့်လည်း ကိုအောင်က ကျွန်မကိုယ်စား မခံမရပ်နိုင်ဖြစ်ပြီး ဦးကျော်ဒွန်းကို သတ်ပစ်ခဲ့တာပါပဲ စခန်းမှူးကြီး"

ရဲအုပ်ဖော်မော်က တစ်စုံတစ်ခုကို စဉ်းစားမိကာ ...

"နေပါဦးဗျ - ဦးကျော်ဒွန်းက အယ်လ်ဖေးရှင်းခွေးတွေရော၊ လူတွေပါ စောင့်နေတဲ့ တိုက်ဝင်းအပေါ်ထပ်မှာ ညသန်းခေါင်ကျော်ကြီး အသတ်ခံရတာ မဟုတ်လားဗျ ..."

"ဟုတ်တယ်လေ - ကျွန်မနဲ့ အတူတူ အိပ်နေတုန်း ခုတင်ပေါ်မှာ ဓားနဲ့ထိုးသတ်ခံရတာလေ"

"ကျွန်တော် သိချင်တာက ညသန်းခေါင်ကျော်ကြီး ကိုအောင်က ခင်များတို့ အိပ်ခန်းထဲရောက်အောင် ဘယ်လို ဝင်လာနိုင်တာလဲလို့ပါ"

မခင်စိန်က မထီမဲ့မြင်လိုလို တစ်ချက် ပြုံးလိုက်ပြီးမှ ...

"ဒါက - ဒီလိုပါ စခန်းမှူးကြီး။ ကိုအောင်က ဦးကျော်ဒွန်း ကျွန်မကို အဲလို နှိပ်စက်တယ်ကြားကတည်းက နေ့နေ့ညညဆိုသလို ကျွန်မအနားမှာအချိန်ပြည့်နီးပါး စောင့်ရှောက်နေခဲ့တာ ခုဆို တစ်နှစ်လောက်ရှိရောပေါ့။ အဲဒါကြောင့်လည်း ခြံထဲက ခွေးတွေရော လူတွေနဲ့ပါ ရင်းနှီးနေတာလေ"

"ဟုတ်လား၊ ဒါကို - ဦးကျော်ဒွန်း မသိဘူးလားဗျ"

"ဘယ့်နယ်သိပါ့မလဲ စခန်းမှူးကြီးရယ်၊ နေ့ဘက်ဆိုရင် ကုမ္ပဏီအလုပ်တွေနဲ့ မအားရတာနဲ့ ညဘက်ကျပြန်တော့ ပါတီပွဲတွေက ညတိုင်းလိုလိုရှိတာလေ။ ပါတီပြီးပြန်တော့လည်း မယားငယ်တွေ အိမ်တွေ လှည့်ဝင်နေသေးတာဆိုတော့ သူ အိမ်ပြန်ရောက်ရင် အမြဲလိုလို သန်းခေါင်သန်းလွဲပဲ ရှင့်"

ရဲအုပ်ဖော်မော် မျက်မှောင်ကျုံ့သွားကာ ...

"ဒါဖြင့် - အချင်းဖြစ်တဲ့ညက ကိုအောင်ခြံထဲ ဝင်လာတာကို အိမ်က ခွေးတွေရော၊ လူတွေပါအားလုံး သိတယ်ပေါ့ - ဒီလိုလား"

"အို - စခန်းမှူးကြီးကလည်း၊ လူသတ်ဖို့လာတဲ့ကိစ္စမှာ အဲလိုသိလို့တော့ ဘယ်ဖြစ်ပါ့မလဲ၊ ကိုအောင်က ဒီခြံက မလွယ်ပေါက်တွေကို သိထားတာဆိုတော့လေ၊ ဘယ်သူမှ မသိအောင် ဝင်လာနိုင်တာပေါ့ ..."

သည်လိုခြံနှင့်ဝင်းနှင့် အခိုင်အခံ့ဆောက်ထားပါလျက် မလွယ်ပေါက်က ရှိရသေးလားဟု ရဲအုပ်ဖော်မော် တွေးနေမိသည်။

"အင်း - ထားပါတော့၊ လူတွေ မသိရင်လည်း ခွေးတွေတော့ လူစိမ်းနံ့ ရမှာပေါ့"

"ကိုအောင်က လူစိမ်းမှ မဟုတ်တာ၊ ခွေးတွေနဲ့ ယဉ်ပါးပြီးသားပဲဟာ"

ရဲအုပ်ဖော်မော် ဘာမှ ဆက်မမေးတော့ဘဲ မခင်စိန် ပြောခဲ့သည်များကို ဆက်စပ်သုံးသပ်နေမိသည်။ ခဏနေမှ ...

"ဒါနဲ့ - ကိုအောင်က ဘယ်မှာနေတာလဲဗျ"

"အဲ - အဲဒါတော့ ပြောရခပ်ခက်ခက်ပဲရှင့်၊ ဘာလို့ဆို သူက ကျွန်မနဲ့ပဲ ခြံထဲမှာ တစ်ချိန်လုံး နေနေတာဆိုတော့ ဒီမှာပဲ နေသလိုလိုဖြစ်နေတာပေါ့"

"ဒါဖြင့် - ညပါ မခင်စိန်တို့ တိုက်မှာ အိပ်တာလား"

"အို - ဒီလိုတော့ ဘယ်ဖြစ်မလဲ၊ ဦးကျော်ဒွန်း ပြန်လာပြီဆိုရင် သူ့ကို မတွေ့ရတော့ဘူး။ ကြည့်ရတာ လမ်း (၄၀)ထိပ်က Y.M.C.A မှာ ပြန်အိပ်တယ်နဲ့ တူတယ်ရှင့်"

အချင်းဖြစ်သည့်နေရာမှာ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်းမှ နှစ်ထပ်တိုက်တစ်လုံးပေါ်တွင်ဖြစ်ပြီး အချိန်မှာလည်း နှစ်ရက်ပင် ရှိသေးပြီ ဖြစ်ရာ လူသတ်သမားကို လက်ဦးမှုရလိုသောစိတ်က ဇောနေသည်။

www.burmeseclassic.com

သို့ဖြစ်၍ မခင်စိန်အား အချုပ်ထဲ ပြန်ထည့်ထားရန် အစောင့်ဝန်ထမ်းအား မျက်ရိပ်ပြခဲ့ကာ ရဲအုပ်ဝင်းမောင်နှင့်အတူ လမ်း (၄၀)ထိပ်ရှိ Y. M. C. A အဆောက်အဦသို့ ကားဖြင့် ထွက်လာခဲ့၏။

"စခန်းမှူးကြီး မေးတာ ကိုကိုအောင် ဖြစ်လိမ့်မယ်၊ ဟုတ်ပါတယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတော့ သူ ဒီမှာ နေခဲ့ဖူးပါတယ်၊ အဲဒီနောက်ပိုင်း သူ့ဘကြီးဘုန်းကြီးရှိတဲ့ ဗဟန်းကြားတောရလမ်းကကျောင်းသစ်ကျောင်းမှာ သွားနေတယ်လို့ သိရပါတယ်"

"ကျောင်းသစ်ကျောင်း၊ ဟုတ်လား - ကျေးဇူးပဲ"

ရဲအုပ်ဇော်မော်တို့Y.M.C.Aမှပြန်ထွက်လာချိန်တွင် နံနက် (၄) နာရီ ပင်ခွဲပြီး နေလေပြီ၊ အိပ်ချင်မှုးတူးနှင့် ထရှင်းပြသော Y.M.C.A မှ မန်နေဂျာအား ကျေးဇူးတင်စကားပြောကာ ဗဟန်းကျောင်းသစ်ကျောင်းဆီသို့ ဦးတည်မောင်းလာခဲ့ကြ၏။

"အလို - စခန်းမှူးတို့က ကိုကိုအောင်ကို ဘာလို့တွေ့ချင်ကြတာလဲ ကွယ့်"

ကျောင်းသစ်ကျောင်း ဆရာတော်ထံ အကျိုးအကြောင်း လျှောက်ထားသောအခါ ဆရာတော်က မျက်လုံးပြူးကြီးဖြင့် မေး၏။

"ဟို - ကိစ္စလေး နည်းနည်းရှိလို့ပါ ဘုရား"

"ဟ - ကိစ္စရှိရင် ဒကာကြီးတို့ တမလွန်လိုက်သွားမှပဲ တွေ့တော့မယ်"

"ဘာဖြစ်လို့လည်း - ဘုရား"

"ကျုပ် တူတော်မောင် ကားအက်ဆီးဒင့်ဖြစ်လို့ ဆုံးသွားတာ တစ်နှစ်တောင် ပြည့်တော့မှာလေ"

"ဟ - ဒါဆို လမ်းစ ပျောက်ပြီပေါ့ ဘုရား"

ဆရာတော်က ရဲအုပ်ဇော်မော်တို့အား စေ့စေ့ကြည့်လျက် ...



"ဒကာကြီးတို့ ကြည့်ရတာ စိတ်ကျန်းမာရေးဆေးရုံပြန် မခင်စိန်နဲ့ ပတ်သက်နေကြပြီ ထင်ပါရဲ့"

ရဲအုပ်ဇော်မော် အံ့အားသင့်သွားကာ ...

"တင်ပါ့ဘုရား - မခင်စိန်ကို အရှင်ဘုရားက ဘယ်လိုလုပ်ပြီး"

"အာ - ကျုပ်တူ မောင်အောင်နဲ့ အဲဒီမခင်စိန်က ငယ်ရည်းစားဆိုလား ဘာလား၊ အရင်တစ်ခါကလည်း သူငယ်တစ်ယောက် လာမေးသေးတာ လေကွယ် ..."

"တင်ပါ့ - ဘုရား၊ ဒါနဲ့ - အရှင်ဘုရား စုနပြောတဲ့ တဲတားလေးပြန် မခင်စိန် ဆိုတာက ..."

"ဩော် - စခန်းမှူးကြီးတို့လည်း မသိသေးပဲကိုး၊ မခင်စိန်က တူ မောင်မောင်အောင် ဆုံးပါးပြီးတဲ့နောက် စိတ်ကျန်းမာရေးဆေးရုံမှာ တက်ကုရတာ နှစ်ခါတောင် ရှိရော့မယ်၊ နေပါဦး - အဲဒီက ဆရာဝန်နာမည်က အဲ - အဲ - အပြည့်အစုံ သိချင်ရင်တော့ ဒေါက်တာစံသိန်းကိုသာ မေးကြပေရော့"

ရဲအုပ်ဇော်မော်မှာ လာရင်းကိစ္စ လမ်းစပျောက်သွားသော်လည်း အကြောင်းထူးလိုထူးငြား စိတ်ကျန်းမာရေးဆေးရုံမှ ဒေါက်တာစံသိန်းနှင့် တွေ့ဆုံခဲ့ကြ၏။

"ဦးကျော်ဒွန်းက သားနှစ်ယောက်ရှိတဲ့ မုဆိုးဖိုပါ၊ မခင်စိန်ထက်လည်း အသက်ဆယ်နှစ်ကျော်ကျော်ကြီးနေတော့ ထုံးစံအတိုင်း အိမ်ထောင်ရေးက ဘယ်အဆင်ပြေပါ့မလဲ၊ ဒီကြားထဲ မခင်စိန်က ကားအက်ဆီးဒင့်နဲ့ သေသွားတဲ့ သူ့ငယ်ရည်းစားကို စွဲလမ်းတဲ့စိတ်နဲ့ ကျွန်တော်တို့ ဆေးရုံမှာတင် ကုရသေးတာဆိုတော့ မိန်းမကို အတော် စိတ်ကုန်နေပြီ ထင်ပါရဲ့၊ ရိုက်နှက်ထားတာကလည်း အညိုအမည်းစွဲလို့ဗျာ"

ဒေါက်တာစံသိန်းက ရှင်းပြသည်၊

"ဒါနဲ့ - ဆရာ၊ မခင်စိန်က ဒေါက်တာတို့ ဆေးရုံတင်ရလောက်အောင် သူက ကိုအောင့်အပေါ် ဘယ်လိုစွဲလမ်းနေလို့များလဲ"



www.burmeseclassic.com

www.burmeseclassic.com

ရဲအုပ်ဇော်မော်က သူ့အတွေးနှင့်သူ မေးလိုက်မိ၏။

"သူ့စိတ်ထဲမှာ ကိုအောင်က မကျွတ်မလွတ်နိုင်ဘဲ သူ့ဘေးနားမှာ အရိပ်ပြည့်စောင့်ရှောက်နေတယ်လို့ထင်နေတာလေ၊ ဦးကျော်ဒွန်းကလည်း အဲဒါကြောင့် ပိုပြီးနှိပ်စက်တယ်နဲ့ တူပါတယ်"

ထိုအခိုက် ရဲအုပ်ဇော်မော်၏ဦးနှောက်လျှပ်စစ်လှိုင်းများအတွင်း ဝင်းခနဲ လက်ခနဲ ဖြစ်သွားကာ သူ လုံးဝ မထင်မှတ်ထားသော ပုံရိပ်တစ်ခုကို ရိုးတိုး ရိပ်တိပ် မြင်လိုက်ရ၏။

ထို့ကြောင့် - ဒေါက်တာစံသိန်းအား နှုတ်ဆက်ကာ ဝဲတားလေးမှ ပြန်ထွက်ကာ မိမိစခန်းသို့ အမြန်ပြန်လာခဲ့သည်။ စခန်းရောက်သည်နှင့် အချုပ်ခန်းဆီသို့ တန်းသွားကာ မခင်စိန်အား ခေါ်လိုက်သည်။

"မခင်စိန်"

"ရှင် - စခန်းမှူးကြီး"

မခင်စိန်က လှဲနေရာမှ ထလာကာ အချုပ်ခန်းသံတိုင်များကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်လျက် မျက်လုံးရွဲကြီးများဖြင့် ငေးမျှော်ကြည့်နေသည်။ ရဲအုပ်ဇော်မော်က မခင်စိန်နှင့် မျက်နှာချင်းဆိုင်တည့်တည့်တွင် အနီးကပ်ရပ်လိုက်ကာ သူမ၏ မျက်လုံးများအတွင်းသို့ မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်လိုက်သည်။

"ကျွန်တော် အခုပဲ ဒေါက်တာစံသိန်းနဲ့ တွေ့ပြီးပြန်လာတာ၊ ခင်ဗျားက တမလွန်ရောက်နေတဲ့ ကိုအောင်ကို စိတ်စွဲပြီး တကယ်ရှိသယောင် ထင်နေတာဆိုဗျ၊ ဟုတ်လား - ကေနေ့ - ခင်ဗျား - ခင်ဗျား"

ထိုစဉ် သံတိုင်ကို ကိုင်ကိုင်ထားသော မခင်စိန်၏ လက်ချောင်းများက တဆတ်ဆတ် တုန်လာကာ မျက်ရည်များမှာ ပါးပြင်ပေါ်သို့ ပိုးပိုးပေါက်ပေါက် စီးကျလာပြီး ငိုသံပါကြီးဖြင့် ...

"ဟုတ် - ဟုတ်ပါတယ် - စခန်းမှူးကြီး၊ ကျွန် - ကျွန်မ ဦးကျော်ဒွန်းကို သတ် - သတ်လိုက်မိပါတယ်။ သူ - သူ နှိပ်စက်တာကို  လုံး - လုံးဝ သည်း ညည်းမခံနိုင်တော့လို့ပါရှင့် အီး - ဟင့် - အီး - ဟီး - ဟီး - ဟီး"



ရှိုက်ကြီးတငင် ငိုကြွေးရင်း ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သော မခင်စိန်ကိုကြည့်ကာ ရဲအုပ်ဇော်မော် သက်ပြင်းမောတစ်လုံး ချလိုက်မိ၏။ လူသတ်မှုအတွက် တရားခံအစစ်ကို ဖော်ထုတ်လိုက်နိုင်ပြီ ဖြစ်သော်လည်း ဝမ်းမသာနိုင်။ အိမ်ထောင်ရေးကံဆိုးလှသော မခင်စိန်၏ အနိပ်စက်ခံဘဝကို ကရုဏာသက်နေမိ၏။

ထို့ကြောင့် ...

"ဘာမှ အားငယ်မနေပါနဲ့ မခင်စိန်၊ တရားရုံးကျရင် ကျွန်တော် ဒေါက်တာစံသိန်းကို သက်သေခံ တင်ပြပေးပါ့မယ်။ လင်ဖြစ်သူရဲ့ရက်စက်မှုကြောင့် လူသတ်မှုကျူးလွန်မိတဲ့ စိတ်ဝေဒနာရှင်ရဲ့ ကျူးလွန်မှုဟာ ပြစ်မှု မမြောက်နိုင်ပါဘူးဗျာ ..."

တကယ်ဆိုလျှင် စိတ္တဇဝေဒနာရှင် မခင်စိန်၏ စိတ်ကူးအိပ်မက်ထဲတွင်ကား လူမဆန်သော ခင်ပွန်းသည်အား သွားလေသူချစ်သူ့ဝိညာဉ်က လိပ်ပြာနုတ်ကာ တမလွန်သို့ အပြီးတိုင် ပို့ဆောင်ပေးစေလိုစိတ် ပြင်းထန်လွန်းခဲ့သည် မဟုတ်ပါလား။

>>>> ပြီးပါပြီး

www.burmeseclassic.com

www.burmeseclassic.com




# ရှင်သူငယ်ဂမုန်း ရှာပုံတော်

**တသုန်ပိုင်းထက်**

လူတိုင်း လူတိုင်းတွင် ဝါသနာတစ်မျိုးစီ ရှိတတ်ပေရာ ကျွန်ုပ်၏ဝါသနာမှာ "ဂမုန်းပင်များ" စိုက်ပျိုးခြင်းဖြစ်သည်။ ရုက္ခလောကတွင် အပင်မျိုးပေါင်းမြောက်မြားစွာ ရှိသည့်အထဲမှ ဂမုန်းပင်များကား အများနှင့်မတူ တစ်မူထူးခြားသော အပင်များ ဖြစ်ကြ၏။

ဂမုန်းများသည် ဂန္ဓာရီဆန်ပြီး နာမ်လောကနှင့် ဆက်နွယ်မှုရှိနေ၍လည်း ထူးခြားလှသည်ဟု ဆိုရချေမည်။ ဂမုန်းကို အချို့ဒေသများ၌ "ပမုန်း" ဟု ခေါ်ကြသော်လည်း "ဂမုန်း" နှင့် "ပမုန်း" မတူပါ။ အကြမ်းအားဖြင့် မှတ်ရန်မှာ ဂမုန်းသည် ဉပါသောအပင်မျိုးဖြစ်၍ ပမုန်းသည် အမွှေးအမှင်ရှိသော အပင်မျိုးဟု မြန်မာ့စွယ်စုံကျမ်း အတွဲ (၃) တွင် ဖွင့်ဆိုထားပါသည်။

ကျောက်ကျမ်း၊ ဂမုန်းကျမ်းနှင့်ကဝေသာရကျမ်းတို့တွင် ဂမုန်းအမျိုးပေါင်း (၁၀၉) မျိုးဟု ပြဆိုထားသလို တချို့သောဂမုန်းကျမ်းများတွင် ဂမုန်း (၅၄) မျိုး၊ ပမုန်း (၅၄) မျိုးဟု ဖွင့်ဆိုထားပြန်သည်။ အချို့ကတော့ ဂမုန်း (၉၀)၊ ပမုန်း (၉၀) ပေါင်း (၁၈၀) ဟု ဆိုကြပြန်သည်။ ဂမုန်းပင်တို့သည် ဟမ္မာဦးအစ


www.burmeseclassic.com

www.burmeseclassic.com

ကပင် ပေါ်ပေါက်တည်ရှိနေသော အပင်တစ်မျိုးဟုလည်း ဖတ်ရှုမှတ်သားရဖူးပါသည်။

ကျွန်ုပ်သည် ဘဏ်ဝန်ထမ်းဘဝမှ နုတ်ထွက်ပြီးနောက် ဝါသနာအရ စာအုပ်ဆိုင်လေးတစ်ဆိုင်ကို ဖွင့်လှစ်ခဲ့၏။ တစ်ကိုယ်ရေတစ်ကာယ လူပျိုကြီးဘဝမို့ အထွေအထူး ပူပန်စရာလည်း မရှိ၊ မိဘနှစ်ပါးထားခဲ့သော အမွေပစ္စည်းများကပင် ကျွန်ုပ်တစ်သက်တာအတွက် ပူစရာမလို၊

အမှန်တော့ ကျွန်ုပ်သည် လူပျိုကြီး ဖြစ်ချင်သူတော့ မဟုတ်၊ မရက်မကြောက် ဝန်ခံရလျှင် ကျွန်ုပ် အရူးအမူး ချစ်ခဲ့ရသော ချစ်သူမှာ ကျွန်ုပ်အပေါ် သစ္စာဖောက်၍ အခြားတစ်ယောက်နှင့် လက်ထပ်သွားခဲ့သည်။ အသည်းကွဲသောဝေဒနာကို နှစ်ရှည်လများ ခံစားခဲ့ရပြီးတွင်တော့ နောက်ထပ်အပူ မရှာလိုတော့၍ ယခုကဲ့သို့ နေလာခဲ့ခြင်းပင် ဖြစ်ပေသည်၊

ကျွန်ုပ်၏ ခြံမှာလည်း အတော်အတန် ကျယ်ဝန်းရကား သစ်သားစင်များနှင့် စိုက်ပျိုးထားသော ဂမုန်းပင်များကား အတော်စုံလင်နေပြီ ဖြစ်၏။ သက်ကြီးစကားအရ ဂမုန်းကိုစိုက်ပြီး သုံးရက်၊ သုံးလ၊ သုံးနှစ်အတွင်း ဆိုင်ရာ အစောင့်အရှောက်ရောက်၍ လာရောက်စောင့်ကြပ်ကြသည် ဆို၏။

ဂမုန်းသည် လွန်စွာမှလည်း အသန့်ပြန့်ကြိုက်လှ၍ ဂရုစိုက်ကာ မျိုးထောင်စိုက်ပျိုးရ၏။ အိုးကလေးတစ်လုံးတွင်ထည့်ပြီး စိုက်ရုံနှင့် မပြီး။ ထိုသို့ စိုက်လျှင်လည်း ၎င်းဂမုန်း၏အစွမ်းနှင့် အကျိုးခံစားခွင့်ကို အပြည့်အဝ ရမည်မဟုတ်ပေ၊ ဂမုန်းတစ်မျိုးချင်းစီအတွက် သီးခြားလုပ်ဆောင်ရန် အစီအစဉ်များ၊ သက်ဆိုင်ရာဂါထာမန္တာန်များ၊ အင်းအိုင်များ၊ မြုပ်နှံခြင်းများ ပြုလုပ်ပေးရ၏၊ သို့မှသာ အကျိုးသက်ရောက်မှုကို ပြည့်ဝစွာ ခံစားကြရပေမည်၊

"က" မှ "အ" အထိရှိသော ဂမုန်းပင်အမျိုးအစားများ၊ အကျိုးပြုပုံများ၊ စိုက်ပျိုးနည်းစနစ်များကို တစ်ခုချင်းဖော်ပြရန် ဤနေရာ၌ အဆင်မပြေပါ၍



■■■ ညဥ့်အချိန်၌ အပင်ပေါ်တွင် ရှင်သူငယ်လေးတစ်ပါး ကြွရောက် ကိုယ်ထင်ပြသော နတ်ဆေးဂမုန်းမျိုး ပင်တည်း။ တစ်ခါတစ်ရံ၌ ထိုရှင်သူငယ်လေးတစ်ပါး သည် လရောင်အောက်၌ ကြော်ငြာကော်နေတတ်၏ ■■■



ဂမုန်းဝါသနာရှင်များသည် တ[illegible]းမေးမြန်း ဆက်သွယ်နိုင်ပါသည်။

ဗဟုသုတအဖြစ် အကျဉ်းရုံး၍ ပြောကြားလိုသည်မှာ ဂမုန်းများ၏အသုံးတို့ ဆိုင်ရာကဏ္ဍများအလိုက် ခွဲခြားထားပေရာ အောက်ပါအတိုင်း အကြမ်းဖျင်း လေ့လာနိုင်ပါသည်၊

ကာယသိဒ္ဓိနှင့်ရှိန်းဆေးယာတွင် အသုံးပြုနိုင်သော ဂမုန်းများမှာ ဂမုန်းနီ၊ ဂမုန်းနက်၊ ရစ်ဂမုန်း၊ ရန်လွတ်ဂမုန်း၊ ငှက်ကြီးတောင်ဂမုန်း၊ သစ်ပျံဂမုန်းတို့ ဖြစ်ကြ၏၊

www.burmeseclassic.com

ဝိယသိဒ္ဓိ၌ အသုံးဝင်သောဂမုန်းများမှာ ကတိုးဂမုန်း၊ ရစ်ဂမုန်း၊ လိပ်မတွားဂမုန်း၊ ပြဒါးဂမုန်း၊ အောင်သိဒ္ဓိဂမုန်း၊ လဝန်းဂမုန်း၊ ဂမုန်းနီ၊ ကာလကဏ္ဍီဂမုန်း၊ မြင်းဂမုန်း၊ ဓတ္တုနီဂမုန်းတို့ဖြစ်၏။

အဂ္ဂိရတ်အတွက် အသုံးတည့်သော ဂမုန်းများမှာ ရှင်သူငယ်ဂမုန်း၊ ကိုယ်ရုံကြီးဂမုန်း၊ သံယာစင်ဂမုန်း၊ ကျောက်ငိုဂမုန်း၊ ကျောက်နို့ဂမုန်း၊ ဓတ္တာဂမုန်း၊ ကျောက်လိပ်ဂမုန်း၊ မြွေဂမုန်း၊ ဆိတ်နို့ဂမုန်း၊ ဓတ္တာနီဂမုန်း၊ ဓတ္တာရွှေဂမုန်း၊ ကျီးခြေဂမုန်း၊ တိမ်ပြာဂမုန်း၊ တပင်ရွှေထီးဂမုန်း၊ ကြက်ငယ်ဂမုန်း၊ သူရဿတီဂမုန်း၊ ရှင်ပျံဂမုန်း၊ ဂမုန်းနီ၊ ခတာက်ဂမုန်း၊ ဇေါ်သက်ဂမုန်း၊ လဝန်းဂမုန်း၊ သံသေဂမုန်း၊ ဖားဂမုန်းတို့ ဖြစ်ကြသည်။

အဆိပ်နိုင်ခြင်း ဆေးဖော်ခြင်းအတွက် အသုံးဝင်သောဂမုန်းမှာ ကျေးမီးဂမုန်း၊ ရှဉ့်မတက်ဂမုန်း၊ သစ်တက်လင်းဂမုန်း၊ ကြက်သွေးဂမုန်း၊ ကုမုဒြာကြာဂမုန်း၊ ကြောင်သံဂမုန်း၊ ကတိုးဂမုန်း၊ ခတက်ဂမုန်း၊ လိပ်ပြာဂမုန်း၊ သံယာစင်ဂမုန်းတို့ ဖြစ်၏။

အမောင့်ပယောဂကို နှိမ်နင်းနိုင်သော ဂမုန်းများမှာ ဂမုန်းနီ၊ ဂမုန်းနက်၊ ကတိုးကမုန်း၊ ဓတ္တာဂမုန်း၊ သူတော်ရောင်ဂမုန်း၊ ခွေးလာဂမုန်း၊ နွားလာဂမုန်း၊ ပြဒါးဂမုန်း၊ ဖြောက်ဂမုန်း၊ ရန်မီးဂမုန်း၊ ကြက်ငိုဂမုန်း၊ ကြက်သွေးဂမုန်း၊ ဆိတ်နို့ဂမုန်း၊ ရန်လွတ်ဂမုန်း၊ ကိုယ်ရံတော်ကြီးဂမုန်း၊ ဓတ္တုဖြူဂမုန်း၊ ဓတ္တာရွှေဂမုန်းတို့ ဖြစ်၏။

လာဘ်လာဘရွှင်စေသော ဂမုန်းများမှာ ရှင်သီဝလိဂမုန်း၊ တပင်ရွှေထီးဂမုန်း၊ တပင်တိုင်ဂမုန်း၊ ရတနာဂမုန်း၊ ဘောဂကြီးဂမုန်း၊ ရွှေလာဂမုန်း၊ ငွေလာဂမုန်း၊ စီးပွားဂမုန်း၊ ချမ်းသာဂမုန်း၊ ပြည်လုံးချမ်းသာဂမုန်း၊ သူကြွယ်ဂမုန်း၊ သူရဿတီဂမုန်း၊ ပဋ္ဌာန်းဂမုန်း၊ လဝန်းဂမုန်း၊ ဖြဟ္မာဘယက်ဂမုန်း၊ ကျီးခြေဂမုန်း၊ ကျောက်စိမ်းဂမုန်း၊ ကွင်းထိုးဂမုန်း၊ ဓတ္တုနီဂမုန်း၊ သုံးဆတိုးဂမုန်း၊ သီရိစန္ဒာဂမုန်းတို့ ဖြစ်ကြ၏။

(၁၇)နတ်မင်း၊ ဧအာက်နတ်များနှင့် မကောင်းဆိုးဝါးတို့ကို နိုင်သောဂမုန်းများမှာ သဇင်ဂမုန်း၊ ရွှေရောင်ဂမုန်း၊ လက်ဆက်ဂမုန်း၊ ကျီးခြေဂမုန်း၊



သံယာဂမုန်း၊ ကြက်ညွန့်ဂမုန်း၊ ကြက်သူငယ်ဂမုန်း၊ တောင်စွန်ဖြူဂမုန်း၊ ဥတစ်လုံးဂမုန်း၊ ဘီလူးဂမုန်း၊ နာဂသိန်ဂမုန်း၊ နာဂမေဂမုန်း၊ ပြဒါးဂမုန်း၊ သိကြားဂမုန်း၊ ရန်လွတ်ဂမုန်း၊ ကာလကဏ္ဍီဂမုန်းတို့ ဖြစ်ကြသည်။

ဤသို့ဆိုလျှင် ဂမုန်းပင်များအပေါ်ကျွန်ုပ် ဖါသနာထုံရသော အကြောင်းရင်းကို ရိပ်စားမိပေလောက်ပြီ။ ထို့ထက်မကလည်း ဂမုန်းပင်များကို စိတ်ဝင်စားနေရသည့်အကြောင်းကလည်းရှိနေပြန်သည်။ ယခုလက်ရှိကျွန်ုပ် ရှာဖွေနေသော ဂမုန်းမှာ "ရှင်သူငယ်ဂမုန်း" ပင် ဖြစ်၏။

အချို့က ပြောကြပေလိမ့်မည်၊ ရှင်သူငယ်ဂမုန်းများ ပေါလွန်းလို့ တောတောင်ထဲမှာ ပေါမှပေါ၊ အလွယ်တကူ တွေ့နိုင်တာပဲဟု ဆိုကြပေလိမ့်မည်။ သို့သော် ကျွန်ုပ် လိုချင်သည်မှာ သူတို့သိထားသလို သာမန် ရှင်သူငယ်ဂမုန်းတားမဟုတ်။

ညဥ့်အချိန်၌ အမင်ပေါ်တွင် ရှင်သူငယ်လေးတစ်ပါး ကြွရောက် ကိုယ်ထင်ပြသော နတ်ဆေးဂမုန်းမျိုးပင်တည်း။ တစ်ခါတစ်ရံ၌ ထိုရှင်သူငယ်လေးတစ်ပါးသည် လရောင်အောက်၌ စကြံလျှောက်နေတတ်၏။

မိတ်ဆွေတစ်ဦး၏ သတင်းပေးချက်အရ အဆိုပါရှင်သူငယ်ဂမုန်းသည် ကျိုက်ထိုမြို့၏ အနောက်ဘက် သုံးမိုင်ခန့်အကွာတွင်ရှိသော အာပေါ်တောင်ခြေတွင် ရှိသည်ဟု ကြားသိလိုက်ရသည်။ ကြားလျှင်ကြားချင်း ကျွန်ုပ်သည် တအုပ်ဆိုင်ကို ခေတ္တပိတ်၍ ကျိုက်ထိုမြို့သို့ ခရီးထွက်လာခဲ့ပါသည်။

လွယ်အိတ်တစ်လုံးတွင် ရေဘူးနှင့် ဘီစကစ်ထုပ်၊ ဖယောင်းတိုင်ကြီးတစ်ထုပ်နှင့် ယမ်းမီးခြစ်ဘူးနှစ်ဘူး၊ လက်နှိပ်ဓာတ်မီးတစ်လက်၊ ကြိုးတစ်ခွေ၊ အမြှောင်တစ်ချောင်းနှင့်အတူ ကိုင်းခုတ်ဓားရှည်တစ်လက်ပါ တစ်ပါတည်း ယူဆောင်၍ ထွက်လာခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com

နံနက်စောစောနေထွက်စတွင်ပင် ကျွန်ုပ်၏ ခရီးကိုစတင်ခဲ့သည်။ အကျီ အိတ်ကပ်ထဲမှာတော့ သွားလေရာ ဆောင်ယူသွားတတ်သော နှစ်ဆယ့် ခုနစ်လုံးပုတီးတစ်ကုံးကိုလည်း မမေ့မလျော့ ယူဆောင်ခဲ့သေးသည်။ ထို ပုတီးမှာ အမိဌာန်ကာလတစ်ခု၌ ပုဂ္ဂိုလ်ထူးတစ်ပါးမှ ထူးခြားစွာ ချီးမြှင့်ခဲ့သော ပုတီးလည်း ဖြစ်သလို ကျွန်ုပ်၏ အဆောင်ပစ္စည်းဟု ဆိုလျှင်လည်း မှားအံ့ မထင်။

မြို့ပြင်တောစပ်ရှိသစ်ပင်၊ ဝါးပင်များမှာ စိမ်းလန်းစိုပြေပြီး ခပ်လှမ်းလှမ်း ရှိ မြူနှင်းများ ဝေနေသော တောင်တန်းနောက်ခံနှင့် ပန်းရလွန်းလှ၏။ ကျွန်ုပ် သည် သစ်ဆွဲသည့် နွားလှည်းဘီးရာစွပ်ကြောင်းများအတိုင်း လျှောက်လေ ရာ ခွေးတစ်စုံလောက် အချိန်၌ အာပေါ်တောင်ခြေသို့ ရောက်လာခဲ့တော့ သည်။

တောင်ခြေဝန်းကျင်တွင်ကား ခြံကွက်များ ပြုလုပ်ကာ စိုက်ခင်းပျိုးခင်း များ ပြုလုပ်ထားသည်ကို တွေ့ရ၏။ သို့သော် လူရိပ်လူယောင်ကား မမြင်။ တဖြည်းဖြည်းနှင့် တောင်ပေါ်ရောက်လာလေလေ ရာသီဥတုက သိသာစွာ အေးလာခဲ့သည်။ လေတွေကလည်း တဟူးဟူးတိုက်နေ၏။ ကျေးငှက် တိရစ္ဆာန်များနှင့် တောကောင်များ၏ အော်ဟစ်သံများကိုလည်း တောလေ့ တောင်လေ့အတိုင်း ကြားနေရ၏။

တောင်ပေါ်တွင် သစ်ပင်ကြီးများ ပိုစိပ်လာသည်။ တောင်ထိပ်တွင် ခြေ စိုက်စေတီတစ်ဆူနှင့် တစ်ဝှဘုရားတို့ကိုလည်း ဖူးတွေ့၏။ စေတီမှ ဆည်း လည်းသံ တချွင်ချွင်ကား ကျွန်ုပ်၏ စိတ်ကို ကြည်နူးစွာ ရိုက်ခတ်နေလေ သည်။ သစ်တောအုပ်အတွင်းသို့ နှစ်မိုင်နီးပါးမျှ ခရီးပေါက်ခဲ့ပေပြီ၊ ဂမုန်းရှာရ သည်မှာ ထင်သလောက်တော့ မလွယ်၊ ကိုယ့်အနီးတွင် ရှိသော်လည်း မြင် ချင်မှ မြင်ရသလို မရှာသောဂမုန်းကိုလည်း အလွယ်တကူ တွေ့ရတတ်လေ သည်။

ကျွန်ုပ်သည် သတိကပ်၍ အပေါ်အောက် နှံ့စပ်စွာကြည့်ရင်း လျှောက် လာရာ တစ်နေရာအရောက်၌ ကြိုင်သင်းသောမွှေးရနံ့ရ၍ မော့ကြည့်လိုက် ရာ မမျှော်လင့်ထားသော "ဂမုန်းနီ" ကို သစ်ပင်ခွကြားတွင် တွေ့လိုက်ရ၏။



ဂမုန်းနီကား နန္ဒင်းခေါင်း၊ နန္ဒင်းဥကဲ့သို့ ရှိ၏။ အညာအမြစ်တို့ အရောင် ဆင်တူပြီး အပွင့်၊ အရွက်၊ အရိုးအားလုံးသည် ဟသ်ပဒါးကဲ့သို့ ရဲရဲနီ၏။ လေညှာကပွင့်လျှင် လေအောက်က မွှေး၏။ ဂမုန်းနီတစ်ရွေးသားခန့်ကို ဆန်ဖြူတစ်ပြည်ချက်ဖြင့် ထမင်းနှပ်လျှင် တစ်အိုးလုံးနီ၏။ အစိမ်း၊ ဇုတ်၊ တစ္ဆေဘီလူးတို့ကို နိုင်နင်း၍ စီရင်တတ်လျှင် ရှိန်းဆာယာမြောက်ကြောင်း ကြားသိဖူးသည်။

ကျွန်ုပ်၏ရည်ရွယ်ချက်ကား ရှင်သုငယ်ဂမုန်းရှာရန်သာဖြစ်၍ စည်းထား သည့်အနေဖြင့် ဂမုန်းနီအပေါ် အာရုံစိုက်ခြင်းမရှိပဲ ရှေ့ဆက်လျှောက်လာခဲ့ တော့သည်။ ဆွမ်းခံဝင်ချိန်အထိ ကျွန်ုပ်အလိုရှိရာ မတွေ့ရ၍ ခေတ္တမျှ အနား ယူကာ တောင်အောက် ပြန်ဆင်းလာခဲ့ရတော့သည်။

တောင်အောက်သို့ရောက်သောအခါ တောထူသောအရပ်သို့ဦးတည်၍ ထပ်မံလျှောက်လာခဲ့တော့၏။ နိမ့်လျှောလျှော ဖြစ်နေသော တောင်ဘေးက မြေနီလမ်းအတိုင်း လျှောက်လာရာ သစ်ပင်ကြီးများ ဖုံးအုပ်ထားသော တော အုပ်ကြီးတစ်ခုထဲသို့ ရောက်မှန်းမသိ ရောက်လာခဲ့သည်။ ထက်သန်စိတ် ဦးဆောင်နေ၍ ကြောက်လန့်ရမှန်းလည်း သတိမရ၊ လျှောက်ပြီးရင်းသာ လျှောက်နေခဲ့သည်။

တစ်နေရာအရောက်တွင် များပြားသော မျောက်အုပ်ကြီးတစ်အုပ်ကို တွေ့လိုက်ရသည်၊ ကျွန်ုပ် စိတ်အထင် မျောက်များမှာ အကောင်တစ်ရာ ကျော်ခန့် ရှိပေလိမ့်မည်။ ဆူညံစွာ အော်ဟစ် ဆော့ကစားနေကြပြီး ကျွန်ုပ် အတွက် အန္တရာယ်ရှိနိုင်သည်ဟု တွက်ဆကာ ရှောင်ကွင်း၍ ထွက်လာခဲ့ သည်။

ကျွန်ုပ်သည် ခြေသံလုံလုံဖြင့် ကညင်ပင်ကြီးတစ်ပင်အနားတိုးကပ်သွား ဆဲ–

"ဝုန်း–ဟာ–အမယ်လေး–ဝေါ်–ဝရော"



www.burmeseclassic.com

www.burmeseclassic.com

မြေနိမ့်တစ်ခုထဲ ခြေကျွံရလေပြီ။ နွယ်လိမ်ပင်လေးများနှင့် ချုံငယ်ငင်များရှိနေ၍ သတိမထားမိခဲ့၊ ကျွန်ုပ်ကား အသွားမတော်တစ်လှမ်းဆိုသလို တောင်ချိုင့်ဝှမ်းတစ်ခုထဲ ပြုတ်ကျခဲ့လေပြီ။

ကံကောင်းတာတစ်ခုက နက်ရှိုင်းသော ချောက်ကြီးမဟုတ်ဘဲ ခပ်ခြေပြေ ခပ်လျှောလျှော ဖြစ်နေသည်ကတစ်ကြောင်း၊ နီးစပ်ရာ သစ်ပင် ချုံပုတ်များကို မီရာလှမ်းဆွဲရင်း လိမ့်ဆင်းခဲ့၍တစ်ကြောင်း ထင်သလောက်တော့ အကျမနာခဲ့၊ နောက်ဆုံးတွင် တစ်စုံတစ်ခုနှင့် တိုက်ပြီး အရှိန်တန့်သွားရသည်။

အသေအချာကြည့်လိုက်သော အုတ်ကျောင်းတိုက်ကြီးတစ်ခု၊ အတိအကျပြောရလျှင် နှစ်ထပ်အုတ်ကျောင်းပျက်ကြီးတစ်လုံး ဖြစ်နေ၏။ နှစ်ကာလ တိုက်စား၍ပေါင်းနွမ်းပျက်စီးနေပြီး နံရံများတွင် သစ်ပင်များ၊ နွယ်ပင်များက တွယ်ကပ်နေ၏၊ ကျောင်းပျက်ကြီး၏ သုံးပုံတစ်ပုံခန့်မှာ ညောင်ပင်ကြီး၏ ညောင်မြစ်များက ဝါးမျိုထားလေပြီ၊

အလယ်ဗဟိုတွင် အပေါ်တက်ရန် အုတ်လှေကားရှိပြီး ဘေးတစ်ဖက်တစ်ချက်တွင် အင်္ဂတေခြသေ့ရုပ်နှစ်ရုပ်ကို မပျက်စီးသေးဘဲ တွေ့နေရ၏။ ကျွန်ုပ်လည်း အံ့ဩစွာဖြင့် လှေကားထစ်များအတိုင်း တက်လာခဲ့သည်။ ကိုင်းနုတ်စားရှည်မှာကား မည်သည့်နေရာတွင် ကျန်ခဲ့မှန်းမသိတော့၊ ချည်နှောင်၍ လွယ်ထားသောလွယ်အိတ်ကြီးမှာ ကိုယ်နှင့်မြဲနေသေး၍ ကျေးဇူးတင်ရတော့သည်၊

လှေကားထစ်အဆုံးတွင် ခွေးမြည့်နေသော သစ်သားတံခါးရွက် နှစ်ခုက ပိတ်လျက်သားရှိနေ၏။ တံခါးကိုဖွင့်သင့်မဖွင့်သင့်တဒင်္ဂမျှစဉ်းစားပြီးနောက် ဖြစ်လိုရာဖြစ်သဘောထား၍ "ဂုန်း" ခနဲ ဆောင့်တွန်းလိုက်ရာ တံခါးရွက်များ ပြုတ်ထွက်၍ ပွင့်သွားလေတော့၏။ အထဲမှ မည်းမည်းအရိပ်ကြီးတစ်ခုက "ဂူး" ခနဲ တိုးထွင်လာ၍ ကျွန်ုပ်လည်း ကမျာကယာ လူးလိမ့်ရှောင်လိုက်သည်။ သေချာစွာ ကြည့်လိုက်တော့မှ လင်းနို့အုပ်ကြီး ဖြစ်နေ၏။



ထိုအခါမှ စိတ်သက်သာရကာ အထဲသို့ လှမ်းဝင်လိုက်သည်၊ ကျွန်ုပ်စိတ်အထင် ထိုနေရာမှာ ကမ္မဋ္ဌာန်းထိုင်ရန် ပြုလုပ်ထားသော အခန်းကျဉ်းလေးပင် ဖြစ်မည် ထင်၏။ ကြမ်းပြင်၌ လင်းနို့ချေးများက ထုတက်နေလေသည်။

ဤအုတ်ကျောင်းကြီးသည်ကား တစ်ချိန်တစ်ခါက လွန်စွာထည်ဝါခမ်းနားသော ကျောင်းတိုက်ကြီး ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်၊ တောတောင်များ၊ သုသာန်များတွင်လှည့်လည်သီတင်းသုံးပြီးကျားမကိုက်ဆရာတော်ကြီးအဖြစ် ထင်ရှားခဲ့သော ပဲခူးတောရဘုန်းတော်ကြီးဦးသီလသည်ဤကျိုက်ထိုမြို့ဝန်းကျင်ရှိ ကင်မွန်းချောင်းစခန်း၊ ဆိတ်ဖူးတောင်၊ အာဗေါ်တောင်တို့တွင် ကမ္မဋ္ဌာန်းတရားများ ကျင့်ကြံအားထုတ်ခဲ့သည်ဟု သိရ၏။

ယခု ကျွန်ုပ် ရောက်ရှိနေသော ကျောင်းတိုက်ပျက်ကြီးကား ဘုန်းတော်ကြီး ဦးသီလ သီတင်းသုံးခဲ့သော ကျောင်းတော်ကြီးများဖြစ်နေမည်လောဟု စိတ်ကူးမှန်းဆနေမိသည်၊ အတန်ကြာ လှေ့လာပြီးနောက် တစ်စုံတစ်ရာ ထူးခြားမှုမရှိ၍ အချိန်မဖြုန်းလိုတော့၍ပြန်ဆင်းလာခဲ့သည်၊ ခပ်လှမ်းလှမ်းတွင် မြေညှိထားသော ကွက်လပ်တစ်နေရာကို တွေ့ရ၏၊ ဤနေရာမျိုး၌ ထိုသို့ တွေ့ရခြင်းမှာ အနည်းငယ်တော့ ထူးခြားနေ၏၊

စကျင်ကျောက်သားဖြင့်ပြုလုပ်ထားသော သိမ်တိုင်များ တစ်ပိုင်းတစ်စ စိုက်ထူထားသည်ကိုလည်း တွေ့နေရသည်၊ တောဖုံး၍ ပျောက်ကွယ်သွားသော မြို့ပျက်ကြီး၏ အစွန်များ တစ်နေရာပင်လောဟုလည်း တွေးထင်စရာ ဖြစ်လာရသည်၊ ထိုနေရာဝန်းကျင်၌ ရှင်သူငယ်ဂမုန်းများ ရှိလေမလားဟု လှည့်ပတ်ရှာဖွေ ကြည့်လိုက်မိသေးသည်၊ သို့သော်လည်း ကျွန်ုပ် လိုချင်သောအရာကိုကား မတွေ့ရ၊

ထိုနေရာမှလွန်သော် မြေနိမ့်ပိုင်းသို့ဆင်းရန် ဂဝံကျောက်တုံးများက သဘာဝလှေကားသဖွယ် ဖြစ်နေ၍ ကျွန်ုပ်လည်း အလိုက်သင့် ဆင်းလာခဲ့သည်၊ အောက်တွင် ဂဝံကျောက်တုံးကြီးများ အစီအရီ ရှိနေပုံမှာလည်း အံ့ဩဖွယ်ရာ ဝင်စားမှုကို ပို၍ တိုးပွားလာစေ၏၊



www.burmeseclassic.com

www.burmeseclassic.com

မလှမ်းမကမ်းတွင်တော့ ဝါးဘိုးဝါးရုံတောနှင့် ကြခတ်ဝါးတောကြီး၊ ထိုဝါးတောအနီးတွင် လိုက်ကာသဖွယ် ထောင်မတ်နေသော ကျောက်ပြားချပ်ကြီးတစ်ခုကို သတိထားလိုက်မိသည်။ ထိုကျောက်ချပ်ကြီး၏ အောက်ခြေတစ်နေရာတွင် သုံးပေခန့် အပေါက်တစ်ပေါက်ကိုတွေ့ရာ ကျွန်ုပ်လည်း တွေ့ရာလေးပါး မစဉ်းစားတော့ပဲ လေးဖက်ထောက်၍ တိုးဝင်လာခဲ့သည်၊

ဦးစွာမြင်တွေ့လိုက်ရသည်ကား ကျောက်ဂူကြီးတစ်ခု၊ ဂူဝမှာ ငါးပေခန့်ရှိပေလိမ့်မည်၊ ကျွန်ုပ်လည်း လွယ်အိတ်ကြီးထဲမှ လက်နှိပ်ဓာတ်မီးကို ထုတ်၍ ဂူထဲသို့ သတိပြုကာ ဝင်လာခဲ့သည်။ ကျောက်ဂူမှာ ပေငါးဆယ်ခန့်သာ အတွင်းပိုင်း၌ရှိပြီး ပိတ်နေ၏၊ အကျယ်ပေနှစ်ဆယ်၊ အမြင့်ဆယ်ပေခန့်ဟု ခန့်မှန်းရသည်။ မျက်နှာကြက်မှ ရေများ စိမ့်ထွက်နေပြီး တပေါက်ပေါက်ကျဆင်းနေတာကိုလည်း တွေ့နေရသည်။ အတွင်းပိုင်းကျောက်နံရံ၌ သစ်ခွကဲ့သို့ အပင်ငယ်များက ကျောက်ကြိုကျောက်ကြားများတွင် ပေါက်နေ၍ ရှင်သူငယ်ဂမုန်းများလားဟု စူးစမ်းရပြန်သည်၊

ရှင်သူငယ်ဂမုန်းသည် ငှက်ပျောရွက်ကဲ့သို့ အဖျားဝိုင်းဝိုင်းရှိပြီး အရင်းမှာ ငှက်ပျောခေါင်းကဲ့သို့ ရှိ၏၊ ဒန်ကို မြုံစေ၍ ဒန်သေစေနိုင်သော အစွမ်းရှိ၏၊ အိမ်ဦးတွင် အစီစဉ်တကျ သန့်ပြန့်စွာ စိုက်က လာဘ်လာဘတိုးပွား၍ ဥစ္စာမနကြွယ်ဝလာစေ၏၊ လပြည့်လကွယ်နေ့များတွင် ရှင်သူငယ်တစ်ပါးကို တွေ့ရတတ်၏၊ ပီယသိဒ္ဓိ၊ သဗ္ဗရာဇ၊ ဣဋ္ဌိယသျှတ္တရဋ္ဌ များစွာအသုံးတည့်၏ဟု ကျမ်းတို့မှ အညွှန်းကို ကျွန်ုပ်ကောင်းစွာ မှတ်မိနေပါသည်၊

"ဟင် - ဒါ - ဒါ - ဟာ - ဟုတ်ပြီ၊ ဒါ - ရှင်သူငယ် ဂမုန်းပဲ"

သေချာတယ် လုံးဝ မမှားနိုင်ဘူး၊ ရှင်သူငယ်ဂမုန်း အစစ်ပဲ"

ကံတရားသည် လွန်စွာဆန်းကြယ်လှပေစွ၊ ခက်ခက်ခဲခဲ တကူးတက ရှာဖွေစဉ်က မတွေ့၊ ယခုတော့ မမျှော်လင့်ပဲ တွေ့လိုက်ရပြီ၊ မျှော်လင့်ချက်ကြီးစွာဖြင့် တပင်တပန်း လိုက်လံရှာဖွေနေသော ရှင်သူငယ်ဂမုန်းကို ရှာတွေ့ခဲ့ပြီ၊

"ရှင်သူငယ်ဂမုန်း" ကား ကျွန်ုပ်လက်လှမ်းမမီတမီ ကျောက်နံရံထက်၌ တစ်ပင်ထီးတည်း ပေါက်နေပါသည်၊ ကျွန်ုပ်၏ဝမ်းသာမှုကား ဆိုဖွယ်ရာ မရှိတော့၊ ကျွန်ုပ်၏စွန့်စားရှာဖွေမှုခရီးကိုလည်း ဤနေရာတွင်အဆုံးသတ်ရဖွယ်ရှိ၏၊

ကျွန်ုပ်သည် ခြေဖျားထောက်၍ လှမ်းယူရန် ပြင်လိုက်စဉ် နားထဲ၌ တရှူးရှူးမြည်သံကြီးကို ရုတ်တရက် ကြားလိုက်ရမိသည်၊ အသင့်ပါလာသော ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးဖြင့် ကျောက်ဂူအက်ကြောင်းသို့ ထိုးကြည့်လိုက်ရာ နလုံးသွေးများ ရုပ်တန့်လုမတတ် ထိတ်လန့်ဖွယ် မြင်ကွင်းကို တွေ့လိုက်ရသည်၊

ထိုအရာကား ယောက်ျားခြေသလုံးအရွယ်ရှိ အညိုရောင်ငန်းစောင်မြွေကြီးပင်တည်း၊ တရှူးရှူးနာမှုတ်သံကြီးဖြင့် တရွေ့ရွေ့လျှောဆင်းလာရာ အသေအချာ ကြည့်လိုက်တော့ တစ်ကောင်တည်းမဟုတ်၊ ငန်းစောင်း မြွေကြီးနှစ်ကောင်ပင်တည်း၊

မာန်ထောင်ကာ လျှောဆင်းလာသော မြွေကြီးနှစ်ကောင်ကြောင့် ကျွန်ုပ်မှာ ထိတ်လန့်စွာဖြင့် အနောက်သို့ ခြေလှမ်းငါးလှမ်းမျှ ဆုတ်လိုက်မိသည်၊ ထိုမျှသာမက ကျောက်ဂူနံရံတစ်လျှောက်၌ ဘယ်ကဘယ်လို ထွက်လာမှန်းမသိသော မြွေများကို အံ့ဩထိတ်လန့်စွာ တွေ့လိုက်ရပေသည်၊

မြွေများမှာ အရွယ်အစားအမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုး စုံလင်လှပြီး တစ်စထက်တစ်စများသထက်များလာ၏၊ ဤမျှများပြားသော မြွေများကိုကြည့်ရင်း ကျွန်ုပ်မှာ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေရတော့သည်၊ ထွက်ပေါက်ကို လှမ်းကြည့်လိုက်တော့လည်း လူကြီးပေါင်လုံးခန့်ရှိသော စရာမ မြွေကြီးကို ခေါင်းထောင်လျက် တွေ့လိုက်ရ၏၊

"ဘုရား - ဘုရား - ကယ်ပါ၊ ငါတော့ မှားပြီထင်တယ်၊ တောပိုင်တောင်ပိုင်များ ကယ်တော်မူကြပါ၊ လောကပါလနတ်မင်းများ ကျွန်ုပ်ကို ကယ်တင်စောင့်ရှောက်ကြပါ"





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ ကြောက်လန့်တကြားဖြင့် တိုင်တည်ဆုတောင်းနေရတော့သည်။ မြွေများကား မြည်သံမျိုးစုံပေး၍ ထွက်ပေါ်နေကြဆဲ၊ တရွေ့ရွေ့ဖြင့် တိုးကပ်လာနေကြဆဲ။ ကျွန်ုပ်ကား ကံဆိုးမိုးမှောင်ကျစွာဖြင့် မြွေလိုဏ်ဂူကြီးထဲ ဝင်ရောက်ခဲ့မိချေပြီတကား။

ဤသို့ တောတောင်ထဲ လူမရှိ သူမသိ နေရာမျိုး၌ မထင်မရှား မသေလိုတာတော့ အမှန်ပင်။ ရှင်သူငယ်ဂမုန်းကိုလည်း အမှတ်မထားနိုင်တော့၊ လွတ်မြောက်ရန် လမ်းစကိုလည်း စိုးစဉ်းမျှမမြင်၊ မြွေများကား တွန့်လိမ်တွန့်လိမ်ဖြင့် တရွေ့ရွေ့တိုးကပ်လာနေကြပြီ။ ကျွန်ုပ်၏ နောက်ဆုံးအချိန်ကား တစ်စထက်တစ နီးကပ်လာခဲ့ပါပြီ။

မလွဲမသွေ သေရတော့မည့်အတူတူ ဆောက်တည်ရာမရ သေခြင်းမျိုးထက် ဘုရားကိုမှီ တရားကိုဖက်၍ သေခြင်းကသာ၍မြတ်ပေလိမ့်မည်၊ ဘဝကူးလည်း ကောင်းပေလိမ့်မည်၊ ဤအတွေး၊ ဤစိတ်ဓာတ်ဖြင့် ကျွန်ုပ်သည် မထူးဇာတ်ခင်းကာ တင်ပျဉ်ခွေ ထိုင်ချလိုက်၏။ ရတနာမြတ်သုံးပါးကား ရှိသေစွာ အာရုံပြုရှိခိုး၍ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို လှူဒါန်း၍ သရဏဂုံ တင်လိုက်၏။

ထို့နောက်တွင်ကား မျက်စိမှိတ်၍ ပုဂ္ဂိုလ်ထူး ချီးမြှင့်ခဲ့သော နှစ်ဆယ့်ခုနစ်လုံး ပုတီးကိုထုတ်၍ ပုတီးစိပ်တော့သည်။ ကျွန်ုပ် ပုတီးစိပ်သော ဂါထာမှာ အဋ္ဌာနမေတံ ဂါထာတော်ကြီးပင် ဖြစ်၏။

"အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော ယံ ပစ္စုပတ္တမေန တထာဂတံ

ဇီဝိတာ ဝေါရောပေယျ၊ အနုပတ္တမေန ဘိက္ခဝေ၊ တထာဂတာ ပရိနိဗ္ဗာ

ယန္တိ၊ ဓေတန သစ္စာဝဇ္ဇေန သောတ္ထိမေ ဟောတု သဗ္ဗဒါ"

"ဘုရားရှင်တို့ မည်သည် သူတစ်ပါးပယောဂဖြင့် ပရိနိဗ္ဗာန်စံရိုး ထုံးစမရှိ၊ ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်သည်လည်း ချမ်းသာရ ရပါစေသတည်း" ဟု အနက်ထွက်သော ဂါထာတော်ကို တစ်ပိုဒ်ဆုံး ပုတီးတစ်လုံးချဖြင့် စိပ်လာခဲ့တော့၏။ လူတိုင်းတစ်နေ့မှာ သေရမည်မလွဲ၊ သေမည့်အတူတူဘုရားဖက်၍ သေမည်ဟု သဘောပိုက်ကာ အာရုံစူးစိုက်၍ ပုတီးစိပ်နေခဲ့သည်။ သမာဓိရရန် ဝင်သက်၊ ထွက်သက်ကို မှန်မှန်ရှူရှိုက်ရင်း ဂါထာတော်ကို အနက်ပေါ်အောင် အာရုံပြု၍ ပုတီးကိုသာ တွင်တွင်စိပ်လာခဲ့သည်။

ပုတီးလုံးတွေက ချောက်ခနဲ ချောက်ခနဲဖြင့် တစ်လုံးပြီးတစ်လုံး ကျသွားခဲ့ပြီ။ ထိနမိဒ္ဓ အလျဉ်းမရှိ၊ ဥဒ္ဓစလည်း ကွယ်ပျောက်လို့၊ မြွေတွေကိုလည်း မမှု၊ မျက်စိကိုလည်း မဖွင့်၊ သမာဓိက တရိပ်ရိပ် တက်လာခဲ့ချေပြီ။

ထိုအခိုက်မှာပင် "ရှီ - ရှီ - ရှီ" ဟူသော မြွေတွန်သံကဲ့သို့ အသံကြီးတစ်ခုကို ကြားလိုက်ရသည်။ ပုတီးစိပ်ရင်းမှပင် ထိုအသံကြောင့် တန့်ခနဲ ဖြစ်သွားရ၏။ သို့သော် - မျက်စိကိုတော့ မဖွင့်၊ ကြားရသော အသံမှာ မြွေတစ်ကောင် တွန်သံထက်များစွာ ကျယ်လောင်နေပါသည်။ နောက်ထပ် ဘာအသံမှတော့ ထပ်မကြားရ။

ကျွန်ုပ် ပုတီးစိပ်နေသည်မှာ တစ်နာရီခန့် ကြာမြင့်ချေပြီ။ ပုတီးကိုအဆုံးသတ်ပြီးသည့်တိုင် မျက်စိကိုမဖွင့်သေးဘဲ ဘုရားရှင်မြတ်ကြီး၏ဂုဏ်တော်များထက် အနန္တကို အောက်မေ့ကာ ကြည်ညိုနေပါ၏။ ထို့နောက် သုံးဆယ့်တစ်ဘုံသားများကို အာရုံပြု၍ အမျှဝေကာ မေတ္တာပို့သ၏။

"အကျွန်ုပ် ပြုသမျှ ကုသိုလ်အဖို့ဘာဂတို့ကို အမျှ - အမျှ - အမျှ ပေးဝေပါကုန်သည်၊ ကြားကြသမျှ သာဓုခေါ်ဆိုတော်မူကြပါ"

"သာဓု - သာဓု - သာဓု"

"ဟင်"

အံ့ဩဖွယ် ကောင်းပေစွ၊ သာဓုခေါ်သံက အနီးကပ်ထွက်ပေါ်လာ၏။ အင်ကြင်းပန်းရနံ့ကိုလည်း ရတ်ခြည်းဆိုသလို ရှူရှိုက်ခံစားလိုက်ပါသည်၊ အံ့ဩစိတ်ဖြင့် မျက်စိကို ဖွင့်ကြည့်လိုက်၏။

"ဟင်"

ထူးဆန်းသော အမျိုးသမီးတစ်ဦး၊ အသက်က ခန့်မှန်းခြေ လေးဆယ်နီးပါးခန့် ရှိပေလိမ့်မည်၊ မဟာမျိုးမဟာနွယ်ဆန်၍ဥပဓိရုပ် တင့်တယ်လှစွာသော အဆိုပါအမျိုးသမီးသည် အနီရင့်ရင့် ဖဲဝတ်ရုံလွှာကြီး လွှမ်းခြုံထား၏။





www.burmeseclassic.com

www.burmeseclassic.com

အတွင်း၌ မြွေအကြေးခွံကွက်များနှင့် တူလှသည့် အစိမ်းရောင်ကိုယ်ကျပ် အင်္ကျီဝတ်ဆင်ထား၏၊ ပတ္တမြားကို ထည့်သွင်းမြှုပ်နှံထားသော ရွှေခေါင်းဆောင်းကို ဆောင်းထားပြီး ခေါင်းဆောင်းထိပ်တွင် မြွေတစ်ကောင် ပါးပျဉ်းထောင်ဟန် ထုလုပ်ထားလေသည်၊

အမျိုးသမီး၏ စူးရဲသော မျက်လုံးအစုံသည် မျက်တောင်ခတ်ခြင်း အလျဉ်းမရှိ၊ ကျွန်ုပ်တစ်ကိုယ်လုံးကို ပေါက်ထွက်သွားမတတ် စူးစူးရဲရဲ စိုက်ကြည့်နေ၏၊ နောက်ထပ်ထူးခြားမှုကာ စောစောက ရှိနေကြသော များပြားသည့် မြွေအုပ်ကြီးမှာ တစ်ကောင်တစ်မြီးမှ မတွေ့ရတော့၊ ပျောက်ခြင်းမလှ ပျောက်ကုန်ပြီ ဖြစ်၏၊

"ခင် - ခင်ဗျားက ဘယ်သူလဲ"

ကျွန်ုပ်၏ ထစ်ထစ်ငေါ့ငေါ့ အမေးကြောင့် ထိုအမျိုးသမီးက နှုတ်ခမ်းတွန့်ရုံ့ပြုံး၍ ပြန်ပြောသည်၊

"တကယ်ဆို ကျွန်မက ရှင့်ကို မေးရမှာ၊ အခုတော့ ညော်သည်က အိမ်ရှင်ကို ပြန်မေးနေပြီ"

"ဗျာ - ဒါ - ဒါဆို - ခင်ဗျားက ဒီဂူထဲမှာ နေတာလား"

"ဟုတ်တယ်၊ ဒါ - ကျွန်မရဲ့ ဗိမာန်ပဲ"

"မြွေတွေ - မြွေတွေကကော ဒီမြွေတွေက ခင်ဗျားနဲ့ ဘယ်လိုပတ်သက်နေလည်း"

"အင်း - ကျွန်မရဲ့ တပည့်လက်အောက် လက်သားတွေ ဆိုပါတော့၊ ကျွန်မကို အများကတော့ မြွေနန်းလိုဏ်ဂူသခင်မလို့ ခေါ်ကြတယ်"

"ဗျာ - မြွေနန်းလိုဏ်ဂူသခင်မ - ဟုတ်လား"

ကျွန်ုပ်မှာ အံ့ဩသင့်စွာဖြင့် သူ့ကို ငေးကြည့်နေမိသည်၊ စိတ်ထဲမှာလည်း မရှင်းမလင်း၊

"ဒါနဲ့ - ခင်ဗျားက လူစစ်စစ်ပဲလား၊ အသက်က ဘယ်လောက် ရှိပြီလဲဗျာ"

"ကျွန်မအသက်ကို သိတော့ကော ရှင့်အတွက် ဘာအကျိုးကျေးဇူးဖြစ်မှာလဲ"

"ခင်ဗျား - မဖြေနိုင်တဲ့ မေးခွန်းကိုလည်း ကျုပ် မမေးဘူးပေါ့ဗျာ"

ကျွန်ုပ်၏ စကားကြောင့် သူမက သဘောကျစွာဖြင့် ရယ်မောလေတော့၏၊

"လောကမှာ ဖြေရှင်းရခက်တဲ့ ဖြစ်ရပ်တွေ အများကြီးပဲ၊ ကဲပါလေ - အခုလက်ရှိ ရှင် ဗိုက်ဆာနေရောပေ့ါ၊ ရော့ - ဒီမှာ ရွှေငှက်ပျောသီးလေး တစ်လုံး အဆာပြေ စားလိုက်ပါဦး"

ရွှေငှက်ပျောသီးတစ်လုံး ....၊

မြွေနန်းလိုဏ်ဂူ သခင်မဆိုသူကျွေးသော ရွှေငှက်ပျောသီးကို ယုံကြည်စွာနဲ့ပဲ ကျွန်ုပ် စားလိုက်မိသည်၊ ငှက်ပျောသီးတစ်လုံးသာဆိုသည်၊ ဗိုက်ပြည့်သွား၏၊ ထို့ပြင် ထူးခြားအေးဆေးသော ခံစားမှုတစ်ခုကိုပါ ခံစားလိုက်ရသည်၊

"တစ်နေ့တာအတွက်တော့ ရှင့်အတွက် အစာအာဟာရ ကိစ္စပြီးနေလိမ့်မယ်"

"ဗျာ - ဒါဆို တစ်နေကုန် မဆာတော့ဘူးပေါ့"

"ဟုတ်တယ် - တစ်နေ့တာ အာဟာရသိဒ္ဓိပြီးစေတယ်၊ ရေလည်းမဆာတော့ဘူး၊ ဒါကလည်း ရှင်နဲ့ထိုက်လို့ စားခွင့်ရတယ် မှတ်ပါ၊ ဒါနဲ့ မေးရဦးမယ်၊ ရှင် အခု ဘယ်ကိုရောက်နေတယ် ထင်လဲ"

"ဒါလား - အင်း - အာပေါ်တောင်ခြေမှာပါ"

"မဟုတ်ဘူး၊ ရှင်ပြောတဲ့ အာပေါ်တောင်ခြေက ဟိုးအရှေ့ဘက် အဝေးကြီးမှာ ရှင်ရောက်နေတာက "ငိုသံကြားတောင်" လို့ခေါ်တယ်၊ ရှင်အခုရောက်နေတဲ့ဂူက မြွေနန်းလိုဏ်ဂူ ဒီနယ်တစ်ဝိုက်မှာရှိတဲ့ မြွေဆိုးတွေအားလုံး ဒီဂူထဲမှာ နေကြတယ်၊ ဒီဂူထဲရောက်ရင် အသက်ရှင်လျက် ပြန်ထွက်တယ်ဆိုတာ မရှိဘူး"

"ဗျာ"

သူမ စကားကြောင့် ကျွန်ုပ်မှာ အကြောအခြင်များပင် တောင့်တင်းသွားရသည်၊ ဘယ်သူမှ အသက်ရှင်လျက် ပြန်မထွက်နိုင်ဆို၍ ထိတ်လန့်သွားမိတာလည်း အမှန်ပင်၊

www.burmeseclassic.com

"ဒါပေမဲ့ - ရှင်မကြောက်ပါနဲ့၊ ရှင်ကကံထူးသူတစ်ယောက်ပါ၊ ဘယ်မြွေမှ ရှင့်ကို အန္တရာယ်မပေးဖို့ ကျွန်မ အမိန့်ပေးထားပါတယ်၊ ဒါကလည်း ရှင်ခုနက ပုတီးစိပ်ခဲ့တဲ့ အဋ္ဌနမေတံဂါထာတော်ကြီးရဲ့ တန်ခိုးသတ္တိကြောင့်ဆိုလည်း မမှားပါဘူး၊ ဒီဂါထာအပေါ် အသက်ကို ပုံအပ်ပြီး ယုံယုံကြည်ကြည် ထိထိမိမိ လုပ်ဆောင်ခဲ့တဲ့ ရှင့်ရဲ့စရဏအကျိုးကြောင့်ဆိုလည်း မမှားပါဘူး"

တရားစောင့်သူကို တရားက ပြန်စောင့်၏ ဟူသော စကားကို ဒိဋ္ဌမျက်မှောက် ကျွန်ုပ် တွေ့ကြုံလိုက်ရခြင်းပင်တည်း၊

"ကဲ - ရှင် - ကျွန်မနောက်ကို လိုက်ခဲ့"

သူမကခေါ်၍ကျွန်ုပ်လည်း သူနောက်မှနေ၍လိုက်လာခဲ့၏၊ နှစ်ယောက်သား ဂူအပြင်ဘက် ရောက်လာခဲ့ကြသည်၊

"ဒီကနေ ရှင့်နေရာကို ပြန်ဖို့ လမ်းညွှန်လိုက်မယ်၊ ဒီအတိုင်းဆိုရင် ရှင်မျက်စိလည်နေမှာ သေချာတယ်"

သေချာပါသည်၊ အရှေ့နောက်ဝဲယာ လေးမျက်နှာစလုံး၌ ဝါးဘိုးဝါးပင်များ၊ ကြခတ်ဝါးရုံတောကြီးများက ဝိုင်းရံနေပေသည်၊

"စိတ်မပူပါနဲ့ - ကျွန်မ ပြတဲ့လမ်းအတိုင်း လျှောက်သွားရင် ထမင်းအိုးတစ်အိုးချက်လောက်ဆိုရင် ကျိုက်ထိုရှမ်းစုရွာလေးကို ရောက်သွားလိမ့်မယ်၊ ဒီရွာရောက်ရင်တော့ ရှင် သွားတတ်ရောပေါ့"

"ကျေးဇူးတင်ပါတယ်ဗျာ - အခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အခါသင့်လို့ အခွင့်သာရင် ပြန်ဆုံချင်ပါသေးတယ်"

သူမက ကျွန်ုပ်ကို စိုက်ကြည့်လိုက်သည်၊ ခါတိုင်းလို စူးစူးရှရှအကြည့်မျိုးတော့ မဟုတ်၊ ရီဝေဝေ အကြည့်တစ်မျိုးဟု ကျွန်ုပ် ခံစားလိုက်မိသည်၊

"အခုလို ဆုံစည်းကူညီခွင့်ရတာကလည်း အကြောင်းမဲ့တော့ မဟုတ်ပါဘူး၊ အတိတ်က အကြောင်းအရာတွေ ရှိနေပါတယ်၊ ယုံနိုင်စရာ မရှိတော့လို့ အသေးစိတ် ရှင်းမပြချင်တော့ပါဘူး၊ ဘဝတွေက ရှင့်အတွက် များခဲ့ပြီဆိုတော့လည်း အတိတ်ဆိုတာကို ရှင် မေ့ပျောက်ခဲ့ပြီပေါ့၊ အပြစ်မဆိုသာပါဘူးလေ၊ ဒါပေမဲ့ - တစ်ခုပြောချင်တာက ရှင်နဲ့ ကျွန်မဟာ အတိတ်ဘဝ



တစ်ခုမှာ ဆွေမျိုးတော်စပ်ခဲ့တဲ့ သူတွေပါ၊ အခုပြောလို့ ရှင် ဘယ်ယုံနိုင်ပါ့မလဲ၊ ရှိစေတော့လေ၊ ကံကြမ္မာဆိုတာ ဖန်တီးလို့မရတဲ့ ပြဋ္ဌာန်းချက်တွေဆိုတာ ကျွန်မ လက်ခံပါပြီ၊ အခုလည်း အတိတ်သံယောဇဉ်ကြောင့် ရှင့်ကို လာစောင့်ရှောက်တာပါ၊ အခု ကျွန်မ တာဝန်ပြီးပြီဆိုတော့ ပြန်ရပါတော့မယ်၊ ရှင်ပြောသလို အခွင့်သင့်ရင် ရှင်သူငယ်ဂမုန်းကိုလည်း ခဏမေ့ထားလိုက်ပါ၊ မရထိုက်သေးဘူးလို့ မှတ်ပါ၊ ဒါပေမဲ့ - နောက်နှစ်၊ ဒီအချိန်မှာ မပင်မပန်းဘဲ ရှင့်ခြံထဲကို ရှင် လိုချင်တဲ့ ရှင်သူငယ်ဂမုန်း ရောက်လာပါလိမ့်မယ်၊ ကဲ - ကျွန်မသွားပြီ"

စကားတွေကတသီတသန်းကြီး ပြောပြီးသည်နှင့် သူမမှာ တရွေ့ရွေ့ဖြင့် ထွက်ခွာသွားပါတော့သည်၊ သူ့ကျောပြင်ကိုကြည့်ရင်း အံ့သြမှင်တက်စွာဖြင့် ငေးကျန်ရစ်နေရာမှ ရုတ်တရက် သတိဝင်လာပြီး သူ့နောက်လိုက်ရန် ပြင်လိုက်စဉ် ...

"ရှီ - ရှီ"

"ဟာ - မြွေကြီး ကျွန်ုပ်သွားရာလမ်းရှေ့မှ ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော ငန်းစောင်းမြွေကြီး တစ်ကောင်၊

"ဗြော် - မင်းနောက်ကို မလိုက်တော့ပါဘူးကွာ၊ ကိုယ့်လမ်း ကိုယ်ပဲ လျှောက်ပါတော့မယ်"

ကျွန်ုပ်လည်း စိတ်တုံးတုံးချ၍ သူ ညွှန်ပြရာလမ်းအတိုင်း ပြန်လာခဲ့တော့၏၊

ကျွန်ုပ်၏ အတိတ်ဘဝတစ်ခုမှ ဆွေမျိုးတော်စပ်ခဲ့သည်ဟူသော သူမနှင့် ကြောက်မက်ဖွယ်ရာ မြွေလိုက်ဂူနှင့်မြွေများစသော ပုံရိပ်တို့က အလွယ်နှင့် ဖျောက်ဖျက်၍မရ၊ အတွေးထဲဝယ် တဝဲဝဲလည်း လွှမ်းမိုးနေပါတော့သည်၊

အတော်အတန် လျှောက်လာပြီးနောက် တောင်ကမူလေးတစ်ခု၏ နံဘေး ကြီးမားသောညောင်ပင်ကြီးတစ်ပင်၏အောက်တွင် နတ်ကွန်းကျောင်းဆောင်လေးတစ်လုံးကို တွေ့လိုက်ရ၍ အနီးကပ်သွားကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သောအခါ မြွေရုပ်တုများ၏ အလယ်တွင်ရပ်နေသော အမျိုးသမီးတစ်ဦး၏ ရုပ်တုပုံကို တွေ့လိုက်ရ၏။

ရေးထားသောစာများကိုလည်း အောက်ပါအတိုင်း တွေ့လိုက်ရပါတော့သည်။

စောမုံညင်းမြွေနန်းလိုက်ဝှက်ဖြစ်ပါသည်။

ကျွန်ုပ်ရင်ထဲဝယ် ဖော်မပြတတ်သောဝေဒနာလေးတစ်ရပ်ကိုသိမ်မွေ့စွာ ခံစားလိုက်ရသည်။ ပါးစပ်မှလည်း အသံထွက်၍...

"ဪ - သံသရာဆိုတာ အရှည်ဆုံးမြစ်တစ်စင်းတဲ့ တစ်ကွေ့မဟုတ် တစ်ကွေ့မှာတော့ ပြန်ဆုံကြရမှာပါကွာ။ အခုလို စောင့်ရှောက်ကူညီခဲ့တဲ့ ငိုသံကြားတောင် သခင်မ စောမုံညင်းရေ - အကျွန်ုပ် ပြုသမျှ ကုသလ အဖို့ဘာဂတို့ကို အမျှပေးဝေပါတယ်။ ကြားရာမြင်ရာ အရပ်က ဝမ်းမြောက်စွာနဲ့ သာဓုခေါ်ဆိုတော်မူကြပါ။

"အမျှ - အမျှ - အမျှ - ယူပါကွာ"

ကျေးငှက်တို့ကား ပျော်ရွှင်စွာ ပျံသန်းနေကြဆဲ၊ တောပန်းတို့ကလည်း အရိုင်းဆန်စွာ ပွင့်လန်းလှပနေကြဆဲ၊ တောတွင်းတစ်နေရာမှ အပြာရောင် ဖဲကြိုးတစ်စသည်ကား ကျွန်ုပ်၏ နှလုံးသားကို ဖျစ်ညစ်ချည်နှောင်လျက်။

"နေရစ်ခဲ့ပေတော့ - မြွေနန်းလိုက်ဝှသခင်မရေ"

»»» ဝသုန်ဟိန်းထက်



www.burmeseclassic.com

www.burmeseclassic.com

# ယနေ့တိုင်

**မမိုးဝေ**

ဤလောက၌ တစ္ဆေ၊ သရဲဆိုသည်မှာ တစ်ကယ်ရှိတာဟုတ်ရဲ့လားဟု မေးလာခဲ့လျှင် "ရှိတယ်" ဟု မဆိုင်းမတွ ကျွန်မ ဖြေလိုက်မည်။ ဘာကြောင့်လဲဆိုလျှင် ကျွန်မတို့ မိသားစုလေးသည် သရဲခေါ်မလား၊ တစ္ဆေခေါ်မလား ဘာမှန်းမသိသော ပုဂ္ဂိုလ်များနှင့် တစ်အိမ်တည်း၌ အတူနေထိုင်ခဲ့ကြလို့ ဖြစ်သည်။

တချို့က သရဲရှိကြောင်း မယုံကြည်ကြပါ။ တချို့ကတော့ ယုံကြည်ကြသည်။

ဤကမ္ဘာလောကကြီးမှာ ထူးဆန်းအံ့ဩစရာတွေ တစ်ပုံတစ်ပင်ကြီး။ မိမိပတ်ဝန်းကျင်၌ မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါတွေ အများအပြားရှိကြောင်းကို ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် မိန့်ကြားခဲ့သည်။

မမျှော်လင့်တာတွေ၊ မထင်မှတ်တာတွေ အံ့ဩထိတ်လန့်စရာ၊ သွေးပျက်ချောက်ချားစရာ အဖြစ်အပျက်တွေ၊ ထူးဆန်းလွန်းလို့ ရှုနမ်းသွားကြသော အဖြစ်သနစ်တွေ ဒုနှင့်ဒေး။ ဗုဒ္ဓဘုရားရှင် ဟောကြားသော (၃၁)ဘုံနှင့် သံသရာလည်ခြင်းဆိုတာကို ယုံကြည်လျှင် ပြိတ္တာ၊ တစ္ဆေ၊ သရဲရှိနေခြင်းကို ယုံကြည်ရမည်။ အဘယ်ကြောင့်ဆိုသော် အစွဲအလမ်းနှင့် သေဆုံးပြီး ပြိတ္တာဘုံ သား မကျွတ်မလွတ်သေးသမျှ ကာလပတ်လုံး အကုသိုလ်ကံ အကျိုးပေးနှင့် သံသရာလည်နေရခြင်း ဖြစ်သည်။ နိဗ္ဗာန်မရောက်မခြင်း မည်သည့်ဘဝမျိုး ဖြစ်နေစေကာမူ လည်နေခြင်းသာ ဖြစ်သည်။

ပြီးခဲ့သော ဘဝအကြောင်းများကို ပြန်ပြောပြနိုင်သော လူ့ဝင်စားများသည် ဘဝသံသရာလည်ခြင်း အမှန်၏ အကောင်းဆုံးသက်သေများဖြစ်၏။

လူ့ဝင်စားတို့အကြောင်းကို သုတေသန ပြုလုပ်နေသော ဘာသာခြား ပုဂ္ဂိုလ်များသည် ယခင်ဘဝ၊ ယခုဘဝ နောက်ဘဝဆိုသော ဘဝ ဘဝတွေ တစ်ကယ်ရှိနေတယ်ဆိုခြင်းကို တဖြည်းဖြည်း နားလည်လက်ခံလာကြ၏။

ထို့ကြောင့် ဗုဒ္ဓဘုရားရှင်၏ ဘဝသံသရာလည်ခြင်းဆိုသည် ယုံမှားသံသယရှိစရာမလိုအောင် အမှန်တရားစစ်စစ်သာ ဖြစ်၏။

ဒါနှင့်အတူ အပါယ်လေးဘုံထဲက ပြိတ္တာ (တစ္ဆေ၊ သရဲ) ဘဝသစ်၊ ပရလောကရှိနေသည်ဆိုတာကိုလည်း လက်ခံလာခဲ့ရသည်။

ကိုယ်တွေ့ကြုံခဲ့ရတော့၊ ယုံရတော့မည်။

မည်သူတွေ ယုံသည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ကျွန်မ ယုံသည်။ ဘာကြောင့်လည်းဟုဆိုလျှင် ထိုပုဂ္ဂိုလ်၊ သရဲမောင်နှမနှင့် ကျွန်မတို့မိသားစု ယနေ့အချိန်ထိ တစ်အိမ်ထဲ၌ အတူတကွနေထိုင်လျက်ရှိနေခြင်းကြောင့် ဖြစ်သည်။ ထိုသို့ အတူနေရန်ဖြစ်လာသည့် အဖြစ်အပျက်ရဲ့အစကတော့ ကျွန်မတို့ မိသားစုတွေ မြို့တွင်းနှင့် အလှမ်းဝေးသော မြို့သစ်ရပ်ကွက်အိမ်လေးမှ မြို့တွင်းအိမ်သို့ ပြောင်းလာသည့်အချိန်က စခဲ့သည်။

မြို့သစ်ရပ်ကွက်သည် မြို့တွင်းနှင့်အလှမ်းဝေးသောကြောင့် သွားရေးလာရေး ခက်ခဲ၏။ သားသမီးများ၏ ပညာရေးကိုအဓိကထား၍ မြို့ထဲသို့ ပြောင်းလာခဲ့ခြင်းဖြစ်သည်။ ကျွန်မတို့မြို့သည် ဧရာဝတီတိုင်းဒေသကြီး၊ မြစ်ဝကျွန်းပေါ်မှ မြို့လေးတစ်မြို့ဖြစ်၏။

ဆန်၊ စပါးနှင့် သားငါး အလွန်ပေါသည့် မြို့လေး။

ရာသီဥတုလည်း မျှတ၏။ ကျွန်မနေမည့်အိမ်က ဘုရားလမ်းမှာ။ ဘုရားလမ်းက လူနေအိမ်နည်းပါးပြီး တိတ်ဆိတ်ငြိမ်သက်လွန်း၏။ ကိုယ့်

www.burmeseclassic.com

ခြံဝင်းနှင့်ကိုယ် သီးသန့်နေထိုင်ကြသည်၊ ကျွန်မတို့နေမည့် အိမ်ကလေး ပင် သုံးခန်းတွဲအိမ်ကြီး၊ နှစ်ထပ်သွပ်မိုးပျဉ်ထောင်အိမ်၊ အခန်းသုံးခန်းရှိ၏၊ ကျွန်မတို့က ခေါင်းရင်းခန်းတစ်ခန်းကို ပိုင်သည်၊ ကျန်နှစ်ခန်းက သူပိုင်ရှင် နှင့်ပိုင်ကြသည်၊

အကျယ်အဝန်းက (၁၀)ပေ၊ ပေ (၇၀) မျက်နှာစာကျဉ်းပေမယ့် နောက် ဘက်က အတော်ရှည်သည်၊ ကျွန်မတို့ ခြံနှင့်ကပ်လျက် ခေါင်းရင်းခြံကြီးမှ တိုက်ဝါကြီးကတော့ လူမနေသည်မှာ နှစ်ပေါင်း (၃၀) ကျော်ရှိပြီး သရဲခြောက် သည်ဟု နာမည်ကြီးလျက်ရှိသော အိမ်ကြီးဖြစ်သည်၊ ထိုအိမ်ကြီးနှင့် ကပ် လျက်တွင် နေရမည်ဆို၍ ကျွန်မတို့ မိသားစု အနည်းငယ်တော့ စိုးရိမ်၏၊ ဒါကလည်း ကလေးရှိသည့် မိခင်တိုင်း သားသမီးအတွက် အန္တရာယ်ဖြစ် မလားဆိုပြီး …

စိုးရိမ်ကြတာပဲ ဖြစ်သည်၊ သူ့ခြံနှင့်သူ ကိုယ့်ခြံနှင့် ကိုယ်ပဲ သိပ်စိုးရိမ် စရာမလိုပါဘူးဟု ပြန်တွေးပြီး ကြောက်စိတ်ကို လျှော့ရသည်၊ ပြောင်းလာ သည့်အချိန်ကတော့ အလုပ်ရှုပ်နေသည့်အတွက် သတိမထားမိသေးပေ၊ နှစ်ရက်သုံးရက်နေပြီး …

တစ်ညမှာတော့ …

"ဝုန်း – ဒုန်း – ဒုန်း – ဒုန်း – ဒုန်း"

အမြင့်မှပြုတ်ကျပြီး လှေခါးတောက်လျှောက် ပြင်းထန်စွာလိမ့်ကျလာ သည့်အသံကို ကြားလိုက်ရ၏၊ အပေါ်ထပ်မှာ ကျွန်မ၏ သားနှင့် နယ်မှ ကျောင်းလာတက်သည့် ကျွန်မတူ သူတို့နှစ်ယောက် အိပ်သည်၊ သည် ကလေးတွေ အောက်ဆင်းရင် လှေခါးပေါ်မှ လိမ့်ကျသည်ဟု ထင်လိုက်ပြီး ကျွန်မ ကပျာကယာထ၍ …

"ဘာဖြစ်တာလဲ – ဘယ်သူ လိမ့်ကျတာလဲ"

ဘာသံမှမကြားရ၍ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်တော့ ဘာမှမတွေ့ ပါဘူး၊ တစ်အိမ်လုံး လျှောက်ကြည့်တော့လည်း ကြောင်တို့၊ ကြွက်တို့ တောင်မတွေ့ပါဘူး၊ အပေါ်ထပ်သို့တက်ကြည့်တော့လည်း သူတို့နှစ်ယောက် က အေးချမ်းစွာ အိပ်ပျော်လျက်ပါ၊ ကျွန်မ စိတ်ထဲ ဇဝေဇဝါနှင့် ငါပဲ အိပ်မက်



မက်တာလား၊ အောက်ထပ်မှာလည်း ခင်ပွန်းနှင့် သားသမီးများက အိပ်ပျော် လျက် ရှိကြသည်၊ ဒါဆိုရင် ငါတစ်ယောက်တည်း အိပ်မက် မက်တာ ဖြစ်လိမ့် မည်ဟု ထင်လိုက်ပါသည်၊

မနက်လင်းတော့ ကလေးတွေ ကျောင်းသွားသည့်အချိန်မှာ ဘေးခန်းမှ ကလေးမလေးက ညက အသံတွေကို သူလည်းကြားရကြောင်း ပြောပါသည်၊ ကျွန်မတို့နှင့် ကပ်ရက်အခန်းနှစ်ခန်းက နယ်မှ ကျောင်းလာတက်သည့် တလေးများ ငှားနေကြသည်၊ ထိုအခန်းမှ ကလေးမလေးက ကျောင်းတက်နေ သော သူ့ညီမလေးတွေကို ချက်ပြုတ်ကျွေးရန် လာစောင့်ပေးသူ ဖြစ်သည်၊ ကျေးရွာတွေမှာ အလယ်တန်းနှင့် အထက်တန်းကျောင်း မရှိသည့်အတွက် မြို့ပေါ်မှာ အိမ်ငှားပြီး ကျောင်းလာတက်ကြခြင်း ဖြစ်သည်၊

"ညက အသံတွေ သမီးကြားတယ် အန်တီ၊ သမီးတို့ ဒီကိုပြောင်းလာ တာ ငါးလလောက်ရှိပြီ၊ ခဏ – ခဏ အဲဒီလိုအသံတွေ ကြားရတယ်၊ ခြေရင်း ခန်းမှာလည်း သရဲခြောက်တယ်ဆိုပြီး ငိုကြလို့ ဟိုတစ်လောက ဘုန်းကြီးပင့် ပြီး ပရိတ်ရွတ်တယ်၊ သမီးတို့လည်း အိမ်ပြောင်းမလို့ အိမ်ရှာနေတယ်၊ ကျောင်းနဲ့နီးတဲ့နေရာမှာ ငှားမယ့်အိမ် မရှိဘူး၊ ဒီအိမ်မှာ သရဲခြောက်တယ်ဆို တာ အန်တီတို့ မသိလို့ ပြောင်းလာကြတာလား ဟင်"

ကလေးမလေး၏ အမေးကို ကျွန်မ ဘာပြန်ပြောရမှန်းတောင် မသိတော့ ပါဘူး၊ ကျွန်မ တာကယ်ကြားခဲ့တာက ခေါင်းရင်းခြံက တိုက်ဝါကြီး မြို့ပေါ်မှာ သရဲခြောက် အရမ်းခြောက်သည့် အိမ်ကြီးဆိုပြီး နာမည်ကြီးနေတာ၊

"မသိလို့ ပြောင်းလာတာပေါ့ သမီးရယ်၊ အန်တီတို့ ကြားတာက ဟို ဘက်က တိုက်ဝါကြီးမှာ သရဲခြောက်တယ်ပဲ ကြားဖူးတာ၊ ဒီအိမ်မှာ ခြောက် တယ်လို့ တစ်ခါမှ မကြားဖူးဘူး၊ အရင်နေသွားတဲ့ လူတွေကလည်း ဘာမှ မပြောဘူး"

"ဟုတ်တယ် – အန်တီ၊ ဟုတ်တယ် – သမီးတို့က အိမ်မှာ သရဲခြောက် တယ်လို့ပြောရင် ပတ်ဝန်းကျင်က မယုံကြဘူး၊ တိုက်ဝါကြီးက ခြောက်တယ်၊ သူတို့ အခန်းမှာ သရဲမရှိဘူးလို့ ပြောကြတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟိုတိုက်က သရဲတွေ ဒီဘက်ပြောင်းလာကြတာလား မသိဘူးနော်"

ကလေးမလေး သူ့ထင်ရာသူပြောပြီး အိမ်ထဲ ပြန်ဝင်သွားသည်။

ကျွန်မတစ်ယောက်တည်း ဘယ်လိုလုပ်ရင် ကောင်းမလဲဟု စဉ်းစားနေမိသည်။

ညရောက်တော့ ဘုရားရှိခိုး၊ မေတ္တာသုတ်ရွတ်၊ ပဋ္ဌာန်းရွတ် မေတ္တာပို့ပြီး အမျှဝေ မြင်အပ်၊ မမြင်အပ် သတ္တဝါအားလုံးကို စိတ်ထဲမှ လေးလေးနက်နက်ထားပြီး မေတ္တာပို့ပါသည်။

ညက ဆူဆူညံညံအသံများကို ကလေးတွေတစ်ယောက်မျှ မသိလိုက်သည့်အတွက် တော်ပါသေး၏။ သူတို့လေးတွေ ကြောက်လန့်နေမှာကို ကျွန်မ အလွန်စိုးရိမ်သည်။ ထိုကိစ္စကို ကျွန်မ ခင်ပွန်းအား တိုးတိုးတိတ်တိတ် ပြောပြတော့ သူ အံ့ဩနေ၏။ သူလည်း ဘေးအိမ်ကြီးအကြောင်းသာသိတာ ဒီအိမ်အကြောင်း ဘာမှ မသိဘူး။ ဒီအိမ်ကလည်း သူတို့ဆွေမျိုးတွေ နေထိုင်သွားသည့်အိမ်၊ တစ်ခါမျှ ပြောသံမကြားခဲ့ပါ။ ကျွန်မတို့ မပြောင်းလာခင် ဒီအခန်းကို သုံးနှစ်လောက် ပိတ်ထားတာ။ ထိုအခန်းက ကျွန်မ ယောက္ခမိုင် အခန်းဖြစ်သည်။ အခန်းသုံးခန်း ပိုင်ရှင်သုံးဦး၊ ပိုင်ရှင်တွေ မနေကြဘူး။ အငှား တွေနဲ့ ထားတယ်။ အိမ်ငှားတွေလည်း တစ်ယောက်ပြီးတစ်ယောက် တစ်ဦးပြီး တစ်ဦး၊ ခဏခဏ ပြောင်းတယ်။ မမြဲဘူး - ကြာကြာမနေဘူးလို့သာ ကြားတာ သရဲခြောက်တယ်လို့ တစ်ခါမှ မကြားခဲ့တာ။

ကျွန်မ ခင်ပွန်းက ...

"သေချာအောင် လေ့လာပါဦး။ ရောက်တာမှ ငါးရက်တောင် မပြည့်သေးဘူး"

ဟုတ်တော့လည်း ဟုတ်သားပဲ။ တစ်ရက်တည်း ကြားရတာကို ဆုံးဖြတ်ဖို့ ခက်ပါတယ်။ ထိုညက ပဋ္ဌာန်းစပြီး ရွတ်သော ည ...

"ဝုန်း - ဝုန်း - ဝုန်း"

"ဒုန်း - ဒုန်း - ဒုန်း"

"ဂလောက် - ဂလောက် - ဂလောက်"

"ဂလောင်"



အပေါ်ထပ် သုံးခန်းစလုံးမှ အသံပေါင်းစုံ ထွက်ပေါ်လို့ လာ၏။

ပြတင်းပေါက်တံခါးများကို တအားဆောင့်ပြီး ဖွင့်ပိတ်သံ တစ်ခုခုလိမ့်ပြီး အောက်ကိုပြုတ်ကျသည့်အသံ အသံပေါင်းစုံခဏအတွင်း ရှုပ်ညံသွားတော့၏။

"ဘာဖြစ်တာလဲ"

"ဘာတွေ ဖြစ်နေကြတာလဲ"

"အောက်ထပ်ကို ဘာပစ်ချလိုက်တာလဲ"

တစ်ခန်းနှင့်တစ်ခန်း လှမ်းမေးရင်းနဲ့ သုံးခန်းလုံးနိုးကုန်တော့သည်။ မီးတွေအကုန်ဖွင့်ပြီး အပေါ်ထပ် အောက်ထပ်လိုက်ကြည့်တော့ မည်သည့်ပစ္စည်းတစ်ခုမျှ နေရာရွေ့တာ မတွေ့ရပါ။ တံခါးတွေကို စစ်ကြည့်တော့လည်း ပိတ်ထားလျက်ပါ။ အပေါ်ထပ်၌ အိပ်သော ကလေးနှစ်ယောက်လည်း လန့်ဖျပ်ပြီး အောက်ကို ဆင်းလာကြသည်။ ကျွန်မ တူလေးက ...

"ဟိုညက သားအိပ်ရာဘေးမှာ အသက်ရှူသံ ပြင်းပြင်းကြီးကို ကြားရတယ်။ သားက ကိုအောင်ခန့် မှတ်လို့ နောက်မှ ကိုအောင်ခန့်က ဘယ်ဘက်မှာ အိပ်တာ၊ အသက်ရှူသံကြီးက ညာဘက်က ကြားနေရတာ။ သားလည်း ကြောက်ပြီး စောင်ခေါင်းမြီးခြုံပြီး ငြိမ်နေလိုက်တယ်၊ တစ်အောင့်ကြာတော့ အသံပျောက်သွားတယ်"

ကျွန်မ တူလေး မင်းမင်းက သူ ကြုံခဲ့တာကိုပြောတော့ ကလေးတွေ ကျွန်မနားကပ်လာပြီး ကျွန်မကို ဖက်ထားပြီး ...

"မေကြီး - သမီးတို့ ကြောက်တယ် - ကြောက်တယ်"

ကလေးတွေ အတော်လေးကြောက်နေတာတွေ့တော့ ကျွန်မ ယောကျ်ားက ...

"သားတို့၊ သမီးတို့ ဘာမှမကြောက်နဲ့၊ သရဲဆိုတာ ကြောက်စရာ မကောင်းဘူး၊ သနားစရာကောင်းတာ သူတို့မှာ မကျွတ်မလွတ်တဲ့ ဘဝနဲ့ နေရတာ၊ သူတို့လည်း ကျွတ်လွတ်ချင်မှာပဲ၊ ဒါကြောင့် သူတို့ရှိကြောင်းကို အသံဗလံနဲ့ပြတာ၊ သားတို့ သမီးတို့က သူတို့ ကျွတ်အောင် ဘုရားရှိခိုးတိုင်း မေတ္တာများများ ပို့ပေးသိလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ - ဖေဖေ"

"သားနှစ်ယောက်အပေါ်မှာ မအိပ်ရဲရင် အောက်မှာပဲအိပ်လိုက်၊ မနက်ကျရင် ဘုန်းကြီးငါးပါးလောက်ပင့်ပြီး သူတို့အတွက် ဆွမ်းကပ်ပြီး အမျှဝေပေးမယ်၊ ဒါမှ သူတို့အတွက်ရော၊ ကိုယ့်အတွက်ပါ ကောင်းမှာ၊ ကဲ - ကဲ - အိပ်ကြတော့ မနက်လည်း စောစောထရဦးမယ်"

ထိုညက ပြန်အိပ်ပြီး မကြာမီ အိပ်မက်တစ်ခုကို ကျွန်မ မက်ခဲ့သည်၊ အိပ်မက်ထဲတွင် ကျွန်မတို့ ယခုနေသည့် အိမ်ကြီးသည် အခန်းများဖွဲ့စည်းထားခြင်းမရှိဘဲ လုံးချင်းအိမ်ကြီးဖြစ်သည်၊ မြဲစည်းရိုး ခတ်ထားပြီး ခေါင်းရင်းဘက်မြံထိပ်၌ သရက်ပင်ကြီးတစ်ပင်ရှိသည်၊ (ယခုလည်း ရှိလျက်) အိမ်တရေနံချေးဝနေသော နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဖြစ်၏၊ မြံဝင်းထဲ၌ ရောရာဝင်အိုးကြီးတွေ ရှိသည်၊ အရင်တုန်းကလူများသည် ရာဝင်အိုးသာ သုံးကြသည်ဟု အဘွားပြောဖူး၏၊ ထိုအိုးကြီးတွေထဲ၌ မည်သည့်အရာရှိသည်ကိုတော့ မသိပါ၊

ကျွန်မ ထိုအိမ်ကြီးထဲသို့ ဝင်သွားခဲ့သည်၊

အိမ်တွင်း၏ အလယ်ကောင်လောက်မှာ (ယခုအလယ်ခန်း) အသားဖြူဖြူ မိန်းမတစ်ယောက်နှင့် ဝဝရုပ်ဆိုးဆိုး ယောကျ်ားတစ်ယောက် ထိုင်နေသည်၊ ကျွန်မကိုမြင်တော့ ထိုရုပ်ဆိုးဆိုးယောကျ်ားက စိတ်ဆိုးနေသည့် မျက်နှာနှင့် ထိုင်ရာမှထပြီး . . .

"ဒီမှာ ငါတို့က အိမ်ရှင်၊ အိမ်ပိုင်ရှင်တွေ သွားခြင်းသွား၊ နင်တို့ပဲ သွားရမှာ၊ နောက်မှလည်း လာသေး၊ လူပါးလည်းဝသေး၊ ဟင်း - တောက်"

ထိုသို့ပြောပြီး အတွင်းဘက်သို့ ဝင်သွားသည်၊ ထိုင်နေသည့် အမျိုးသမီးကိုကြည့်လိုက်တော့ စိတ်ဆိုးနေသည့်မျက်နှာ မနက်လင်းတော့ အိပ်မက်ထဲမှ လင်မယားအကြောင်းကို ကျွန်မ ခင်ပွန်းကို ပြောပြသည်၊ ဟိုး - ယခင် အိမ်ပိုင်ရှင်တွေအကြောင်းဆိုရင် သူ့အဒေါ် သိမှာပဲဆိုပြီး သူ့အဒေါ်အိမ်ကို သွားမေးကြသည်၊



သူ့အဒေါ်က ကျွန်မတို့အိမ်နှင့် မျက်စောင်းထိုးအိမ်တွင် နေ၏၊ အသက် (၈၀)ကျော် အပျိုကြီးဖြစ်သည်၊ သူတို့ ဒီမှာနေခဲ့တာ ကြာပြီ၊ ယခင် အိမ်ပိုင်ရှင်တွေအကြောင်းကို သိမှာပါလေ၊

ဒေါ်လေးနှင့်တွေ့ပြီးအကျိုးအကြောင်းကို ပြောပြသည်၊ ယခင် ပိုင်ရှင်တွေအကြောင်းကိုမေးတော့ သူ အတန်ကြာစဉ်းစားပြီး . . .

"ဟဲ့ - ဒေါ်လေး သိပြီ၊ ဒါဆိုရင် အရင်ပိုင်ရှင်တွေက ဦးဖေသော်တို့ မောင်နှမပေါ့၊ ညည်း အိပ်မက်ထဲက ရုပ်ဆိုးဆိုးကြီးက ဦးဖေသော် သူ့နှမ အမည်တော့ ဒေါ်လေး မေ့နေတယ်၊

လင်မယားမဟုတ်ဘူး၊ အပျိုကြီး လူပျိုကြီး မောင်နှမတွေ၊ သူ့နှမက အသားဖြူဖြူ ရုပ်ချောချော သူ့အစ်ကိုက ရုပ်ဆိုးတယ်၊ အဲဒါမောင်နှမတွေ၊ အင်း - အရင်တုန်းက သူတို့မိဘတွေက အရမ်းချမ်းသာတာ၊ ဟိုခေတ် သူကြီးပေါ့၊ မွေးချင်းဘယ်နှစ်ယောက်ရှိလည်းတော့ မသိဘူး၊ ဒေါ်လေးသိတာ သူတို့နှစ်ယောက်ပဲ၊ သူတို့ရှိတုန်းက ဘယ်ဆွေမျိုးမှ လာတာမတွေ့ဘူး၊ ဝင်းတံခါးကိုအမြဲပိတ်ထားတယ်၊ တစ်ခါတလေမှအပြင်ထွက်တာ တွေ့တာ၊ တောမှာနေတဲ့ ညီဝမ်းကွဲတစ်ယောက် ရှိတယ်လို့တော့ ပြောသံကြားတယ်၊ လာလည်တာတော့ မတွေ့မိဘူး"

အဲ - သူတို့ မမာတော့ ညီဝမ်းကွဲရဲ့ သမီးနှစ်ယောက် လာနေပြီးပြုစုတယ်၊ တစ်နှစ်လောက်ကြာတော့ ဦးဖေသော် ဆုံးတယ်၊ ဦးဖေသော် ဆုံးပြီး သုံးလလောက်ကြာတော့ သူ့နှမ ဆုံးတယ်၊ ရှေ့ဆင့် နောက်ဆင့်ပါပဲ၊ သူတို့ဆုံးတော့လည်း ဘယ်သူမှ လာတာမတွေ့ဘူး၊ နောက်တော့ အဲဒီအိမ်ကြီးကို ပိတ်ထားလိုက်တယ်၊

တချို့ပြောတာတော့ အတွင်းပစ္စည်းတွေကို အိမ်ကြီးရဲ့တစ်နေရာရာမှာ မြှုပ်ထားခဲ့သလိုလို၊ မြေကြီးထဲပဲမြှုပ်ထားခဲ့သလိုလို အမျိုးမျိုးပြောကြတယ်၊ နှစ်တွေ အတော်ကြာတော့ အိမ်ကြီးကို ရောင်းလိုက်တယ်၊ နောက်ဝယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

■■■ ကဲ-အိမ်ထဲမှာရှိတဲ့ပုဂ္ဂိုလ် အိမ်ပိုင်ရှင်တွေ သင်တို့ကို ကျွန်မ နှင်ဖို့ မကြိုးစားတော့ဘူး။ သင်တို့ကလည်း ဒီအိမ်သုံးခန်းလုံးမှာရှိတဲ့ သူတွေကို မခြောက်မလှန့်ရဘူး။ ကိုယ့်စည်းကမ်းနဲ့ ကိုယ်နေမယ်ဆိုရင် ကျွန်မတို့ အတူတကွ နေထိုင်လို့ရမယ်။ စည်းကမ်းနဲ့မနေထိုင်ဘူးဆိုရင် သင်တို့အတွက်ရော၊ ကျွန်မတို့အတွက်ပါ စိတ်ချမ်းသာစရာ ဖြစ်လာမှာ မဟုတ်ဘူး ■■■



သူက ပြင်ဆင်ပြီး အခန်းသုံးခန်းကာလိုက်ပြီး ငှားထားတယ်၊ နောက်တော့လည်း တစ်ခန်းစီရောင်းစားတော့ မင်းတို့အမေက ခေါင်းရင်းခန်းကို ဝယ်လိုက်တယ်။ ရာဝင်အိုးကြီးတွေတောင် မသယ်နိုင်လို့ ဒီအတိုင်းထားခဲ့တာ။ မင်းတို့ဘက်မှာတောင် လေးအိုးလား ရှိတယ်လေ”

“ဟုတ်တယ် - ဒေါ်လေး၊ လေးအိုး ရှိတယ်”

“အေး - အဲဒါ အရင်ပိုင်ရှင်ရဲ့အိုးတွေ၊ အရင်က ဆန်တို့၊ ဆီတို့ ရာဝင်အိုးနဲ့ထည့်ပြီး နှစ်ပတ်လည်သိမ်းပြီး စားကြတာ၊ သူတို့က ကပ်စေးနှဲပြီး မလှူရက် မတန်းရက်နဲ့ သေတော့ မကျွတ်တာ ဖြစ်လိမ့်မယ်၊ အရင်တော့ သရဲခြောက်တယ်လို့ သိုးသိုးသန့်သန့် ကြားတယ်၊ နောက်ပိုင်းတော့ မကြားတော့ဘူး၊ မင်းတို့ ခေါင်းရင်းတိုက်ကြီးကတော့ သရဲခြောက်လွန်းလို့ ဘယ်သူမှ မနေနိုင်လို့ ပိတ်ထားတာ နှစ်သုံးဆယ်လောက်ရှိပြီ၊ အခု မင်းတို့အခန်း ဒီလိုဖြစ်နေတာ ဒေါ်လေး မသိဘူး၊ ဘုန်းကြီးပင့်ပြီး ပရိတ်ရွတ်လိုက်ပါ၊ ဒေါ်လေးက ဒါပဲပြောတတ်တယ်”

ဒေါ်လေးဆီမှ ပြန်လာပြီး စိတ်ထဲ ပေါ့ပေါ့ပါးပါးဖြစ်မသွားဘဲ လေးလံနေ၏၊ အိပ်မက်ထဲ၌ စိတ်ဆိုးနေသော သူတို့မျက်နှာကို ဖျောက်ဖျက်၍ မရပါ၊ “ထွက်သွားခြင်းသွားရင် နင်တို့ပဲ သွားရမှာ” ဆိုသော အိပ်မက်ထဲမှ ထိုလူကြီး စကားကို ကျွန်မ စွဲနေတော့သည်၊

ထိုနေ့က ဆွမ်းကပ်ပြီး ဆရာတော်ဘုရားအား အကျိုးအကြောင်းအလုံးစုံကို လျှောက်ထားတော့ ...

ဆရာတော်က ...

“မေတ္တာပို့ ဒကာမကြီး - မေတ္တာသာ နာနာပို့၊ မေတ္တာတရားသည်သာ အကောင်းဆုံး လက်နက်ပဲ၊ နောက်ပြီး - ပဋ္ဌာန်းရွတ်မယ်ဆိုရင် အရင်ဆုံး ပြောရမှာက ဤပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်မည်ဖြစ်သောကြောင့် နာကြားနိုင်သော ပုဂ္ဂိုလ်များ အဝေးသို့ ခေတ္တခဏ ဖယ်ရှားပေးကြပါရန် မေတ္တာရပ်ခံပါသည်လို့ ခွင့်တောင်းပြီးမှ ရွတ်ဖတ်ပါ”

ဆရာတော် မိန့်မှာသည့်အတိုင်း ပြုလုပ်သည့်အတွက် နောင်ရက်များမှာ အနည်းငယ် အေးချမ်း၍လာသည်၊ သို့သော် လုံးဝပျောက်သွားသည် မဟုတ်ပါ၊ ဘေးခန်းမှ ကလေးတွေကိုလည်း မေတ္တာပို့ရန် ပြောရသည်၊

တစ်နေ့ - ကလေးတွေ၏မိခင် ရွာမှရောက်လာပြီး ညဘက် ပဋ္ဌာန်းရွတ်သည်၊ ထိုညက တစ်အိမ်လုံးအုန်း - အုန်း - ထဆူလေတော့သည်၊ သုံးခန်းလုံး မအိပ်ကြရပါ၊ ကလေးတွေ ငိုကြသည်၊ တောရွာမှ ကလေးအမေလည်း ငိုသည်၊ ကျွန်မ သူတို့ကို နှစ်သိမ့်ပြီး မကြောက်ကြဖို့ ပြောရသည်၊ ပဋ္ဌာန်းရွတ်လျှင် ဆရာတော်မှာသည့်အတိုင်း ရွတ်ရန်၊ မေတ္တာများများပို့ရန် အသံနှင့်သာ ခြောက်နေတာ၊ လူကို အန္တရာယ်မပေးတဲ့အတွက် ဘာမှမကြောက်ရန် အသေအချာ ရှင်းပြ ပြောပြရသည်၊ ကျွန်မတို့ အခန်းဖော်တွေအား ညီညီ





www.burmeseclassic.com

www.burmeseclassic.com

ညာညာနှင့် မေတ္တာပို့ခြင်းကို အလေးအနက် ဆောင်ရွက်သည့်အတွက် နောက်ပိုင်း အတော်လေးကို ငြိမ်သွားတော့သည်။

တစ်နေ့ ...

ကျွန်မတို့ အိမ်ကို ကျွန်မတို့၏ မိတ်ဆွေ ဆရာဦးကောင်း အလည်လာပါသည်။ ဆရာဟု ခေါ်ရခြင်းမှာ ထိတ်လန့်ဖျားနာသော ကလေးများကို ရေမန်းတို့၊ ပရိတ်ဆန်၊ ပရိတ်ကြိုးတို့နှင့် အန္တရာယ်ကင်းအောင် ဆောင်ရွက်ပေးနေသောကြောင့် အားလုံးက ဆရာဟုခေါ်ကြသည်။ ဆရာဦးကောင်းက ဘာသာရေး အလွန်လိုက်စားသူ ဖြစ်၏။ အဓိဋ္ဌာန်ဝင်၊ ပုတီးစိပ်၊ သက်သတ်လွတ်စားပြီး သူနိုင်နင်းသော ရောဂါများအား ကုသပေးနေသော ပုဂ္ဂိုလ်ဖြစ်သည်။ သူ ရောက်လာတော့ ကျွန်မတို့အိမ်မှာ ဖြစ်နေသောအကြောင်းများကို ပြောပြမိသည်။

ကျွန်မ ပြောသမျှကို နားထောင်ပြီး ...

"ဒီလိုဆို လွယ်လွယ်လေးပါ၊ ငါ နှင်ထုတ်ပေးမယ်"

"ဖြစ်ပါ့မလား ဆရာရဲ့၊ သူတို့ နေစရာမရှိ ဖြစ်သွားမှာပေါ့"

"ဘာမှ မစိုးရိမ်နဲ့ - ဖြစ်ကိုဖြစ်တယ်၊ နေစရာမရှိလည်း နေချင်တဲ့ နေရာနေပါစေ၊ လူတွေနဲ့ ရောပြီးနေလို့ မရဘူး၊ သူတို့က နာမ်လောက ဥစ္စာပစ္စည်းအပေါ်မှာ စွဲလမ်းပြီး မကျွတ်မလွတ်ဖြစ်နေတာ၊ ဘဝချင်းမှ မတူတာ၊ အတူနေလို့ ဘယ်ဖြစ်မလဲ"

ဆရာ့စကားအဆုံးမှာတော့ ...

"တောက်"

ကျယ်လောင်သော "တောက်" ခေါက်သံကြီး အလယ်ခန်းနေရာမှ ပေါ်ထွက်လို့လာသည်။ ဆရာရော ကျွန်မပါ ထိတ်လန့်တုန်လှုပ်သွား၏။ ဆရာက မျက်လုံးပြူးလျက် ...

"ဘယ်သူ တောက်ခေါက်တာလဲ၊ ဟိုဘက်အခန်းမှာ ဘယ်သူတွေနေလဲ"



"ဟိုဘက်အခန်းမှာ ကျောင်းတက်သည့် ကလေးတွေပဲရှိတာ၊ သူတို့ ကျောင်းသွားကြတယ်၊ ကျွန်မ ပြောတဲ့ပုဂ္ဂိုလ် တောက်ခေါက်တာဆို ဆရာယုံမလား"

ဆရာ အတန်ကြာ စဉ်းစားပြီး ...

"ဒီလောက်ထိဖြစ်နေရင် သိပ်မလွယ်လောက်ဘူး၊ အတော်ခေါင်းမာတဲ့ သရဲဖြစ်မယ်၊ နေ့ခင်းကြောင်တောင် ဒီလိုလုပ်ရဲရင် နှင်ထုတ်ဖို့ လွယ်မယ် မထင်ဘူး၊ ငါပြန်ပြီး ငါ့ဆရာနဲ့ တိုင်ပင်ဦးမယ်"

ဆရာ့ကို ခြံဝအထိ လိုက်ပို့ပြီး ...

"ဆရာ - ကျွန်မ သဘောက ဒီအတိုင်းပဲ ရှိစေချင်တယ်၊ သူတို့ကို နှင်ထုတ်လို့ရရင်တော့ ကောင်းပါရဲ့၊ မရရင် အားလုံးဒုက္ခရောက်လိမ့်မယ်၊ ဆရာတော်ကြီးတွေ ရွတ်ဖတ်တော့ ခဏပဲငြိမ်တာ၊ ပြီးရင် ပြန်ဖြစ်တာပဲ၊ နေ့တိုင်း မေတ္တာပို့နေတော့ ငြိမ်နေတာကြာပြီ၊ အခု - ဆရာလည်း ပြောပြီးရော၊ "တောက်" ခေါက်တာ ကြည့်ပါလား၊ သူတို့ကို ကြမ်းလို့မဖြစ် ဘူးနဲ့တူတယ်"

"မဖြစ်ဘူးဆိုတာတော့ မရှိဘူးဟေ့၊ မဖြစ်သေးတာပဲ ရှိတာ၊ တကယ်တော်တဲ့ ဆရာတော်တွေရှိတယ်၊ ညည်းလုပ်ချင်ရင် ငါ့ပင့်ပေးမယ်"

"အင်း - ကျွန်မ စဉ်းစားပါရစေဦး ဆရာရယ်"

ဆရာပြန်သွားပြီးနောက်မှာ ကျွန်မ စဉ်းစားရပြီ၊ ဘုန်းကြီးပင့်ပြီး ပရိတ်ရွတ်တုန်းကလည်း ခဏသာငြိမ်ပြီး နောက်ပိုင်းပုံမှန် ပြန်ဖြစ်သည်။ တခြားအခန်းတွေလည်း ထိုနည်းနှင်ထုတ်လိုက်လို့ ထွက်သွားရပြီး နေစရာမရှိရင် အရမ်းသနားဖို့ကောင်းမှာ၊ ကျွန်မ စိတ်တွေက ထူးဆန်းစွာ သူတို့ကိုသနားနေမိသည်။

သူလည်း စိတ်ချမ်းသာ ကိုယ်လည်း စိတ်ချမ်းသာ အဲဒီလိုဖြစ်ရင် သိပ်ကောင်းမှာ။

ကျွန်မ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

"ကဲ - အိမ်ထဲမှာရှိတဲ့ပုဂ္ဂိုလ် အိမ်ပိုင်ရှင်တွေ သင်တို့ကို ကျွန်မ ငြိုငြင်မကြိုးစားတော့ဘူး၊ သင်တို့ကလည်း ဒီအိမ်သုံးခန်းလုံးမှာရှိတဲ့ သူတွေကို မခြောက်မလှန့်ရဘူး၊ ကိုယ့်စည်းကမ်းနှင့် ကိုယ်နေမယ်ဆိုရင် ကျွန်မတို့



www.burmeseclassic.com

www.burmeseclassic.com

အတူတကွ နေထိုင်လို့ရမယ်၊ စည်းကမ်းနဲ့ မနေထိုင်ဘူးဆိုရင် သင်တို့အတွက်ရော၊ ကျွန်မတို့အတွက်ပါ စိတ်ချမ်းသာစရာဖြစ်လာမှာမဟုတ်ဘူး။ ဒါကြောင့် - သင်တို့လည်း ကိုယ့်ဟာကိုယ်နေ၊ ကျွန်မတို့လည်း ကိုယ့်ဟာကိုယ်နေမယ်၊ တစ်ယောက်နဲ့တစ်ယောက် မနှောင့်ယှက်ကြကြေး"

ကျွန်မ စိတ်ထဲရှိတာ ပြောဆိုပြီးတဲ့နောက်ပိုင်းကစလို့ အသံဗလံများလုံးဝမကြားရတော့ပါ။ သုံးခန်းလုံးငြိမ်သက်လို့ နေ၏။ သူတို့၏ကြားနေကြအသံများကို မကြားရတာကြာတော့ ကျွန်မတို့ ပျင်းတောင်လာသည်။

ကလေးတွေကလည်း အသံမကြားရတာကြာတော့ ပျင်းလာသည့်အကြောင်းပြောလို့ ကျွန်မရယ်မိသည်။ တစ်ကယ်ကြားတုန်းက ကြောက်လိုက်ကြတာ နေစရာတောင် မရှိဘူး။ မကြားရတော့မှ မကြောက်တတ်သည့်ပုံစံတွေနှင့် အမြင်ကပ်ဖို့ကောင်းလိုက်တာ။

တကယ်ပါရှင် - ယနေ့ အချိန်အထိ ထိုပုဂ္ဂိုလ် မောင်နှမနှင့် ကျွန်မတို့မိသားစု တစ်အိမ်ထဲမှာ အတူတကွနေထိုင်နေသည်ဟုဆိုလျှင် အသင်ယုံနိုင်ပါ့မလား။ သူတို့မောင်နှမရှိကြောင်းကို တစ်ခါတလေ အိပ်မက်ပေးတာကလွဲပြီး မည်သည့်အသံမျှ မကြားရတော့ပါ။ ဆရာဦးကောင်း၏တပည့် ကိုလှစိုးက အသံမကြားရတာ မရှိတော့လို့ပေါ့ဟု အိမ်ကိုလာလည်စဉ် ပြောတုန်းက ချက်ချင်း သူ့နောက်ကျောကို လက်နှင့်ကုတ်လို့ လှည့်ကြည့်လိုက်တော့ ဘာမှမတွေ့ဘူး၊နောက်တစ်ချက် ခပ်ပြင်းပြင်းကုတ်တော့မှ ...

"ယုံပါပြီဗျာ - ခင်ဗျားတို့ ရှိနေတယ်ဆိုတာ ကျွန်တော် ယုံပါပြီ"

ဟု ပြောလည်းပြော၊ ထလည်းပြေးတော့သည်။ ကျွန်မတို့ သူ့အဖြစ်ကိုကြည့်ပြီး ဝိုင်းရယ်ကြသည်။

ကဲ - စာဖတ်ပရိသတ်ကြီးကော ယုံပါ့မလား။ မည်သူတွေ ယုံချင် ယုံ၊ မယုံချင်နေ၊ ကျွန်မတို့ကတော့ ယခုအချိန်ထိ သူတို့နှင့်အတူတကွ နေထိုင်လျက်ရှိပါသည်၊

(ဖြစ်ရပ်မှန်ကို အမည်မှန်များ ထည့်သုံးထားသည်)

»»» မပိုးငွေ



www.burmeseclassic.com

# ထူးဆန်းသောအသာနှင့် မဟူရာကျောက်နွားသိုး

## မောင်မောင်ကြီး (လှိုင်နယ်မြေ)

ဒေါ်ကြူးရင်သည် ကိုယ့်ကိုယ်ကိုယ် အံ့ဩမိ၏။

ခါတိုင်းရက်ကဆိုရင် ဘယ်သူမှ နှိုးစရာမလို၊ အနှိုးလည်း တစ်ကြိမ်မျှ မခံပါဘူးပေ၊ ဝီရိယရှိသည်၊ ကျိုးမနိုးခင်ကပင် မိမိနိုးလေ့ရှိသည်၊ လုပ်စရာ၊ ကိုင်စရာ ပစ္စည်းအားလုံး အသင့်သင့်၊ ညဦးပိုင်းကတည်းက စီမံဆောင်ရွက်ပြီးသားဖြစ်သည်၊

သွားခါနီး တစ်ခုချင်းကောက်၍ ထုပ်သွားရုံပင်၊ တွန်းလှည်းကလေးပေါ်သို့ သယ်ပိုးမ.တင်ပြီးမှ – "ကိုကြည် – ကိုကြည် – ရှင် ထတော့လေ" ဟု ခင်ပွန်းကိုနှိုးသည်၊ အိပ်ချင်မူးတူးဖြစ်နေသော ကိုကြည်ကပင်လျှင် – "မကြူးရင်ရယ်၊ မင့်ဥစ္စာက မစောလွန်းဘူးလားကွာ" ဟူ၍ ပြောယူရသည်အထိ၊ ထိုအပြောမျိုးကို မကြိုက်၊ ဝီရိယမရှိရကောင်းလားဟူ၍ မျက်စောင်းထိုး၊ နှုတ်ခမ်းစူလိုက်မှ ဦးကြည် ငြိမ်သွားသည်၊

ဒီကနေ့အဖြစ်ကတော့ ကိုယ့်ကိုယ်ကိုယ် မယုံနိုင်လောက်အောင် ဖြစ်သည်၊ မိုးလင်းမှနိုးသည်၊ အိမ့်အပြင်၌ အလင်းရောင်တွေ သန်းနေမှ ဗျာတ်ခနဲ လန့်နိုးလာသည်၊ လှမ်းကြည့်လိုက်သည်ဆိုရင်ပဲ အိမ်၏အပြင်တွင် အလင်းပျိုနေသည်မို့ ကမန်းကတန်း ထလိုက်ရင်း ...



"ကိုကြည် – ကိုကြည် – ထစမ်းပါဦး၊ မိုးတောင် အတော်လင်းနေပြီ၊ ရှင့်မလဲ – အိပ်ပုတ်ကြီးလိုက်တာ" ဟု ပုတ်၍နှိုးလိုက်သည်၊ ဦးကြည်သည်လည်း အိပ်ရာထဲက ပျာပျာသလဲထရင်း ...

"ဟာ – ဟုတ်ပါရဲ့၊ မိုးတောင် လင်းနေမှပဲ" ဟု ကြောင်စီစီလေသံဖြင့် ပြောသည်၊ ဒေါ်ကြူးရင်မှာ အိပ်ရာထ နောက်ကျရသည့်ထဲ ဦးကြည်က ပေရှည်နေသဖြင့် စိတ်မရှည်နိုင်အောင် ဖြစ်သွားမိသည်၊

"ရှင်ကလဲ – ကျွန်မ အိပ်ပျော်သွားတယ်ထားဦး၊ ရှင် နိုးဖို့ ကောင်းပါတယ်၊ ညတိုင်းကျရင် စောစောမှမအိပ်ပဲ၊ ဟိုစာဖတ်၊ ဒီစာဖတ်နဲ့ – ညနက်သန်းခေါင်၊ ရှင်နဲ့သာ အလုပ်လုပ်စားရရင် ငတ်သေဖို့ပဲ ရှိတယ်"

ဗျစ်တောက်ဗျစ်တောက် လုပ်လိုက်သည်၊ ဦးကြည်သည် – "မိန်းမကလည်းကွာ" ဟု တစ်ခွန်းသာပြောပြီး မျက်နှာသစ်ဖို့ အိမ်ရှေ့ရေကပြင်သို့ သုတ်သုတ် ထွက်သွားတော့သည်၊

ကမန်းကတန်း မီးမွှေး၊ ဆီအိုးတည်ရင်း ကျန်တောက်တိုမည်ရှုများကို ဖယ်ဆက်သလို လုပ်နေရသည်၊ ဦးကြည်မှာလည်း မယားက ဗျစ်တောက်ဗျစ်တောက် ပြောတတ်လေ့ရှိသဖြင့် ဖင်မချနိုင်အောင် အလုပ်လုပ်နေရသည်၊

ထင်းခွဲခြမ်းများ ခွဲ၊ မီးထိုး၊ ရေနွေးအိုးတည်နှင့် ပျာယာခတ်နေသည်၊ ထင်းက နည်းနည်းစိုနေသဖြင့် မီးခိုးက အူနေ၏၊ ထို့ကြောင့် မီးတောက်လာအောင်မကြာမကြာ ယပ်ခတ်ပေးရသည်၊ မီးတောက်အရှိန်ရလာလျှင် စားပွဲခုံများကို အပြေးအလွှား ခင်းလိုက်ရသေးသည်၊

ပြီးလျှင် စားပွဲပေါ်တွင် ရေနွေးကြမ်းပန်းကန် ရေနွေးအိုး၊ လက်သုတ်ပဝါစသည်တို့ကို သူ့အစီအစဉ်နှင့်သူ ချထားလိုက်၏၊

ဒေါ်ကြူးရင်ကလည်း အကြော်ကြော်ဖို့ မုန့်နှစ် စပ်သည်၊ ဘူးသီးစိပ်ထည့်သော ဇန်းကို အကြော်ဒယ်အနီးသို့ ပို့ထားသည်၊ ပြီးမှပဲ ကြော်အိုးကို မ.ယူပြန်သည်၊ ထို့နောက် မီးဖိုပေါ်တွင် တင်ထားသည့်ဒယ်အိုးထဲသို့ ဆီများလောင်းထည့်သည်၊



www.burmeseclassic.com

www.burmeseclassic.com

ဆီကျသည်နှင့်တစ်ပြိုင်တည်း ဘူးသီးစိပ်များကိုယူကာ မုန့်နှစ်ဖြင့် တွဲလျက် ဆီအိုးထဲသို့ ချသည်။ ရှဲခနဲမြည်သံနှင့်အတူ ဘူးသီးစိပ်သုံးလေး မှောက်တွဲထားသည်။ မုန့်နှစ်ရေအနီးတွင် ပူစီဖောင်းကလေးများ အပြိုင်း အပြိုင်း ထလာ၏၊ သုံးလေးဥအထိ ဆက်တိုက်ထည့်ရင် ညက အဖြစ်သည် ခေါင်းထဲသို့ ဒိုင်းခနဲ ဝင်လာလေသည်။

သတိရလိုက်သည့်တစ်ခဏ၌ပင် ဒေါ်ကြူးရင်၏ ကျောထဲတွင် စိမ့်ခနဲ ရှိသွားသည်။ ကြက်သီးမွေးညင်းများပင် ဖျန်းခနဲ ထသွားမိသေး၏။

ဘယ်လိုမှ တွေးမထားသော မစဉ်းစားမိသော၊ စိတ်မကူးမိသော အကြောင်းအရာတစ်ခုသည် ဘာကြောင့်များ မိမိကို မြင်မက်လိုက်ရပါ သနည်း။

ညက အိပ်မက်သည် အလွန်စင်းသည်။ အိပ်မက်ထဲ၌ ထူးခြားသော ပုဂ္ဂိုလ်တစ်ပါး မိမိထံသို့ ရောက်လာသည်။ ဝတ်ဖြူစင်ကြယ်များ ဝတ်ဆင် ထားသည်။ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများပင် ဖွေတ်ဖွေတ်ဖြူနေ၏။ လည် ပင်းတွင်လည်း ဆီးဖြူသီးခန့် ထင်ရသော ပုတီးကြီးကို ဆွဲထားသည်။

ထိုပုဂ္ဂိုလ်ကြီးသည် ဒေါ်ကြူးရင်ရှေ့တွင် ဘွားခနဲ ပေါ်လာ၏။ ပြီးလျှင် စူးရှတောက်ပြောင်သော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်နေသည်။ ထိုမျက် လုံးများသည် ခဏအကြာ၌ အရောင်တွေ အမျိုးမျိုး တောက်နေပေသည်။ အစိမ်းတွေ၊ အနီတွေ၊ အပြာတွေ စသောအရောင်မျိုးစုံတို့သည် မျက်လုံး အိမ်မှ ထွက်လာပြီး မိမိကိုယ်ကို ရစ်ပတ်လာတော့သည်။

ဒေါ်ကြူးရင် လွန်စွာကြောက်လန့်သွားသည်။ ရင်တွေ တထိတ်ထိတ် ခုန်လာသည်။ ဦးကြည်ကို သတိရသည်။ အားကိုးသည်။ သူ့ကိုခေါ်သည်။ ခေါ်မရ၊ အသံကုန်ဟစ်သည်။ ဟစ်မရ။

ထိုပုဂ္ဂိုလ်ထူးသည် မိမိ၏အသံကိုပင် ချုပ်ကိုင်ထားသလား မပြော တတ်၊ ဝတ်ဖြူစင်ကြယ် ဝတ်ထားသော်လည်း မျက်လုံးမှ အရောင်လျှံများ ကြောင့် သူတော်စင်ဟု မိမိမယုံ၊ သူတော်စင်ယောင် ဆောင်လာသည့်နာနာ ဘာဝဖြစ်နိုင်သည်။ မဟုတ်ရင် တစ္ဆေတစ်ကောင်ကောင်က သူတော်စင်လို အယောင်ဆောင်လာသလားမသိ။

ထိုအတွေးများကြောင့်မိမိသည် ကြောက်လာသည်။ ဇောချွေးများပြန် လာသည်။ ထွက်ပြေးလွတ်မြောက်ဖို့ကြံသည်။ တစ်ဖန်ဦးကြည်ကိုဟစ်ခေါ်



သည်။ ထိုစဉ် သူတော်စင်လိုပုဂ္ဂိုလ်သည် တစ်ကိုယ်လုံး မီးခိုးများကဲ့သို့ တဖြည်းဖြည်း ပြောင်းလဲသွားပြန်သည်။ ပြီးလျှင် – တငွေ့ငွေ့အသွင်သို့ ပြောင်းကာ ပျောက်ကွယ်သွားတော့သည်။

နိုးလာသောအခါ၌ မိမိသည် မောနေ၏။ အိပ်ရာထဲ၌ ငုတ်တုတ်ထထိုင် မိသည်။ ကြောက်သည့်စိတ်က ပျောက်နိုင်အောင်ရှိသည်။ ပြန်၍လှဲအိပ် သော်လည်း တော်တော်နှင့် အိပ်မပျော်၊ တောင်တွေး၊ မြောက်တွေးနှင့် စိတ် ချောက်ချားလျက် နေပါတော့သည်။

ဘယ်လိုပုဂ္ဂိုလ်များက မိမိအပေါ်၌ မကျေနပ်ရှိနေပါသနည်း။

"သမီးတို့ရေ – အဘဝိုက်ဆာလို့ အကြော်ကလေး နည်းနည်းစားလို့ ရမလားကွယ်"

အသံကြားလို့ ဒေါ်ကြူးရင် ဆတ်ခနဲ ခေါင်းထောင်ကြည့်မိသည်။ ဆီအိုး ထဲမှ ကျက်ပြီးသား ကြော်များကို သံဆန်ကာဖြင့် ခပ်ဆယ်နေသည့်လက်မှာ တန့်ခနဲဖြစ်သွားသည်။ ရင်မှာလည်းထိတ်ခနဲရှိသွား၏၊ တစ်ကိုယ်လုံးလည်း စိမ့်သွားလေသည်။

ဟုတ်ပါသည်။ ညကမြင်မက်ခဲ့သည့်အိပ်မက်ထဲကအတိုင်း တစ်ကိုယ် လုံး ဝတ်ဖြူစင်ကြယ်ဝတ်ထားသည်။ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေက လည်း ဖွေတ်ဖွေတ်ဖြူလို့၊ လည်ပင်းမှာတော့ အလုံးကြီးကြီးဖြင့် ပြုလုပ်ထား သည့် ပုတီးတစ်ကုံးဆွဲလို့၊ ထူးဆန်းသည့်လူပုဂ္ဂိုလ် မိမိဆိုင်ရှေ့၌ မားမားကြီး ရပ်လျက်ရှိလေသည်။

ဦးကြည်က ရေနွေးကြမ်းသောက်နေရာမှ သွက်လက်စွာ ထရပ်ပြီး ပြော သည်။

"ဩော် – ရပါတယ် ခင်ဗျာ၊ အထဲဝင်ပါ၊ အဘ – ဘာသုံးဆောင်မလဲ၊ ပဲကြော်ရော၊ ဘူးသီးကြော်ပါရနေပါပြီ၊ တို့ဟူးကြော်နဲ့ ငှက်ပျောသီးကြော်က တော့ နည်းနည်းစောင့်ရလိမ့်ဦးမယ်၊ ရေနွေးလည်း အဆင်သင့်ပဲ"

"အေး – ပဲကြော်နဲ့ ဘူးသီးကြော်ရရင်လည်း တော်လောက်ပါပြီကွယ်၊ အဲ – တစ်ခုတော့ရှိတယ်၊ အဘမှာ ပိုက်ဆံမရှိဘူး၊ လှူတဲ့သဘောထားလိုက်ပါ မကွယ်"



www.burmeseclassic.com

www.burmeseclassic.com

ဈေးဦးဈေးဖျားတွင် အလကားစားမည့်ပုဂ္ဂိုလ်နှင့် လာတွေ့နေသဖြင့် ဒေါ်ကြူးရင်စိတ်ပျက်သွားသည်၊ ထို့ပြင် ညကမြင်မက်ထားသောပုဂ္ဂိုလ်နှင့် တစ်ထေရာတည်း တူနေသဖြင့် ဒေါ်ကြူးရင်ရင်ထဲတွင် မယုံသင်္ကာဖြစ်လိုက်ရသေးသည်၊

"ဩော် - ရပါတယ် - အဘရယ်၊ အဘ - ဘယ်လောက်စားနိုင်မှာမို့လဲ၊ ကျွန်တော်တို့ ကုသိုလ်ရပါတယ်၊ လာ - လာ - ထိုင်ပါ - အဘ"

ဦးကြည်က သူ့ဇီဇအတိုင်း သဘောကောင်းလိုက်သည်၊ ထို့နောက် ဦးကြည်သည် မုန့်ပွဲ၊ အချဉ်ရေ၊ ရေနွေးအိုး စသည်တို့ကို အဘဆိုသူ၏ရှေ့သို့ ရိုရိုသေသေ ချပေးသည်၊ ထို့နောက် မနီးမဝေးတွင် ဝင်ထိုင်နေသည်၊

အဘဆိုသည့်ပုဂ္ဂိုလ်က အကြော်ကြော်နေသည့် ဒေါ်ကြူးရင်အား တစ်ချက်လှမ်းကြည့်ရင်း အကြော်ကို စားမြိန်နေသည်၊ အကြော်တစ်ခု၊ နှစ်ခု ကုန်ခါနီးတွင် ထိုပုဂ္ဂိုလ်က ...

"ငါ့တူနဲ့ တူမကြီးတို့ကို အဘ အများကြီးကျေးဇူးတင်ပါတယ်၊ ဒီဒါနမြဲ တဲ့အတွက်လည်း သာဓုခေါ်ပါတယ်၊ ကျန်းမာချမ်းသာပြီး သတ္တဝါအပေါင်းတို့ ကယ်တင်နိုင်တဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တွေ ဖြစ်နိုင်ကြပါစေကွယ်"

ဆုတောင်းပေးနေသည်၊ ဦးကြည်က အဘအတွက် ရေနွေးကြမ်းငှဲ့ပေးရင်း - "အဘက ဒီမြို့ကပဲလား" ဟု စပ်စုသည်၊

"အဘက ဒီကျိုက်ထိုမြို့ကတော့ မဟုတ်ဘူးကွယ့်၊ အင်မတန်ဝေးလံတဲ့ တစ်နေရာက ဆိုပါစို့၊ ဒီမှာ ဓာတ်ကျလို့လာတာ၊ အဘက ဂန္ဓာရီလှည့်တာ လေ"

"ဩော် - ဩော် - မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေက ဒီလိုပဲလှည့်လည်ကြရတာ ပဲနော်"

"အေးပေါ့ကွယ် - ဒီက ငါ့တူကြီးနဲ့ တူမကြီးတို့ရဲ့နာမည် အဘ မသိရဘူး လား"

"ကျွန်တော့်နာမည်က ဦးကြည်ပါ၊ ကျွန်တော့်အမျိုးသမီးရဲ့ နာမည်က ဒေါ်ကြူးရင်ပါ - အဘ"

"ငါ့တူက ဦးကြည်ဆိုတော့ တနင်္လာပေါ့"

"မဟုတ်ဘူး ခင်ဗျာ၊ နာမည်ကသာ တနင်္လာ၊ မွေးတာက အင်္ဂါပါ၊ ကျွန်တော့်ဇနီးကမှ တနင်္လာပါ"



"ဩော် - ဩော် - နေ့နာမ်နဲ့ မမှည့်ဘဲကိုး၊ အင်း - စကားလက်စနဲ့ ပြောရရင်တော့ အဘက သတ္တဝါတွေ ကယ်တင်ဖို့ ရှိတယ်၊ ငါ့တူတို့မှာ အခက်အခဲ ရှိရင် အဘကို ပြောပါ၊ အဘ - ကူညီမယ်"

"ကျေးဇူးပါပဲ၊ ကျွန်တော်တို့မှာတော့ ဘာမှမရှိပါဘူး၊ ဒါပေမဲ့ - ကျွန်တော့် သူငယ်ချင်းမှာတော့ အခက်အခဲရှိနေပါတယ်၊ အဘ - ကူညီနိုင်မယ်ဆိုရင် ကူညီပေးပါ"

စကားအဆုံး၌ အဘက ခေါင်းတညိတ်ညိတ်လေ၏၊

ဦးထွန်းရှိန်က သူ့နှမလေး ဒီလိုဖြစ်ခဲ့ရသည်ကို ဆရာကြီး အဘဆိုသူအား အကြောင်းစုံ ပြောပြနေသည်၊ အဘသည်လည်း ဦးထွန်းရှိန် ပြောနေသမျှကို နားစိုက်ထောင်ရင်း ခေါင်းတညိတ်ညိတ် လုပ်၍နေလေသည်၊

"ဆရာကြီးရယ် - ကျွန်တော့်နှမက ကျွန်တော့်ထက် ဆယ်နှစ်လောက်ငယ်ပါတယ်၊ သူက အထွေးဆုံးပါ၊ ကြားမှာတော့ မောင်နှမငါးယောက်ပေါ့၊ တစ်ယောက်မှ အဖတ်မတင်ပါဘူး၊ သူ တစ်ယောက်ပဲ၊ ဒါကြောင့် - သူ့ကို နှမလေးလို၊ သမီးလေးလိုကျွန်တော်တို့က ချစ်နေတာပါ၊ အမေ၊ အဖေရှိတုန်းကလည်း ထွန်းရှိန် - ဒီကလေးကို ဂရုစိုက်ကြနော်လို့ တရစပ်မှာသွားကြတာပါ၊ ကျွန်တော်တို့ကလည်း အမြဲဂရုစိုက်ကြည့်ရှုခဲ့ပါတယ်"

"ဖြစ်ချင်တော့ - တစ်ညမှာ ကျွန်တော်လည်း သထုံကအပြန်မှာ တော်တော်ခရီးပန်းလာတယ်၊ ကျွန်တော့်ဇနီး ထွေးမြကလည်း တစ်နေကုန် ဈေးရောင်းရတော့ မောမောနဲ့ အိပ်ပျော်သွားကြတယ်၊ ကျွန်တော့်ညီမ ခင်သန္တာ တစ်ရေးနိုးတော့ အပေါ့အပါးသွားချင်လာတယ်တဲ့၊ ကျွန်တော်တို့အိမ်သာကလည်း အိမ်ရဲ့ခြံထောင့်မှာရှိတာ၊ အိမ်နဲ့ဆို အတော်ဝေးပါတယ်၊ သူက တစ်ယောက်တည်းဆိုတော့ ထမသွားရဲဘူး၊ သူ့အမေ ထွေးမြကို နှိုးတယ်၊ နိုးမရဘူးတဲ့၊ ဒါနဲ့ - ဒါနဲ့ - အပြင်ထွက်ပြီး တစ်ယောက်တည်း သွားတယ်တဲ့ ဆရာကြီး"

"ဒါပေမဲ့ - အိမ်သာအထိ မသွားရဲဘူး၊ မှောင်ကလည်း မှောင်နေတော့ကို၊ အဲဒါကြောင့် - အိမ်နောက်ဖေးက တောင်ပို့နားမှာပဲ ထိုင်အပေါ့သွားမိတာတဲ့၊



www.burmeseclassic.com

www.burmeseclassic.com

အပေါ်သွားတုန်းမှာပဲ သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ တဖြန်းဖြန်း ထလာတော့ကြောက်ကြောက်နဲ့အိမ်ထဲကမန်းကတန်း ထပြေးလာပါတယ်။ အိမ်ရာထဲ ဝင်ပြီးလှဲအိပ်တယ်ဆိုရင်ပဲ ချက်ချင်းအိပ်ပျော်သွားတယ်တဲ့။ အဲဒီမှာပဲ အိပ်မက်လိုလို၊ တကယ်လိုလို သူ တွေ့ရတယ်လို့ ပြောပါတယ်။ တစ်ကိုယ်လုံး မည်းမည်းမှောင်နေတဲ့နွားကြီးတစ်ကောင်က သူ့ကို အထပ်ထပ် တိုက်၊ အတင်းခွေ့တာတဲ့။ သူလည်း ကြောက်အားလန့်အားနဲ့ပြေးရင်း ဆော် တာပါတဲ့ – ဆရာကြီး"

ဟု ပြောပြလိုက်ပါသည်။ အဘသည် ဦးထွန်းရှိန်၏ပြောပြချက်များကို အလေးအနက် နားထောင်နေသည်။ ပြီးမှမေးသည်။

"နေပါဦး – အဲ့သလို နွားနက်ကြီး လိုက်တယ်ဆိုတာကို ငါ့တူတို့ ဘယ် လိုလုပ်သိနေတာလဲ"

"ဒီလိုပါ – ဆရာကြီး။ သူ လန့်အော်တော့ ကျွန်တော်တို့ နိုးလာပါတယ်။ သူ့အခန်းထဲဝင်ပြီး ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလည်းလို့မေးတော့ မောနေ သေးတယ်။ ဒါနဲ့ – ရေတွေ၊ ဘာတွေတိုက်ပြီး အမောပြေလောက်မှ ပြော တာပါ။ အဲဒီနောက်ပိုင်း တဖြည်းဖြည်း စိတ်ကြောင်သလိုလို၊ စိတ်မနံ့သလို လိုဖြစ်ပြီး ငိုင်ချင်ရာငိုင်၊ တွေးချင်ရာတွေး၊ ပြောချင်ရာပြောနဲ့ ဖြစ်လာတော့ တယ်။ ကျွန်တော်တို့လည်း သမားတော်အမျိုးမျိုးနဲ့ ပြသကုပါတယ်။ ခုဆို နှစ်လ၊ သုံးလလောက်တောင် ရှိပါပြီ၊ ရောဂါက မသက်သာဘူး – ဆရာကြီး။ ဆရာကြီး အစနေနဲ့ ကယ်နိုင်ရင် ကယ်ပေးပါ။ ဆေးဖိုးဝါးခလည်းအားမနာပါနဲ့ ကျွန်တော့်ညီမလေး ကောင်းသွားရင် ကျွန်တော်တို့ စိတ်ချမ်းသာပါပြီ"

ဟု ခယယယ တောင်းပန်နေရှာသည်။ အဘသည် ဘာမျှမပြောသေးဘဲ ငြိမ်သက်နေသည်။ ဦးထွန်းရှိန်၏မျက်နှာကို စပ်စိုက်စိုက်ကလေး ကြည့်နေ ပြီးမှ –

"အဘက ငွေကြေးနဲ့ကုတာတော့ မဟုတ်ပါဘူး။ မေတ္တာနဲ့သဒ္ဓါတရား ကို ကယ်တင်နေတာပါ။ တစ်ခုတော့ရှိတာ – ဝဋ်နာ၊ ကံနာဆိုတာမျိုးတော့ တတ်နိုင်ချင်မှ တတ်နိုင်ပေမပေါ့။ အင်း – ပယောဂဆိုရင်တော့ အဘကြိုးစား ကုရင် ရနိုင်ပါလိမ့်မယ်ကွယ့်။ ဒါထက် – အဲဒီတောင်ပို့ဆိုတာကော ရှိနေတုန်းပဲလား"

ဟု ပြောမေးမေးသည်။ ဦးထွန်းရှိန်က ချက်ချင်းခေါင်းခါရင်း – "မရှိတော့ ပါဘူး၊ ကျွန်တော် စိတ်တိုတိုနဲ့ ဖြိုလိုက်မိတယ်" ဟု ပြောသည်။ အဘက ရက်မောက်ကြုတ်ကာ ဆို၏။

"မင်းက ကံဇာတာကောင်းတာကိုး။ ကဲ – ဒါတွေထားလိုက်ပါတော့။ အဘ ခိုင်းတဲ့အတိုင်း မင်းတို့ လုပ်ပေးရလိမ့်မယ်၊ လုပ်နိုင်ပါ့မလား"

ဦးထွန်းရှိန်ကလည်း ချက်ချင်းဖြေသည်။

"ပြောသာပြောပါ။ ကုန်ချင်သလောက်ကုန်ပါစေ၊ ကျွန်တော့်နှမကလေး ပြန်ကောင်းလာရင် တော်ပါပြီ"

အားတက်သရော ပြောလိုက်ရင်းဘဲ အဘက ပြုံး၍ဆိုသည်။

"ကုန်ကျစရိတ် သိပ်မရှိဘူးကွယ်။ ပွဲငါးပွဲ ထိုးရမယ်။ သာသနာတစ်ပွဲ ထိုးမယ်၊ ပြီးတော့ – ဗယောင်းတိုင်၊ အမွှေးတိုင်နဲ့ ဒါပဲကုန်မယ် – ဟုတ်ပြီ လား"

ဦးထွန်းရှိန်တို့သည် အဘပြောသည့်အတိုင်း ပွဲများကို ပြင်ဆင်ပေးကြ သည်။ ကျိုက်ထိုမြို့ဈေးကြီးအတွင်းမှ ကောင်းပေ့၊ လှပေ့ဆိုသည့် ငှက်ပျော အုန်းတို့ကို ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ဘုရားကျောင်းဆောင်ရှေ့တွင် ထိုပွဲများ ကို လှပစွာပြင်ထားသည်။ ဖယောင်းတိုင်များကိုလည်း အညီအမျှ ထွန်းထား သည်၊ သောက်တော်ရေချမ်းများကိုလည်း တင်ထားသည်။

ထို့နောက် အဘသည် ဘုရားကျောင်းဆောင်ရှေ့၌ ဆောင့်ကြောင့် ထိုင်ကာ ဘုရားရှိခိုးသည်။ ဘုရားရှိခိုးပြီးနောက် ဂါထာမန္တန်များကို တစ်နာရီ ကျော်တွင် ရွက်သည်။ ပြီးလျှင် – အဘသည် သစ္စာအဓိဋ္ဌာန်ဆိုပြီးနောက် အဘအား စောင့်ရှောက်သော ပုဂ္ဂိုလ်အသီးသီးအား တိုင်တည်သည်၊ ခွင့် တောင်းသည်၊ ပြီးလျှင် – ကုန်းနေ၊ ရေနေ၊ လေနေသတ္တဝါအပေါင်းအား အမျှ ပေးဝေသည်။

ကိစ္စအားလုံးပြီးလျှင်အဘသည် ဝေဒနာရှင်ခင်သန္တာအားအိပ်ခန်းထဲမှ ခေါ်ထုတ်လာစေရန် မိန့်ကြားသည်။ ဦးထွန်းရှိန်နှင့် ဖနီး ဒေါ်တွေးမြတို့သည် ခင်သန္တာအား တွဲ၍ခေါ်ထုတ်လာသည်။





www.burmeseclassic.com

www.burmeseclassic.com

ခင်သန္တာသည် စိတ်မနှံ့သော်လည်း ရိုင်းလည်း မရိုင်း၊ ကြမ်းလည်း မကြမ်းသဖြင့် ခေါ်လာရလွယ်သည်၊ အဘရှေ့မှောက်တွင် ထိုင်နိုင်းသည်။ ဘုရားကို ဝတ်ပြုစေသည်၊

ထို့နောက်အဘသည်ရေချမ်းခွက်တစ်ခွက်ကိုယူ၍လက်ဝါးရှောင်ခြင်း ရေခွက်ထဲသို့လက်နှိုက်သည်၊ ထို့နောက် လူနာ၏ထိပ်တည့်တည့်မှ တောက် လျှက် အမိန့်ပြန်သလို ဩဇာသံဖြင့် သက်ဆိုင်ရာပုဂ္ဂိုလ်အား မေတ္တာရပ်ခံ လိုက်သည်၊ ထိုကလေးအား ခြောက်လှန့်ခြင်း၊ ထိတ်လန့်အောင်လုပ်ခြင်း များမှ ခွင့်လွှတ်ပါစေရန် မေတ္တာရပ်ခံသည်၊

အဘသည် နှုတ်မှ ပြောဆိုရွတ်ဖတ်လိုက်၊ ရေစက်များ ဖွားခနဲ ဖွားခနဲ နေအောင် တောက်ခါလိုက်လုပ်လေသည်၊ ငါးမိနစ်၊ ဆယ်မိနစ်ခန့်အကြာ တွင် လွန်စွာအံ့ဩဖွယ် ကောင်းလှသောအဖြစ်နှင့် ကြုံရလေသည်၊

ခင်သန္တာသည်ဘာမပြော၊ညာမပြောဘဲ သည်းထန်စွာ ငိုရှိုက်နေသည်။ အတန်ကြာအောင် ငိုနေပြီးမှ နေရာတွင် ဘုန်းခနဲ လဲကျအိပ်စက်သွားတော့ သည်၊

ခင်သန္တာသည် ဒီရက်ပိုင်းအတွင်းမှာ ထူးခြားစွာ အခြေအနေကောင်း လာသည်၊ အစားမှန်၊ အအိပ်မှန်လာသည်မက စကားကိုပင် ကောင်းကောင်း မှန်မှန် ပြောဆိုလာတော့၏၊

အဘ၏ကျေးဇူးကြောင့် ယခုကဲ့သို့ကောင်းမွန်လာသည်ဟု အားလုံးက ယုံကြည်လေးစားနေကြသည်၊ ထို့ကြောင့် အဘအား အိမ်ဦးခန်း၌ထားကာ လိုလေသေးမရှိပြုစုကြပါသည်၊ သို့သော် အဘသည် မည်မျှပင် ဂရုစိုက်ပြုစု ပေမယ့် အဘက မနေနိုင်၊

"အင်း – မင်းတို့ကလည်း အဘအပေါ်မှာ တာဝန်ကျေကြပါရဲ့ကွယ်။ ဒါပေမဲ့ – အဘကကြာကြာမနေနိုင်ဘူးလေ၊ အဘ သွားရလိမ့်မယ်၊ အထက် က တာဝန်ပေးနေပြန်ပြီ၊ ပြီးတော့ – သမီးလေးလည်း ခုဆို ကောင်းနေပြီပဲ"

"အို – အဘရယ် – နေနိုင်မယ်ဆိုနေပါဦး၊ ကျွန်တော်တို့ကျေးဇူးဆပ်ချင် သေးလို့ပါ"



■■■ မောင်ကြည်ရေ–ဒီနေရာကို တူးပေတော့။
ဒါပေမဲ့–တအားပေါက်ဖို့ မဟုတ်ဘူးနော်။
ခပ်ဖြည်းဖြည်းနဲ့ နက်အောင်တူးဆွရမှာ။
ကဲ–လုပ်ပေတော့ ■■■



ဦးထွန်းရှိန်ကား ကောင်းပန်သည်၊ အားလုံးက တားကြသော်လည်း အဘ က ခေါင်းခါသည်၊ မသွားလို့မဖြစ်တော့ကြောင်း ပြောသည်၊ နောက်ဆုံး၌ တားမရတော့ကြောင်း သိသဖြင့် နောက်ဆုံးအနေဖြင့် တစ်ညလောက် နေပေးပါရန် မေတ္တာရပ်ခံလိုက်ရတော့သည်၊

"ဒီလောက်တောင်းပန်နေမှတော့ အဘက လိုက်လျောရတော့မှာပေါ့ ကွယ်၊ ကဲ – ကဲ – ဒီတစ်ညပဲနော်"

"ကျေးဇူးတင်လိုက်တာ – အဘရယ်"

"ဒါထက် – မောင်ကြည်လည်း ရောက်နေတယ်ဆိုတော့ – အဘ – မင်း တို့ကို ပြောရဦးမယ်၊ အဘ – ဒီရောက်တဲ့နေ့ကစပြီး သမီးလေးကြုံခဲ့ရတဲ့ တောင်ပို့နေရာကိုတောင် မတွေ့ရသေးဘူး၊ အဘ – အဲဒီနေရာကို ရှင်းလင်း ပေးခဲ့ချင်သေးတယ်"

ဦးထွန်းရှိန်က ဝမ်းသာအားရပင် ...



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - ကောင်းတာပေါ့ - အဘရယ်၊ အဲဒီနေရာ ရှင်းရှင်းလင်းလင်းဖြစ်သွားရင် ပိုကောင်းပါတယ်၊ လာ - လာ - အဘ၊ ကျွန်တော် လိုက်ပို့ပေးမယ်။ ကိုကြည် - ခင်ဗျားလည်း လိုက်ခဲ့ဗျာ"

ဟူ၍ ဦးကြည်ကိုပါ အပါခေါ်လိုက်သည်။ အိမ်ရှေ့ခေါင်းရင်းမှပတ်ကာ ခြံနောက်သို့ ထွက်လာခဲ့တော့သည်၊ တောင်ဘို့ဟုထင်ရသော မြေတွတ်လပ်ကလေးအနီးသို့ ရောက်လျှင် ဦးထွန်းရှိန်က လက်ညှိုးညွှန်လျက် ...

"ဒီနေရာပဲ - အဘ၊ တောင်ပို့ကို ကျွန်တော်ဖြိုပြီး မြေစိုင်ခဲတွေကိုတော့ ဟောဟိုခြံထောင့်က ဝါးပင်အောက်ကို သွားပစ်လိုက်တာပါ"

ဟု ရှင်းပြသည်၊ အဘက ဘာမှမပြော၊ ပေါက်ပြားများဖြင့် ပေါက်၍ရှင်းထားသော မြေကွက်ကို စိုက်ကြည့်နေသည်၊ နှုတ်မှလည်း တတွတ်တွတ်ရွတ်နေသည်၊ အတန်ကြာလျှင် ...

"မောင်ကြည်က နာမည်ကသာ တနင်္လာနာမ်ကွယ်၊ နေ့နာမ်အစစ်က အင်္ဂါဖြစ်တယ်၊ အဲ့ဒါကြောင့် - မောင်ကြည်ရေ - ပေါက်ပြား သွားရှာကွယ်"

ဟု ဆိုင်းမဆင့် ဗုံမဆင့် ဆိုလိုက်သည်၊ ဦးကြည်မှာ ခပ်ကြောင်ကြောင်နှင့်ပင် ဦးထွန်းရှိန်အား ပေါက်ပြားထားသည့်နေရာကို မေးစမ်း၍ သွားယူခဲ့လေသည်၊

အဘက တောင်ပို့ကွက်လပ်ကို လက်ညှိုးညွှန်ကာ ...

"မောင်ကြည်ရေ - ဒီနေရာကို တူးပေတော့၊ ဒါပေမဲ့ - တအားပေါက်ရို့မဟုတ်ဘူးနော်၊ ခပ်ဖြည်းဖြည်းနဲ့ နက်အောင်တူးဆွရမှာ၊ ကဲ - လုပ်ပေတော့"

ဟု စနစ်ကျအောင် သင်ပြပြောဆိုလေသည်၊ ဦးကြည်သည် အဘပြောသည့်အတိုင်း မြေကို ပေါက်ပြားဖြင့် သာသာယာယာစုတ်၍ တူးလေသည်။ ကျင်းအတော်နက်လာသောအခါ၌ တရက်ရက်နှင့် အသံမြည်လာသည်၊

ထို့ကြောင့် ပေါက်ပြားအသွားနှင့် မထိမိ့ လိုက်၍တူးဖော်လိုက်ရာ အင်မတန်ထူးသည့် ကြွေအိုးကလေးတစ်လုံး ထွက်လာလေသည်၊

အဘလက်သို့ လှမ်းပေးလိုက်သည်၊ တရှုတ်ပန်းအိုးနှင့် ခပ်ဆင်ဆင်တူသော အိုးကလေးကို အဘက ဖွင့်လိုက်၏၊ ထို့နောက် အထဲမှအရာများကို ခေါ်ထုတ်သည်၊ ရွှေဒင်္ဂါးလေးဆယ့်ငါးပြား ထွက်ကျလာသည်၊ အဘက ခေါင်းညိတ်နေရာမှ ပြောသည်၊

"မောင်ကြည်ရေ - ဒါနဲ့ မပြီးသေးဘူးကွယ့် - ဆက်တူးပေဦး"

ဦးကြည်လည်း ဆက်၍တူးသည်၊ အတော်ကြာသောအခါ၌ မယုံနိုင်စရာကောင်းလှသည့်ကျောက်နွားရုပ်ကလေးတစ်ခု ထပ်မံရလိုက်ပြန်သည်၊ အရောင်အဆင်းမှာ ပကတိနက်မှောင်ပြီး မဟူရာကဲ့သို့ တောက်ပနေသည်၊

အဘက ကျောက်နွားကိုကြည့်ရင်း ပြုံးနေ၏၊

"အင်း - ခုမှပဲ - ရှင်းလင်းသွားတော့တယ်၊ ဒီကျောက်နွားသိုးကြောင့် သမီးကလေး အထိတ်တလန့်ဖြစ်နေရတာကိုး၊ ကဲ - ကဲ - ဒါတွေ - အဘပဲ သိမ်းသွားပါ့မယ်၊ ဒါမှ - မင်းတို့ တစ်အိမ်သားလုံး အန္တရာယ်ကင်းကြမှာ"

အဘသည် နောက်တစ်နေ့ နံနက်စောစောတွင် ထွက်ခွာသွားတော့သည်၊ ကျောက်နွားသိုးနှင့်ရွှေဒင်္ဂါးအနည်းကိုယူဆောင်၍မထွက်သွားခင်က ဦးကြည်အား ရွှေဒင်္ဂါးဆယ့်ငါးပြားပေးရင်း ...

"မောင်ကြည် - မင်းတို့က အင်မတန်ဆင်းရဲသကွယ်၊ ပင်ပင်ပန်းပန်း လုပ်ကိုင်ကြရသကိုး၊ ကဲ - ဒီရွှေဒင်္ဂါးဆယ်ပြားတော့ ယူထား၊ လိုတာ သုံးပေတော့"

ဟု လှမ်းပေးရင်း ပြောကြားလေသည်၊ အဘ ပေးခဲ့သည့် ရွှေဒင်္ဂါးပြားတလေးများကို လက်ဝယ်ဆောင်ထားသည်၊ ထိုနေ့ ထိုရက်မှစ၍ ဦးကြည်၊ ဒေါ်ကြူးရင်တို့၏အကြော်ဆိုင်ကလေးမှာ ကျော်ကြားလာတော့သည်၊ ရောင်းရသည်မှာလည်း လက်မလည်အောင် ဖြစ်လာတော့သည်၊ တစ်စတစ်စ ကိုယ့်အိုးကိုယ့်အိမ်နှင့် အိမ်ပိုင်ဖြစ်ခဲ့ရပေတော့သည်၊

သို့ရာတွင် အဘနှင့် ကျောက်နွားသိုးတို့ကား တစ်ကြိမ်တစ်ခါမျှပင် ပြန်လည်၍မရောက်လာကြတော့ပေ၊ ဘယ်ရပ်၊ ဘယ်ဌာနေသို့ရောက်နေပြီကိုကား မည်သူမျှ မသိနိုင်တော့ပါတကား၊

>>>>> **ဖောင်ဖောင်ကြီး (ရှိုင်နယ်ကြီး)**



www.burmeseclassic.com

www.burmeseclassic.com




# တိုင်းတစ်ပါးမှာလည်း အပမှီတာပါပဲ

**ရှင်ရဲကျွန်**

၂၀၀၁ - ခုနှစ် ဒီဇင်ဘာလ (၇) ရက်နေ့၊ မလေးရှားနိုင်ငံ ဒုတိယ ကျွန်းဆွယ်စု Saterpas (ဆာတာပတ်) တောတွင်းသစ်ထုတ်လုပ်ရေးနေရာ တစ်ခုမှာ ဖြစ်ပါတယ်။ ထိုသစ်ထုတ်လုပ်ရေးသည် နက်ရှိုင်းလှသော တောတွင်းမှာဖြစ်ပြီး မြို့နှင့်လည်း ဝေးလံလှတယ်။ မလေးရှားနိုင်ငံရဲ့ အတိုးတက်ဆုံး စနစ်ဖြစ်တဲ့ ဆက်သွယ်ရေးကွန်ယက်တောင်မှ ဒီတောထဲကို မရောက်နိုင်ပါဘူး။ အမေဖုံတောတွင်းလို နက်ရှိုင်းလှပါတယ်၊ တောနက်လှသည်နှင့်အမျှ တောရိုင်းတိရစ္ဆာန်နဲ့ သက်တမ်းရင့် အပင်ကြီးများလည်း ပေါများပါတယ်။

အဲဒီတုန်းက ကျွန်တော် မလေးရှားနိုင်ငံကို ရောက်တာဟာ ငါးနှစ်ကျော်လွန်လို့ခြောက်နှစ်ထဲကို ရောက်နေပါပြီ။ မလေးရှားဘာသာစကားကို သူတို့ လူမျိုးတွေလို ပြောတတ်နေပါပြီ၊ သူတို့ သတင်းစာကိုတောင် ကျွန်တော် ဖတ်နိုင်နေပါပြီ၊ အခုအဖြစ်အပျက်က ကျွန်တော် အသက် (၂၄) နှစ်လောက်မှာ ဖြစ်ခဲ့တာပါ၊ တောထဲမှာပါ ကျွန်တော့်ဘဝရဲ့ တစ်သက်တာမှာ ကြောက်ရွံ့ထိတ်လန့်မှုနဲ့ အံ့ဩစရာအကောင်းဆုံးဖြစ်ခဲ့တယ်ဆိုရင် မှားပါဘူး။ အဲဒီ အဖြစ်အပျက်မှာ ကိုယ်ကိုယ်တိုင်ပါဝင်ခဲ့ရတယ်၊ ကျွန်တော်တို့ရဲ့

www.burmeseclassic.com

သစ်ထုတ်ရေးလုပ်ငန်းကိုရောက်လာခါစတုန်းက ပင်ပန်းဆင်းရဲလှပါတယ်။ ရာသီဥတုအပူအအေးပြင်းထန်ပြီး ငှက်ဖျားပေါလှပါတယ်။ အသေအပျောက်ရှိတယ်။

သစ်ထုတ်လုပ်ရေးဟာ ရာသီဥတုကိုလိုက်ပြီး ဆောင်းရာသီနဲ့ နွေရာသီမှာသာ လုပ်ကိုင်နိုင်တယ်။ မိုးရာသီမှာတော့ လုပ်ငန်းရပ်နားထားရပါတယ်။ သစ်ထုတ်လုပ်ရေးလုပ်ငန်းဖြစ်တာကြောင့် ပတ်ဝန်းကျင်မှာ သစ်စက်လွှခွဲသံ၊ စက်နဲ့ အချောကိုင်တဲ့အသံ၊ သစ်ပင်ဖြတ်တဲ့ ချိန်းဆောအသံတွေနဲ့ လွှမ်းခြုံထားပါတယ်။ ကျွန်တော်တို့အတွက် လစာကို လကုန်တိုင်း တိကျစွာရပါတယ်။ တစ်လစာရိက္ခာကိုလည်း ပြည့်စုံစွာပေးထားပါတယ်။ အဓိကဖြစ်တဲ့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ပဲ၊ ငါးသေတ္တာဘူး၊ အမဲသားဘူး၊ ကြက်သားဘူး၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ငါးပိ၊ ငါးခြောက်၊ အရက်၊ အားဖြည့်အချိုရည်ဘူးတို့ကို ပြည့်စုံစွာနဲ့ လူတစ်ယောက် တစ်လစာ တွက်ချက်ပေးတယ်။ ပိုပြီးလိုအပ်တယ်ဆိုရင်တော့ ပိုက်ဆံပေးပြီး ထပ်ဝယ်လို့ရတယ်။ အခု သစ်ထုတ်လုပ်ရေးမှာတော့ မြန်မာနိုင်ငံကဆိုလို့ ငါးယောက်သာ ရှိပါတယ်။ ကျွန်တော်၊ ဗမာတစ်ယောက်နဲ့ ကရင်လေးယောက်တို့ဖြစ်တယ်။

အဲဒီ ကရင်လေးယောက်စလုံးဟာ ဗမာစကားကောင်းစွာ ပြောတတ်ပြီး ကျွန်တော်နဲ့ ညီရင်းအစ်ကိုတမျှ ချစ်ခင်လှတယ်။ ကျွန်တော်တို့ ငါးယောက်ဟာ စည်းလုံးညီညွတ်စွာ နေထိုင်ကြပါတယ်။ လုပ်ငန်းလိုအပ်ချက်အရ အခြားနိုင်ငံသား၊ အလုပ်သမားတွေလည်း ရှိတယ်။ မြို့ပေါ်မှာ လုပ်သလိုမျိုးတော့ အလုပ်သမားမစုံလင်လှဘူး။ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်နဲ့ မြန်မာတို့ပဲ ရှိပါတယ်။ လစာကောင်းပေမယ့် သွားလာရေးခက်ခဲပြီး ကြမ်းတမ်းလှတဲ့အလုပ်ခွင်ကြောင့် လုပ်ကိုင်သူ ရှားပါးပါတယ်။

တစ်ခါတလေမှာတော့ ကျွန်တော်တို့တစ်တွေ ရိက္ခာပြတ်သွားတတ်ပါတယ်။ ရိက္ခာပြတ်တယ်ဆိုတာ စားစရာလုံးဝမရှိတော့တာ မဟုတ်ပါဘူး။ အဓိကဖြစ်တဲ့ ဆန်၊ ဆီ၊ ဆားက ရှိပါတယ်။ ကျန်တဲ့ ဟင်းစားကို ပြောတာပါ။ ဟင်းစားမရှိပေမဲ့ ကျွန်တော်တို့အတွက်တော့ မခက်ခဲလှပါဘူး။ တောနက်လှတာနဲ့အမျှ တောကောင်ကလည်း ပေါများလှပါတယ်။ အပေါဆုံးကတော့



တောဝက်နဲ့ မျောက်ပါပဲ။ ကျွန်တော်တို့မြန်မာ၊ ဗီယက်နမ်နဲ့ ထိုင်းတို့ကတော့ ဝက်ဆိုရင် အကြိုက်ဆုံးပါပဲ။ တောဝက်သားက မြို့ဝက်သားလို အဆီမများပါဘူး။ အခေါက်နဲ့ အသားကြားမှာ အဆီပြင်ပါးပါးကလေးပဲ ပါပါတယ်။ တောဝက်အချိန်လေးဆယ်လောက် တစ်ကောင်ရရင် ကျွန်တော်တို့ ဝက်သားစားတဲ့အဖွဲ့တွေအားလုံး လောက်ငပါတယ်။ တောဝက်ကလီစာတွေချက်ပြီး ချဉ်ချဉ်စပ်စပ် သုပ်စားရတာဟာ ထမင်းမြိန်စေတယ်။

တောဝက်သား လတ် လတ်ဆတ်ဆတ်ကို မီးဖိုအကြီးကြီးလုပ်ပြီး တင်စားရတာဟာလည်း မမေ့ နိုင်စရာပါ။ ကျွန်တော်တို့စခန်းမှာ သစ်ပင်ကြီးတစ်ပင်ကို အလျားလိုက် အလယ်ကခွဲပြီး ထမင်းစား၊ စားပွဲရှည်ကြီး လုပ်ထားတယ်။ လုံးပတ်လူနှစ်ယောက်ဖက်စာလောက်ပါ။ အရှည်ကတော့ ပေ (၃၀) ကျော် ပါတယ်။ ပတ်ပတ်လည်မှာတော့ ခုံရှည်တွေ ဝိုက်ထားပေးပါတယ်။ ကျွန်တော်တို့တွေ အတွက်ကတော့ တောထဲက အကောင်မျိုးစုံဟာ စားစရာတွေချည်းပဲ။ အဲဒီ အတွက် စခန်းမှာ ရိက္ခာပြတ်လည်း ကျွန်တော်တို့က အဆင်ပြေပါတယ်။

အဆင်မပြေတာက မလေးရှားနဲ့ အင်ဒိုနီးရှားနိုင်ငံသားတွေပါ။ သူတို့တွေဟာ ဘာသာခြားတွေဖြစ်တဲ့အတွက် ပေါက်ကရလျှောက်စားလို့ မရပါဘူး။ အရက်လည်း သောက်ခွင့်မရကြပါဘူး။ တင်းကြပ်ထားတဲ့ ဘာသာရေးစည်းကမ်းကြောင့်ပါ။ စားသောက်တဲ့အခါမှာလည်း လည်လှီးသားကိုသာ စားကြရပါတယ်။ ဘာသာရေး စည်းကမ်းအရ တင်းကြပ်ထားပေမယ့် အရာရာမှာ စုန်းပြူးဆိုတာရှိစမြဲပါ။ အင်ဒိုနီးရှားနိုင်ငံ သားတစ်ယောက်ပါ၊ သူ့ကို ယူစွတ်လို့ ခေါ်ပါတယ်၊ သူဟာ အင်မတန်မှ အကောင်းကြိုက်လှတယ်၊

မလေးရှားနိုင်ငံရဲ့ဥပုသ်လတွေမှာတောင် ထမင်းနိုးစားတတ်ပါတယ်။ Hair raya ဟာရီရာယာလို့ခေါ်တဲ့ ဥပုသ်လ တွေမှာ အစ္စလာမ်ဘာသာဝင်တွေဟာ နံနက် (၆း၀၀) နာရီကစပြီး ည (၆း၀၀) နာရီအထိ ဘာမှ စားသောက်လို့မရပါဘူး၊ ရေလည်းမသောက်ရပါဘူး၊ တံတွေးတောင် မျိုမချရပါဘူး။ ည (၆း၀၀) နာရီကျော်မှ စားသောက်ကြရပါတယ်။ ကျွန်တော့်လက်က နာရီကို ကြည့်လိုက်တယ်။ ညနေ လေးနာရီ ထိုးပြီးသွားပါပြီ၊ လေးနာရီထိုးပြီဖြစ်တဲ့ အတွက် စခန်းထဲမှာရှိတဲ့ Generator (ဂျင်နရေတာ) ကြီးကို နှိုးလိုက်တဲ့အသံ

www.burmeseclassic.com

ကြားလိုက်ရပါတယ်၊ ခဏအကြာ မှာတော့ စခန်းတစ်ခုလုံး လင်းထိန်လာတယ်။

ထမင်းကတော့ မနက်ကတည်းက ချက်ထားပြီးတဲ့အတွက် ဟင်းချက်ဖို့အတွက် ပြင်ဆင်ရပါဦးမယ်။ ဟင်းချက်ဖို့အတွက်ကတော့ မခဲယဉ်းလှပါဘူး။ တောကြောင်သားပါ၊ တောကြောင်တစ်ကောင်ဟာ မသေးလှပါဘူး။ ငါးပိဿာလောက်ရှိတယ်၊ တောထဲတောင်ထဲမှာ လွတ်လပ်စွာကြီးပြင်းရတဲ့အတွက်ပါ၊ ကျွန်တော်က တောကြောင်အကောင်အတိုင်း မီးမြှိုက်လိုက်ပါတယ်၊ ခဏကြာတော့ မီးကျွမ်းသွားတဲ့ ကြောင်မွေးတွေကို ဓားနဲ့လိုက်ခြစ်ပါတယ်။ ပြီးတော့မှ ဟင်းအတွက် ကြောင်ကိုဖျက်ပါတယ်။ ကြောင်သားကို အတုံးသေးတွေ မတုံးဘဲ ကြီးကြီးတုံးတယ်၊ နောက်ပြီး မဆလာနဲ့ ရှောက်ရွက်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ချင်း၊ နနွင်းတို့ကိုပါ ရောနယ်ပြီး မီးအေးအေးမှာ နှပ်ပြီး ချက်ထားလိုက်တယ်။ လေးနာရီခွဲပြီဖြစ်တဲ့အတွက် စခန်းသေးမှာရှိတဲ့ ချောင်းမှာရေချိုးဖို့ ထွက်လာခဲ့ပါတော့တယ်။ ချောင်းရေက အေးစိမ့်နေပါတယ်။ ကျွန်တော်တို့စခန်းရဲ့ ရေပေးဝေမှုစနစ်ကို ဒီချောင်းရေကပဲ ရယူထားပါတယ်၊ ချောင်းရေကို စက်တွေနဲ့ စုပ်ယူပြီး ဂါလံ (၅၀၀၀) လောက်ဆံ့တဲ့ တန်ကြီးနှစ်ခုမှာ အနယ်ထိုင်တယ်၊ နောက်ပြီး ကလိုရင်းခတ်ကာ ရေပေးဝေပါတယ်။ စခန်းပြန်ရောက်တော့ ငါးနာရီ ထိုးပါပြီ၊ ကရင်ကြီးတစ်ဦး ဖြစ်တဲ့ ဦးစောအာတီက …

"ရဲခေါင် – ငါ့မင်းကိုပေးတာ ကြောင်သားပါ။ ဘာလို့ဝက်သားချက်ထားတာတုံး"

"ဦးစော – ကျွန်တော်က ကြောင်ကို စတိုင်အသစ်နဲ့ မလိုင်ဖြစ်အောင် ချက်ထားတာဗျ"

နောက် ကရင်တစ်ယောက်ဖြစ်သော စောချမ်းထွေးက –

"ရဲခေါင် – မင်း ကြောင်ကို အခေါက်နဲ့ရအောင် ဘယ်လိုချက်သလဲကွ"

"လွယ်ပါတယ် – ချစ်ထွေးရာ၊ ကြောင်ကို အကောင်လိုက်မီးမြှိုက်ပြီးတော့မှ ဟင်းကိုင်တာပေါ့ကွ။ အတုံးကြီးကြီးတုံးပြီး လုံးချက်လိုက်တာပဲ"

နောက်ထပ် ကရင်အမျိုးသားတစ်ယောက်ဖြစ်တဲ့ ဦးစောရှီးရိုကလည်း –



"ဖိုးခွား – နင့်ဟင်းကတော့ လွှတ်မွှေးသဟော့၊ တို့ငါးယောက် ဒီနေ့ဝိုင်းထိုင်ရအောင် ကြောင်အသည်းအမြစ်၊ ဝမ်းတွင်းသားနဲ့ တို့တစ်တွေရဲ့ လက်ကျန်နဲ့ဆို အတော်ပဲ ဖိုးခွားရ"

ကျွန်တော်က …

"ဖထီးသဘောပဲ၊ ကျွန်တော့်မှာ အရက်အဆီ (၃)ပုလင်း ကျန်သေးတယ်"

စောရှီးရိုက …

"ကဲ – ဖိုးခွား၊ ငါတို့ ချောင်းထဲ ရေသွားချိုးတော့မယ်၊ အဆင်သင့်သာ လုပ်ထားပေတော့ဟေ့ – ဖိုးခွားရေ"

"စိတ်ချ – ဖထီးရေ၊ အဆင်သင့် လုပ်ထားလိုက်မယ်"

ဖထီးတို့လေးယောက် ဆပ်ပြာခွက်ကိုယ်စီကိုင်ကာ စမ်းချောင်းရှိရာသို့ လေးယောက်ဆပ်ပြာခွက်ကိုယ်စီကိုင်ကာ စမ်းချောင်းရှိရာသို့ ထွက်သွားတာကိုကြည့်နေမိတယ်၊ အဲဒီနောက်မှာတော့ ကွပ်ပျစ်ပေါ်ကို ထမင်းအိုးတိုတင်ပြီး ငါးယောက်စာ ထမင်းခူးတယ်၊ အရက်အဆီနှစ်လုံးကို ထုတ် လာပြီး ရေသန့်ဘူး (၆) ဘူးနဲ့ ရောပါတယ်၊ နောက်ပြီး – ကြောင်ဝမ်းတွင်းသားတွေကို ထုတ်ပြီး ပါးပါးလှီးပြီး ကြက်သွန်နဲ့ ရှောက်ရည်ရောကာ သုပ်ထားလိုက်ပါတယ်၊ ကျွန်တော် လုပ်ကိုင်နေတုန်းမှာပဲ ယူစွတ်ရောက်ပြီး …

"ကာဝမ် – သူငယ်ချင်း၊ ဘာဟင်းချက်သလဲ။ ငါ့ကို နည်းနည်းပေးပါ။ ရိက္ခာပြတ်လို့ ထမင်းပဲ စားနေရတာ စိတ်ညစ်လာပြီ"

"သူငယ်ချင်း၊ မင်းကို ကျွေးရတာအကြောင်းမဟုတ်ဘူး။ ဒါပေမဲ့ – မင်းသူငယ်ချင်းတွေက ငါ့ကို သိပ်မကျေနပ်ဘူးနဲ့ တူတယ်၊ စားရင်လည်း သူတို့မမြင်အောင်စားပါကွာ"

"အေးပါကွာ – ငါ သတိထားပါ့မယ်၊ အခုတော့ ဒီထမင်းပန်းကန်ထဲကို ဟင်းနည်းနည်းထည့်ပေးပါကွာ၊ ငါ ဗိုက်ဆာလှပြီကွ"

ယူစွတ်က ကျွန်တော် သတိပေးသည်ကိုလည်း ဂရုမစိုက်တော့ပါ။ ဟင်းကိုသာ တောင်းနေပါတော့တယ်၊ ယူစွတ်က ဇာတ်ပျက်နေပြီဖြစ်သော ဘာသာခြားတစ်ဦးပါပေ။ တောထဲမှာ ရသမျှအကောင်ပလောင်တွေကို ကျွန်တော်တို့ ချက်စားတိုင်း ယူစွတ်က လာရောက်စားသောက်တတ်ပါ

www.burmeseclassic.com

တယ်၊ ကျွန်တော်တို့က သူ့အား ဝက်သားတော့ လုံးဝမကျွေးမိအောင် သတိထားရပါတယ်။ အခုတော့ - ယူစွတ်ကြောင်သားဟင်းကိုစိတ်ကြိုက်ခပ်ယူပြီး ဟင်းတွေအပေါ်မှာ ထမင်းများ ထပ်ဖုံးကာ ထွက်သွားတာကို တွေ့လိုက်ရပါတယ်၊

ကျွန်တော်တို့ငါးယောက်ရဲ့အရက်ပိုင်းနဲ့ ထမင်းပိုင်းကလေးက အရမ်းကို သဘာဝဆန်လှပါတယ်၊ အရက်ခွက်အဖြစ် ဝါးဆစ်ပိုင်းကလေးတွေကို အသုံးပြုပါတယ်၊ ဟင်းခွက်၊ ထမင်းခွက်တွေကိုတော့ ဝါးပိုးဝါးကြီးများကို ထက်ခြမ်းခွဲကာ ဟင်းခွက်၊ ထမင်းခွက် လုပ်ထားပါတယ်။ ရောစပ်ပြီးသား အရက်တွေကိုတော့ ဝါးကျည်တောက်ထဲမှာ ထည့်ထားပါတယ်၊ ဒါတွေ အားလုံးဟာ ကရင်ကြီးစောအာတီရဲ့ကျွမ်းကျင်မှုတွေပဲ ဖြစ်ပါတယ်၊ လက်မှု အတတ်ပညာနဲ့ အမဲလိုက်ခြင်း အတတ်ပညာတွေကတော့ ကရင်ကြီးတို့ လေးယောက်စလုံး ကျွမ်းကျင်ပိုင်နိုင်လှပါတယ်၊ သူတို့လေးယောက် တောထဲဝင်သွားရင် နာရီဝက်၊ တစ်နာရီအတောအတွင်းမှာပဲ ဟင်းစားရပါပြီ၊ ကျွန်တော်က သူတို့ ရလာသမျှ အကောင်တွေကို ဒိုင်ခံချက်ပေးရုံပါပဲ၊ ရိက္ခာလည်း အတူတူ ကိုယ်တာနဲ့ရပေမယ့် ခွဲခြားထားခြင်းမရှိဘဲ အတူတူချက်စားကြပါတယ်၊

ဒီနေ့ဟာ ဒီဇင်ဘာလ (၁၅) ရက်နေ့ဖြစ်ပါတယ်၊ ကျွန်တော်တို့အတွက် လစာနဲ့ရိက္ခာရောက်သင့်တာထက် (၁၅) ရက်နောက်ကျနေပြီဖြစ်ပါတယ်၊ အခုအချိန်မှာ စခန်းတွင် ဆန်နဲ့ဆားသာ ကျန်ပါတော့တယ်၊ ဆီတောင်မှ ဘယ်သူ့ဆီမှာမှ မရှိတော့ပါဘူး၊ စခန်းအတွက် အကြပ်တည်းဆုံးကာလပါ၊ ဘယ်အဖွဲ့မှ ဟင်းအိုးအနံ့မထွက်တဲ့အချိန်မှာ ရာတတ်ဖွေတတ်တဲ့ ကျွန်တော်တို့ ငါးယောက်ကတော့ အေးအေးဆေးဆေးပါပဲ၊ စခန်းမှာ ရိက္ခာပြတ်တဲ့အတွက် အလုပ်တွေကို နားထားလိုက်ပါပြီ၊ ဆယ်ရက်နေ့ကတည်းက နားထားတာဖြစ်ပါတယ်၊ ကျွန်တော်တို့အတွက်ကတော့ ပျော်စရာပါပဲ၊ အမဲလိုက်ချိန် ပိုရလို့ပါ၊ ဒီနေ့အဖို့တော့ ကျွန်တော်တို့ တောဝက်တစ်ကောင်ကို ရခဲ့တယ်၊ ကျင်းထောင်ဖမ်းတာပါ၊ အချိန်မီတဲ့အတွက် ဝါးပိုးဝါးတစ်လုံး ခုတ်ပြီး ရှေ့နှစ်ယောက်၊ နောက်နှစ်ယောက် မနည်းထမ်းရပါတယ်၊ ဒီဝက် တစ်ကောင်ဆိုရင် စခန်းက ဝက်သားစားတဲ့သူအားလုံးအတွက် လောက်ငပါတယ်၊ ဝက်ကို စမ်းချောင်းဘေးနားအထိ သယ်သွားပြီး တာလပတ်ပေါ်မှာ ဖျက်ပါတယ်၊ ဝက်ဖျက်တဲ့အလုပ်ကိုတော့ ဗီယက်နမ်နဲ့ ထိုင်းတွေလုပ်ပါတယ်၊ ဆီမရှိတဲ့အတွက် ကင်စားရမှာ ဖြစ်ပါတယ်၊ အဲဒီအချိန်မှာ ယူစွတ် စမ်းချောင်းဘေးကို ရောက်လာတယ်၊ ကျွန်တော်တို့ လုပ်ကိုင်နေတာကို ကြည့်ပြီး ဘာမှမပြောဘဲ ပြန်ထွက်သွားပါတယ်၊

ညခြောက်နာရီထိုးပါပြီ၊ စခန်းတစ်ခုလုံးလည်း မှောင်ပိန်းနေပါပြီ၊ စခန်းအလယ်မှာရှိတဲ့ ကင်ထားတဲ့ ဝက်သားအနံ့ဟာ မွှေးကြိုင်နေပါတယ်၊ သောက်စရာ အရက်မရှိတော့တဲ့အတွက် ဝက်သားကင်နဲ့ ထမင်းသာ စားရတော့မယ်၊ အရည်သောက်အဖြစ် ဝက်ရိုးဟင်းချိုလုပ်ထားတယ်၊ ဟင်းချိုအိုးထဲကိုတော့ တောထဲကရတဲ့ ရှောက်ရွက်၊ ငရုတ်သီး၊ ချင်းတို့ကို ခတ်ထားတယ်၊ ဒီနေ့ညကတော့ အထူးအစီအစဉ်အဖြစ် ထမင်းအတူတူ စားကြမှာပါ၊ ဒါပေမဲ့ - ဘာသာခြားတွေ မပါပါဘူး၊ သူတို့တစ်တွေက ညနေငါးနာရီလောက်ကတည်းက ထမင်းစားပြီး အိပ်နေကြပါပြီ၊ အခုက ဝက်သားစားတဲ့အဖွဲ့တွေအတွက် သီးသန့်ပါ၊ ကင်ထားတဲ့ ဝက်သားကို သွားဖဲ့ပြီး ပန်းကန်ထဲ ထည့်လာလိုက်၊ ဟင်းချိုသောက်လိုက်နဲ့ ကျွန်တော်တို့တွေ ထမင်းစားနေတုန်းမှာ ယူစွတ်ရောက်လာပြန်ပါတယ်၊ ယူစွတ်က ...

"သူငယ်ချင်း - ငါ့ကို နည်းနည်းပေးပါကွာ - ငါ"

ကျွန်တော်က သူ့စကား မဆုံးခင်မှာပင် ...


"လုံးဝမရဘူး - ယူစွတ်၊ ဒီတစ်ခါတော့ ငါ့ကို ခွင့်လွှတ်ပါ၊ ငါ တောင်းပန်ပါတယ်၊ ဘာကြောင့် မင်းကို မကျွေးသလဲဆိုတာ မင်း နားလည်ပါတယ်"

"မင်း - မကျွေးလည်း ရပါတယ်၊ ငါ ဗီယက်နမ်တွေဆီက ယူစားမယ်၊ ဆရာကြီးတော့ လာမလုပ်နဲ့"

ကျွန်တော် ဒေါသထွက်သွားကာ ယူစွတ်အား "ဟေ့ကောင် - မင်း သူများရာထားတာလည်းလာတောင်းစားသေးတယ်၊ လေသံကလည်းမာသေးတယ်၊ မင်းနဲ့ ဝက်သား ဘာဆိုင်သလဲ၊ ကျုပ်တို့ မင်းတို့ ဘာသာခြားတွေ ဒီဘက်ကို လှည့်တောင်မကြည့်ဘူး၊ မင်း တစ်ယောက်တည်း ပဲ မင်းရှုတ်ဘူးလား ဟေ့ကောင်"

www.burmeseclassic.com

■■■ စမ်းချောင်းထဲက မြင်ကွင်းကြောင့် ကြက်သီးမွေးညင်း ထမိပါတယ်။ ယူစွတ်က ကျွန်တော့်ကို မော့ကြည့်နေပါတယ်။ သူ့မှာ အပေါ် နှုတ်ခမ်းနဲ့ နှာခေါင်းထိပ်ပိုင်းမရှိတော့ပါဘူး။ မျက်နှာပြင်မှာလည်း သွေးတွေ အများကြီးနဲ့ ရဲထွက်နေပါတယ်။ ကျွန်တော့်ကို မော့ကြည့်တဲ့သူ့ မျက်လုံးတွေကလည်း နီရဲနေပါတယ် ■■■



ကျွန်တော့် အသံကြောင့် အင်ဒိုနီးရှားနိုင်ငံသား အချို့ထွက်လာကာ ယူစွတ်အား သူတို့ ခေါင်းဆောင် အဗ္ဗဒုလာက ...

"ဟေ့ကောင် - ယူစွတ်၊ မင်း အဲဒီအသားတွေစားရင် ငါတို့ဆီကို ပြန်မလာနဲ့၊ မင်း ဒုက္ခရောက်ရင်လည်း အကူအညီ လာမတောင်းနဲ့၊ မင်းဟာ ငါတို့ လူမျိုးမဟုတ်ဘူး၊ ဘာသာဝင်လည်း မဟုတ်ဘူး၊ မင်း - ငါတို့နဲ့ လာပြီး မပတ်သက်နဲ့တော့"



ဟု တင်းမာစွာပြောဆိုကာ စခန်းပေါ် ပြန်တက်သွားတော့တယ်၊ ကျွန်တော်လည်း ဒေါသထိန်းပြီး ကရင်ကြီးတို့နဲ့ ထမင်းဆက်စားနေပါတယ်၊ ကရင်ကြီးတို့က ဗုဒ္ဓဘာသာဝင် ပိုးကရင်တွေပါ၊ မြိုင်ကြီးငူဒေသဘက်ကပါ၊ ခုနက ကျွန်တော့်ဒေါသကြောင့် ယူစွတ်လည်း ဘယ်ရောက်သွားမှန်း မသိပါဘူး၊ သိပ်မကြာဘူး၊ ဗီယက်နမ်တွေ ထမင်းစားတဲ့ဘက်ကနေ အော်သံဟစ်သံတွေ ရုတ်တရက်ကြားလိုက်ရတယ်၊ တစ်ခုခု အန္တရာယ်တွေ့တဲ့အတွက် အော်သံမျိုးပါ၊ ကျွန်တော် စားလက်စ ပန်းကန်ကိုပစ်ချပြီး သူတို့တွေဆီကို ပြေးထွက်လာမိပါတယ်၊

ကရင်ကြီးတို့တွေလည်း မနွေးပါဘူး၊ နောက်က ထက်ကြပ်ကပ်လျက်သား ပါလာပါတယ်၊ မြင်လိုက်ရတဲ့ မြင်ကွင်းက ကြက်သီးမွေးညင်းထသွားစေပါတယ်၊ ဗီယက်နမ်တွေရဲ့ အလယ်မှာ ယူစွတ်ကို တွေ့လိုက်ရပါတယ်၊ လေးဘက်ထောက်ပြီး နှုတ်ခမ်းနဲ့မြေကြီးတွေကို ထိုးကော်နေတယ်၊ ယူစွတ်ကို အပမှီသွားပါပြီ၊ ရုတ်တရက် ဗီယက်နမ်တစ်ယောက်က ယူစွတ်ကို ဝင်လုံးပြီး ချုပ်ထားလိုက်ပါတယ်၊ ကျွန်တော်ကလည်း ယူစွတ်ရဲ့လက်တစ်ဖက်ကို ဝင်လုံးပြီး ချုပ်လိုက်တယ်၊ နောက်ထပ် လေးငါးယောက်လည်း ဝင်ချုပ်ထားတာကို သတိထားမိလိုက်ပါတယ်၊ ရုတ်တရက် ယူစွတ်ဆီက ဝက်တစ်ကောင်ရဲ့အော်သံမျိုးကြားရပြီး ကျွန်တော်တို့ ဝင်ချုပ်ထားတဲ့လူတွေလွင့်စဉ်ထွက်သွားကြပါတယ်၊ ဝင်ချုပ်တဲ့လူတွေထဲမှာပိန်ပိန်သေးသေး တစ်ယောက်မှ မပါဘူး၊ သစ်လုပ်ငန်းက အလုပ်ကြမ်းသမားတွေ ဖြစ်တဲ့အတွက် အင်မတန်မှ အားခွန်ဗလ သန်စွမ်းကြပါတယ်၊ ဒီလူတွေကို ယူစွတ်က လွယ်လွယ်ကူကူပဲ ရုန်းပြီးတောထဲကို လေးဖက်ထောက် ဝင်ပြေးသွားပါတယ်၊

စခန်းမှာသာ လင်းထိန်နေပေမယ့် တောထဲမှာတော့ မှောင်မဲနေပါပြီ။

ခုနက ယူစွတ်ကို ဒေါသထွက်နေတဲ့ အဗ္ဗဒုလာနဲ့ သူ့အဖွဲ့လည်း မနေသာတော့ဘူး၊ ယူစွတ်ကို လိုက်ရှာဖို့ ပြင်ဆင်နေတာတွေ့ရပါတယ်၊ အရေးကြီးတော့လည်း သွေးနီးရတာပါပဲ၊

ကျွန်တော်တို့လည်း ဂျင်းဘောင်းဘီရှည်၊ ဂျင်းအကျီရှည်၊ တောင်းဖိနပ်၊ တောလိုက်မားမြှောင်၊ နဖူးစီးဓာတ်မီး၊ တောလိုက်ဓာတ်မီး၊ စကားပြောစက်၊

www.burmeseclassic.com

နောက်ဆုံးမှာတော့ ကျွန်တော်ရဲ့ လက်စွဲတော် သစ်ခုတ်တဲ့ ပုဆိန်၊ ကျွန်တော့်ရဲ့ပုဆိန်ဟာ အသွားတစ်ဖေနဲ့ သုံးလက်မ အရင်းခြောက်မရှိပြီး ပုဆိန်အရိုးဟာ သုံးပေရှည်လျားကာ ပေါင် (၃၀) ကျော် လေးပါတယ်။ ဒါမှလည်း အရပ်ငါးပေရှစ်လက်မရှိပြီး ပေါင်တစ်ရာ့ရှစ်ဆယ်လောက်ရှိတဲ့ ကျွန်တော့်ရဲ့ခန္ဓာကိုယ်နဲ့ လိုက်ဖက်မှာပါ။

ယူစွတ်ကို လိုက်ရှာမှ အဖွဲ့ဝင်လေးဆယ်ကျော်ပါတယ်၊ ကျွန်တော်တို့အားလုံးဟာ လူစစ်ပြီး စကားပြောစက်တွေကို Channel အတူထားလိုက်ပါတယ်၊ လူတိုင်းတော့ ဓာတ်မီးကိုယ်စီ လက်နက်ကိုယ်စီနဲ့ပါ။ ကျွန်တော်တို့အားလုံးအဆင်သင့်ဖြစ်ချိန်မှာ (ခုနစ်နာရီ) ထိုးပါပြီ။ တောကြီးမျက်မည်းထဲကို ရမ်းသမ်းလိုက်မရှာရဲတဲ့အတွက်ပါ၊ ယူစွတ် ဝင်ပြေးသွားတာလည်း ဆယ့်ငါးမိနစ်လောက် ကြာနေပါပြီ၊ အားလုံးရဲ့သဘောတူညီချက်အရ ကရင်ကြီးတို့လေးယောက်ကို ခေါင်းဆောင်တင်ပါတယ်။ တောကျွမ်းတဲ့ အတွက်ပါ၊ လူအင်အားများပေမယ့် ခြေသံက လုံလှတယ်၊ မှောင်နေတဲ့အတွက် တောထဲမှာ ဘာသံမှမကြားရဘူး။ လိုက်ရှာတဲ့အဖွဲ့ဝင်တွေအားလုံးဟာ တိတ်တိတ်ဆိတ်ဆိတ်နဲ့ မျက်စိကိုဖွင့်၊ နားကိုစွင့်ထားပါတယ်၊ ကရင်ကြီးတို့ကတော့ ခြေရာလက်ရာကြည့်ပြီး ရှေ့ကိုသာ အတွင်ပြေးနေပါတယ်၊ သူတို့အနောက်မှာ ကျွန်တော်၊ ကျွန်တော့် အနောက်မှာ အဗ္ဗဒုလာ၊ သူ့အနောက် မှာတော့ လူတန်းကြီးပါ၊

ရုတ်တရက် ရှေ့ဆုံးက ပြေးနေသော စောအာတီရပ်လိုက်ပါတယ်။ ခါးက စကားပြောစက်ကို ဖြုတ်ပြီး ဓာတ်မီးတွေ ပိတ်ဖို့နဲ့ အရှေ့ကတွေ့နေတဲ့ စမ်းချောင်းကို ဝိုင်းပတ်လိုက်ဖို့ အားလုံးကို လှမ်းပြောတာကြားလိုက်ရပါတယ်။ သိပ်မကြာပါဘူး၊ အသံကြားနေရတဲ့ စမ်းချောင်းကိုပတ်မိသွားပါပြီ၊ လက်က ညကြည့်နာရီကို ကြည့်လိုက်မိတယ်၊ ရှစ်နာရီထိုးနေပါပြီ၊ စမ်းချောင်းထဲက အသံကြားနေရပါတယ်၊ ဘာရယ်လို့တော့ မသဲကွဲဘူး၊ တောထဲမှာတော့ မှောင်မည်းနေပါတယ်၊ လိုက်ရှာတဲ့ အယောက်လေးဆယ်ကျော်ဟာ အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေပါ တယ်၊ ကျွန်တော်က ကျောမှာ ပိုးထားတဲ့ပုဆိန်ကြီးကို အသာဖြုတ်ယူလိုက်ပါတယ်။ မှောင်ထဲမှာတောင်လက်ခနဲဖြစ်သွားသေးတယ်၊ ဂျင်းအကျီကိုလည်းအသာ



ချွတ်လိုက်ပါတယ်၊ နောက်ပြီး - စမ်းချောင်းရှိတဲ့နေရာကို အသာမှောက်ပြီး သွားလိုက်ပါတယ်။ အခုချိန်မှာ ကျွန်တော်က ထိပ်ဆုံးကို ရောက်သွားပြီ၊ ကျွန်တော်က ရုတ်တရက် မီးဖွင့်လို့ အော်လိုက်ပါတယ်၊ မီးတွေ ဖြာခနဲ လင်းလက်လာပါတယ်၊

စမ်းချောင်းထဲက မြင်ကွင်းကြောင့် ကြက်သီးမွေးညင်း ထမိပါတယ်၊ ယူစွတ်က ကျွန်တော့်ကို မော့ကြည့်နေပါတယ်၊ သူ့မှာ အပေါ်နတ်ခမ်းနဲ့ နှာခေါင်းထိပ်ပိုင်းမရှိတော့ပါဘူး။ မျက်နှာပြင်မှာလည်း သွေးတွေ အများကြီးနဲ့ ရဲထွက်နေပါတယ်၊ ကျွန်တော့်ကို မော့ကြည့်တဲ့သူ့ မျက်လုံးတွေကလည်း နီရဲနေပါတယ်၊ သူ့ကိုယ်မှာ အဝတ်အစားတွေ မရှိတော့ပါဘူး၊ ကျောကုန်းမှာတော့ တိရစ္ဆာန်လို အမွေးကြမ်းကြီးတွေပေါက်ပြီး ထောင်နေပါတယ်၊ အံ့သြစရာအကောင်းဆုံးကတော့ သူ့ဘေးမှာတောဝက်ထီးကြီးနှစ်ကောင်စီ ရှိနေပါတယ်၊ ဓာတ်မီးရောင်ကြောင့် အစွယ်ဖွေးဖွေးကြီးတွေကို တွေ့လိုက်ရပါတယ်၊ ယူစွတ်က ဝက်ကြီးနှစ်ကောင်ကြားမှာ ဘာကြောင့် ရောက်နေရတာပါလဲ၊ ရုတ်တရက် ဝက်ကြီးတစ်ကောင်က ကျွန်တော့်ဆီ ပြေးဝင်လာတာ လျင်မြန်လွန်းလှတယ်။ ကျွန်တော်က ပုဆိန်ကြီးနဲ့ တအားလွှဲခုတ်ပါတယ်၊ ပေါင်သုံးဆယ် ပုဆိန်အားက မနည်းလှပါဘူး၊ ခုတ်ချက်က တိကျတဲ့အတွက် ဝက်ကြီးရဲ့ကုပ်အားပေါ် တန်းခနဲ ကျတယ်၊ ထင်ထားသလို ခေါင်းက ပြတ်မသွားဘဲ လက်က ကျဉ်ခနဲဖြစ်သွားပြီး ပုဆိန်ကြီး လွတ်ကျသွားပါတယ်၊

တောဝက်က ထုံးစံအတိုင်း မပက်ဘဲနဲ့ ခုန်အုပ်ပါတယ်၊ အခုတော့ ကျွန်တော့်ကိုယ်ပေါ်မှာ တောဝက်ကြီးရောက်နေပါပြီ၊ ကျွန်တော့် ခါးတတောလိုက်ဓားမြှောင်ကိုထုတ်ပြီး ဝက်ကြီးကိုဆက်ကာဆက်ကာ ထိုးလိုက်တယ်၊ အဲဒီအချိန်မှာပဲ စောမှူးရိုက ဝက်ကို ပြေးပြီး ဓားနဲ့ ခုတ်ပါတယ်၊ စောအာတီက ပြေးကန်တယ်၊ ကန်အားကြောင့် ဝက်က ဘေးကို လွင့်စဉ်သွားပါတယ်၊ ရှက်ချင်းပဲထပြီး ပြေးသွားပါပြီ၊ အဲဒီအချိန် ကလေးက လျင်မြန်လွန်းလှပါတယ်၊ စက္ကန့်ပိုင်းအတွင်းမှာ ဖြစ်သွားတာပါ၊ အဲဒီအချိန်မှာ ယူစွတ်ဟာ တခြားဘက်ကို ထွက်ပြေးသွားတယ်၊

ကျွန်တော်က ပြုတ်ကျသွားတဲ့ပုဆိန်ကို ပြန်ကောက်ပြီး...

www.burmeseclassic.com

"ဦးစောအာတီ၊ ဦးစောရှီးရို ကျွန်တော်တို့ ပန်းလိုက်ရမယ်၊ ဒေါ့ကနေ ပန်းလိုက်ရမယ်။ ညာသံပေးပြီး လိုက်လိုက်" ကျွန်တော့်အသံကြောင့် ခုနက ဘာလုပ်ရမှန်းမသိတဲ့ လူအုပ်ကြီးဟာ ထွက်ပြေးသွားတဲ့ ယုန်ကောင်နောက်ကို ညာသံပေးပြီး ဝိုင်းလိုက်ကြတော့တယ်။ ကျွန်တော်တို့ အမိကပစ်မှတ်ထား တာက အပမိုနေတဲ့ ယုန်ကောင်ပါ၊ ယုန်ကောင်ကို ဝင်ပူးထားတဲ့အကောင်ရဲ့အင်အား ဟာမသေးဘူး။ တောကြီးမျောင်မည်းနေတဲ့အထဲမှာ ကျွန်တော်တို့တစ်တွေရဲ့ အော်ဟစ်သံတွေဟာ ဆူညံပွက်လောရိုက်နေပါပြီ။ ယုန်ကောင်ရဲ့နောက်ကို ဝိုင်း လိုက်ကြတဲ့လူတွေထဲမှာ အဗ္ဗဒုလာက ယုန်ကောင်ကို ဒိုင်ဗင်ထိုး ဖမ်းလိုက်တာ တွေ့လိုက်ရပါတယ်။

ကျွန်တော်တို့ ခတ်မီးအရောင်တွေအားလုံး အဗ္ဗဒုလာနဲ့ ယုန်ကောင်ပေါ်ကို ကျသွားတယ်၊ အဗ္ဗဒုလာက ယုန်ကောင်ကို တက်ခွထားပါတယ်။ အဲဒီအချိန်မှာ ကျန်တဲ့လူတွေလည်း ပီလာပါပြီ၊ ကျန်တဲ့လူတွေက ယုန်ကောင်ကို ဝိုင်းချုပ်ထား ပါတယ်၊ အဲဒီအချိန်မှာ ကရင်ကြီး စောချစ်တွေးနဲ့ စောအာတီက ပါလာတဲ့ ကြိုးနဲ့ ဝိုင်းတုပ်ကြပါတယ်၊ အဲဒီအချိန်မှာ မထင်မှတ်ဘဲ မိုးသည်းထန်စွာ ရွာချလိုက်ပါတော့တယ်၊ ပိုဆိုးတာက ယုန်ကောင်ကို ဖမ်းမရတော့ပါဘူး။ ကျွန်တော်တို့ ဝိုင်းထားရုံပဲ တတ်နိုင်ပါတော့တယ်။

အကုန်လုံးလည်း မိုးတွေ စိုးရွှဲနေကြပါပြီ၊ အဲဒီအချိန်မှာ ယုန်ကောင်ဆီက အသံနက်ကြီးကို ကြားလိုက်ရပါတယ်၊ နောက်ပြီး လျှင်မြန်လွန်းတဲ့ အရှိန်နဲ့ တောထဲကို ထပ်ပြီးဝင်ပြေးသွားတော့တယ်။ မိုးရွာနေတာကြောင့် ခြေရာ လက်ရာ ရှာလို့မတွေ့နိုင်တော့ပါဘူး၊ နာရီကို ကြည့်လိုက်တော့ ကိုးနာရီခွဲ နေပါပြီ၊ ဒါကြောင့် – အားလုံးသဘောတူပြီး စခန်းကို ပြန်ခဲ့ကြပါတော့ တယ်၊

နောက်တစ်နေ့မှာတော့ ရဲကွာလာပို့တဲ့ကားနဲ့ ဓာတ်ဆီကားကြီးတွေ ရောက်လာတယ်၊ ရဲကွာတာဝန်ခံနဲ့ အဗ္ဗဒုလာအကြီးအကျယ်စကားများ ကြပါတော့တယ်၊ ရဲကွာပို့နောက်ကျလွန်းတာကြောင့် လူတစ်ယောက် အသက်ဆုံးရှုံးရတာ ဖြစ်ပါတယ်။ ယုန်ကောင်ကို နောက်ထပ်သုံးရက်အကြာမှာ အလောင်းပြန်တွေ့ရတယ်၊ ရဲတွေနဲ့ ခွေးတွေရှာဖွေတာဖြစ်တယ်၊ ရှာဖွေရေး အဖွဲ့မှာ စောအာတီ၊ စောရှီးရို၊ ကျွန်တော်နဲ့ အဗ္ဗဒုလာတို့ ပါဝင်ပါတယ်၊

သုံးရက်တိုင် စခန်းမပြန်ဘဲ ရှာခဲ့ကြတာ ဖြစ်ပါတယ်၊ ယုန်ကောင်ကို ရဲခွေးတစ် ကောင်က ခြေရာခံမိပါတယ်။ ခွေးကို ကြိုးဖြုတ်ပြီး လွှတ်ပေးလိုက်ပါတယ်။ ခွေးဟောင်သံကိုသာ ကြားရပြီး တစ်ဖက်က တုံ့ပြန်မှုမရှိဘူး၊ ကျွန်တော်တို့ ရောက်သွားချိန်မှာ ယုန်ကောင်အလောင်းကို ဝမ်းနည်းအံ့သြထိတ်လန့်စွာနဲ့ တွေ့ရပါတယ်၊

မိုးရေတွေစိုရွှဲပြီး အလောင်းဟာ တစ်ကိုယ်လုံး ဖြူဖွေးနေတယ်၊ ခွေးအ တွေ စားထားခြင်းမရှိတဲ့အတွက် တော်ပါသေးတယ် ပြောရမှာ၊ မျက်နှာမှာ နှာခေါင်းအထက်နှုတ်ခမ်း၊ အောက်နှုတ်ခမ်း မရှိတော့ဘူး၊ မြေကြီးနဲ့ ပွတ် တိုက်ထားတာကိုး။ ကျောကုန်းနဲ့ရင်ဘတ်မှာ အမွေးတွေပြည့်နက်နေတယ်။ နောက်ပြီး – သူ့အနားမှာ ဝက်သေ တစ်ကောင် တွေ့ရပါတယ်။ ရိုးရိုးသာမန် တောရိုင်းဝက်ဖိုတစ်ကောင်ပါ၊ ခေါင်းပြတ်ပြီး ဗိုက်မှာ မားဒဏ်ရာတွေနဲ့ သေနေတာပါ၊ ကျွန်တော် တစ်ခုစဉ်းစားမိလိုက်ပါတယ်၊ ဒီဝက်ဟာ ကျွန် တော် ပုဆိန်နဲ့ခုတ်ပြီး မားနဲ့ထိုးလိုက်တဲ့ ဝက်ပါပဲ၊ ကျွန်တော်တို့ တွေ့ခဲ့ရတုန်း က ကြောက်စရာကောင်းတဲ့ အကောင်ကြီးပါ၊ အခုတော့ အစွယ်တောင် မရှိ သေးတဲ့ သာမန်ဝက်ငယ်ကလေး ဖြစ်နေပါပြီ၊

အလောင်းကို စစ်ဆေးပြီး တောထဲမှာတင် ဘာသာရေးထုံးစံအတိုင်း မြေမြှုပ်ခဲ့ကြပါတယ်၊ ကျွန်တော်တို့ ကြေကွဲတိတ်ဆိတ်စွာနဲ့ ပြန်လာကြပါ တယ်၊

အဲဒီနောက်ပိုင်းမှာ ဘယ်တော့မှ ရဲကွာနောက်မကျတော့သလို စခန်း မှာလည်း ဘယ်သူမှ ဝက်သားမစားတော့ဘူး၊ ဝက်ကို မိထားရင်လည်း ပြန် လွှတ်ပေးခဲ့ကြတယ်၊ အဗ္ဗဒုလာလည်း စခန်းပြောင်းသွားခဲ့တယ်၊ တစ်ခါ တစ်ရံ ဖြစ်ရပ်မှန်တွေဟာ စိတ်ကူးယဉ်ဇာတ်လမ်းထက် ဆန်းကြယ်တယ် ဆိုတာ အခုဖြစ်ရပ်က သက်သေပြနေပါတော့တယ်၊

(မလေးရှားရောက်မြန်မာလူငယ်တစ်ယောက်၏ကိုယ်တွေ့ဖြစ်ရပ်မှန် ဇာတ်လမ်း)

>> >> >> ရှင်ရဲထွန်း

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒေါင်းတလူသည် လက်ထဲမှကိုင်ထားသော ပစ္စည်းကိရိယာများကို ကျစ်ကျစ်ပါဆုပ်ကိုင်ပြီး တောလမ်းတစ်လျှောက် ခြေလှမ်းခပ်သွက်သွက်ဖြင့် လှမ်းနေသည်၊ ကိုင်းနုတ်ဓားတစ်လက်၊ ပိုက်ကွန်၊ မီးတုတ် စသည်ဖြင့် အရေးကြီးပစ္စည်းများသည် တနင့်တပိုး ပါလာခြင်း ဖြစ်သည်၊ သူသည် မိုးလေလွတ်ကင်းရာ နေရာတစ်နေရာ ရရှိဖို့ ရော်ရမ်းမှန်းဆကာ ခြေဦးတည့်လေရာ လျှောက်နေခြင်းသာ ဖြစ်သည်၊ လေက တစ်ချက်တစ်ချက် မှော လွင့်ပါမတတ် တိုက်သေးသည်။

သူ ကောင်းကင်ကို မော့ကြည့်လိုက်သည်၊ မိုးရိပ်မိုးသားများသည် အရှေ့မြောက်ဆီသို့ ပိုမိုများပြားသော အလုံးအရင်းဖြင့် လျင်မြန်စွာ ရွေ့လျားနေပေပြီ၊ မြေကြီးလက်ခတ်မလွဲ သေချာပေါက် ရွာချပေတော့မည်ကော။

"ဒုက္ခပါပဲ - မိုးနိုဗ့် ခက်ရေချပြီ၊ ငါ အိမ်က ထွက်လာကတည်းက မိုးရွာမယ်လို့တော့ အထင်သားကွယ်၊ ကဲ - ထူးပါဘူး၊ မွန်းတောင်တိမ်းပြီ၊ မိုးခိုစရာ တစ်ခုခု တွေ့လိုတွေ့ငြား သွားရင်းလာရင်း ရှာကြည့်ရမယ်လေ"

ဒေါင်းတလူသည် သွက်လက်သော ခြေလှမ်းများဖြင့် တောချုံ၊ ချိုင်းလျှိုမြောင်တို့ကိုဖြတ်ကာ ရွာဆီသို့ လျှောက်နေသည်၊ ရွာဆီသို့ လျှောက်နေသော်လည်း သည်မိုး သည်လေနှင့်တော့ ဘယ်လိုမှ ရှောင်မလွတ်နိုင်တော့ပြီကို သေချာပေါက် တစ်ထစ်ချတွေးထားပြီဖြစ်ရာ မိုးစိုသော်လည်း စိုတော့ဟု ဆုံးဖြတ်ချက်ချကာ ခြေလှမ်းကို ရွှေ့နေခြင်းပင်၊

တောလမ်းကွေ့ကလေးတစ်ခုကို ရောက်သည်နှင့် သူ့အတွက် ပျော်ရွှင်ဝမ်းမြောက်စရာတစ်ခုက ရုတ်တရက်ပေါ်လာခဲ့သည်၊ ထူထပ်သိပ်သည်းသော သစ်ပင်ကြီးများအလယ်တွင် ဘုန်းကြီးကျောင်းပျက်တစ်ဆောင်ကို တွေ့လိုက်ရသောကြောင့်ပေတည်း၊ ဘုန်းကြီးကျောင်းပျက်အို ရှိခြင်းအားဖြင့် ရွာရှိရပေမည်၊ မနီးမဝေးတွင် ရွာသာမက လူနေအိမ်ခြေ တဲတွေရှိရပေမည်၊ သို့သော် - လမ်းလျှောက်ရင်း လျင်မြန်သော မျက်လုံးများဖြင့် ရှာဖွေကြည့်ခဲ့သော်လည်း မည်သည့်လူနေအိမ်ခြေမျှမရှိသည်မှာ ထူးခြားချက်တစ်ခုဖြစ်သည်၊ ရွာပျက်ကြီး ဖြစ်နိုင်သည်၊ သည်နေရာကို သူ တစ်ခါမျှ မရောက်ဘူးပေ၊

သို့သော် - ဒေါင်းတလူလို ပေကတ်ကတ်၊ ရှုတ်ကတ်ကတ် လူတစ်ယောက်အဖို့ လူမရှိခြင်း၊ လူရှိခြင်းသည် အရေးတကြီးကိစ္စတော့ မဟုတ်၊ လောလောဆယ် မိုးရွာလျှင် မိုးခိုဖို့ကိစ္စက အရေးကြီးသည်၊ သည်မိုးသာ မိလို့ကတော့ ကြွက်စုတ်ရေနစ်သည်ထက် ဆိုးသွားမှာ သေချာသည်၊ လမ်းကလည်း ပျောက်နေပြီ၊

ဒေါင်းတလူသည် ရင်ထဲမှာ ဒိန်းခနဲ မြည်သွားအောင်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရသည်၊ ခြေလှမ်းက ပို၍သွက်လာသည်၊ ထိုစဉ် မိုးစက်မိုးဖွားကလေးများက ရုတ်တရက် ပြိုဆင်းကျလာလေသည်၊ သူ့ခန္ဓာကိုယ် အနံ့အပြားသို့ တဖျောက်ဖျောက်ကြွေကျ၍ လာစဉ်လေသည်၊

သူသည် ခြေလှမ်းကြဲကြီးများဖြင့် ကျောင်းအိုပျက်ဆီသို့ ...၊ တောအုပ်အလယ်မှ လူသူမနီး တောကျောင်းပျက်ဆီသို့ မိုးမှုန်မိုးဖွဲတွေ တဝဲဝဲ လွင့်ကြွေနေသည့်ကောင်းကင်အောက်မှာ ကျောင်းအိုပျက် မည်းကုပ်ကုပ်ကြီးသည် စုန်းမအိုကြီးတစ်ယောက် မျက်နှာကြောတင်းတင်းဖြင့် ထိုင်နေတာနှင့်တူသည်၊ ထိုစုန်းမအိုကြီးသည် ဒေါင်းတလူကို ဘယ်မှမသွားနိုင်အောင် ညှို့မြှူထားပေပြီ၊

ဒေါင်းတလူသည် စေတုတ္တရာမြောက်ဘက် သပြုအိုင်ရွာသား ဖြစ်သည်၊ ဇနီးယာတောသူ မိချိုးဖြူနှင့်နေကာ သားသမီးမထွန်းကားသေးပေ၊ မိချိုးဖြူသည် ယာပေါ်ချိန် မြေပဲနုတ်၊ နှမ်းရွေသည့် အလုပ်ကိုလုပ်ကာ

www.burmeseclassic.com

www.burmeseclassic.com

လင်မယားနှစ်ယောက် ရုန်းကန်နေရသည့်ဘဝ ဖြစ်သည်၊ ဒေါင်းတလုသည် လယ်ပိုင်ယာပိုင်မရှိသေးဘဲ ရွာလယ်တွင် ခြံပိုင်းကလေးနှင့် ချုံချုံတုတ်တုတ်နေရသူ ဖြစ်သည်၊ သူသည် ဇနီး မိချိုးဖြူကို ချစ်မြတ်နိုးသည်သာမက အိမ်တစ်ဆောင် မီးတစ်ပြောင် နေနိုင်အောင် အမြဲကြိုးစားနေသည်၊ သူတကာမှဆိုးကျော်ကြီးတွေလို အမဲကြီး ရှာဖွေဖမ်းဆီးချင်သော်လည်း လက်နက်အပြည့်အစုံ မရှိ ရှာပေ၊ အမဲကြီးပစ်သူများသည် အနည်းဆုံး တစ်လုံးထိုးသေနတ်ကျည်ဆန် အပြည့်အစုံတော့ ရှိရပေမည်၊ သူမှာ သေနတ်နှင့်တူတာဆို၍ ဝါးပြောင်းပဲ ရှိသည်၊

သူမှာ အမဲကြီးမပစ်နိုင်ဘဲ ပိုက်ကွန်စုတ်ကလေးတစ်ဖုံကိုပင် ရှိစုမဲ့စုဖြင့် ရှာဖွေထားရသော ဖွတ်လိုက်မုဆိုးတစ်ယောက်သာ ဖြစ်ပေသည်၊ သူတဖွတ်လိုက်လည်း ကျွမ်းကျင်သည်၊ ဒေါင်းတလု တောတက်ပြီဆိုလျှင် ဖွတ်မရမရှိ၊ သည့်အတွက် လက်နက်ကိရိယာတော့ ပြည့်စုံစွာထားရသည်၊ လုံရှည်၊ လုံတို၊ ဓားမ၊ မီးတုတ် စသည် - စသည်၊

သို့သော် - ဒေါင်းတလုမှာ ထူးခြားချက်တစ်ခုတော့ ရှိသည်၊ သူသည် နွေရာသီဘုရားပွဲတော်များတွင် နာမည်ကျော် လက်ဝှေ့သမားတစ်ယောက်ဖြစ်သောကြောင့်ပင်တည်း၊ ဆင်ဖြူကျွန်း၊ စလင်း၊ မဲဇာလီ၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ မင်းဘူး စသည့် မြို့များရှိ အထင်ကရ ဘုရားပွဲတော်ကြီးများတွင် မြန်မာ့လက်ဝှေ့ပွဲများ ထည့်သွင်းကျင်းပလေ့ရှိရာ ထိုပွဲများတွင် ပွဲတိုင်းကျော်တစ်ယောက်ပင် ဖြစ်ပေသည်၊ နဂိုကလည်း အသတ်အပုတ်ကို ဝါသနာပါသည်၊ ပွဲတိုင်းကျော်တစ်ယောက်သာမက အနိုင်လည်း များပေပြီ၊ ပြီးခဲ့သည့်နွေရာသီ မင်းဘူး အောက်ရွှေစက်တော်ဘုရားပွဲတွင် ပထမ ရွှေအောင်လံကိုဆွတ်ခူးခဲ့ပေရာ မြို့ပိုင်၏ ချီးကျူးမှုကို ခံယူရသူဖြစ်သည်၊ သူသည် ရွှေအောင်လံ ဆုချည်းပင် နှစ်ဆု၊ ဒုတိယဆု သုံးခု၊ အလဲထိုး ဆယ်ပွဲကျော်ကျော်ဖြင့် နာမည်ကျော် လက်ဝှေ့သမား တစ်ယောက်ပေတကား၊ ယခုချိန်မှာတော့ မိုးရာသီစပေပြီဖြစ်ရာ လက်ဝှေ့ပွဲလည်း မရှိတော့ပြီဖြစ်ရာ မူလလက်ငုတ်လက်ရင်း တောတက်အလုပ်၊ တောလိုက်သည့် အလုပ်ဘက်



■■■ ဒေါင်းတလုသည် လက်ထဲမှ ဖွတ်မြီးကြီးကို ယောင်ယမ်းကာ လွှတ်ချလိုက်သည်။ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခါနေကာ မြေကြီးထဲ နစ်ဝင်သွားသလို ခံစားလိုက်ရခြင်းဖြစ်ပေသည်တကား။ သူ့လက်နှစ်ဖက်ဖြင့် အားရပါးရ ငိုင်ငိုင်နိုင်နိုင် ဆုပ်ကိုင်ထားသော ဖွတ်မြီးကြီးသည်ကား လူ့ခြေထောက်ဖြတ်ညိုပုပ်ပုပ်ကြီးဖြစ်နေသောကြောင့်ပင်တည်း ■■■



သို့ခြေဦးလှည့်ရပြန်ပြီတကား၊ တိုတစ်နေ့ကပင် ဇနီးမိချိုးဖြူက မှုန်တေတေမျက်နှာဖြင့် ...

"တော်ရေ - တောမတက်တော့ဘူးလား၊ တော့် - မြို့ပိုင်ချီးမြှင့်တဲ့ ငွေတစ်ဆယ်လည်း ကုန်လုပြီ၊ တောတက်ဖို့ စိတ်ကူးပါဦး၊ မိုးကျတော့မယ်"

"အေးပါတဲ့ - ဒီတစ်ခါ မြောက်ဘက်တောသွားဖို့ စိတ်ကူးနေတာ၊ အဲဒီတောမှာ ဖွတ်တွေ ပေါတယ်ကြားတယ်၊ ငါ နယ်မြေမကျွမ်းလို့သာပေါ့၊ နို့မိုဆိုတာ သွားပြီပေါ့ကော"

www.burmeseclassic.com

မိချိုးဖြူသည် နှုတ်ခမ်းတစ်ချက် တင်းလိုက်သည်။

"အိုတော်ရယ် - အရှေ့အနောက် နေဝင်ရာ နေထွက်ရာကို မှတ်ထား လိုက်ရင် ပြီးတာပဲ"

"နင်ပြောမှပဲ ရှင်းပေတော့တယ်။ ကဲပါ - မနက်ဖြန် ထမင်းစားပြီး ဒီ ထွက်မှာပါဟ"

ခေါင်းတလူ ရင်ထဲမှာတော့ နည်းနည်း ကျဲမြီးတိုသွားသည်။ မိန်းမတွေ များ တယ်စက်ပါလား။ ဘုရားပွဲမှာ နဖူးကွဲ၊ နားထင်အစုတ်ခံ၊ အသက် အသေ ခံပြီး ရှာဖွေကျွေးမွေးရသည့် ကျေးဇူးကိုပင် မထောက်၊ ငွေလေး နည်းနည်း ပြတ်ပြီဆိုတာနဲ့ ယောက်ျားကို ငြိုငြင်ချင်ပြီ၊ ပိုက်ဆံကလေးများ ရလာလျှင် တော့ ဟင်း - ဟင်း - ဟင်း - ထမင်းပွဲမှာ ယပ်ခတ်ပေးရတာနဲ့၊ နင်းပေး နှိပ်ပေး ရတာနဲ့၊ တော်ရေ - နေပူထဲ မထွက်နဲ့နော်၊ ဖျားနေ နာနေမှဖြင့် မခက်ပါလား။ ပြောကို မပြောချင်ဘူး။ ခုတော့ - အိမ်ပေါ်မှာ အနေကြာလျှင် ကန်ချမည် လားမသိ။

ခေါင်းတလူသည် အတွေးစကို ဖြတ်လိုက်မိသည်။ မိုးက ကဆုန်ပေါက် သည်းသည်းထန်ထန် ရွာချလေပြီကော။ ကောင်းကင်ယံမှ ပြင်းထန်ကြီးမား လှသော မိုးစက်လုံးကြီးများသည် တဖြောဖြော တဝေါဝေါ၊ ပုဆိန်ပေါက် ရွာချလေရာ ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံပွက်လောရိုက်သွားလေတော့ သည်။ မိုးစက်မိုးပွင့်ကြီးများသည် သစ်ရွက်သစ်ခက် မြေပြင်ပေါ်ဆီသို့ ကြောက်မက်ဖွယ်အဟုန်ဖြင့် ခုန်ချနေကြခြင်းပင်။

ခေါင်းတလူသည် ကျောင်းအိုကြီးဆီသို့ ရောက်အောင် အလျင်အမြန် သုတ်ခြေတင်ရလေသည်။ သူ့တွင် ကျယ်ပြန့်ကြီးမားလှသော ထန်းလက် မောင်းသားခမောက်ကြီး ပါလာသည်က ထီးတစ်လက်လို အားကိုးရပေ သည်။ မိုးသံတွေ တဝေါဝေါ အောက်မှပင် ညောင်ပင်ကြီးအောက်သို့ ဝင် လိုက်သည်။ သူ့ကိုယ်ပေါ်သို့ မိုးစက်တွေ အကျရပ်သွားသည်။ သို့ပေမဲ့ - မိုးသံတွေကတော့ ဆူညံနေဆဲပင်။ ခေါင်းတလူသည် ညောင်ပင်ကို အကဲ ခတ်လိုက်သည်။ ရောမ ညောင်ပင်ကြီးပင်။ အရွက်စိမ်းများဖြင့် စိမ်းစိုတာ



ခပ်စိပ်စိပ် ဖြစ်နေသည်သာမက ရောမအမြစ်ပါး ပျဉ်းကြီးများကြားတွင် လူကြီးတစ်ယောက်စာမက ဝင်၍အိပ်၍ ရပေသည်။ ကြီးမားလှသော ပင်စည်ကြီးသည် ယောက်ျားကြီးနှစ်ယောက်ဖက်စာမက ရှိမည်။ ကိုင်းလက် ကိုင်းခက်တွေက လူကြီးပေါင်လုံးလက်မောင်းလုံးမက ခက်မခြာလျှက်ရှိရာ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း နားနိုင်လောက်သည့် စံပြုရလောက် သည့် သစ်ပင်မျိုးပင် ဖြစ်ပေသည်။

ခေါင်းတလူသည် ပါလာသောပစ္စည်းများကိုချကာ ကိုယ်ပေါ်မှ ရေစက် ရေမွှားများကို သပ်ချနေသည်။ ရေစက်ရေပေါက်တွေ ခန္ဓာကိုယ်ပေါ်သို့ အကျစိပ်လာသော်လည်း ရင်ထဲမှာ တစ်စုံတစ်ခုဖြင့် လှုပ်ရှားလေးလံသွား သည်ဟု ခံစားမိသည်။ အမည်မဖော်နိုင်သော ခံစားမှုမျိုးဟုဆိုနိုင်မည် ထင် သည်။ ဘာပဲဖြစ်ဖြစ် ရောမသစ်ပင်ကြီးဖြစ်သည့်အပြင် အရိပ်နိစရာကောင်း လှသည့် ညောင်ပင်ကြီးက သူ့ကို တစ်စုံတစ်ရာဖြင့် ဖမ်းစားနေသည်ဟု သူ ထင်သည်။ သူသည် သစ်ပင်ပေါ်သို့ တစ်ချက်မျှ မော့ကြည့်လိုက်ပြန်သည်။ သစ်ပင်ခွကြားမှ တစ်စုံတစ်ယောက်များ ပုန်းအောင်းနေရာမှ ခုန်ချလိုက် လေမလားဟု သူ အယောင်ယောင်အမှားမှား တွေးလိုက်မိသေးသည်။

သူ့ခန္ဓာကိုယ်သည် တစ်ချက်မျှ စိမ့်ခနဲဖြစ်သွားရာ ယောင်ယမ်း၍ တွန့်သွားမိသေးသည်။ သူ့ရင်ထဲမှာ တစ်စုံတစ်ခုကို လန့်ဖျပ်သွားသလို ခံစား မှုမျိုး ဖြစ်သွားမိသည်။ သူ ဘာကို ကြောက်ရပါလိမ့်။ သစ်ပင်ကြီး၏ ကြီးမား မှုလား၊ ထူထဲနက်မှောင်မှုလား၊ မိုးသံလေသံကြောင့်လား၊ သူ မဝေခွဲတတ်။ ထိုစဉ် သူ့ခြေထောက်အောက်ဘေးမှ တစ်စုံတစ်ခုသော သတ္တဝါတစ်ကောင် သည် ရှုတ်ခနဲပြည်ကာ ရောမပါးပျဉ်းကြားရှိ ညောင်ခေါင်းထဲသို့ လျင်မြန်စွာ တိုးဝင်သွားသည်ကို သူ မြင်လိုက်ရသည်။

"အား - ဟိုက်"

ရောမ အကောင်ကြီးသည် တောထဲမှာ အစာရှာရင်း မိုးမိလာဟန်တူ သည်။ သူ့ရိပ်မြုံညောင်ပင်ရှိရာသို့အလာ ခေါင်းတလူနှင့် ရင်ဆိုင်တွေ့ခြင်း ပင်။ တောကောင်ကြီးသည် မိုးကလည်းသဲ၊ လူတစ်ယောက်ကလည်း အသင့်



www.burmeseclassic.com

www.burmeseclassic.com

ရပ်နေပေရာ ကြံ့မိကြံ့ရာ သစ်ပါးပျဉ်းခေါင်းထဲ ဝင်လိုက်ရဟန် တူပေသည်၊ ခေါင်းနှင့် ကိုယ်ပိုင်း သစ်ခေါင်းကြား ဝင်မိသွားသော်လည်း အမြီးက အပြင်တွင်ကျန်ကာ တန်းလန်းကြီး ဖြစ်နေသည်၊ တွင်းနှင့် မဆန့်ဘဲ တစ်ဆို့နေခြင်း ဖြစ်သည်၊

"ဟာ - ပွတာပဲ၊ ဖွတ်ကြီးဟ ..."

ခေါင်းတလူသည် ပြေးရင်းလွှားရင်း မစင်ပုံဟပ်မိသည့် ခွေးလိုဖြစ်နေပြီ၊ ဖွတ်လိုက်မုဆိုးသည် ဖွတ်ကို မရှာမဖွေရဘဲ ပက်ပင်းရင်ဆိုင်ရလေပြီကော၊ သူသည် ဘာမပြော ညာမပြော စဉ်းစားတွေဝေမနေဘဲ မျက်နှာထိမျက်နှာထားနှင့် ရပ်နေသော မိချုံးဖြူ မျက်နှာကို ကွက်ခနဲ မြင်လိုက်ရကာ အမြစ်ကြားတွင် တစ်ဆို့နေသော ဖွတ်မြီးကြီးကို လှမ်းဆွဲလေသည်၊

"ဘာရမလဲ - မပြေးနဲ့ - နင်တော့လား"

ဖွတ်ကြီးကလည်း သေအံ့သေးကို ကြောက်ရွံ့သည့်အလား သစ်ခေါင်းတွင်မှနေ၍ အတွယ်အတာ ကုပ်တွယ်မိရာကို ကုပ်တွယ်ထားလေသည်၊ ခေါင်းတလူကလည်း လွတ်ထွက်သွားတော့မည့်အလား အဆုံးရှုံးမခံဘဲ အတင်းဆွဲလေသည်၊ ညောင်မြစ်ကို ခြေစုံကန်ကာ ဆွဲသည်၊

"ကဲ - ဝင်ပြေးမယ် မကြံနဲ့"

ထိုအခိုက် မိုးက သည်းသည်းရွာလာသည်၊ လေကပါ တဝုန်းဝုန်း တိုက်လာသည်၊ အပြင်မှ အားမာန်နှင့် ဆွဲနေသော လူသန်တစ်ယောက်၏ ဒဏ်ကို မခံနိုင်ဘဲ သတ္တဝါကြီးသည် စိတ်လျှော့လိုက်ဟန်တူသည်၊ ခေါင်းတလူသည် အနောက်သို့ ယိုင်ထိုးသွားသည်၊

ခေါင်းတလူ၏ လက်ထဲတွင် ဖွတ်မြီးကြီးပါလာကာ ခေါင်းတလူသည် အနောက်ဘက်သို့ ပက်လက်လန်လဲကျသွားတော့သည်၊ ပိုးလိုးပက်လက် အရှိန်ပြင်းစွာ လဲကျသွားခြင်း ဖြစ်သည်၊

"အား"

ခေါင်းတလူသည် ဝမ်းသာအားရဖြင့် ဖွတ်မြီးကြီးကို ကြည့်လိုက်ပေရာ ...



"အောင်မယ်လေး"

ခေါင်းတလူသည် လက်ထဲမှ ဖွတ်မြီးကြီးကို ယောင်ယမ်းကာ လွှတ်ချလိုက်သည်၊ သူ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခါနေကာ မြေကြီးထဲ နစ်ဝင်သွားသလို ခံစားလိုက်ရခြင်း ဖြစ်ပေသည်တကား။ သူ့လက်နှစ်ဖက်ဖြင့် အားရပါးရ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားသော ဖွတ်မြီးကြီးသည်ကား လူ့ခြေထောက်ပြတ်ညိုပုပ်ပုပ်ကြီး ဖြစ်နေသောကြောင့်ပင်တည်း။ ခြေထောက်ပြတ်ကြီးသည် ဒူးဆစ်အောက်မှ ပြတ်ထွက်နေကာ မွဲခြောက်ခြောက် အေးစက်စက်ခြေပြတ်ကြီးဖြစ်နေကာ ယောင်ယမ်း၍ အလန့်တကြား လွှတ်ချလိုက်ခြင်း ဖြစ်သည်၊ သွေးပျက်စရာ ဖြစ်ရပ်ပေတကား။

"အမလေး - သရဲခြောက် - ခြောက်တယ်"

မွဲပြာပြာ ခြေထောက်ပြတ်ကြီးသည် ဖွတ်မြီးဘဝမှ အသွင်ပြောင်းသွားကာ မိုးရေစက်လက်ကြားတွင် အော်ဂလီဆန်ဖွယ် ငြိမ်သက်လဲကျနေပေသည်၊ ခေါင်းတလူသည် မိုးဒဏ်၊ လေဒဏ်၊ ချမ်းအေးမှုဒဏ်များ ကြွတ်ပျောက် ငှက်ပျောက် ပျောက်သွားကာ ပစ်ချထားသော ဖွတ်လိုက်ပစ္စည်းများကို ကပျာကယာ ကောက်ကိုင်ကာ တစ်ဟုန်ထိုး ထွက်ပြေးလေသည်၊

"ဟီး - ဟီး - ဟီး"

သူ့နောက်ကျောဆီမှ ရယ်သံကြီးတစ်ခု ...၊ ကွဲရှရှ ရယ်သံကြီးသည် ညောင်ပင်ပေါ်မှ ရုတ်တရက် ထွက်ပေါ်လာခြင်း ဖြစ်ပေသည်၊

"ဟီး - ဟီး - ဟီး"

လှည့်မကြည့်ရဲတော့၊ ညောင်ပင်နှင့် ပေနှစ်ဆယ်သာသာဝေးသော ကျောင်းအိုပျက်ကြီးဆီသို့ ပြေးဝင်လိုက်လေသည်၊ သူသည် ရုတ်တရက် အသက်ပင်ဝအောင် မရှူနိုင် မောဟိုက်နေသည်၊

"ဘုရား - ဘုရား - ဘုရား၊ တစ္ဆေခြောက်တာပဲ၊ နေ့ခင်းကြောင်တောင် ခြောက်တဲ့တစ္ဆေပဲ၊ ငါ ဖွတ်ကြီး သစ်ခေါင်းကြားထဲ ဝင်သွားတာ သေသေချာချာ တွေ့လိုက်တာပဲ၊ ငါ မျက်စိမမွဲသေးပါဘူး၊ ပြီးတော့ - ဖွတ်မြီးကြီးကို သေသေချာချာ ဆွဲမိသွားတာပဲ၊ ဘုရား - ဘုရား - ခြေထောက်ပြတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

လူ့သေကောင်ရဲ့ခြေထောက်ပြတ်ကြီး၊ အမလေး - အမေမရေ - သားကို ကယ်ပါ"

သူသည် ကျောင်းပေါ်မတက်သေးဘဲ အုတ်ဖိနပ်ခုံမှာပင် ခြေပစ်လက်ပစ် စိတ်ပျက်လက်ပျက် ထိုင်နေမိသည်။ မိုးတွေက သဲသဲမဲမဲရွာလျက် မိုးပင်ထစ်ချုန်းလိုက်သေးသည်။

"ဝုန်း - ဂျုန်း - ဂျုန်း"

ကြိုးဝိုင်းထဲတွင် ပြိုင်ဘက်ကို မိုလ်မထား။ အသားစားအုံ့ကဲ့သို့ ယှဉ်ပြိုင် အနိုင်ယူခဲ့သော လက်ဝှေ့ကျော်။ မောင်းတဒူဒူနှင့် ဒေါင်းတလူဟု ကြွေးကြော်ခဲ့သည့် မြန်မာ့လက်ဝှေ့ကျော်သည် ယခုတော့ အမေကို တ,နေပေပြီ ကော။

"အမေရေ - ကယ်ပါဦး၊ မိုးတွေကလည်း မှောင်မည်းနေတာပဲ၊ နေဘယ်ကထွက်လို့ ဘယ်မှာဝင်မှာလည်းတောင် မသိတော့ဘူး၊ မိချိုမြရေ - နင် ပြောတော့ နေထွက်ရာအရပ်က အရှေ့အရပ်က ထွက်ပါတယ်ဆိုကွယ်၊ ဘယ်မှာလဲနေ - ဘုရား - ဘုရား - ကယ်ပါ - ကယ်တော်မူပါ - ဒီလောက်ကြီးမားတဲ့ ညောင်ပင်မှာ တစ္ဆေမနေဘဲ ရှိပါ့မလား"

ဒေါင်းတလူသည် ဆာကလည်းဆာ၊ ဖွတ်မရ စားမဆုံးဆိုသလို အိမ်ပြန်ရန် လမ်းကလည်းပျောက်၊ အချိန်ကလည်း တဖြည်းဖြည်း ကုန်လာပေရာ စိတ်ပျက်လက်ပျက်ဟန်ဖြင့် လှေကားထစ်ရင်းတွင် ခြေပစ်လက်ပစ် ထိုင်နေမိလေသည်။ မိုးက တဖြည်းဖြည်းသည်းထက် သည်းလာပြီး ကျောင်းခေါင်မိုးပေါ်သို့ မိုးသီးမိုးစက်များ အလုံးအရင်းဖြင့် ရွာချနေပေရာ တဝုန်းဝုန်း ဆူညံနေပေသည်။ ကျောင်းဟောင်းကျောင်းပျက်ကြီး ဖြစ်သည်သာမက စွန့်ပစ်ထားသည့် အဆောက်အအုံဖြစ်ရကား သွပ်ခေါင်မိုးများသည် သံချက်ချောင်ကာ ကျိုးကျိုးကျွိကျွိမြည်လျက် တံခါးများက တဝုန်းဝုန်း အသံမြည်နေပေသည်။ ဒွေးပျက်ချောက်ချားစရာ ညနေခင်းတစ်ခုပင် ဖြစ်ပေသည်။ မိုးရေစက်ကြောင့် တဖြည်းဖြည်း ချမ်းတုန်လာသည်။

"ဒီနေ့တော့ ဘယ်နည်းနဲ့မှ အိမ်ပြန် မရောက်နိုင်တော့ဘူး၊ မိချိုမြကတော့ ပူရှာရှော့ပေမယ့် ငါ့ယောကျ်ား လက်ဝှေ့ကျော် ကျားပဲဆွဲသလား ဝက်ဝံပဲကုတ်သလား၊ တတ်နိုင်ဘူးလေ - ကျောင်းရိပ်မှာ တစ်ညအိပ်ပြီး နောက်တစ်နေ့ မိုးမလင်းခင် လမ်းစရှာပြီး ရွာပြန်လေမှပဲ၊ ဖြစ်ချေဘူး - မိုးကအေးချမ်းကရှမ်း၊ ကျောင်းပေါ်တက်မှပဲ၊ တစ်ညတော့ တည်းခိုလို့ အဆင်ပြေမှာပဲ"

ကျောင်းပေါ်သို့ တစ်ချက်မော့ကြည့်လိုက်ကာ ပစ္စည်းများကို စုစည်းပြီး မတ်တတ်ရပ်လိုက်သည်။ မိုးက ရွာနေဆဲ၊ တစ်ချက်တစ်ချက် ဝင်းခနဲ လက်သွားသော မိုးချုန်းသံက ပို၍ပင် အသည်းငယ်စေသည်။

သူသည် ကျောင်းပေါ်သို့ အိုမင်းလုပြီဖြစ်သည့် လှေကားထစ်အတိုင်း တရွေ့ရွေ့တက်လာလေသည်။ ခြေလှမ်းတိုင်း လှမ်းတိုင်း လှေကားလက်ရန်းခြေနင်းများသည် တကျွိကျွိမြည်လျက် ရှိပေ၏။ မိုးစက်တွေက နံရံကို တဖြန်းဖြန်း လာပက်သည်။

ပြင်းပြင်းထန်ထန် ရွာနေသောမိုးသည် အရှိန်သေခါစ မြားတစ်စင်းလို တဖြည်းဖြည်း အရှိန်လျော့ကာ နှေးကွေးသွားသည်။ မိုးစက်မိုးမှုန်ကလေးတွေသာ ဆက်လက်ကျနေသည်။ ညနေဘက်သို့ ကူးပြောင်း အချိန်ရင့်ရော်လာသည်နှင့်အမျှ တစ်နေ့ခင်းလုံး ရွာထားသော မိုးသည် အေးစိမ့်လျက်ရှိပေသည်။

ဒေါင်းတလူသည် ကျောင်းအိုကြီး၏အပေါ်ထပ် လှေကားရင်းတွင် ပါလာသောပစ္စည်းကလေးများကိုချရင်း မဲ့မဲ့ရဲ လှည့်ပတ်ကြည့်ရှုလိုက်သည်။ အခန်းသည် ပင့်ကူမျှင်များ၊ အမှိုက်များနှင့် ရှုပ်ပွနေသည်။

အခန်း၏အလယ်တွင် ပြတင်းပေါက်တံခါးပွင့်လျက်ရှိရာ သံချက်ပြုတ်၍ ပတ္တာပြုတ်ကာ တံခါးရွက်သည် တစ်ခြမ်းစောင်း၍ ပွင့်နေခြင်းဖြစ်သည်။ ပွင့်နေသော တံခါးပေါက်ဆီမှ လေစိမ်းတွေ တရစပ်ဝင်နေသည်။ တံခါးရွက်

www.burmeseclassic.com

ကို လေတိုးတိုင်း တကျွီကျွီမြည်လျက် ရှိ၏။ သစ်ရွက်ကြွေများ၊ အမှိုက်များနှင့် အတူ အိပ်တန်းပျံငှက်များ ပါဝင်လျက်ရှိသည်။ လိပ်ပြာကလေးတစ်ကောင် ယောင်လည်လည်ဝင်လာပြီး ပြန်ထွက်သွားသည်။ ထို့နောက် ချိုးကလေး နှစ်ကောင်နှင့် စာကလေးတွေ ကျွီကျွီမြည်ကာ ဝင်လာကြသည်။

ဒေါင်းတလှူသည် လက်ထဲမှ တုတ်ထက်ပိုင်းကျိုးတစ်ခုကို လိုရမည်ရ ကိုင်ကာ လှည့်ပတ်ကြည့်ရှုနေမိသည်။ အမှိုက်နံ့၊ ဖုန်နံ့တွေ မွှန်ထူနေသည်။ အတွင်းအခန်းထောင့်တွင် တောတိရစ္ဆာန်များ စွန့်ပစ်ထားသော ငှက်ပျော သီးမှည့်ပျော့ပျော့ ငါးလုံးခန့်တွေ့ရာ ပျော်သွားသည်။ ဘာပဲဖြစ်ဖြစ် ကြိုက် မရှက်၊ ငိုက်မရှက်၊ ဝတ်မရှက်ဆိုသော စကားအတွင်း ဆာလောင်တော့ လည်း အပုပ်အနာများကို ဖယ်ထုတ်ကာ ပလုတ်ပလောင်း စားလိုက်ပေရာ အနည်းငယ် နေသာထိုင်သာ ရှိသွားသည်။

ထိုအချိန်တွင် မိုးစက်ကလေးများ အကျရပ်သွားပေရာ ပတ်ဝန်းကျင် သည် တဖြည်းဖြည်း တိတ်ဆိတ်ငြိမ်သက်လာရာမှ အမှောင်ဘက်ဆီသို့ ကူးပြောင်းသွားပေပြီ ဖြစ်သည်။ အမှောင်သည် လျှင်မြန်သော အဟုန် စီးကြောင်းအဖြစ် ကူးပြောင်းလာခြင်းဖြစ်ပေရာ စက္ကန့်၊ မိနစ်နှင့်အမျှ တဖြည်း ဖြည်း အမှောင်ထုသည် စေးပျစ်သောအနက်ရောင်အသွင်သို့ ဦးတည်လာ သည်။ အမှောင်လက်သည် ပတ်ဝန်းကျင်ကို ကုတ်ခြစ်စပြုလာပြီ။

ဒေါင်းတလှူသည် နေ့ခင်းကြောင်တောင် တစ္ဆေခြောက်ခံရခြင်းကို အလုံးစုံပြန်တွေးနေမိသည်။ တော်ရုံတန်ရုံလူဆို ရုတ်တရက် နလုံးလေဖြတ် ကာ လဲကျသေလောက်သည့် ခြောက်လှန့်မှုမျိုး ဖြစ်သည်။ လောကမှာ စိတ်တံခါးသည် အရေးအကြီးဆုံးပဲ ဖြစ်သည်။ သဘာဝတရားကို စိတ်က လက်ခံလိုက်သောအခါ ခန္ဓာကိုယ်ထဲသို့ ပူခြင်း၊ အေးခြင်း၊ ချမ်းခြင်းတို့သည် လည်းကောင်း၊ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းတို့သည် ဝင်ရောက်လာ တတ်သည်။ ၎င်းတို့သည် ပြင်ပမှဝင်ရောက်လာသည့် ဧည့်သည်များ မဟုတ် ပါ လား။ ထိုအရာများသည် စိတ်တံခါးကို မဖွင့်လျှင် ဝင်ရောက်လာစရာ အကြောင်းမရှိပေ။



သူသည် တောင်တောင်အီအီ လျှောက်တွေးရင်း ပြတင်းပေါက်အပြင် ဘက်သို့ ငေးစိုက်ကြည့်နေမိလေသည်။ အမှောင်သည် တဖြည်းဖြည်း နက် ရှိုင်းစပြုလာသည်။ ထိုစဉ် လေသည် ရုတ်တရက်ငြိမ်သက်သွားသည်။ ကျောင်းပျက်အတွင်းမှ အိပ်တန်းဝင်ငှက်များ၏ လှုပ်လှုပ်ရွရွတောင်ပံ ခတ်သံ၊ အော်မြည်သံတွေ ထွက်ပေါ်လာသည်။ တချို့အကောင်တွေက မှောင်ရီပျိုးစအခန်းထဲတွင် ဟိုသည်ဝဲပျံလျက် ရှိသည်။

ဒေါင်းတလှူသည် ရုတ်တရက် တွေဝေသွားကာ သစ်သားထက်ပိုင်း ကျိုးကို ကောက်ကိုင်ထားလိုက်သည်။ ငှက်တွေ ဘာဖြစ်တာလဲ။ သူတို့ကို အန္တရာယ်ပြုမည့် ကျားသစ်၊ ဝံ၊ တောကြောင်၊ မြွေဆိုး စသည့်အကောင် တွေ ဝင်လာလို့လား။ သူသည် အမှောင်ထုထဲသို့ စိုက်ကြည့်နေလေသည်။ ထိုအခါ အသံတွေ ငြိမ်သက်သွားပြန်ရာ ကိုင်ထားသောတုတ်ကို ဘေးသို့ အသာချသည်။ အမှောင်သည် ကြောက်မက်ဖွယ် သိပ်သည်းလာသည်။

ထိုစဉ် လေတိုးသံလိုလို၊ သစ်ရွက်ကြွေသံလိုလို၊ မသဲကွဲသော အသံ နှင့်အတူ ခြေသံတစ်စုံ ရုတ်တရက်ထွက်ပေါ်လာသည်။ ခြေသံသည် ပေါ့ဖွဖွ နင်းလျှောက်လာသော ခြေသံဖြစ်ကာ ကျောင်း၏ လှေကားအတိုင်း အပေါ် သို့ တရွေ့ရွေ့တက်လာသောခြေသံ ဖြစ်သည်။

သူသည် အသံလာရာ လှေကားထိပ် အမှောင်ပျိုးစ အမှောင်တွေဝင် ရောက်ရာ နေရာသို့ စိုက်ကြည့်ရင်း တုတ်ပိုင်းကို ကောက်ကိုင်လိုက်သည်။

ခြေသံသည် တဖြည်းဖြည်း ပေါ့ဖွဖွတက်လာလေပြီ။ ဒေါင်းတလှူ စိုက် ကြည့်နေဆဲမှာပင် လှေကားအတိုင်း တဖြည်းဖြည်း မြင့်တက်လာသော လှုပ်ရှားလာသည့်အရာဝတ္ထုတစ်ခုကို စတင်မြင်လိုက်ရသည်။ ပထမဦးဆုံး ဦးခေါင်းပြောင်ပြောင် တစ်လုံး ...။

“ယသာနသာဝတော ယက္ခာ



www.burmeseclassic.com

www.burmeseclassic.com

နေဝ ဒသေသန္တ ဘီသန်
ယဋ္ဌိ စေဝါ န ယုဋ္ဌစ္ဆော
ရတ္တိံ န္တိဝ မတာန္တိတော။
သုစံ သုပတိ သုဗ္ဗောစ
ပါပံ ကိဉ္စိ နပဿတိ
ဓဝ မာဒိ ဝုဂ္ဂုစေတံ
ပရိတ္တံ တံ ဘဏာမ ဟေ။

အသံညြသြကြီးဖြင့် မေတ္တသုတ်ကို ပီပီပိုင်ပိုင်ရွတ်ဆိုကာ တက်လာသော အပေါ်ဖြူ အောက်ဖြူဝတ် ဘိုးသူတော်တစ်ယောက်ကို စတင်တွေ့လိုက်ရပေတော့သည်။ သူတော်သည် လှာချင်းဖိနပ်ပါးကလေးစီးကာ ကျောင်းပေါ်တက်လာ သဖြင့် တဖျပ်ဖျပ်မြည်လျက် ရှိသည်။

ဒေါင်းတလူသည် ဖိုးသူတော်ကိုမြင်လျှင် ထိတ်ခနဲ ဝမ်းသာသွားကာ ကိုင်ထားသော တုတ်ကို မသိမသာ အသာအယာပင်ချလိုက်မိ၏။ မေတ္တသုတ်ပရိတ်ကြီး ကို ရွတ်ဆိုလျက် ကျောင်းပေါ်တက်လာသော ဖိုးသူတော်သည် အမှောင်ထဲတွင် ဝုတ်တုတ်ထိုင်နေသော ဒေါင်းတလူကို မြင်လျှင် ပရိတ်ရွတ်ဖတ်ခြင်းကို ရုတ်တရက် ရပ်လိုက်၏။ ဒေါင်းတလူသည် မျက်နှာစိမ်းကို မြင်သည်နှင့် ခန္ဓာတစ်ခုလုံး နီးကြားအသက်ဝင်လာ၏။ ဖိုးသူတော်သည် မျက်မှောင်ကုတ်ကာ ...

"အော် - ကျောင်းပေါ်မှာ ဧည့်သည်ရောက်နေတာကိုး"

ဒေါင်းတလူသည် ထိုင်ရာမှ ထကာ အရိုအသေပြုဟန်ဖြင့် ခေါင်းငုံ့လက်ယှက်ပြီး ...

"ဟုတ်ပါရဲ့ - ခင်ဗျ၊ ကျွန်တော် မိုးမိပြီး လမ်းပျောက်နေတာနဲ့ ဒီတစ်ညတော့ ကျွန်တော့်ကို တည်းခိုနားနေခွင့် ပြုပါခင်ဗျာ"

ဒေါင်းတလူသည် ဤဖိုးသူတော်ကား ဤကျောင်းပျက်ကြီးထဲတွင် တစ်ပါးတည်း နေထိုင်သီတင်းသုံးနေသော သူတော်၊ ကျောင်းစောင့်ဖြစ်မည်ဟု ယူဆကာ လေးစားရိုသေစွာ တောင်းပန်ပြောဆိုလိုက်ခြင်း ဖြစ်ပေသည်။ အဖော်ရလေပြီဟု ပျော်လည်း ပျော်သွားသည်။



"နေချင်သပဆိုရင် နေပေတော့ကွယ်၊ မင်းက ဘယ်ကလာတာတုံး။ နာမည်ဘယ်လိုခေါ်သတုံး"

"ကျွန်တော် ဒေါင်းတလူပါ ခင်ဗျာ၊ မဲဇလီဘက်ကပါခင်ဗျာ၊ ဖွတ်လိုက်ရင်း ဒီဘက်ကို လမ်းမှားရောက်လာတာပါ၊ မိုးကလည်းကောင်းလိုက်တာ မပြောပါနဲ့တော့၊ ဗိုက်ကလည်း ဆာပေါ့ခင်ဗျ"

ဖိုးသူတော်သည် မှိန်ပျပျ အလင်းအောက်ဘက်တွင် မြင်လိုက်ရသည့် ဖွတ်ဖမ်းကိရိယာများကို မြင်လိုက်သည်နှင့် မျက်နှာတစ်ချက် ပျက်သွားသည်။

"ကဲ - ရောက်တုန်း မီးထွန်းစမ်း - လကွယ်၊ အော် - ဒေါင်းတလူ"

"ကျွန်တော့်မှာ မီးတုတ်ပါတယ်"

"မီးတုတ် - မီးတုတ် - ဟုတ်လား"

"ဟုတ်ပါတယ် - မီးတုတ်က ဖွတ်တွင်းကိုပိတ်ပြီး မီးခိုးမှိုင်းတိုက်တာပါခင်ဗျ"

ဖိုးသူတော်သည် ဒုတိယအကြိမ် မျက်နှာပျက်သွားပြန်သည်။

"ကဲပါ - မင်း ပစ္စည်းတွေထားပါ၊ တယ်အကုသိုလ်များပြီး လောဘကြီးသကိုး၊ ကြွက်လျှောက်တန်းတွေမှာ ဖယောင်းတိုင်ရှိတယ်၊ ရှာပြီးထွန်း"

ဒေါင်းတလူသည် နေရာမှထကာ ကြွက်လျှောက်တန်းကို လက်ဖြင့် စမ်းကာ ဖယောင်းတိုင်ရှာသည်၊ တော်သေးသည်၊ ဖယောင်းတိုင်အတိုကလေးတွေ လေးငါးတိုင်တွေ့ရာ ထွန်းညှိလိုက်သည်၊ သူသည် တန်းတွေတွင် ဖယောင်းတိုင် လိုက်စိုက်ပြီး၍ မူလထိုင်ရာနေရာသို့ ပြန်လျှောက်လာစဉ် သူ့ကို စိုက်ကြည့်နေသော ဖိုးသူတော်ကို တွေ့လိုက်ရ၍ အနည်းငယ် မျက်မှောင်ကြုတ်လိုက်မိသည်၊ ဖိုးသူတော်၏ မျက်နှာကြီးသည် ဝါကျင့်ကျင့် မှိန်ပျပျ ဖယောင်းတိုင်အောက်တွင် တဖြည်းဖြည်း ဖောယောင်ကြီးမားလာကာ ပွစိစိဖြစ်လာသည်ဟု ထင်လိုက်မိသည်၊ သေသေချာချာ စိုက်ကြည့်လိုက်ပြန်တော့ နဂိုအတိုင်းပင်၊



www.burmeseclassic.com

www.burmeseclassic.com

"အင်း - ငါ မျက်စိမှားတာပါ၊ ဇော်ယောင်ယောင်မျက်နှာကြီး မဟုတ်ပါလား၊ ဒါပေမဲ့ - သူ့မျက်လုံးကြီးတွေက တစ်မျိုးကြီးပဲ၊ ပြူးထွက်လာသလိုပဲ၊ နေပါစေလေ - ဒါ အကျင့်တစ်ခုပဲနေမှာ"

ထိုစဉ် ဖိုးသူတော်သည် ဒေါင်းတလူနှင့် အနီးကပ်ဆုံးရွေ့လာပြီးလျှင် ခြေဆုံးလက်ဆုံး ကြည့်ကာ ...

"ခြေဆန့်လက်ဆန့်ကတော့ ယောကျ်ားပီသတဲ့ပုံစံပဲ"

"မင်း ရွာမှာ ဘာလုပ်သေးသလဲ၊ ဒီအကုသိုလ်အလုပ်ပဲလား"

"မဟုတ်ပါဘူး - ခင်ဗျာ၊ ဘုရားပွဲတွေမှာ လက်ဝှေ့ကလေး ဘာလေး ဝါသနာအလျောက် ထိုးပါတယ်ခင်ဗျာ၊ အဲဒီမှာ ပွဲကလေးနိုင်တာမျိုးတော့ အခကလေး ဘာလေးရတာပေါ့ခင်ဗျာ၊ အော် - ဒါထက် ဦးသူတော်ရဲ့နာမည်ကလေး မသိရဘူးလား ခင်ဗျာ"

ဒေါင်းတလူ စကားဆုံးသည်နှင့် ဖိုးသူတော်ကြီး၏ မျက်နှာသည် ဟန်မဆောင်နိုင်လောက်အောင် ဖြစ်သွားပြီးလျှင် ...

"ရွာထဲမှာ ငါ့နာမည် ဟိုယောင်ယောင် သည်ယောင်ယောင်ဆိုတော့ ဝေလေလေကွာ၊ နာမည်ရင်းပျောက်နေပြီ၊ ဟောဒီကျောင်းနဲ့ ညောင်ပင်မှာနေတာ၊ ကျုပ်လည်း လက်ဝှေ့ထိုး ဝါသနာပါသကွဲ့၊ မင်း ကျုပ်နဲ့ လက်ဝှေ့ထိုးနိုင်မလား"

ဖိုးသူတော်ကြီးသည် ပြောလည်းပြော၊ နေရာမှ ရုတ်ခြည်းထကာ ဒူးမြှောက်လက်မြှောက်နှင့် လက်ဝှေ့ရေးပြလေတော့သည်။

ဒေါင်းတလူသည် အနည်းငယ် စဉ်းစားသည်၊ သည်ဖိုးသူတော်ကြီးသည် ဤကျောင်းနေကိုယ်တော်ကြီးဖြစ်ပြီး လက်ဝှေ့ဝါသနာကြီးပုံရသည်။ ပွဲကျောင်းပုဂ္ဂိုလ်ကြီးဖြစ်ပုံလည်း ရသည်၊ ငါ၏ စကားဆုံးသည်နှင့် ရုတ်ချင်းပင် ဟန်မဆောင်နိုင်တော့ဘဲ နေရာမှထကာ လက်ဝှေ့ရေးပြလေပြီ။ ငါကလည်း နဂိုက လက်ဝှေ့ပိုးကြီးသူ ဖြစ်သည်၊ ယခု အိမ်ပြန်ရောက်ဖို့ရာ လမ်းစလမ်းဝေးနေပြီ ဖြစ်သည်၊ မိုးကလည်း သဲကြီးမဲကြီး ရွာထားရေ အေးစိမ့်စိမ့် ရှိနေသည့် ရာသီဥတုမျိုးဖြစ်ပေရာ ခန္ဓာကိုယ်လည်း ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေပြီး အိပ်ချိန်ကလည်း တော်တော်လိုသေးသည်၊ ပြီးတော့ ကျောင်းကြီးကား ကျယ်ဝန်းလှသည်။ အပျင်းပြေ အညောင်းပြေ အညာပြေ လက်ဝှေ့ကလေး ထိုးသတ်ရလျှင် ကောင်းပေလိမ့်မည်၊ သည်ဖိုးသူတော် ခန္ဓာကိုယ်အတ္တဘောကြီး မျက်နှာပြဲကြီးသည် တစ်ချက်ထိလျှင် ပြန်မထနိုင်အောင် မှောက်သွားမည့် ခန္ဓာကိုယ်ကြီး ဖြစ်သည်၊ ကဲ - သည်တော့ ...။

ဒေါင်းတလူသည် ဆက်၍ စဉ်းစားတွေဝေမနေတော့ဘဲ နေရာမှ ဆတ်ခနဲ ထ၊ ခါးတောင်းကျိုက်ကာ ဘယ်ခြေကိုမြှောက်၊ ဒူးကိုကွေး၊ ဘယ်လက်တံတောင်ဆစ်ကွေး၍ ညာလက်ဖြင့် တံတောင်ဘယ်ခြေကို မြှောက်၊ ဒူးကိုကွေး၊ ဘယ်လက်တံတောင်ဆစ်ကွေး၍ညာလက်ဖြင့် တံတောင်ဆစ်ကွေးကို တဖျောင်းဖျောင်းရိုက်ကာ လက်ဝှေ့ရေးပြလေတော့သည် တကား။

"ဖျောင်း - ဖျောင်း - ဖျောင်း"

"ဖျောင်း - ဖျောင်း"

"မြို့ပေါ်က ဖွတ်ကြောင်၊ ဖွတ်ကျားတွေသာမက တောထဲက ဖွတ်တွေပါ ဖြုံပြီးဖျားသွားမယ့် ဖွတ်ဖမ်းဘုရင်ကွ"

ဖိုးသူတော်၏ မျက်နှာကြီးသည် မီးရောင်အောက်တွင် တဖြည်းဖြည်း ဖြတက်လာကာ တဟီးဟီးဖြင့် ရယ်မောလေတော့သည်၊ သူကပါ ရော၍ လက်ဝှေ့ရေးပြလေတော့သည်။

"ဟီး - ဟီး - ဟီး - ကြိုက်ပြီဟေ့ - ကြိုက်ပြီ၊ ကောင်လေး - လာထား - ဒေါင်းတလူ - ခေါင်းယူခဲ့တော့"

"ကြိုက်ရင် ထိုးသတ်ကြစို့၊ ကိုယ်တော် - ဖိုးသူတော် - ဝေလေလေ"

ဒေါင်းတလူ စကားဆုံးသည်နှင့် ဖိုးသူတော်က အလျင်စ၍ ခြေနင့်ခတ်လေသည်၊ သည်လို ခြေခတ်ချက်လောက်တော့ ဒေါင်းတလူက ပျင်းတောင်ချင်းသေးသည်၊ အသာပင် တိမ်း၍ရှောင်လိုက်သည်၊ ခြေခတ်ချက်လွန်သွားသည်နှင့် ဖိုးသူတော်၏ ဝိုက်အိုးစရည်းပြဲပြဲကြီးကို ညာဖြောင့်လက်သီး ဆစ်လုံး ပစ်ထည့်လိုက်သည်၊

"ဘုတ် - ဘွတ်"

"ဟင်း - ဟီး - ဟီး - မနာ - မနာ - မဖြုံ - မဖြုံ"



www.burmeseclassic.com

www.burmeseclassic.com

လျင်မြန်လှသော လက်သီးတစ်လုံးက ဒေါင်းတလှ၏ ရင်ဘတ်တည့်တည့်ဆီသို့ လျင်မြန်လှသောအဟုန်ဖြင့် ရုတ်တရက်ပြန်ရောက်လာသည်။ ရှောင်တိမ်းဖို့ အချိန်မရလိုက်။ အွတ်ခနဲမြည်သံနှင့်အတူ ဒေါင်းတလှ၏ ခန္ဓာကိုယ်သည် အနောက်ဘက်သို့ ယိုင်သွားသည်၊ မျက်နှာရှုံ့မဲ့သွားသည်။

တယ်ဆော်တဲ့ ငနဲကြီးပါလား။ ကဲ - ဒီလောက်ရှိလှတာ လာလေရော...။

ဒေါင်းတလှသည်ပွဲတိုင်းကျော် လက်ဝှေ့သမားပီပီ မကြောက်မရွံ့အချေအနေကို ဖန်တီးရန် ခန္ဓာကိုယ်တွင်းသို့ ရဲစိတ်ရဲမာန်သွင်းလိုက်သည်။ တဖျောင်းဖျောင်း မြည်အောင် လက်ခမောင်းခတ်လိုက်ပြန်သည်။

"ဟိုင်းယား - ဟိုင်းယား - မောင်းတဒုဒုနဲ့ ဒေါင်းတလှတဲ့ ဖော အလောင်းမယူရဲအောင် ပြေးပေတော့၊ အပေါင်းတဆုဆုနဲ့ မောင်းတဖူ ဒေါင်းတလှတဲ့ဟေ့နော်၊ ကဲ - သေပေတော့ - မျက်နှာပြဲကြီး"

ဖိုးသူတော်ကြီးသည် မျက်လုံးကြီးပြူးကာ လက်ကြီးတန်းလျက် ရထား ခေါင်းတွဲကြီး ပြေးဝင်လာသလို တရှူးရှူးမြည်ကာ ပြေးဝင်လာလေသည်။

ဒေါင်းတလှသည် ညာခြေကို အသာတိမ်းကာ ကျွံဝင်လာသော ခန္ဓာကိုယ် အတ္တဘောကြီးကို ဒူးတဲ့တောင်၊ လက်သီးတို့ဖြင့် တရစပ် ပစ်ထည့် ပစ်ကျွေးလေတော့သည်။

"ခွပ် - ခွပ် - ခွပ် - ခွပ် - ခွပ်"

"ဒုတ် - ဒုတ် - ဒုတ်"

"ဒေါင်းတလှနဲ့ ယှဉ်ချင်ရင် ခေါင်းတစ်လုံးပါယူလာခဲ့ - ဖန်ဂတုံး"

ဖိုးသူတော်ကြီးသည် အနောက်သို့ အနည်းငယ်ယိုင်သွားသည်။ လဲကျမသွား ...။ ဒေါင်းတလှသည် အနည်းငယ် တွေသွားသည်၊ ဘယ်လိုဖိုးသူတော်ပါလိမ့်၊ မဖြုံပါကလား။

"ဟီး - ဟီး - ဟီး - ထိုးလေကွာ - ကန်လေကွာ - ချလေကွာ
မင်း လက်သီးလောက်တော့ အပျော့ထင် ...
အဒေါ်လင်ဟာ - မင်း အဖေပဲ"



အရေးထဲ လဲကျမသွားရုံမက ဖိုးသူတော်သည် သံချပ်ထိုးနေသေးတော့သည်။ တစ်ချိတွင် ဖိုးသူတော်သည် တွေဝေနေသော ဒေါင်းတလှကို ခြေ၅ တန်လိုက်ရာ အငိုက်မိသွားသဖြင့် ဒလိမ့်ခေါက်ကွေး လဲကျသွားတော့သည်။ တော်တော်အီဆိမ့်သွားသည်။

"မှတ်ပြီလား - ကဲ - ထစမ်း - ဒေါင်းတလှ"

ဒေါင်းတလှသည်ပွဲကျော်လက်ဝှေ့သမားတစ်ယောက်၊ သည်လောက်နဲ့ အရှုံးပေးရိုးလား၊ လာစမ်း - ဖေါတာကြီး၊ အတင်းကုန်း၍ ထသည်၊ ခံတောင်းကို မြှောင်နေအောင် ပြန်ကျုံ့သည်၊ ထိုအချိန်တွင် ဖိုးသူတော်၏ လက်သီးတစ်ချက် ဝင်လာသည်၊ ရှောင်တိမ်းချိန် မရလိုက်၊ အငိုက်မိသွားခြင်း ဖြစ်သည်၊ ကြိုးစား၍ ထသည်၊ သို့သော် - လက်သီးတွေ ဝင်လာသည်၊ တရစပ် ...။

"ခွပ်"

"အင့်"

"မှတ်ပြီလားဟေ့ - ဖွတ်လိုက်မှုဆိုးကြီး"

နောက်ထပ် လက်သီးတစ်လုံး ရင်ဘတ်တည့်တည့်ဝင်လာသည်၊ တင်းပုတ်လက်သီးပင်။

"အွတ်"

"အင့်"

ဒေါင်းတလှသည် ရုတ်တရက်မို့ အလူးအလဲခံလိုက်ရသည်၊ ချွေးလည်း ပြန်လာသည်၊ နားထင်နားရင်းတွေ ပူသွားကာ မာန်သွင်းလိုက်သည်၊ အားတွေ နိုးကြားလာ၏။

"ကဲ - ကတုံးပြောင် ...၊ လာလေ - နင့်အမေ့လင်ဟာ ငါဦးလေးပဲ ..."

သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးသတ်ကန်ကျောက်ကြပြန်လေသည်၊ ဒေါင်းတလှ၏ လက်သီးထိုးချက်၊ ခြေကန်ချက်များသည် ဖိုးသူတော်ကို မိမိ ရရ ပိုင်ပိုင်နိုင်နိုင် ချက်ကောင်းတွေချည်း ထိသော်လည်း ဖိုးသူတော်သည် ဖြုံ မလဲ၊ ချွေးပင် တစ်စက်မျှမထွက်၊ ဖိုးသူတော် ခန္ဓာကိုယ်ကို ထိမှန်ချက်

www.burmeseclassic.com

များတွင် ဖွဲ့အိတ်၊ လေအိတ်ကြီးကို ထိုးရသလို ခံစားရသည်။ ဖိုးသူတော်၏ လက်သီးချက်၊ ခြေကန်ချက်များကို ထိမိသွားပါက မရှိမဆန့် ခံရသည်။ ဒေါင်းတလူသည် ဖွဲ့ကောင်းသော ပေတောတေလူငယ်ဖြစ်၍သာ တောင့်ခံနိုင်ခြင်း ဖြစ်သည်။ ဒေါင်းတလူသည် ချွေးတွေ ပြိုက်ပြိုက်ကျနေပြီ၊ ပြင်းထန်သော လက်သီးချက် ခြေကန်ချက်များဖြင့် တိုက်စစ်ဆင်သော်လည်း မလဲမကွဲ၊ မအော်သောအခါ ဖိုးသူတော်အပေါ် သံသယရှိလာသည်။ လက်သီးချက်၊ ခြေကန်ချက်များကို ပန်းနှင့်ပေါက်နေသလား မှတ်ရသည်။ ပြီးတော့ နှုတ်ကလည်း ပြောချင်ရာတွေ ပြောနေသေးသည်။

မိုးပေါ်မှာ ရေတွေကြီးလို့ ဘုန်းကြီးက လှေလှော် ...

ငါလားဟဲ့ – ဖိုးသူတော်ရယ် – မန်းတော်ရိုးပေါ် ...

ဟေ – ဟေ – ဟေ့ – ဟီး – ဟီး – ဟီး...

ဒီမှာဟေ့ကောင် ...

ငရုတ်သီး နီနီ၊ ကျိုးချိုလို့သွား ...

လိုက်မယ့်သူ မရှိ၊ မင်းအသိသား ...

ဟား – ဟား – ဟား"

ဒေါင်းတလူသည် တဖြည်းဖြည်း မောဟိုက်စပြုလာသည်၊ တစ်နည်းအားဖြင့် ခြေကုန်လက်ပန်းကျစပြုလာပြီ ဖြစ်သည်၊ နံရံတွင်ကပ်လျက် ထွန်းထားသော ဖယောင်းတိုင်မီးများသည် လေတိုက်ရာ ယိမ်းယိုင်နေတာ တဖျစ်ဖျစ်မြည်လျက် တဖြည်းဖြည်း တိုလာပေပြီ။ ပွဲက မပြီးသေး၊

"ထိုးစမ်းကွယ် – ထိုးစမ်းကွယ် – လဲအောင် ထိုးစမ်းကွယ်"

ဒေါင်းတလူသည် ဒေါသထွက်ကာ အတင်းလိုက်ထိုးသည်။ ဖိုးသူတော်သည် တဟီးဟီးရယ်ကာ ပတ်၍ပြေးသည်။ သူသည် ပြေးလိုက်ရင်း စဉ်းစားသည်၊ ဖိုးသူတော်သည် မည်သို့သော ပုဂ္ဂိုလ်ပေနည်း။ ဓားပြီ၊ တုတ်ပြီး တစ်ပွဲထိုးလော၊ ပွဲကျောင်းပုဂ္ဂိုလ်ဆိုတာတော့ သေချာသည်၊ ဒါမှမဟုတ် စွမ်းအားရှင်လော၊ သူ၏ လက်သီးချက်များသည် တစ်ချက်မိသွားသည်နှင့် တုံးခနဲ လဲသွားစေသည့် လက်သီးချက်များ ဖြစ်သည်၊ ယခုတော့ ဖိုးသူတော်



သည် မလဲမကွဲမပြိုရုံမျှမက ချွေးပင်မထွက်၊ ပြောင်ပြ၍ပင်နေပြီ၊ လှောင်ပြောင်၍ နေချေပြီ၊

ဒေါင်းတလူသည် သွေးကြောင်ချင်သလို ဖြစ်လာသည်၊ နောက်ဆုံး တိုက်ကွက်အဖြစ် မိမိရရ ချုပ်ကိုင်ကာ ဒူးဖြင့် မျက်နှာကို အသေအကြေ တိုက်ရန် ဆုံးဖြတ်လိုက်သည်၊ သူသည် လှည့်ပတ်၍ ပြေးနေသော ဖိုးသူတော်နောက်ကိုလိုက်သည်၊ ကုပ်ပိုးကိုလှမ်းဆွဲရာမမိ၊ ချော်ထွက်သွားသည်၊ လက်ကို ချုပ်ရန်ဆွဲသည်၊ သည်တစ်ချီလည်း ရှောင်ထွက်သွားပြန်သည်၊

"ဟာ – ဟာ – ဟာ – မကြောက်ဘူးဟေ့ – မကြောက်ဘူး"

ဖိုးသူတော်သည် တစ်လံကွာမှနေကာ လျှာထုတ်ပြောင်ပြလေသည်၊ လျှာသည် လက်တစ်ဝါးခန့် ကျယ်ပြန့်ကာ ပါးစပ်မှနေ၍ တံတောင်ခန့် ရှည်ကာ အပြင်ဘက်သို့ ထွက်ကျလာသည်၊ နီရဲသော လျှာရှည်ကြီးသည် တစ်လစ်တစ်လစ် ဖြစ်နေလေသည်၊ မျက်လုံးကြီးက အဆမတန် ပြူးထွက်လာပြန်သည်၊ သွားကြီးတွေ ရှည်လာ၏၊ အစွယ်နှစ်ချောင်းသည် လက်ညှိုးခန့်ရှိသည်၊

ဒေါင်းတလူသည် ရုတ်တရက် လန့်ဖျပ်သွားကာ နောက်သို့ ခြေနှစ်လှမ်းစာမျှ ဆုတ်လိုက်မိသည်၊ သို့သော် လွင့်စဉ်သွားသော အသိစိတ်ကို ပြန်စုစည်းလိုက်ရသည်၊ ဘုရား – ကယ်တော်မူပါ – ဘုရား – ဘုရား၊

"အား – ဘုရား – ဘုရား – လူမှ မဟုတ်တာပဲ၊ ဖိုးသူတော်တစ္ဆေ – သရဲကြီးပဲ"

နှုတ်ဖျားမှယောင်ယမ်းအော်ဟစ်လိုက်သော အသံသည် ပါးစပ်ပေါက်မှ မထွက်တော့ဘဲ ဝမ်းခေါင်းထဲသို့ ငုပ်လျှိုးသွားသည်၊ စိတ်ကို တည်ငြိမ်စွာ ပြန်ထိန်းချုပ်လိုက်သည်၊

"ဖိုးသူတော် – တစ္ဆေပဲ – ဒုက္ခတော့များပြီ"

ဒေါင်းတလူသည် ယခုတော့ ချောင်ပိတ်မိနေပြီ၊ ကိုယ့်အရပ် ကိုယ့်ဒေသ မဟုတ်သည့်သာမက တစ္ဆေဝိညာဉ်ကို ယှဉ်ပြိုင်ရသည်မှာ လွယ်သည်တွင် လွယ်ကူမည်မဟုတ်ပေ၊ ဖိုးသူတော်၏ ခန္ဓာကိုယ်ကြီးကိုထိုးကြိတ်



www.burmeseclassic.com

www.burmeseclassic.com

ကန်ကျောက်ရသည်မှာ ဖွဲ့နအိတ်ကြီးကို ထိုးကြိတ်ကန်ကျောက်ရသည်နှင့် အလားသဏ္ဍာန်တူသည်။ သူ့တစ်ကိုယ်လုံးလည်း ချွေးစေးတွေ ပြန်ကာ မောဟိုက်နေပြီဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ပွဲသိမ်းတစ်ချက်ကောင်းတော့ နောက်ဆုံးနွှဲလိုက်ချင်သည်။ မနိုင်၍ ထွက်ပြေးရလျှင် ရာဇဝင်ရိုင်းလှပေရော့မည်။ သရဲကြောက်သော လက်ဝှေ့သမားဟု အများကဲ့ရဲ့တော့မခံနိုင်။ နောက်ဆုံးကြိုးစားသည့် အနေနှင့် ကြိုးစားကြည့်ရပေမည်။ ကဲ - ယောက်ျားဘသား - သေခါမှ သေရော့ ...။

ဒေါင်းတလူသည် ဖိုးသူတော်ဝင်အပူးကို စောင့်နေသည်။ ဖိုးသူတော်က တစ်ချက်တစ်ချက် လှမ်းထိုးသည်။ ဒေါင်းတလူသည် ထိုးချက်တွေကို ရှောင်တိမ်းရင်း လည်ကုပ်ကို မိမိရရ ဖမ်းဆွဲလိုက်သည်။ လည်ပင်းကို ညှစ်ကာ လိမ်ချိုးရန် ကြိုးစားလိုက်ခြင်းပင်။ ဖိုးသူတော်၏ ခန္ဓာကိုယ်သည် ယိမ်းယိုင်၍ ပါလာသည်။

"သေဖို့သာ ပြင်ပေတော့"

ဒေါင်းတလူ၏ လက်သည် မြဲမြံလှသည်။ လည်ကုပ်ကို နောက်မှ မလွတ်တမ်း ချုပ်ကိုင်ထားပြီး ဒူးနှင့်တိုက်ရန် ပြင်ဆင်လိုက်စဉ်မှာပင် မထင်မှတ်သော ဖြစ်ရပ်တစ်ခုက ဖြစ်ပွားသွားခဲ့သည်။ သူ၏ လက်ထဲတွင် ဖိုးသူတော်၏ ဦးခေါင်းပြောင်ပြောင်ဆီမှ နူးညံ့သော အရာဝတ္ထုတစ်ခုကို ဆွဲယူမိလိုက်ခြင်းဖြစ်ရာ အရာဝတ္ထုသည် ဒေါင်းတလူလက်ထဲသို့ မိမိရရ ပါလာသည်။ ထိုအရာမှာ တစ္ဆေတို့ကိုယ်နှင့်မကွာ သုံးစွဲသောလက်စွဲတော် တစ္ဆေဦးထုပ်ပင် ဖြစ်လေသည်။ ထိုဦးထုပ်သည် ဒေါင်းတလူ လက်ထဲ ရောက်လာလေပြီ။

"ဟင်"

ဖိုးသူတော်သည် ဟင်ခနဲ တစ်ချက်တကာ ဒေါင်းတလူလက်ထဲမှ ဦးထုပ်ကို လိုက်လုသည်။ ဒေါင်းတလူက အပါမခံ။ ထို့နောက် သူသည် မိမိ ရရ ချုပ်ကိုင်ထားရာ ဖိုးသူတော်သည် ယက်ကန်ယက်ကန်ဖြစ်နေလေ



သည်။ ဖိုးသူတော်သည် မထင်မှတ်ဘဲ ရုတ်တရက် အားယုတ်သွားသလို ဖြစ်သွားခြင်းပင်။ ခပ်ဝေးဝေးသို့ ဆုတ်ခွာသွားသည်။

ဒေါင်းတလူသည် အရှိန်ဖြင့်ပြေး၍ ဖိုးသူတော်၏ ရင်ဘတ်ကို ဒူးပျံတစ်ချက် ခုန်ပျံတိုက်လိုက်ရာ အားခနဲ တစ်ချက်သာ အော်နိုင်ပြီး ပက်လက်လန် လဲကျသွားသည်။

"အူး - ဝူး"

အော်သံမှာ လူတစ်ယောက်အော်သံနှင့်မတူဘဲ တိရစ္ဆာန်တစ်ကောင်၏ နာနာကြည်းကြည်းအော်လိုက်သံနှင့် တူသည်။ ထိုအခါမှ ဒေါင်းတလူ ခန္ဓာတစ်ခုလုံး နီးကြားအသက်ဝင်လာသည်။ ဖွဲ့အိတ်ကြီးကို တဒိုင်းဒိုင်း ပစ်ကန်တော့သည်။ ဘယ်ညာတွဲလက်သီးတွေ သုံးတော့သည်။

ဖိုးသူတော်သည် ကြမ်းပြင်တွင် လူးလိမ့်နေသည်။

"ငါ့ဦးထုပ် ပြန်ပေးပါ - ငါ့ဦးထုပ်၊ ဒေါင်းတလူ - ငါ့ဦးထုပ်ပေးပါကွာ"

ကြမ်းပြင်တွင် လူးလိမ့်နေရာမှ သနားစဖွယ် တောင်းပန်သည်။

"မပေးဘူးဟေ့ - မပေးဘူး။ သေတောင် မပေးဘူး။ သံချပ်ထိုးဦးလေ"

ဖိုးသူတော် သနားစဖွယ် အော်ဟစ်ကာ သံချပ်မထိုးနိုင်တော့။ လေသံပျော့သွားသည်။

"ငါတို့မှာ ဦးထုပ်ဆောင်းရပါမှ ဘာမဆိုဆောင်ရွက်နိုင်တာပါကွာ။ ဦးထုပ်မရှိရင် ဘာမှလုပ်လို့မရပါဘူး။ ဦးထုပ်တော့ ပြန်ပေးပါကွာ။ ငါ တောင်းပန်ပါတယ်ကွာ၊ ရှိကြီးခိုးပါရဲ့"

ဒေါင်းတလူသည် ဦးထုပ်ကိုပြန်မပေးဘဲ ဆုပ်ကိုင်ထားသည်။ ဦးထုပ်သည် ရောက်သီးကြီးထက်ခြမ်းမျှရှိကာ ဖွတ်အရေနှင့် တူသည်။ မွဲခြောက်ခြောက် ဖြစ်သည်။

"မပေးဘူးဟေ့ - မပေးဘူးကွ။ မင်း ငါ့ကို စိန်ခေါ်သတ်ပုတ်ထားတာ"

ဖိုးသူတော်တစ္ဆေသည် ဒူးထောက်၍ပင် တောင်းပန်လာပြီး နောက်ဆုံးတွင် ...

"ငါ တောင်းပန်ပါတယ်ကွာ၊ ငါ ငွေပေးပါ့မယ်။ ငွေနဲ့ ဦးထုပ်နဲ့ လဲပါ ကွာ"

www.burmeseclassic.com

ဒေါင်းတလှူသည် ငွေဟူသော အသံကြားလိုက်သည်နှင့် စိတ်ဝင်စားသွားသည်၊ လောလောဆယ် ငွေလိုနေသည်၊ အိမ်ပြန်ရောက်လျှင် မိချိုးဖြူကို ငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောဆိုရပေဦးမည်၊ ငွေပါမလာလျှင် ရန်ဖြစ်ရဦးမည်၊ ခုတော့ ငွေရဖို့ လမ်းစပေါ်ပြီ၊

"ကျုပ်ကို ငွေဘယ်လောက် ပေးမှာတုံး - ဦးသူတော်၊ ငွေလုံလုံလောက်လောက်ပေးရင်တော့ စဉ်းစားရတာပေါ့၊ ဦးထုပ်နဲ့ လဲရတာပေါ့"

ဖိုးသူတော်တစ္ဆေသည် ညှိုးငယ်သော မျက်နှာဖြင့် ...

"ငါ နေထိုင်ရာ ညောင်ပင်၏တောင်ဘက်တွင် ညောင်မြစ်ပင်စည်ခြေရင်းတွင် ငါပိုင် ငွေစင်တုံးတွေ ရှိသည်၊ တူးယူလေတော့"

"ဒါဆို - ဦးသူတော်ပါ လိုက်ခဲ့"

ဒေါင်းတလှူသည် ပြောပြောဆိုဆို ရှေ့မှထွက်သွားပေရာ ဖိုးသူတော်တစ္ဆေသည် နောက်မှ ခပ်ကုပ်ကုပ်လိုက်ပါလာသည်၊ ကျောင်းတော်ညောင်ပင်သို့ ရောက်လျှင် ပါလာသော ကိုင်းခုတ်ဓားနှင့် မြေကို တူးဆွလေ၏၊ မြေကြီးကား မိုးရေကြောင့် ပျော့ပြဲကာ နူးအိနေပေပြီ၊ ပင်ပင်ပန်းပန်းတူးစရာပင်မလိုဘဲ ဖိုးသူတော်တစ္ဆေပြောသည့်အတွင်း စဉ့်အိုးနှင့်ထည့်ကာ မြှုပ်နှံထားသည့် ငွေစင်ငွေသားများကို ရရှိလေသည်၊ အမှန်စင်စစ် ဖိုးသူတော်တစ္ဆေသည် လူ့ဘဝရှိစဉ်ကပင် မိမိသိမ်းဆည်းမြှုပ်နှံထားသော ဥစ္စာကို စွဲလမ်းတပ်မက်ကာ သေလွန်သည်၏ နောက်ဘဝတွင် တစ္ဆေဖြစ်နေရခြင်းပင်တည်း၊ ဥစ္စာစွဲ တစ္ဆေပင်တည်း။

ကိုယ်ပျောက်တစ္ဆေဦးထုပ်ကိုပြန်ရလျှင် ဖိုးသူတော်တစ္ဆေသည် ကွယ်ပျောက်သွားသည်၊ ဒေါင်းတလှူသည်မမျှော်လင့်ဘဲ ငွေစင်ငွေသား ၃ ပိဿာ ရလိုက်သဖြင့် အပျော်လွန်ပီတိဖြစ်ကာ ကျောင်းပေါ်၌ပင် မအိပ်တော့ဘဲ တစ်ညလုံး ဇတ်တုတ်ထိုင်ကာ သတိဝီရိယနှင့် နေလေသည်၊

မိုးကား လုံးဝတိတ်သွားပေပြီ၊ ရေစက်ကျသံ တဖျောက်ဖျောက်သာ ကြားနေရသည်၊



နံနက်မိုးလင်းလျှင်လင်းချင်း ဒေါင်းတလှူသည် ငွေသုံးပိဿာကို လုံခြုံစွာ သိမ်းဆည်းကာ ဖွတ်ဖမ်းကိရိယာများကို သိမ်းဆည်းလျက် ရွာသို့ ခြေကုန်သုတ်လေတော့သည်၊

နေ့လယ် မွန်းတည့်ချိန်မှပင် ဒေါင်းတလှူသည် ရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်လေသည်၊ သူသည် မမျှော်လင့်ဘဲ ဥစ္စာပစ္စည်းတွေ ရရှိခဲ့ရပေကာ မောရမှန်း ပန်းရမှန်းမသိ၊ တစ်ကိုယ်လုံး ပေရေနွမ်းဖတ်ကာ ဖွတ်လိုက်ပစ္စည်းများဖြင့် အိမ်ပေါ်သို့ အုယားဖားယား တက်လာလေ၏၊ ဇနီးသည် မိချိုးဖြူသည် သူ့ကိုမြင်လျှင် မျက်မှောင်ရှုံ့ကာ စကားမပြောဘဲ ခြေဆောင့်၍ အိမ်နောက်ဖေးသို့ ထွက်သွားသည်၊ သူက လိုက်ခေါ်ရသည်၊

"ဒီမှာဟဲ့ - ငါပြောတာကို နားထောင်ပါဦး"

မိချိုးဖြူသည် သူ့ကို မကျေမနပ်ကြည့်သည်၊

"ပြောစမ်း - ရှင် - တစ်ညလုံး ဘယ်မိန်းမပျက်အိမ်ရောက်ပြီး အကြည်ဆိုက်နေတာလဲ - သေနာကောင် - ပြောစမ်း"

ဒေါင်းတလှူသည် ဒေါသထွက်နေသော ဇနီးသည်ကိုကြည့်ရင်း စိတ်မဆိုးဘဲ ပြုံးစေ့စေ့ ကြည့်နေသည်၊ ထိုအခါ မိချိုးဖြူသည် ပို၍ဒေါသထွက်ကာ ဒေါင်းတလှူ၏ ကျောပြင်ကို လက်သီးဖြင့် တအုန်းအုန်းထုလေသည်၊ ဒေါင်းတလှူက တဟဲဟဲရယ်နေသည်၊ နာကျင်ရမှန်းမသိ၊ စိတ်မဆိုးတော့၊

"ဟား - ဟား - ဟား - လုပ်လေ - လုပ်ပါ၊ နင့်လက်သီးလောက်တော့ အပျော့ပေါ့ဟယ်၊ ငါ - တစ္ဆေနဲ့တောင် နပန်းလုံးလာတာဟဲ့၊ ငါ နိုင်လာတယ် သိလား - ဒီလို"

ဒေါင်းတလှူသည် အိမ်ရှေ့တံခါးကို ပိတ်၊ ပြတင်းပေါက်လိုက်ကာများကို ချကာ ဖိုးသူတော်တစ္ဆေနှင့် တွေ့ပုံ၊ နပန်းလုံးပုံ၊ ကိုယ်ပျောက်ဦးထုပ်နှင့် ငွေစင်ငွေသားနှင့် လဲလှယ်ခဲ့ပုံတို့ကို ဇာတ်စုံခင်းလေတော့သည်၊

"တကယ်လားတော်"



www.burmeseclassic.com

www.burmeseclassic.com

"တကယ်ပေါ့ဟ - ဒီမှာကြည့်"

ဒေါင်းတလှသည် ဖွက်ယူလာသော ငွေစင်ငွေသားများကို ထုတ်ပြသည်။ မိချိုးဖြူသည် ငွေစင်ငွေတုံးတွေကိုကြည့်ကာ မယုံနိုင်အောင် ရှိသည်။ ထို့နောက် သူတို့သည် ရှိန်ခွင်ဖြင့် ချိန်တွယ်ကြည့်ကြရာ သုံးပိဿာကျော်လေသည်။

"အမလေး - အများကြီးပါလား - တော်ရေ့ သူဌေးဖြစ်ပြီ ...။ ကျုပ် - တို့တော့ ပွတာပဲရှင်၊ ဒါ တစ္ဆေပေးတာပေါ့။ ဘုန်းကြီး၊ ရဟန်း၊ သံဃာကို လှူရမယ်၊ ဖိုးသူတော်ကို အမျှဝေပေးရမယ်"

"မိချိုးဖြူသဘော - မင်းသဘော"

နောက်ရက်များတွင် ငွေစင်ငွေသားများကို အနည်းငယ်စီ ထုခွဲရောင်းချကာ ရဟန်းသံဃာကို အလှူအတန်းပြုလေသည်။ ဒေါင်းတလှသည် ဖွတ်ရှာ၊ ဖွတ်ဖမ်းအလုပ်ကို စွန့်လွှတ်လိုက်ကာ ကုန်လှေကြီးတစ်စီးဝယ်၍ မြန်မာပြည် ထက်အောက်ကုန်ကူးခြင်းလုပ်ငန်းဖြင့် အသက်မွေးရန် ကြံစည်လေတော့၏။ မိချိုးဖြူကလည်း သဘောတူလေသည်။

လူ့စိတ်ဆိုသည်မှာ ဆန်းကြယ်သည်။ ရိုးသားဖြူစင်သည်နှင့်အမျှ ရှုပ်ထွေးဖွေလီတတ်သည့် သဘောလည်းရှိသည်၊ ဒေါင်းတလှတို့ ဇနီးမောင်နှံ နေ့ချင်းညချင်း ကြီးပွားချမ်းသာလာသည်ကို မကျေမချမ်း အိပ်မပျော်သူကလည်း ရှိတတ်သည်။

မိချိုးဖြူ၏ အစ်မ မိကျေးဖြူသည် ညီမဖြစ်သူ နေ့ချင်းညချင်း ကြီးပွားချမ်းသာလာသည်ကို မရှုဆိတ်နေသူ ဖြစ်သည်။ သူတို့သည် သာမန် လက်လုပ်လက်စား ယာသမားများဖြစ်ကြရာ မိချိုးဖြူတို့ ဘယ်ပုံဘယ်နည်း လျင်မြန်စွာ ချမ်းသာလာသည့်နည်းလမ်းကောင်းကို သိလိုသူ ဖြစ်သည်၊ နည်းလမ်းသိရှိပြီဆိုလျှင် ယောကျ်ားဖြစ်သူကို ဒေါင်းတလှကဲ့သို့ ရှာဖွေလုပ်ကိုင်ရန် ကြံစည်ထားသည်။



ညီအစ်မရင်းချာဖြစ်သည်နှင့်အညီ အစ်မဖြစ်သူကို သူ့လိုပင် ကြီးပွားချမ်းသာစေလိုရကား မိချိုးဖြူသည် ဒေါင်းတလှ ငွေစင်ငွေသား ရရှိလာပုံကို တစ်လုံးမကျန် အစမှအဆုံး ဖောက်သည်ချလေသည်။

"အစ်မရေ - ကိုဒေါင်းတလှ အဲ့သလိုနည်းနဲ့ ဖိုးသူတော်တစ္ဆေဆီမှ ငွေခဲတုံး အများကြီးရလာတာကြောင့် အစ်မယောကျ်ား ကိုဖိုးပြော့တို့လည်း အဲ့သလိုရအောင် လုပ်နိုင်းလိုက်ပါလား။ လွယ်လွယ်ကလေးပါတော်၊ လက်ဖဝါးကလေး ဘာလေး နည်းနည်းပါးပါးထိုးပြလိုက်ရင် ပြီးတာပါပဲဟယ်။ လွယ်ပါတယ်ဟဲ့၊ ဘာခက်တာမှတ်လို့။ ပြီးရင် သူ့ဦးထုပ်ယူ၊ ငွေနဲ့လဲ မှတ်ဖူးလား။ ချမ်းသာတဲ့ နည်းက ဒီနည်းပဲရှိတာ၊ ပြီးရင် - ကိုဒေါင်းတလှလို ကုန်လှေကြီးတစ်စင်း ဝယ်ပြီး ကုန်ကူးပေတော့"

မိချိုးဖြူသည် မစားရ ဝခမန်း ယောင်ဝါးဝါး ...။ အချွန်ဖြင့် မ.လေသည်။ မိကျေးဖြူ၏ ယောကျ်ားသည် ပင်ကိုကပင် လက်ကြောတင်းအောင် အလုပ်လုပ်သူမဟုတ်ပေ။ လယ်ယာအလုပ်၊ ချောင်းမြောင်းအလုပ်ကိုလည်း စိတ်ဝင်စားသူ မဟုတ်ချေ။ အရက်ကလေး တမြမြနှင့် ရှာရိုးကိုးပေါက် မယ်အလင်လေး တီးတိုက်၊ ဘင်ဂျိုကလေးတီးလိုက်နှင့် ပေါ့ပေါ့နေ ပေါ့ပေါ့စား၊ လူပေါ်သွပ်တစ်ယောက်သာတည်း၊ ကာလသားသဘာဝ အရှိန်မသေသေးချေ။

ယခုတော့ သူ့ရှေ့မှောက်မှာပင် များဖွပ်သားထိုး၊ ဖွတ်လိုက်သူက ပဒေသာပင်မြေမှ ရုတ်ခြည်းပေါက်လာသလို ချက်ချင်းကြီး ကြီးပွားချမ်းသာလာသောအခါ မကျေမနပ်ဖြစ်လာသည်။ သည်ကြားထဲ မယားဖြစ်သူက မြှောက်ပေး၊ တကျီကျီနားပူနားဆာလုပ်လေတော့သည်၊ ထိုအခါ သူတစ်ပါးအပေါ် မနာလို မရှုဆိတ်၊ သေးသိမ်သောစိတ်ဓာတ်၊ အချောင်နိုသောစိတ်၊ ဖြတ်လမ်းမှ ကြီးထွားလိုသောစိတ်သည် သွေးသားထဲမှ ရုန်းကြွလာသည်၊ ပေါက်ကွဲလာသည်။

"ကိုဖိုးပြော့ - ရှင် ဆုံးဖြတ်ပြီးပြီလား"

မိကျေးဖြူ၏ ယောကျ်ား နာမည်မှာ ဖိုးပြော့ဖြစ်သည်၊ ဖိုးပြော့သည် ဆေးပေါ့လိပ်ကို ယာခင်းမီးရှို့သည့်ပမာ မီးခိုးတလူလူထအောင် ဖွာရှိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com

မိကျေးဖြူကို မဝံ့မရဲ လှမ်းကြည့်သည်။ မိကျေးဖြူတို့ ညီအစ်မတွေသည် တစ်ရွာလုံးမှာ အော့ကြောလန် ခပ်စွာစွာတွေ နပန်းလုံးသူတွေ ဖြစ်သည်။

မိကျေးဖြူသည် ထဘီကို တိုတိုဝတ်ရင်း ခါးထောက်၍ ရပ်နေသည်။

"ဘာကိုလဲဟ"

"ရှင် တောတက်ပြီး ဖွတ်ရှာဖို့ ကိုဒေါင်းတလှလို လုပ်ဖို့ပေါ့ရှင့်"

ဖိုးပြော့သည် ဆေးလိပ်ကို တစ်ဖွာ နှစ်ဖွာ ရှိုက်လိုက်ပြန်သည်။

"အေးပါဟ - တက်ပါ့မယ် - သွားပါ့မယ်၊ ဒါပေမဲ့ - ငါက ဖွတ်ဖမ်းတာ မကျွမ်းကျင်ဘူးနော်"

"အမလေးတော် - လွယ်လွယ်ကလေးပါ၊ ကိုဒေါင်းတလှ သင်ပေးမှာပေါ့"

"ငါ့မှာ ဖွတ်ဖမ်းပစ္စည်းတွေ မရှိဘူးဟ"

ဆင်ခြေကတော့ ပေးမြဲ၊ ဖိုးပြော့သည် အနည်းငယ်မျှ သွားလိုစိတ် မရှိပေ။

"ရရပါစေ့မယ် - ကိုဒေါင်းတလှက ဒီပစ္စည်းတွေကြောင့် ချမ်းသာတာဆိုပြီး ရှိရှိသေသေ သိမ်းထားလေရဲ့ ကျုပ် ငှားပေးပါ့မယ်တော်၊ ဒီအတွက် မပူပါနဲ့၊ စိတ်ချ - ရှင် မနက်ဖြန်သာ တောတက်ဖို့ပြင်၊ သွားရမယ့်နေရာကို သေသေချာချာ လေ့လာပြီး မေးသွားနော်"

"အေးပါဟာ - စိတ်ချပါ၊ မနက်ဖြန်မနက် စောစောတောတက်ပါ့မယ်"

"ရှင် ကျန်းမာရေးဂရုစိုက်၊ စားနပ်ရိက္ခာ ပြည့်ပြည့်စုံစုံ ယူသွားဦး၊ တောထဲမှာ ရှင် ဆာနေမှဖြင့် ..."

မိကျေးဖြူသည် မပူပင်စရာ ပူပင်နေလေသည်၊ ဖိုးပြော့သည် မနက်ဖြန် တောတက်ရမည့်အရေးကို တွေးပူကာ သက်ပြင်းချလျက် ရှိပေသည်။

"အော် - မိန်းမ - မိန်းမ - ငွေတော်တော်မက်ပါကလား၊ ငါ့ကို သရဲနဲ့ နပန်းလုံးခိုင်းတယ်"



တောအုပ်သည် အိပ်တန်းပြန်ငှက်တို့ဖြင့် ပြန်လည်အသက်ဝင်လှုပ်ရှားလာသည်။ အနောက်ဘက်ကောင်းကင်ယံတွင် မိုးတိမ်တွေ ထူထပ်နေသော်လည်း မိုးရွာရန် မသေချာတော့ပေ၊ တိမ်တောင်အချို့သာ ကောင်းကင်မျက်နှာကြက်တွင် ဆိုင်းဖွဲ့မှိုင်းအိနေခြင်း ဖြစ်သည်၊ လျှပ်စီးတစ်ချက် လက်သည်။

ပိုက်ကွန်ဟောင်းတစ်စုံ၊ ကိုင်းစုတ်ဓားတစ်လက်၊ မီးတုတ်တို့နှင့်အတူ အရပ်ရှည်ကိုင်းကိုင်း၊ ခါးကြောရှည်ရှည် လက်ပြင်ကုန်းကုန်း လူတစ်ယောက်သည် တောအုပ်အစွန်ရှိ လူသူစွန့်ပစ်ထားဟန်ရှိသော ဘုန်းကြီးကျောင်းပျက်ဆီသို့ခြေလှမ်း ခပ်လေးလေးဖြင့် လျှောက်လာသည်၊ သူသည် ကျောင်းပျက်အို ဇရာမညောင်ပင်ကြီးကို ဒေးရီသော မျက်ဝန်းမှိုင်းမှိုင်းများဖြင့် လည်းကြည့်ကာ ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလိုက်လေသည်။

ထိုအချိန်တွင် ကောင်းကင်သည် ရုတ်တရက် ပြာမှိုင်းညို့ဝေသွားကာ မိုးရွာတော့မယောင် ဖြစ်သွားသေးသည်၊ သူသည် လက်ထဲမှ မီးတုတ်ကို ခပ်ဆဆကိုင်ရင်း ...

"တောက် - မိုးများ ရွာဦးမလား မသိဘူး"

စိတ်ပျက်လက်ပျက် ရေရွတ်ကာ ကျောင်းပျက်နံဘေး ညောင်ပင်ကြီးအောက်သို့ ဝင်လိုက်လေသည်၊ သူ့ရင်ထဲမှာ ရုတ်တရက် အေးစိမ့်သွားကာ ကြက်သီးထသလို ခံစားလိုက်ရသည်။

"ဒီညောင်ပင်နဲ့ ဒီကျောင်းပျက်ဆိုတာ သေချာသွားပြီ၊ ဟုတ်ပါရဲ့ - မြေကြီးတွေလည်း တူးဆွထားတာ ဝက်စားကျင်းလို ပေပွနေတာပဲ၊ ဒါ - ဒေါင်းတလှနဲ့ ညောင်ပင်တစ္ဆေ တူးဆွသွားတာ ဖြစ်ရမယ်၊ ငါ့အတွက် ငွေတုံးတွေကျန်မှ ကျန်ပါဦးတော့မလား"

သူသည်တစ်ယောက်တည်းတွေးရင်း စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်၊ ကြီးမားအုံ့ဆိုင်းလှသော ညောင်ပင်ပတ်ပတ်လည်ကို မော့ခဲအကဲခတ်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

■■■ ဖိုးသူတော်ကြီး စကားဆုံးသည်နှင့် ကဗ္ဗိယကြီး၏
ပြည်တောင်းပမာဏရှိသော ဇော့မလက်သီးကြီးတစ်လုံးသည်
ဖိုးပြော၏ သုံးမြောင့်ပုံ မျက်နှာစုတ်ချွန်းချွန်းကို
တိုက်ရိုက်ထိမှန်သွားကာ ဖိုးပြောသည် 'အု' ခနဲ တစ်ချက်သာ
အော်နိုင်ပြီး ဆယ်ပေခန့် လွင့်စဉ်ထွက်သွား၏ ■■■



"တစ္ဆေက ဒီညောင်ပင်မှာ နေတာပဲ၊ ဟောဒီ တောင်ဘက်ကို ဖြာဆင်းနေတဲ့ ညောင်ကိုင်းကြီးဟာ ရောမကြီးပဲကိုး၊ ဖိုးသူတော် ဝေလေလေတစ္ဆေ ဒီကိုင်းမှာ နေတာဖြစ်ရမယ်၊ ငါ့ကို တွေ့လို့ သူ ဆင်းမလာပါ့မလား။ ငွေတုံးကလေး နည်းနည်းပါးပါးရရင်တော်ပါပြီ၊ ဟင်း - ဟင်း - လေးပိသာလောက်ပေါ့၊ လေးပိသာ လောက်ရမှ ဒေါင်းတလူထက် သာမှာ"

သူသည် အနည်းငယ် တွေဝေသွားကာ မထူးပါဘူးဟု ရေရွတ်လျက် ပစ္စည်းတွေကို သိမ်းကြုံးယူငင်ကာ ကျောင်းပျက်ပေါ်သို့ မဝံ့မရဲ တက်လာလေသည်၊ ပစ္စည်းတွေကို ကျောင်းထောင့်တိုင်ဘေးမှာ ထား၏၊



ညနေရီချမ်းသည် လျှင်မြန်စွာဖြင့် အမှောင်ဘက်ဆီသို့ ရွေ့လျားလာလေပြီ၊ ကျောင်းပျက်ထဲသို့ ဆက်ရက်တွေ၊ စာကလေးတွေ အုပ်စုဖွဲ့ပျံသန်းလာရာမှ တဖြည်းဖြည်း ငြိမ်သက်သွားသည်၊

သူသည် မယားဖြစ်သူ စီစဉ်ပေးလိုက်သော စားသောက်ဖွယ်ရာများကို တစ်ဝတစ်နင့်စားကာ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီးမိုးတလူလူ ထွက်အောင် ဖွာရှိုက်လေသည်၊

အမှောင်သည် ကြောက်မက်ဖွယ် ဝါးမျိုလာပေပြီ၊ လသာရက် ဖြစ်သော်လည်း ကျောင်းအဆောက်အအုံတွင်း၌ အမှောင်က ပြည့်ပြည့်ဝဝ စိုးမိုးလာခြင်းဖြစ်သည်၊ အလည်လွန်ငှက်ကလေး တစ်ကောင်တလေသာ သုတ်သုတ်ပျာပျာ ဝင်ရောက်လာတတ်သည်၊

ဆေးလိပ်ကို တဖွာဖွာ၊ အစာကို ပါးဖြန်းဖြန်းစားကာ ဗိုက်လေးလာရာမှ ကျောင်းနံရံကို မှီ၍ ငိုက်မြည်းစပြုလာသော ဖိုးပြောသည် ညောင်ပင်ပေါ်မှ ဖိုးသူ တော်တစ္ဆေ ဘယ်တော့ကျောင်းပေါ်တက်လာမလဲဟု စဉ်းစားနေစဉ်မှာပင် ကျောင်းအပြင်ဘက် ညောင်ပင်ကြီးဆီမှ အိပ်တန်းတက်ခါစ ကျီးကန်းတွေ ဝေါခနဲ လန့်ပြုသွားကာ ညောင်ပင်ကြီးပါ သိမ့်ခနဲ ခါယမ်းသွားသည်၊

နံရံကို မှီပြီး ငိုက်မြည်းနေရာမှ သူသည် ဆတ်ခနဲတုန်ခါ လန့်ဖျပ်သွားကာ အယောင်ယောင်အမှားမှားဖြင့် ထရမလို ထိုင်ရမလို ဖြစ်သွားသည်၊

ကြောကြာလျှင် ...

ကျောင်းလှေကားမကြီးဆီမှ လှာချင်းဖိနပ်သံ တဖျပ်ဖျပ်နှင့် ကျောင်းပေါ်တက်လာသော ခြေသံတစ်စုံကို စတင်ကြားလိုက်ရသည်၊

ခြေသံသည် လှေကားထိပ် ခန်းမကြီးအဝသို့ ရောက်လျှင် ရှေ့ပြန်သွားသည်နှင့်တစ်ပြိုင်နက် အိမ်မြှောင်တစ်ကောင်၏ စုတ်ထိုးသံ ထွက်ပေါ်

www.burmeseclassic.com

လာသည်။ ထို့နောက် နောက်တစ်ကောင် - နောက်တစ်ကောင် - တစ်ကောင် - တစ်ကျောင်းလုံးရှိ အိမ်မြှောင်များ၏ စုတ်ထိုးသံ ဟိုမှ သည်မှ ဆူညံစွာ ထွက်ပေါ်လာလေတော့သည်။

ဗိုးပြော့သည် လက်ထဲမှ ဆေးပေါ့လိပ်ကြီးကို ယောင်ယမ်းကာ ပစ်ချလိုက်ပြီး လှေကားထိပ်ကို လှမ်းကြည့်လိုက်ရာ ဦးခေါင်းပြောင်ပြောင် မျက်နှာပြဲပြဲကြီးနှင့် လူတစ်ယောက် ခါးထောက်ကာ ရပ်နေသည်ကို တွေ့လိုက်ရသည်။ ဦးခေါင်းပြောင်ပြောင်ကြီးသည် ဖိုးကွက်ကြီးတစ်ကောင်လို ဟိုသည်ဝဲယာ ဝေ့ဝဲကြည့်လိုက်သည်နှင့် ကျောင်းထောင့်တွင် ချိတ်ဆွဲထားသော ဖွတ်လိုက်ပစ္စည်းများကို တွေ့လိုက်သည်နှင့် အဆီပြောင်ပြောင် မျက်နှာပြဲကြီးသည် ကြောက်မက်ဖွယ် မဲ့ရွဲ့သွားကာ အံတစ်ချက် ကြိတ်လိုက်သည်။

"လောဘကြီးတဲ့ အကောင် - နောက်တစ်ခါ လာပြန်ပလား။ ရသလောက်နဲ့ မကျေနပ်သေးဘူးလား။ နင်တော့ လား - ဟင်း - သေဖို့ပြင်"

ကျယ်လောင်သော အသံကြီးဖြင့် ကြိမ်းမောင်းလေသည်။ ထိုအခါ ဗိုးပြော့သည် လန့်ဖျပ်ကာ ...

"မ - မ - မဟုတ် - အင်း - အဲဒါ ကျွန်တော့်ပစ္စည်းတွေပါ ခင်ဗျ"

သူသည် ကြောက်ကြောက်လန့်လန့် အထစ်ထစ်အငေါ့ငေါ့ ပြောလေသည်။ ပင်ကိုကပင် သတ္တိကြောင်သူ ဖြစ်သည်သာမက အလုပ်လက်ကြောတင်းအောင် လုပ်တတ်သူမဟုတ်ရကား ဖိုးသူတော်တစ္ဆေကို မြင်သည်နှင့်ပင် ကြောက်ချေးထွက်မတတ် တုန်လှုပ်နေပေပြီ။ ချွေးတွေ စို့လာသည်။

ထိုစဉ် ကျောင်းပေါ်သို့ နောက်ထပ်ခြေသံတွေ တဖျပ်ဖျပ်နှင့် တက်လာသံတွေကြားလိုက်ရပြန်သည်။ ဖိုးသူတော်သည် ခြေသံလာရာဝဲ့စောင်းကြည့်လိုက်ပြန်သည်။ လှေကားထိပ်တွင် အသားညိုညို့ ခန္ဓာကိုယ်တုတ်ခိုင်သော လူတစ်ယောက်နှင့် ကိုရင်ကလေးတစ်ပါး ရပ်နေသည်။



"ဟော့ - သင်းပဲကွ။ နောက်တစ်ခါ ထပ်လာပြန်ပြီဟော့။ လောဘကြီးလှပါကလား"

လှေကားထိပ်မှာ ရပ်နေသော နှစ်ယောက်သည် လျင်မြန်စွာရွေ့လျားလာကြသည်။ ကိုရင်ကလေးသည် လူ့ဘဝ သက်ရှိထင်ရှားရှိစဉ်က လွန်စွာပင် မျောက်လွှဲကျော်ကပင် ရှုံးအောင်ဆော့ရကား ရေနစ်သေဆုံးခဲ့ရသော တစ္ဆေကလေး ဖြစ်သည်။ အသားညိုညို့ တုတ်ခိုင်ခိုင် ပုဂ္ဂိုလ်ကြီးကတော့ ကပ္ပိယကြီးဖြစ်ကာ တောထဲ ဟင်းသီးဟင်းရွက် ရှာဖွေနေရာမှ မြွေကိုက်၍ သေဆုံးရခြင်းဖြစ်ပေရကား ဖိုးသူတော်တစ္ဆေ၊ ကပ္ပိယကြီးတစ္ဆေ၊ ကိုရင်တစ္ဆေတို့ ကြီးစိုးနေသော ကျောင်းပျက်အိုကြီးနှင့် ညောင်ပင်တစ်ဝိုက်ပင် ဖြစ်ပေသည်။ သူတို့သုံးဦး ပေါင်းဖြင့် အခြောက်အလန့် ကြီးခဲ့ရကား ရွာသူရွာသားအားလုံးက ကျောင်း ကို မကပ်ရဲတော့ဘဲ စွန့်ခွာသွားကြပုံရသည်။ ကပ္ပိယလူထွားတစ္ဆေကြီးက ...

"ဟင်း - ဟင်း - ဟင်း - တွေ့ကြသေးတာပေါ့ကွာ။ အရင်က တစ်ယောက်တည်းမို့ ခံလိုက်ရတာ"

ရယ်သံသည် သစ်တုံးကို လွှဖြင့် တိုက်ဖြတ်သံနှင့်တူသည်။ ကိုရင်လေးက သွားဖြဲ၍ အစွယ်နှစ်ချောင်းကို လှစ်ပြလိုက်သည်။

"ဟီး - ဟီး - ဟီး - အရှင်လတ်လတ်ကိုက်စားပစ်မယ်၊ ဆာလှပြီ —"

အသံသည် ကျောက်တုံးနှစ်တုံး ကြိတ်သံနှင့် တူသည်။

ဖိုးသူတော်သည် မကျေမချမ်း မျက်ထောင့်နီကြီးဖြင့် မေးတစ်ချက်ဆတ်ရင်း ...

"ဟော့ကောင် - နင့်နာမည်ပြောစမ်း - ဘယ်သူလဲ"

တစ်ဖက်လူ ဗိုးပြော့သည် တုန်တုန်ရီရီဖြင့် မေးရိုက်ကာ ...

"လေး - လေးပိသာ - သာ - ဟုတ်ပေါင် - င - င - ငပြော့ပါ"

ထိုအခါ ဖိုးသူတော်ကြီးက ဦးခေါင်းပြောင်ကြီးကို ဆတ်ခနဲ တစ်ချက် ညိတ်လိုက်ကာ ...

www.burmeseclassic.com

"ကဲဟေ့ - လက်ဖွေ့ထိုးသတ်ကြစို့ရဲ့၊ သုံးယောက်ပေါင်းပြီး ပွဲမြန်မြန် သိမ်းမယ်ဟေ့"

ဖိုးသူတော်ကြီး စကားဆုံးသည်နှင့် ကပ္ပိယကြီး၏ ပြည်တောင်းပမာဏရှိသော ဇရာမလက်သီးကြီးတစ်လုံးသည် ဖိုးပြော့၏ သုံးမြှောင့်ပုံ မျက်နှာ စုတ်ချွန်းချွန်းကို တိုက်ရိုက်ထိမှန်သွားကာ ဖိုးပြော့သည် "အု" ခနဲ တစ်ချက်သာအော်နိုင်ပြီး ဆယ်ပေခန့် လွင့်စဉ်ထွက်သွား၏၊ ဆမူဆာကို တူနှင့် ထုလိုက်သလို ဖြစ်သည်၊ ထိုအခါ ကိုရင်ကလေးကလည်း သက်န်းကို လှွား ခနဲ တစ်ချက်ဝဲလိုက်ကာ မြောက်ခနဲခုန်လိုက်သည်၊ သူလည်း ခေသူမဟုတ်၊ ၁၀ပေခန့် မြောက်တက်သွားသည်၊

"ဟိုင်းယား - ဘာမထီ မိုးပျံ ကိုရင်တဲ့ကွ"

ကိုရင်ကလေးသည် အပေါ်သို့ ဆယ့်ငါးပေခန့် မြောက်တက်သွားပြီး ပြန်ကျသည်နှင့် သူ၏ ခြေထောက်က ဖိုးပြော့၏ ရှုနာရှုံ့ကုန်းကျောပြင်နှင့် တန်းနေလေသည်၊ ဖိုးပြော့ ကော့သွား၏၊

"ဗုန်း - အင့်"

"သေ - သေ - သေပါပြီ"

ဖိုးသူတော်သည် ကားယားကြီးလဲကာ သတိလစ်မတတ် ဖြစ်နေသော ငပြော့၏ ခြေနှစ်ချောင်းကို ဆတ်ခနဲဆွဲယူကာ အဝတ်ဖွပ်သလို ကြမ်းပြင်နှင့် တဒုန်းဒုန်း ဆောင့်လေသည်၊

ဖိုးပြော့သည် တစ်ကိုယ်လုံး သွေးတွေထွက်၊ ဖူးယောင်ကာ ရေစိုနေသော အိကြာကွေးဖြစ်နေလေပြီ၊

"ဟား - ဟား - ဟား - မင်းက ဟာကြူလီ ငပြော့ပဲကိုး၊ လောဘကြီးတဲ့ကောင် - ငွေတုံးငွေခဲတော့မရဘူးဟေ့ - ဒါပဲရမယ် - ဒါပဲယူ - ရော့ - ယူ"

"ဒုန်း"

"အား"

ဖိုးသူတော်သည် ဒူးဖြင့် ခပ်ပြင်းပြင်း တစ်ချက်တိုက်လိုက်ပေရာ ဖိုးပြော့သည် တစ်ချက်ကော့ကာ ကျောင်းအောက်သို့ တလိမ့်ခေါက်ကွေး ပြုတ်ကျ



သွားလေသည်၊ ဖိုးပြော့သည် လဲပြိုကျနေရာမှ အားယူထကာ သုတ်ခြေ တင် ပြေးလေတော့သည်၊ ခေါင်းတလူလူဆီမှ ငှားရမ်းလာသော ဖွတ်လိုတ် ပစ္စည်းများကိုပင် မသယ်ယူနိုင်တော့၊ လသာသာမြေလမ်းအတိုင်း တောအုပ်ကို ဖြတ်ကာ ဒရောသောပါး ထွက်ပြေးရလေ၏၊ နောက်ကို လှည့်မကြည့်ဝံ့၊


သံမဏိဖိုးပြော့သည် မယားမိကျေးမြှု၏ နိုင်းစေချက်ကြောင့်သာ တောတက်ခဲ့ရသော်လည်း ပင်ကိုကပင် တောတက်မှုခြင်း မရှိ၊ လက်ကြောတင်း အောင် အလုပ် မလုပ်၊ သတ္တိကြောင်သူတစ်ယောက်ဖြစ်ပြီး အသတ်အပုတ်လည်း မကျွမ်းကျင်ရာ တစ်ချက်မျှ ပြန်မထိုးနိုင်ဘဲ ဒရောသောပါး ပြေးလာရခြင်းသာ ဖြစ်သည်၊ ဖိုးပြော့သည် ပြေးလွှားနေရင်းမှ နောက်သို့ လှည့်ကြည့်လိုက်ရာ ထန်းပင်အမြင့်ပမာဏရှိ ဇရာမတစ္ဆေကြီးသုံးကောင်သည် ရှာထိပ် တံခါးဝတိုင် လိုက်လာကြသည်ကို တွေ့လိုက်ရပြီး ရှာထိပ်နက်ကွန်း ရှေ့တွင် အမောဆို့သတိလစ်ကာ လဲကျသွားလေသည်၊


နောက်နှစ်ရက်ခန့်ကြာသော် ဖိုးပြော့သည် ရရှိသော ဒဏ်ရာများဖြင့် ကြောက်လန့်တကြား လန့်ဖျား ဖျားကာ သတိမရတစ်ချက် ရတစ်ချက် ကယောင်ကတမ်း အော်ဟစ်ရင်း ကွယ်လွန်သွားရှာသည်၊

»»» **ဗင်းဘုန်းသိခ်ချ**

www.burmeseclassic.com

www.burmeseclassic.com




ဒဂုန်ရွှေမျှား

**နာနာဘာဝ ဝတ္ထုတိုများ**

ဒဂုန်ရွှေမျှား

**ဝိညာဉ်လောက ဝတ္ထုတိုများ**

www.burmeseclassic.com